

www.burmeseclassic.com
BURMESE CLASSIC
ဘုန်းကြွယ်
ဝမ်အင်း၏ ကျင်းနိုရှက်
ဓားသမားမာယာ
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၈၁၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၂၈၁၂၁၁

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်လေးလေးမိ (တနင်္သာရီ စာပေ)
အမှတ် (၅၃)၊ ဖိုမြေလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသောင်းလွင်မြင့် (ရွှေကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## တဆစ်ချိုးကွေ့

မိုးနဂါးစားသောက်ဆိုင်…။

ယင်းဆိုင်သည် အစားအသောက် မည်မျှကောင်းမွန်ကြောင်း ချီယင်းဝေ မသိချေ။

မည်မျှ ညံ့ဖျင်းသည်ကိုလည်း မသိပါ။

မည်သို့ပင်ဆိုပါစေ၊ စိတ်ပျက်လက်ပျက်ဖြစ်ကာ ဗိုက်ဆာနေသော သူ့အတွက် စားသောက်စရာများရနိုင်ပေသည်။

သို့ဖြစ်၍ သူသည် အထူးအထွေစဉ်းစားမနေဘဲ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်လေတော့သည်။

စားသောက်ဆိုင်ထဲ၌ လူလေးငါးယောက်သာ ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် ဆိုင်ကို တစ်ချက်မျှဝေ့ကြည့်လိုက်ပြီး လွတ်နေသော စားပွဲခုံတစ်လုံး၌ ဝင်ရောက်ထိုင်လိုက်လေသည်။

အတန်ကြာသည့်တိုင်အောင် မည်သည့်ဆိုင်လုလင်မျှ လာရောက်မေးမြန်းခြင်းမရှိပေ။

အတန်ကြာမှ ဆိုင်လုလင်ရောက်လာလျှင် ချီယင်းဝေသည် စားသောက်ဖွယ်ရာများကို မှာကြားလိုက်လေသည်။

ချီယင်းဝေသည် ရေနွေးကြမ်း ထိုင်သောက်နေလေသည်။

ထိုအချိန်တွင် စားသောက်ဖွယ်ရာများရောက်လာ၍ စားသောက်လိုက်လေသည်။

ထိုစဉ် လူတစ်ယောက် ရောက်ရှိလာပြီး...

"ကျွန်တော် ဒီမှာထိုင်ပါရစေ"

ဟု ခွင့်တောင်းလိုက်သည်။

ချီယင်းဝေက...

"ထိုင်ပါ"

ဟု ပြောလိုက်သည်။

ထိုလူသည် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ပြီး...

"အစ်ကိုကြီးချီယင်းဝေ ဗိုက်ဆာနေတယ်နဲ့တူတယ်"

ဟုပြောလျှင် ချီယင်းဝေ အံ့ဩသွားသည်။

"ခင်ဗျား ကျုပ်ကို သိလို့လား"

ထိုလူက...

"သိပါတယ်"



"ခင်ဗျားကို ကျုပ်မသိဘူး"

"မှန်ပါတယ်၊ အစ်ကိုကြီးချီယင်းဝေအနေနဲ့ အားလုံးကို ဘယ်လိုမှတ်မိနိုင်မှာလဲ"

ချီယင်းဝေက သူ၏ပခုံးကိုပင့်တင်လိုက်ပြီး...

"အင်း ဒါလည်းဟုတ်သားပဲ၊ ဒါနဲ့ နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ"

ထိုလူက ချီယင်းဝေကို ပြုံးလျှက်...

"ဩော်...စကားကောင်းနေလိုက်တာ၊ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပေးဖို့တောင် မေ့နေတယ်၊ ကျွန်တော့်နာမည်က ချိန်ယန့်ကျူးပါ"

ချီယင်းဝေက ဦးခေါင်းကိုညိတ်၍ အသိအမှတ်ပြုလိုက်ပြီး—

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ချိန်ယန့်ကျူးက...

"ကျွန်တော် တစ်ခုမေးပါရစေ"

"ဘာများလဲ"

"အစ်ကိုကြီးချီယင်းဝေဟာ မတရားစီးပွားရှာစားတဲ့ လူတွေရဲ့ပစ္စည်းတွေကို ခိုးပြီး ဆင်းရဲသားတွေကို ဝေငှပေးကမ်းတယ်ဆိုတာ ဟုတ်ပါသလား"

ချိန်ယန့်ကျူး၏စကားကြောင့် ချီယင်းဝေက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ"

"ကျွန်တော်က ချိန်ယန့်ကျူးပါပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက အတန်ကြာအောင် ဘာမှမပြောဘဲ တိတ်ဆိတ်နေပေသည်။

တိတ်ဆိတ်မှုသည် သူတို့နှစ်ဦး၏အကြား၌ အချိန်အတော်ကြာသည့်တိုင်အောင် လွှမ်းနေလေသည်။

အတန်ကြာမှ ချိန်ယန့်ကျူးက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းကာ...

"အခုလောလောဆယ် မြစ်ဝါမြစ် ရေကြီးတဲ့အတွက် ရေဘေးဒုက္ခသည်တွေ အတော်များများရှိနေတယ်၊ အဲဒါကိုသွားပြီး ကယ်ဆယ်ဖို့ ခင်ဗျား စိတ်မကူးဘူးလား"

ဟု မေးလိုက်လေသည်။

"စိတ်တော့ ကူးမိပါတယ်"

ချိန်ယန့်ကျူးက...

"ဒါဖြင့် ဘာဖြစ်လို့ အကောင်အထည် မဖော်သေးတာလဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး...

"ဒီမြို့က ကျုပ်နဲ့အကျွမ်းတဝင်မရှိဘူး၊ ဒီတော့.."

ချိန်ယန့်ကျူးက ချီယင်းဝေ၏စကား မဆုံးမီ...

"ဒီတော့ ဘယ်သူတွေဟာ မတရားစီးပွားဖြစ်နေတယ်ဆိုတာ မသိဘူးဖြစ်နေတယ် ဆိုပါတော့"



ဟု ဝင်ရောက်ပြောလိုက်လေသည်။

ချီယင်းဝေက သူ၏ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျုပ်မှာ အဲဒီအခက်အခဲရှိနေပါတယ်"

ချိန်ယန့်ကျူး ပြုံးလိုက်ရင်း...

"တကယ်လို့ ကျုပ်ဖြေရှင်းပေးမယ် ဆိုရင်ကော"

ချီယင်းဝေက ချိန်ယန့်ကျူးကို အကဲခတ်ကြည့်လိုက်ပြီး...

"ဘာလဲ မင်းက ဖြေရှင်းပေးမလို့လား"

ချိန်ယန့်ကျူးက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ဒီမြို့မှာ ထိကုံကွေးဆိုတဲ့ သူကြွယ်တစ်ယောက်ရှိတယ်၊ သူဟာ ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး ချမ်းသာလာတဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ကာ...

"ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ ဒီအကြောင်းတွေ ပြောပြနေတာလဲ"

ချိန်ယန့်ကျူးက တစ်ချက်ရယ်မောလိုက်ပြီး...

"ဒါတော့ ကျုပ်အနေနဲ့ ဆင်ဖြူတော်မို့ပြီး ကြံနည်းနည်းလောက် စုပ်ချင်လို့ပါ"

ချီယင်းဝေက ဦးခေါင်းတဆတ်ဆတ် ညိတ်၍ အနည်းငယ်စဉ်းစားလိုက်ပြီး...

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒီမြို့မှာ ခင်ဗျားက ကျွမ်းကျင်တော့ ခင်ဗျားက လမ်းပြ၊ ရတဲ့ပစ္စည်းထဲက ခင်ဗျားကို ဆယ်ပုံတစ်ပုံပေးမယ်၊ ဘယ့်နှယ်လဲ"

ဟု မေးလိုက်လေသည်။

"စိတ်ချ၊ ခင်ဗျား ဘယ်တော့လုပ်ငန်းစမှာလဲ"

ချီယင်းဝေက...

သူ၏လက်ညှိုးဖြင့် စားပွဲအလယ်သို့ ထောက်လိုက်ပြီး ဒီညဟု ပြောလိုက်လေတော့သည်။

◆ ◆ ◆



ချီယင်းဝေသည် အလွန်ညံ့ဖြင်းသော မိုးနဂါးစားသောက်ဆိုင်၌ပင် အလွန်ဖုန်ထူထပ်သော အိပ်ခန်းတစ်ခန်းကို ငှားရမ်းလိုက်လေတော့သည်။

ဆိုင်လုလင်သည် ချီယင်းဝေကို အိပ်ခန်းသို့ လိုက်လံပို့ဆောင်ပြီးနောက် အမွေးကျိုးတိုးကျိုးတဲရှိသော တံမြက်စည်းတစ်ချောင်းကိုင်ကာ ပြန်ဝင်လာပြီး အခန်းကိုရှင်းလင်းပေးလေသည်။

ထို့နောက် ချီယင်းဝေအတွက် စောင်နှင့်ခေါင်းအုံးများကို ထပ်မံလာပို့ပေးလေသည်။

ချီယင်းဝေသည် ဆိုင်လုလင်၏လက်ထဲမှ ခေါင်းအုံးနှင့်စောင်ကိုယူလိုက်ပြီး ဆိုင်လုလင်အား ငွေစအနည်းငယ် ပေးလိုက်လေသည်။

ဆိုင်လုလင်သည် ဝမ်းသာအားရဟန်ဖြင့် ချီယင်းဝေကို အကြိမ်ကြိမ် ဦးညွှတ်ကာ ထွက်ခွာသွားလေသည်။

ချီယင်းဝေသည် ဆိုင်လုလင်ထွက်သွားသည်နှင့် အခန်းတံခါးကို ပိတ်လိုက်လေတော့သည်။

ထို့နောက် သူ၏လက်ထဲမှ စောင်နှင့်ခေါင်းအုံးကို ခုတင်ပေါ်သို့ပစ်တင်လိုက်လေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှ အုန်းမောင်းခေါက်သံ နှစ်ချက် ထွက်ပေါ်လာ၏။

ချီယင်းဝေသည် ခုတင်ပေါ်တွင် လူးလိမ့်နေလေသည်။

ချီယင်းဝေသည် ယခုအချိန်ထိ မအိပ်ရသေးပါ။

သူ၏ခုတင်မှ သွေးဆာနေသော ကျပိုးများက သူ့ကို အိပ်စက်၍မရအောင် နှိပ်စက်နေသောကြောင့်ဖြစ်သည်။

အုန်းမောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာပြီးသည်နှင့် ချီယင်းဝေသည် ခုတင်ပေါ်မှထလိုက်သည်။

ထို့နောက် အနက်ရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်လိုက်လေသည်။

ပြီးမှ အိပ်ခန်း၏ ပြတင်းပေါက်ကိုဖွင့်ကာ အောက်သို့ တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

လမ်းပေါ်တွင် လူသူကင်းမဲ့နေလေသည်။

ချီယင်းဝေသည် ပတ်ဝန်းကျင်ကို တစ်ချက်မျှဝေ့၍ အကဲခတ်ကြည့်လိုက်ပြီးနောက် ပြတင်းပေါက်ပေါ်မှကျော်ကာ လမ်းပေါ်သို့ ခုန်ဆင်းလိုက်လေသည်။

သူ၏ကိုယ်ဖော့သိုင်းပညာမှာ ထိပ်တန်းမဟုတ်သော်လည်း အဆင့်မီအရည်အသွေးရှိသဖြင့် လမ်းမပေါ်သို့ ညင်သာစွာကျရောက်သွားခဲ့လေသည်။

သူသည် လမ်းပေါ်သို့ ခြေချမိသည်နှင့်တပြိုင်တည်း လမ်းဘေးရှိ အမှောင်ရိပ်ထဲသို့ တိုးဝင်လိုက်သည်။



ထိုစဉ် လမ်းဆုံ၌ လူရိပ်တစ်ရိပ် ပေါ်လာလေသည်။

ထိုလူရိပ်သည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော ချိန်ယန့်ကျူးပင်ဖြစ်ပါသည်။

ချီယင်းဝေသည် မိမိပုန်းကွယ်နေရာသို့ ချိန်ယန့်ကျူးရောက်ရှိလာသောအခါ 'ရှတ်'ဟု အသံပြုလိုက်ပြီး ပုန်းကွယ်ရာမှ ထွက်လိုက်လေသည်။

ချိန်ယန့်ကျူးက ချီယင်းဝေကို တွေ့မြင်သွားသဖြင့် ချီယင်းဝေထံလျှောက်လာပြီး နှစ်ကိုယ်ကြားလေသံဖြင့်…

"ကဲ ခင်ဗျား ကျုပ်နောက်က လိုက်ခဲ့"

ဟုပြောကာ ရှေ့မှဦးဆောင်၍ ထွက်သွားလေတော့သည်။

မကြာမီ သူတို့သည် အလွန်ခန်းနားကျယ်ဝန်းသော ခြံဝင်းတစ်ခုရှေ့သို့ ရောက်ရှိလာလေတော့သည်။

ချိန်ယန့်ကျူးက ခြံဝင်းထဲမှ အဆောက်အအုံကို မေးငေါ့ပြလိုက်ပြီး…

"အဲဒါ ထိကုံကြွေးရဲ့ခြံပဲ၊ သူက အဲဒီအဆောက်အအုံမှာနေတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကိုညိတ်ပြလိုက်ပြီး ခြံစည်းရိုး အုတ်တံတိုင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

သူ၏နောက်မှ ချိန်ယန့်ကျူးကလည်း အုတ်တံတိုင်းပေါ်သို့ လိုက်၍ခုန်တက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

ချီယင်းဝေနှင့်ချိန်ယန့်ကျူးတို့သည် ခြံထဲသို့ ပေါ့ပါးစွာ ခုန်ချလိုက်လေတော့သည်။

သူတို့ မြေပေါ်ခြေချမိသည်နှင့်....

"ဟေ့..ရပ်လိုက်"

ဟူသောအသံ ထွက်ပေါ်လာလေသည်။

◆ ◆ ◆

"ရပ်လိုက်"

ဟူသောအသံနှင့် လူတစ်ယောက်ပေါ်ထွက်လာလေသည်။

ထိုလူသည် အရပ်ရှည်လျားပြီး ခါးတွင် ဓားကောက်တစ်လက်ကို ချိတ်ဆွဲထားလေသည်။

ထိုလူ၏ပုံပန်းသဏ္ဌာန်မှာ ညစောင့်တစ်ဦးဖြစ်ကြောင်း ချီယင်းဝေတို့ သိလိုက်ရလေသည်။

ထို့ပြင် ထိုလူသည် အိပ်ရာမှထလာဟန် ပေါ်လွင်နေပေသည်။

ချီယင်းဝေသည် ထိုလူကိုမြင်တွေ့လိုက်ရသည်နှင့် သူ၏ခန္ဓာကိုယ်ကို လျင်မြန်စွာရွေ့လျားလိုက်ပြီး ထိုလူ၏အနီးသို့ တိုးကပ်သွားကာ ထိုလူမလှုပ်ရှားနိုင်မီမှာပင် ချီယင်းဝေ၏လက်ဝါးစောင်းက ထိုလူ၏လည်ဂုတ်ပေါ်သို့ ကျရောက်သွားလေသည်။



ထိုလူသည် 'အ..အ'ဟု အသံခပ်အုပ်အုပ် တစ်ချက်အော်လိုက်ပြီး မြေပေါ်သို့လဲကျသွားလေတော့သည်။

ချီယင်းဝေ၏ လှုပ်ရှားမှုသည် တဒင်္ဂမျှသာဖြစ်သည်။

ထို့ကြောင့် ချိန်ယန့်ကျူးသည် ချီယင်းဝေ၏လှုပ်ရှားမှုကို အံ့သြစွာငေးကြည့်နေမိလေသည်။

ထိုအချိန်လေးအတွင်းမှာပင် ချီယင်းဝေသည် မြေပေါ်သို့ လဲကျနေသော ညစောင့်အား ပန်းရုံတစ်ခု၏နောက်သို့ ရွှေ့ထားပြီး ဖြစ်နေလေတော့သည်။

ထို့နောက် ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် မှောင်ရိပ်ကိုအကာအကွယ်ယူကာ အိမ်မကြီးဆီသို့ လျှောက်သွားလေတော့သည်။

ချီယင်းဝေက အိမ်၏နံရံကို ကျောဖြင့်ကပ်လျက် ခေတ္တရပ်နားလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထို့နောက် အိတ်ထဲမှ ဓားပါးလေးတစ်ချောင်းကိုထုတ်ကာ ပြတင်းပေါက်ကိုကော်၍ ဖွင့်လိုက်လေသည်။

ပြတင်းပေါက် ပွင့်သွားသည်နှင့် ချီယင်းဝေတို့သည် အိမ်ထဲသို့ဝင်ရောက်သွားလေသည်။

ချိန်ယန့်ကျူးက လေသံတိုးတိုးဖြင့်...

"ဒါ ထိကုံကွေးရဲ့ သီးသန့်ခန်းပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကိုညိတ်ပြလိုက်ပြီး အိပ်ခန်းထဲမှသော့

www.burmeseclassic.com

www.burmeseclassic.com



တွဲတစ်တွဲကို ထုတ်ယူလိုက်လေသည်။

ထိုသော့တွဲမှာ သော့တွဲဟုဆိုရသော်လည်း သော့တစ်ချောင်းမျှ မရှိပါ။

သော့များအစား သံချောင်းအတိုအရှည်၊ အကြီးအသေးကို တွဲထားသော သော့တွဲဖြစ်ပါသည်။

ချီယင်းဝေသည် သော့အိမ်ကို တစ်ချက်မျှလေ့လာလိုက်ကာ သော့တွဲမှသံချောင်းတစ်ချောင်းကို ရွေးကာ သော့အိမ်အတွင်းသို့ထိုးသွင်း၍ ဟိုလှည့်ဒီလှည့်နှင့် အတန်ငယ်ကစားလိုက်လေတော့သည်။

'ထပ်'ဟူသောအသံ ကြားလိုက်ရပြီး သီးသန့်ခန်းတံခါး ပွင့်သွားသည်။

ချီယင်းဝေသည် ချိန်ယန့်ကျူးကို လက်ဟန်ဖြင့်အထဲသို့ ဝင်ရန် အချက်ပြလိုက်ပြီး သူတို့နှစ်ဦးလုံး ထိကုံကွေး၏သီးသန့်အခန်းထဲသို့ ဝင်ရောက်သွားလေတော့သည်။

ချိန်ယန့်ကျူးက အခန်းထဲရောက်သည်နှင့် အခန်းကို တစ်ပတ်မျှလှည့်ပတ်ကာ အကဲခတ်ကြည့်လိုက်လေသည်။

အခန်းထဲ၌ မည်သည့်အဖိုးတန်ပစ္စည်းမျှ မတွေ့ရချေ။

ထိုစဉ် နံရံပေါ်မှ ပန်းချီကားကို အနီးကပ်လိုက်၍ကြည့်နေသော ချီယင်းဝေသည် ပန်းချီကားတစ်ချပ်၏ ရှေ့၌ရပ်တန့်လိုက်ပြီး

ပန်းချီကားကို ဘေးသို့အသာတွန်းဖယ်လိုက်သည်။

ယင်းသို့ တွန်းဖယ်လိုက်သည်နှင့် ပန်းချီကား၏ အနောက်မှ



လျှို့ဝှက်တံခါးငယ်တစ်ခု ပေါ်ထွက်လာသည်။

ထို့ကြောင့် ချီယင်းဝေသည် မိမိအိတ်ထဲမှသော့တွဲကို တဖန်ထုတ်ယူလိုက်ပြီး လျှို့ဝှက်တံခါးမှသော့အိမ်ကို လေ့လာကြည့်ရှုလိုက်လေသည်။

ပြီးမှ သူသည် သော့တွဲထဲမှ သံချောင်းတစ်ချောင်းကို ရွေးလိုက်ပြီး လျှို့ဝှက်တံခါး၏သော့အိမ်ထဲထည့်၍ လှည့်လိုက်လေသည်။

"ကလစ်"

ဟူသောအသံနှင့် လျှို့ဝှက်တံခါးပွင့်သွားလေသည်။

ထိုသို့ ပွင့်သွားသည်နှင့်တပြိုင်တည်း နံရံတွင် လျှို့ဝှက်စွာပြုလုပ်ထားသည့် လျှို့ဝှက်အခန်းလေးကို တွေ့လိုက်ရသည်။

ထိုအထဲတွင် ရွှေတုံး၊ ငွေတုံးများနှင့်အတူ ကျောက်သံပတ္တမြားများကိုပါ ချီယင်းဝေတို့နှစ်ယောက် မြင်တွေ့လိုက်ရလေသည်။

ချီယင်းဝေက ချိန်ယန့်ကျူးဘက်ကို လှည့်ကာ...

"ကဲ မြန်မြန်ယူပြီး ထွက်မယ်"

ဟု ပြောလိုက်လေသည်။

ချိန်ယန့်ကျူးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး အဆင်သင့်ယူလာသောအိတ်ကို ဖွင့်၍လျှို့ဝှက်အခန်းထဲ၌ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကို သိမ်းကျုံးထည့်လိုက်လေသည်။

ချီယင်းဝေက ပစ္စည်းများကို သိမ်းကျုံး၍ထည့်နေသော ချိန်ယန့်ကျူးကို...

www.burmeseclassic.com

www.burmeseclassic.com



"များများမယူနဲ့ သုံးပုံတစ်ပုံလောက်ဆို တော်လောက်ပြီ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက် သူတို့ခြေထောက်အောက် ကြမ်းပြင်သည် ပွင့်ဟသွားပြီး ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် မည်သို့မျှ မတတ်နိုင်တော့ဘဲ ပွင့်ဟသွားသော ကြမ်းပြင်ပေါက်မှအောက်သို့ ပြုတ်ကျသွားလေတော့သည်။

အောက်သို့ရောက်သည်နှင့် ကြမ်းပြင်ရှိ အံဖုံးတံခါးသည် အလိုအလျောက် ပြန်၍ပိတ်သွားလေတော့သည်။

ချီယင်းဝေသည် လဲကျနေရာမှ ကပျာကယာထလိုက်ပြီး အပေါ်သို့ တစ်ချက်ခုန်ကာ ကြမ်းပြင်၏အံဖုံးတံခါးကို ဓားဖြင့်ခုတ်ချလိုက်လေသည်။

သို့သော် အံဖုံးတံခါးကို သံပြားဖြင့် ပြုလုပ်ထားသဖြင့် မည်သို့မျှ မတတ်နိုင်ဘဲ လက်မှိုင်ချရလေတော့သည်။

◆ ◆ ◆



အံဖုံးတံခါး ပြန်လည်ပိတ်သွားသဖြင့် ချီယင်းဝေတို့ ကျရောက်နေသော မြေတိုက်ခန်းသည် မှောင်မည်း၍သွားပေတော့သည်။

မှောင်ထဲ၌ ချီယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် အတန်ကြာသည့်တိုင်အောင် ငုတ်တုတ်ထိုင်နေလေသည်။

အတန်ကြာမှ ချီယင်းဝေက...

"ဒီအခန်းထဲမှာ ဒီလိုထောင်ချောက်မျိုး ရှိလိမ့်မယ်ဆိုတာ ခင်ဗျား ဘာလို့ကြိုမပြောတာလဲ"

ဟု ချိန်ယန့်ကျူးကို အပြစ်တင်လိုက်လေသည်။

ချိန်ယန့်ကျူးက...

"ဒီလိုထောင်ချောက်မျိုး ရှိလိမ့်မယ်ဆိုတာ သိမှတော့ ထောင်ချောက်ထဲမှာ ခင်ဗျားတစ်ယောက်ပဲ ရှိနေမှာပေါ့၊ ကျုပ်က ဘာလို့ အမိုက်ခံပြီး ခင်ဗျားနဲ့ထောင်ချောက်ထဲမှာ ရှိနေရမှာလဲ"

ဟု ပြန်ပြောလိုက်သည်။

ချီယင်းဝေသည် ဘာမှမပြောတော့ဘဲ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။

ထိုစဉ် ချိန်ယန့်ကျူးက...

"ဟေ့..ခင်ဗျား တစ်ခုစဉ်းစားမိလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက...

"ကျုပ်က ဘာကိုစဉ်းစားမိရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယန့်ကျူးက...

"ဒီလိုလေ၊ ဒီမြေတိုက်ခန်းထဲမှာ မိနေတဲ့လူကို သူတို့အပြင်ကို ဘယ်လိုထုတ်မှာလဲ"

ချီယင်းဝေက...

"အပေါ်အဖုံးတံခါးဖွင့်ပြီး လှေကားချပေးမှာပေါ့"

ချိန်ယန့်ကျူးက...

"မဟုတ်သေးဘူးလေ၊ ဒီမြေတိုက်ခန်းထဲမှာ ခင်ဗျားလိုလူမျိုး မိနေတယ်ဆိုပါတော့၊ ခင်ဗျားကို အပြင်ထုတ်ဖို့ လှေခါးမချခင် ခင်ဗျားက အပေါ်ခုန်တက်ပြီး အပြင်ရောက်နေပြီပဲ၊ ပြီးတော့ ခင်ဗျားလက်ထဲမှာ လက်နက်ကလည်းရှိနေတယ်၊ ဒီတော့ သူတို့က လှေကားကိုချပြီး ခင်ဗျားကိုခေါ်ထုတ်ပါ့မလား'

ချီယင်းဝေက....

"ကျုပ်ကို မေ့ဆေးဖြစ်ဖြစ်၊ အိပ်ငွေ့ချပြီး ကျုပ်မေ့မြောနေချိန်မှာ ခေါ်ထုတ်မယ်ဆိုရင်ကော"

ချိန်ယန့်ကျူးက...

"ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကို ထမ်းပြီးအပေါ်ထုတ်ဖို့ဆိုတာ နည်းနည်းတော့ ခဲယဉ်းလိမ့်မယ်ထင်တယ်"

ချီယင်းဝေက...

"နေပါဦး၊ ခင်ဗျားက ဘာကိုစဉ်းစားမိလို့ ဒီအကြောင်းတွေ တွေးနေရတာလဲ"



ချိန်ယန့်ကျူးက...

"ကျုပ်တွေးမိတာက ဒီအခန်းထဲမှာ လျှို့ဝှက်ခလုတ်များ ရှိနေမလားလို့ပါ"

ချီယင်းဝေက လက်ဖျစ်တစ်ချက် တီးလိုက်ပြီး...

"ဟော ခင်ဗျားပြောတာ ဖြစ်နိုင်တယ်"

ချီယင်းဝေသည် ထိုသို့ပြောလိုက်ပြီး မီးခြစ်ဆံမှ တောက်လောင်နေသော အလင်းရောင်ဖြင့် အခန်းကို လှည့်ပတ်ကြည့်လိုက်လေသည်။

အခန်း၏လေးဘက်လေးတန်ကို ကျောက်တုံးများဖြင့် တည်ဆောက်ထားလေသည်။

သူတို့သည် မီးခြစ်ဆံ သုံးဆံမျှကုန်သောအခါ ကျောက်နံရံပေါ်မှ သံကွင်းတစ်ကွင်းကို ချိန်ယန့်ကျူးက တွေ့ရှိလိုက်ရလေသည်။

သူသည် ဝမ်းသာအားရဖြင့် ချီယင်းဝေကို ကြည့်၍...

"ဟောဒီမှာ သံကွင်းတစ်ခုတွေ့တယ်၊ ထွက်ပေါက်ခလုတ်များ ဖြစ်နေမလား မသိဘူး"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် ထိုသံကွင်းကိုဆွဲ၍ လှည့်လိုက်လေသည်။

ယင်းသို့ လှည့်လိုက်သည်နှင့် နံရံပေါ်တွင် အပေါက်ကလေးတစ်ခု ပေါ်လာလေသည်။

ချီယင်းဝေနှင့်ချိန်ယန့်ကျူးတို့သည် ထိုအပေါက်ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုလိုက်လေသည်။

ထိုစဉ် ရုတ်တရက် ထိုအပေါက်ကလေးထဲမှ ရေများတဟုန်ထိုး ပန်းထွက်လာလေတော့သည်။

◆ ◆ ◆

ချိုယင်းဝေနှင့် ချိန်ယန့်ကျူးတို့သည် ရေများပန်းထွက်လာသည်ကို ငေးကြောင်၍ကြည့်နေမိပေသည်။

အတန်ကြာမှ ချိုယင်းဝေသည် ပထမဆုံး သတိဝင်လာကာ သံကွင်းကို လှည့်၍ပိတ်လိုက်လေသည်။

သို့သော် သံကွင်းသည် မည်သို့မျှလှည့်၍မရတော့ဘဲ ရေများပန်းထွက်လာလေသည်။

ချိန်ယန့်ကျူးသည် ငေးကြောင်၍ ကြည့်နေရာမှ သတိဝင်လာပြီး သူ၏လက်နှစ်ဘက်ဖြင့် ရေပန်းထွက်နေသော အပေါက်ကို ပိတ်လေသည်။

သို့သော် တဟုန်ထိုးပန်းထွက်နေသော ရေအားကြောင့် သူသည် မည်သို့မျှ ပိတ်မရဘဲ နောက်သို့ဆုတ်သွားရလေသည်။

တခဏအတွင်း၌ပင် ရေသည် တဖြည်းဖြည်းများ၍ လာလေတော့သည်။

ချိုယင်းဝေသည် သံကွင်းကိုလှည့်၍ ပိတ်နေရာ နောက်ဆုံး သံကွင်းတစ်ခုလုံးကျွတ်၍ သူ့လက်ထဲပါလာလေတော့သည်။



သံကွင်းကျွတ်လာသည်နှင့် ရေများသည် ပို၍တရဟောကျဆင်းလာလေတော့သည်။

မျက်စိတမှိတ် တဒင်္ဂအတွင်းမှာပင် ရေများသည် အခန်းတစ်ခုလုံးပြည့်လာသည်။

သူတို့၏ ခါးလယ်သို့ပင် ရောက်ရှိလာလေသည်။

ချိန်ယန့်ကျူးသည် ထိတ်လန့်တုန်လှုပ်သောလေသံဖြင့်...

"ဒုက္ခပဲ၊ ကျုပ်တို့တော့ ဒီရေထဲမှာပဲ သေရတော့မယ်ထင်တယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက...

"အဲဒါ မင်းခေါ်လာလို့ဖြစ်တာ"

ဟု ချိန်ယန့်ကျူးကို လှမ်း၍ဟောက်လိုက်လေတော့သည်။

ချိန်ယန့်ကျူးက...

"ဒီလိုဖြစ်မယ်မှန်းသိရင် ခင်ဗျားနဲ့မပေါင်းပါဘူး၊ အခုတော့ ခင်ဗျားနဲ့ပေါင်းမှပဲ ရေနစ်သေရတော့မယ်"

ချိုယင်းဝေက...

"ငါနဲ့ပေါင်းလို့ မင်းသေမှာမဟုတ်ဘူး၊ မင်းကလာပေါင်းလို့ ငါသေရမှာ၊ မင်း အတင်းခေါ်လာလို့ အခုလိုဖြစ်ရတာ၊ မင်းပါးစပ်ပိတ်ထား"

ဟု လှမ်းပြောလိုက်လေသည်။

ချိန်ယန့်ကျူးသည် ဘာမှမပြောတော့ချေ။

www.burmeseclassic.com



သူသည် စိတ်ပျက်လက်ပျက်ဖြင့် ရေများခါးအထိ ရောက်ရှိနေသည်ကို သတိမထားနိုင်ဘဲ ထိုင်ချလိုက်ရာ ရေထဲသို့ မြုပ်သွားလေတော့သည်။

ထို့ကြောင့် သူသည် ထိတ်လန့်တကြားဖြစ်စွာ ရေပေါ်သို့ ပြန်လည်ထလာပြီး ပါးစပ်ထဲမှရေများကို ထွေးထုတ်လိုက်လေသည်။

ရေသည် တဖြည်းဖြည်းဖြင့် သူတို့၏ရင်ဘတ်အထိ ရောက်ရှိလာပြီဖြစ်သည်။

သူတို့သည် မည်သို့မျှ မတတ်နိုင်ဘဲ စိတ်ပျက်လက်ပျက်ဖြင့် ငြိမ်သက်စွာ ရပ်နေကြလေသည်။

ရေသည် တဖြည်းဖြည်းနှင့် သူတို့၏လည်ပင်းအထိ ရောက်လာလေသည်။

ထိုစဉ် ချီယင်းဝေက ချိန်ယန့်ကျူးကို…

"ကျုပ် တစ်ခုစဉ်းစားမိတယ်"

ချိန်ယန့်ကျူးက စိတ်ပျက်သောလေသံဖြင့်…

"ဘာကို စဉ်းစားမိတာလဲ၊ ရေနစ်ပြီးသေရင် ပုတ်ပွနေမှာကိုလား"

ချီယင်းဝေက…

"တကယ်လို့ ဒီအခန်းတစ်ခုလုံး ရေပြည့်သွားရင် အံဖုံးတံခါးကိုဖွင့်ဖို့ ကြံစည်နိုင်တယ်"

ဟု ပြောလိုက်လေသည်။

ချိန်ယန့်ကျူးက ဝမ်းသာသောလေသံဖြင့်…



"ဟုတ်တယ်၊ ကျုပ်တို့ ဒီအခန်းထဲကထွက်ဖို့ ကြံစည်နိုင်တာပေါ့"

ဟု ပြန်ပြောလိုက်လေသည်။

ထိုစဉ် တရဟောကျဆင်းနေသော ရေသည် ရပ်တန့်သွားသည်။

ထို့ကြောင့် ချိန်ယန့်ကျူးက ရေကျရာအပေါက်ကို လက်ဝါးဖြင့်ရိုက်ရင်း…

"ဘာလို့ ရပ်တာလဲ၊ ဆက်ကျပါဦးလား"

ဟု ကျိန်ဆဲလိုက်လေသည်။

သို့သော် ရေသည် တစ်စက်မျှ ထပ်ကျမလာတော့ချေ။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယန်ကျူးသည် ချီယင်းဝေကို လှမ်း၍...

"ဒီအတိုင်းဆို ကျုပ်တို့ သွေးခဲပြီးသေလိမ့်မယ်"

ဟု ပြောလိုက်သည်။

ချီယင်းဝေက ဘာမှပြန်မပြောဘဲ ငြိမ်သက်နေလေသည်။

သူတို့သည် ရေပြင်ပေါ်မေးတင်၍ အတန်ကြာသည့်တိုင်အောင် ရပ်နေရသည့်အပြင် အေးစိမ့်သောရေကြောင့် သွေးများတောင့်လာသည်ဟု ခံစားလာရလေသည်။

နောက်ဆုံး၌ ချိန်ယန်ကျူးသည် သည်းမခံနိုင်တော့ဘဲ...

"ဟေ့လူတွေ ကျုပ်တို့ကိုလွှတ်ပေး"

ဟု အော်ဟစ်လိုက်လေသည်။

ချီယင်းဝေက..

"ဟေ့လူ သိပ်အော်မနေနဲ့ သူများပစ္စည်းလာခိုးတာ လွှတ်ပါ့မလား"

ချိန်ယန်ကျူးက...

"ဒီမှာထက်စာရင် ထောင်ထဲမှာနေရတာ ကောင်းမယ်"

ချီယင်းဝေက...

"ထောင်ကျမှတော့ ဘာပိုထူးမှာလဲ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက် ခေါင်းပေါ်မှ...

"မင်းပြောတာမှန်တယ်၊ ဒီမှာပဲဖြစ်ဖြစ် ထောင်ထဲမှာပဲ ဖြစ်ဖြစ် မင်းတို့ ဒုက္ခကောင်းကောင်း တွေ့ရမှာပဲ"



ဟု အသံထွက်ပေါ်လာလေသည်။

ထိုအသံကြောင့် ချီယင်းဝေနှင့် ချိန်ယန်ကျူးတို့သည် ရုတ်တရက် လန့်ဖျပ်ကာ အပေါ်သို့မော့ကြည့်လိုက်သည်။

သို့သော် မည်သူ့ကိုမျှ မတွေ့လျှင် ချီယင်းဝေက...

"ခင်ဗျား ဘယ်သူလဲ"

ချီယင်းဝေအသံ ထွက်ပေါ်လာလျှင် အပေါ်မှ..

"ဒီအိမ်ပိုင်ရှင်ပါ"

"ဒါဖြင့် ခင်ဗျား ထိကုံကွေး မဟုတ်လား"

"မဟုတ်ပါဘူး၊ မင်းရိုယံပါ"

ချီယင်းဝေက မျက်လုံးပြူး၍ ချိန်ယန်ကျူးအား..

"ဟေ့ ချိန်ယန်ကျူး..မင်းပြောတော့ ထိကုံကွေးဆို"

ထိုစဉ် အပေါ်ကလူက...

"အိမ်ပိုင်ရှင် ဘယ်သူဆိုတာ အဓိကမဟုတ်ဘူး၊ မင်းတို့ ပစ္စည်း လာခိုးတာမဟုတ်လား"

ချီယင်းဝေက...

"ဟုတ်တော့ဟုတ်ပါတယ်၊ ဘာပစ္စည်းမှမခိုးရသေးဘူး"

"ကဲ မင်းတို့နှစ်ယောက် နာမည်က ဘယ်သူလဲ"

ချိန်ယန်ကျူးက...

"ကျုပ်နာမည် ချိန်ယန်ကျူးပါ"

"မင်းအဖော်ရဲ့နာမည်က ဘယ်သူလဲ"

ချိန်ယန်ကျူးက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မပြောရဲဘူး"

"မင်းမပြောရင် မင်းအဖော်ကိုပြောလိုက်၊ ငါ့ရေထပ်လွှတ်လိုက်မယ်လို့"

ချိန်ယန့်ကျူးသည် ထိတ်လန့်ကာ...

"မလုပ်ပါနဲ့၊ သူ့နာမည်က ချီယင်းဝေပါ"

ဆိုစဉ် အပေါ်ကလူက...

"ဘာ..ချီယင်းဝေ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက နာမည်ကြီးတဲ့လူတစ်ယောက်ပဲ"

ထိုစဉ် ချီယင်းဝေက...

"ခင်ဗျားက သူဌေးပဲ၊ ဘာဖြစ်လို့ သိုင်းလောကအကြောင်း သိနေရတာလဲ"

ထိုလူက အတန်ကြာမှ...

"ဟား..ဟား..ဟား..ခင်ဗျားကို ဟောဒီတစ်မြို့လုံးသိနေတဲ့နောက် ကျုပ်သိတာ ဘာဆန်းတော့မှာလဲ"

ချီယင်းဝေက...

"ဒါနဲ့ပဲ ခင်ဗျားက ကျုပ်ကိုနာမည်ကြီးတဲ့လူတစ်ယောက်လို့ ပြောတာလား"

မင်းရှီယံထံမှ...

"ဒါတွင် ဘယ်ကမလဲ၊ ခင်ဗျား ဘယ်လိုလူစားပါဆိုတာ ကျုပ်သိတယ်ဆိုရင် အံ့ဩသွားမလားဘဲ"



ချီယင်းဝေက...

"ခင်ဗျားလိုလူမျိုးက ကျုပ်အကြောင်းသိတယ်ဆိုတော့ ဂုဏ်ယူပါတယ်"

ထိုစဉ် မင်းရှီယံထံမှ...

"ဟား..ဟား..ဟား..တကယ်တော့ ကျုပ်က သိုင်းလောကသားတစ်ယောက်ပဲ၊ ဒါကြောင့် ခင်ဗျားအကြောင်းကို သိတယ်ဆိုရင် ခင်ဗျား အံ့ဩမှာမဟုတ်တော့ဘူး"

ချီယင်းဝေက...

"အဲဒါဟာ အံ့ဩစရာပဲ"

မင်းရှီယံထံမှ...

"ကျုပ်ပြောတာ အံ့ဩစရာဖြစ်နေလို့လား"

ချီယင်းဝေက...

"ဟုတ်တယ်၊ ခင်ဗျားဟာ ချမ်းသာကြွယ်ဝတဲ့ သိုင်းလောကသားတစ်ယောက် ဖြစ်နေတယ်ဆိုတာ အံ့ဩစရာပဲပေါ့"

မင်းရှီယံက တစ်ချက်ရယ်မောလိုက်သည်။

"ဒီပစ္စည်းတွေက ကျုပ်ပိုင်တာ မဟုတ်ဘူးဆိုရင် ခင်ဗျား အံ့ဩမှာ မဟုတ်ဘူး"

ချီယင်းဝေက အံ့ဩသောလေသံဖြင့်...

"ဒါနဲ့ ခင်ဗျားက ဒီအိမ်ပိုင်ရှင်ဆို"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေဟာ ကျုပ်အစ်ကို မင်းရှီဟောက်ရဲ့ပစ္စည်းတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေ အံ့သြသွားကာ…

"ဘာပြောတယ်၊ ခင်ဗျားက မင်းရီဟောက်ရဲ့ညီဟုတ်လား"

"ဟုတ်တယ်၊ ဘာလဲ ခင်ဗျားက ကျုပ်တို့ကိုစော်ကားလို့ရမယ် ထင်နေလို့လား"

ချိုယင်းဝေက…

"ကျုပ်က ခင်ဗျားကိုစော်ကားလို့လား"

မင်းရီယံက…

"ကျုပ်တို့ပစ္စည်း လာခိုးတာ စော်ကားတာပဲပေါ့"

"ဒါကတော့ ခင်ဗျားထင်ချင်သလိုထင် ကျုပ်ဂရုမစိုက်ဘူး"

မင်းရီယံက သဘောကျစွာ ရယ်မောရင်း…

"တကယ်လို့ ကျုပ်က သိုင်းလောကကိုဖိတ်စာဝေပြီး ခင်ဗျားရဲ့ဖြစ်ပျက်ပုံကိုပြရင် ဘယ့်နှယ်လဲ"

ချိုယင်းဝေက လေသံမာဆတ်ဆတ်ဖြင့်…

"အဲဒါ ဘာဖြစ်လဲ၊ ကျုပ်က ခင်ဗျားပစ္စည်းခိုးတာ ကျုပ်သုံးဖို့မှ မဟုတ်တာဘဲ၊ ရေဘေးဒုက္ခသည်တွေကို ဝေပေးမလို့ဒိုးတာ"

မင်းရီယံက…

"ဒါ မင်းအလုပ်မှမဟုတ်တာ၊ ဒုက္ခသည် ကယ်ဆယ်ရေးအဖွဲ့ရဲ့လုပ်ငန်းပဲ"

ချိုယင်းဝေက…

"ဒုက္ခသည်တွေကို ကူညီတာ လူတိုင်းရဲ့တာဝန်ပဲ၊ ခင်ဗျား



တို့လို ပစ္စည်းရှိတဲ့လူတွေဟာ ကိုယ့်အကျိုးအတွက်ပဲကြည့်မယ်ဆိုရင် ခင်ဗျားပစ္စည်းကို ကျုပ်ခိုးတာ ဘာရှားမျှတတယ်"

မင်းရီယံက…

"မဆိုင်တဲ့အလုပ်ကို မင်းဘာလို့ လုပ်ချင်ရတာလဲ"

ချိုယင်းဝေက…

"ကျုပ်က လူသားတစ်ယောက်ပဲ၊ ခင်ဗျားတို့လို အကြင်နာတရား ကင်းမဲ့တဲ့လူစား မဟုတ်ဘူး"

မင်းရီယံက အားရပါးရ ရယ်မောလိုက်ပြီး…

"မင်းပြောသလို သနားစာနာတဲ့စိတ် ကျုပ်တို့မှာရှိနေမယ်ဆိုရင် ကျုပ်တို့ အခုလိုပစ္စည်းရှိမှာ မဟုတ်ဘူး"

ချိုယင်းဝေသည် ဒေါသထွက်လာသည်။

"ဟေ့ မင်းရီယံ စကားကြောရှည်မနေနဲ့၊ သတ္တိရှိရင် ငါတို့ကိုလွှတ်လိုက်"

မင်းရီယံက တဟားဟား ရယ်မောရင်း…

"အခု ကျုပ်မှာ အလုပ်ရှိသေးတယ်၊ မင်းတို့နဲ့ညှိခံစကားပြောဖို့ ကျုပ်မှာ အချိန်မရှိဘူး"

ဟုပြောသံကို ချိုယင်းဝေ ကြားလိုက်ရသည်။

ထို့နောက် မင်းရီယံ၏ခြေသံသည် ဝေး၍ဝေး၍သွားလေတော့သည်။

ထိုစဉ် ရေများသည် တဖြည်းဖြည်း နိမ့်ကျသွားလေသည်။

တဖြည်းဖြည်းနှင့် ရေများသည် သူတို့၏ရင်ဘတ်မှခါးအထိ

www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းသွားလေတော့သည်။

ထို့နောက် ခါးမှဒူးဆစ်အထိ ကျဆင်းသွားသည်။

နောက်ဆုံး အခန်းထဲ၌ ရေများ ရှိမနေတော့ချေ။

ချိန်ယန့်ကျူးသည် သက်ပြင်းရှည်တစ်ချက် ကို မှုတ်ထုတ်လိုက်ပြီး ခြေပစ်လက်ပစ် ထိုင်ချနေသည်။

သူ၏ပုံသဏ္ဍာန်မှာ အလွန်ပင်ပန်းနွမ်းနယ်ဟန် ပေါ်လွင်နေသည်။

ထို့အပြင် သူသည် ချမ်းလွန်း၍ ခိုက်ခိုက်တုန်ယင်နေသည်။

ချီယင်းဝေသည် မောဟိုက်လွန်းသဖြင့် နံရံတွင် ကျောမှီ၍ ထိုင်နေလေသည်။

ထိုစဉ် ရုတ်တရက် ခြင်းတောင်းတစ်တောင်းကို ကြိုးဖြင့် ချိတ်ဆွဲကာ ကျလာသည်။

ခြင်းတောင်းထဲတွင် ထမင်းနှင့်ဟင်းများ ပါရှိလေသည်။

ထမင်းနှင့်ဟင်းများသည် ပူနွေးနေသည့်အပြင် ဟင်းနံ့က လူကိုဖိုက်ဆာလာစေသည်။

ချိန်ယန့်ကျူးသည် ချမ်းလည်းချမ်း၊ ဗိုက်လည်းဆာနေသဖြင့် ဟန်မဆောင်နိုင်တော့ဘဲ ခြင်းတောင်းထဲမှ ထမင်းနှင့်ဟင်းပန်းကန်များကို ထုတ်ယူလိုက်လေသည်။

ချီယင်းဝေက ချိန်ယန့်ကျူး၏ လက်မောင်းကို လှမ်းဆွဲကာ

"ဟေ့ ဟင်းထဲမှာ အဆိပ်ပါလာနိုင်တယ်၊ သတိထား"

ချိန်ယန့်ကျူးသည် မိမိ၏လက်မောင်းကို ချီယင်းဝေ



လက်ထဲ မှရုန်းထွက်လိုက်ရင်း...

"အဆိပ်ပါလည်း ဘာဖြစ်လဲ"

ချီယင်းဝေက...

"သေမှာပေါ့"

ချိန်ယန့်ကျူးက...

"သေတာက ဒီထဲမှာ ဒုက္ခရောက်တာထက် ကောင်းတယ်"

ဟုပြောကာ စားသောက်လိုက်လေသည်။

ချိန်ယန့်ကျူးသည် ချီယင်းဝေကို တစ်ချက်ကြည့်ကာ...

"ခင်ဗျား မစားဘူးလား၊ မစားရင် ကျုပ်စားမယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ချိန်ယန့်ကျူးကို ဘာမှပြန်မပြောဘဲ ထမင်းဟင်းများကို စတင် စားသောက်လေတော့သည်။

သူတို့သည် မည်မျှဆာလောင်မွတ်သိပ်နေသည် မသိပါ ခြင်းတောင်းထဲတွင် ပါလာသမျှကို စားလိုက်သည်။

ချိန်ယန့်ကျူးက...

"အင်း အခုမှနေသာထိုင်သာ ရှိတော့တယ်"

ဟု ပြောလိုက်သည်။

ထိုင်ရာမှ ထလိုက်သည်။

ယင်းသို့ မတ်တတ်ထလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်သည် အရုပ်ကြိုးပြတ်သကဲ့သို့ 'ဝုန်း'ခနဲ လဲကျသွားလေတော့သည်။

ချီယင်းဝေသည် ယခုကဲ့သို့ ချိန်ယန့်ကျူး လဲကျသွားသည်

www.burmeseclassic.com



ကိုမြင်တွေ့လိုက်ရသောအခါ မျက်လုံးပြူး၍ ရုတ်တရက် ထိတ်လန့်သွားပြီး…

"ဟင် ထမင်းဟင်းထဲမှာ အဆိပ်ပါနေတယ် ထင်တယ်"

ဟု တစ်ကိုယ်တည်း ညည်းညူလိုက်လေသည်။

သူ၏ညည်းညူသံမဆုံးမီမှာပင် ချီယင်းဝေ၏ဦးခေါင်းတစ်ခုလုံးသည် မူးဝေလာပြီး ရုတ်တရက် အားအင်များကုန်ခန်းသွားသကဲ့သို့ ခံစားလိုက်ရသည်။

တဆက်တည်းမှာပင် သူ၏မျက်ခွံများသည် လေးလံလာပြီး နောက်ဆုံး၌ သူသည် မြေပေါ်ဦးစိုက်ကျကာ သတိမေ့သွားလေတော့သည်။

◆ ◆ ◆



အချိန်မည်မျှ ကြာသွားသည်မသိပါ။

ချီယင်းဝေ သတိရလာသောအခါ သူ၏မြင်ကွင်းသည် မှောင်မည်းနေလေသည်။

သူသည် ထရန်ကြိုးစားလိုက်သည်။

သို့သော် သူ၏ခြေလက်များသည် လှုပ်ရှား၍မရအောင် ဖြစ်နေပေသည်။

အတန်ကြာမှ သူ၏မြင်ကွင်း အနည်းငယ် ပီပြင်လာပြီး မိမိသည် ကောက်ရိုးများခင်းထားသော ခုတင်ပေါ်တွင် ရောက်ရှိနေသည်ကိုသိရသည်။

ထို့အပြင် သူ၏ခြေလက်များကို ကြိုးဖြင့်တုပ်ထားကြောင်း သိလိုက်ရသည်။

သို့သော် ထိုနေရာသည် မိမိသတိမေ့စဉ်က ရှိခဲ့သောနေရာ မဟုတ်ကြောင်း ချီယင်းဝေ သတိထားမိလေသည်။

ဤသို့ဆိုလျှင် တစ်စုံတစ်ယောက်သည် မိမိမေ့မြောနေစဉ် မိမိအား ဤနေရာသို့ခေါ်ဆောင်လာခြင်းဖြစ်လိမ့်မည်ဟု ချီယင်းဝေ တွေးမိလိုက်လေသည်။

ချီယင်းဝေသည် ခြေလက်တို့ကို အနည်းငယ်လှုပ်ရှားလိုက်ပြီး ချည်ထားသောကြိုးများကို ဆွဲဖြုတ်ရန် ရမရစမ်းသပ်ကြည့်လိုက်လေသည်။

ချီယင်းဝေ၏ခြေနှင့်လက်များကို တုပ်နှောင်ထားသောကြိုးသည်နွားသားရေကြိုးဖြစ်နေသည့်အပြင် တင်းကျပ်စွာ ချည်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ထားသောကြောင့် လှုပ်ရှား၍မရချေ။

ထိုစဉ် အဝေးမှ ခြေသံသွဲ့သွဲ့ ပေါ်ထွက်လာပြီး ထိုခြေသံသည် ချိုယင်းဝေ၏အခန်းရှေ့၌ ရပ်တန့်သွားသည်။

ထို့နောက် တံခါးဖွင့်သံ ပေါ်ထွက်လာပြီး အလင်းရောင်တစ်ခုသည် ချိုယင်းဝေ၏အခန်းထဲသို့ ကျရောက်လာပေသည်။

ထိုအလင်းရောင်နှင့်အတူ ထွားကျိုင်းသောလူတစ်ယောက်နှင့်အတူ ပိန်ပိန်ရှည်ရှည်လူတစ်ယောက် အခန်းထဲသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ပိန်ပိန်ရှည်ရှည်လူ၏ လက်ထဲတွင် မီးအိမ်တစ်ခု ကိုင်ထားပြီး ထိုမီးအိမ်မှ ဝါကြန့်ကြန့် အလင်းရောင်သည် အခန်းထဲ ဖြာကျနေပေသည်။

ထွားကျိုင်းသောလူက ချိုယင်းဝေ၏ခြေနှင့်လက်များကို တုပ်နှောင်ထားသော နွားသားရေကြိုးကို ဖြေပေးလိုက်လေသည်။

ချိုယင်းဝေသည် အနှောင်အဖွဲ့မှ လွတ်သည်နှင့်တပြိုင်တည်း ခုတင်ပေါ်မှ ရုတ်တရက် ခုန်ထကာ ထွားကျိုင်းသောလူကို တိုက်ခိုက်လိုက်လေသည်။

ချိုယင်းဝေ၏လှုပ်ရှားမှုသည် အလွန်ပင် လျင်မြန်လှပေသည်။

သို့သော် ပိန်ရှည်ရှည်လူ၏ လှုပ်ရှားမှုက ချိုယင်းဝေထက်ပို၍မြန်ဆန်လေသည်။

ထို့ကြောင့် ချိုယင်းဝေသည် လူဝကြီးကို မတိုက်ခိုက်နိုင်မီ



ပိန်ရှည်ရှည်လူ၏ လက်ဝါးစောင်းက ချိုယင်းဝေ၏လည်ကုပ်ပေါ်သို့ ကျရောက်ကာ ချိုယင်းဝေသည် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကျသွားလေတော့သည်။

လူထွားကြီးက ချိုယင်းဝေကို ဆွဲထူလိုက်ပြီး....

"မင်း အေးအေးဆေးဆေးလိုက်ခဲ့"

ဟုပြောကာ ချိုယင်းဝေ၏ လက်မောင်းကိုဆွဲ၍ အပြင်သို့ခေါ်ထုတ်သွားလေတော့သည်။

ပိန်ရှည်ရှည်လူက မီးအိမ်ကိုကိုင်၍ ရှေ့မှလမ်းပြ၍ သွားလေသည်။

သူတို့သည် အတန်ရှည်လျားသော ဥမင်လိုဏ်ခေါင်းအတိုင်း လျှောက်လာပြီးနောက် ကျောက်လှေကားထစ်များကို တွေ့ရလေသည်။

ကျောက်လှေကားအတိုင်း အပေါ်သို့တက်သွားရာ နောက်ဆုံးတွင် သူတို့သည် မြေပြင်ပေါ်သို့ ရောက်လာလေသည်။

ချိုယင်းဝေသည် မြေပြင်ပေါ်သို့ ရောက်သောအခါ အသက်ကိုဝအောင် ရှူလိုက်ပြီး ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်မိသည်။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများက လင်းလက်နေလေသည်။

ညဥ့်လေသည် တဟူးဟူးတိုက်ခတ်နေပေသည်။

လတ်ဆတ်သောညဥ့်လေကြောင့် ချိုယင်းဝေ၏စိတ်သည် လန်းဆန်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိမိ၏ပခုံးမှကျော်၍ နောက်သို့လှည့်ကာ မိမိကို ခေါ်ထုတ်လာသော မြေအောက်ခန်းကို တစ်ချက်ကြည့်လိုက်လေသည်။

ပြီးမှ မိမိ၏လက်မောင်းကို ကိုင်ထားသောလူထွားကြီးအား

“ကျုပ် အခုဘယ်ရောက်နေတာလဲ”

ဟု မေးလိုက်လေသည်။

လူထွားကြီးက…

“သူဌေးကြီးမင်းရီဟောက်ရဲ့ဂေဟာ”

ဟု တိုတိုတုတ်တုတ် ဖြေလိုက်လေသည်။

ချီယင်းဝေက…

“မင်းတို့ အခုငါ့ကို ဘယ်ခေါ်သွားမလို့လဲ”

ထွားကျိုင်းသောလူက…

“ရောက်တော့ သိမှာပါ”

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ချီယင်းဝေက တစ်စုံတစ်ခုကို သတိရဟန်ဖြင့်…

“ဒါနဲ့ ချိန်ယန့်ကျူးကော”

ဟု မေးလိုက်လေသည်

လူထွားကြီးက…

“သေပြီ”

ဟု ပြောလိုက်လေသည်။

ချိန်ယန့်ကျူးအတွက် စိတ်မကောင်းဖြစ်ကာ လူထွားကြီး



ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေတော့သည်။

◆ ◆ ◆

ချီယင်းဝေသည် အခန်းတစ်ခုထဲသို့ ရောက်ရှိလာခဲ့သည်။

လူထွားကြီးက ချီယင်းဝေကို တွန်းထုတ်ကာ…

“သခင်လေး ကရားခံရောက်ရှိနေပါပြီ”

လူထွားကြီးသည် ပြောပြီး ချီယင်းဝေကို တွန်းထုတ်လိုက်သည်။

ထိုစဉ် စားပွဲထိပ်ရှိလူက…

“ကောင်းပြီ မင်းသွားနိုင်ပြီ”

ထိုစဉ် ထိုလူက…

“ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်ကြီးများခင်ဗျား ကျွန်တော် လူတစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေ”

ဟု ပြောလိုက်သည်။

“နာမည်ကြီးသိုင်းသမား ချီယင်းဝေဆိုတာ ဟောဟိုပုဂ္ဂိုလ်ပါပဲ”

ဟု ချီယင်းဝေကို ညွှန်ပြလိုက်လေသည်။

ထိုစဉ် မင်းရီယံက ဆက်လက်၍…

“ဒီလို နာမည်ကြီးသိုင်းသမားကို တွေ့ဖူးမှာမဟုတ်ဘူး၊ ဒါကြောင့် စားသောက်ရင်းနဲ့ အေးအေးဆေးဆေး ကြည့်ကြပါ”

www.burmeseclassic.com

www.burmeseclassic.com



ဟု လှောင်ပြောင်၍ ပြောလိုက်သည်။

နှိုယင်းဝေက...

"ဟေ့လူ...ကျုပ်ကို သတ်ချင်သတ်လိုက်"

"သေချင်ရင် ကိုယ့်ကိုကိုယ် သတ်သေလိုက်ပေါ့"

မင်းရိုယံက ညွှန်သည်များကို ပြုံးပြရင်း...

"ကဲ စားကြပါ၊ စားရင်းသောက်ရင်းနဲ့ နာမည်ကြီးသိုင်းသမားကို ကြည့်ကြတာပေါ့"

ဟု ပြောလိုက်လေသည်။

နှိုယင်းဝေသည် ကြိုးတုပ်ခြင်းခံထားရသော သူ၏လက်နှစ်ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မင်းရိုယံကို ဒေါသဖြင့် စူးစိုက်ကြည့်လိုက်သည်။

မင်းရိုယံက...

"ဩော်...မင်းကိုယ်မင်း သတ်သေဖို့ မကြိုးစားနဲ့ဦး"

နှိုယင်းဝေက...

"ဒီမှာ မင်း ငါ့ကို သတ်ချင်ရင်သတ်၊ ငါမသေရင် တစ်နေ့ မင်းကိုငါသတ်မယ်"

မင်းရိုယံက ရယ်မောကာ...

"မင်းမပြောလည်း ငါသိပါတယ်၊ ဒါပေမယ့်"

မင်းရိုယံက...

"ဒါပေမယ့် မင်းထွက်ပြေးဖို့တော့ စိတ်မကူးနဲ့၊ ဘယ်လိုမှ ထွက်ပြေးမရအောင် ငါစီစဉ်ထားတယ်"



ဟု စကားကို ဆက်လက်ပြောလိုက်သည်။

နှိုယင်းဝေသည် ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

မင်းရိုယံက...

"စားပါ၊ သုံးဆောင်ကြပါ၊ အားမနာပါနဲ့"

ဟုပြောပြီး နှိုယင်းဝေကိုကြည့်ကာ...

"ဩော်...သူလည်း ဆာနေမှာပေါ့၊ တစ်ယောက်ယောက်က သူ့ကို ထမင်းကျွေးလိုက်ပါ"

မင်းရိုယံ၏စကားဆုံးသည်နှင့် လူထွားကြီးတစ်ယောက်သည် ထမင်းပန်းကန်ကိုကိုင်ကာ နှိုယင်းဝေအနီးသို့လျှောက်လာသည်။

နှိုယင်းဝေအနီးသို့ ရောက်သောအခါ လူထွားကြီးသည် နှိုယင်းဝေကို လှောင်ပြုံးပြုံးပြလိုက်ပြီး...

"ကဲ ပါးစပ်ဟာ၊ ကျုပ်ခွံ့ကျွေးမယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် လူထွားကြီးသည် သူ၏ကြီးမားသော လက်ကြီးဖြင့် ထမင်းတစ်ဆုပ် နှိုက်ယူလိုက်ပြီး နှိုယင်းဝေ၏ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

သို့သော် နှိုယင်းဝေက ဦးခေါင်းကို အသာတိမ်းရှောင်းပေးလိုက်သဖြင့် လွဲချော်သွားလေတော့သည်။

လူထွားကြီးက နှိုယင်းဝေကို စိုက်ကြည့်ကာ...

"မင်းက ကျုပ်ခွံ့ကျွေးတာကို ရှုံ့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ပါးစပ်ထဲသို့ ထမင်းလုတ်ကိုထည့်သည်။

ချီယင်းဝေက ဦးခေါင်းကို ဘယ်ညာတိမ်းစောင်း၍ ရှောင်တိမ်းလိုက်သဖြင့် လွဲချော်သွားလေသည်။

တစ်ယောက်ကခွံ့၊ တစ်ယောက်က ရှောင်သဖြင့် လေးငါးခါမျှ လွဲချော်သောကြောင့် လူထွားကြီးသည် ဒေါသဖြစ်လာလေတော့သည်။

ထမင်းစားနေကြသော ဧည့်ပရိတ်သတ်များကလည်း သူတို့နှစ်ယောက်အားကြည့်ကာ တဟားဟားနှင့် ရယ်မောလိုက်သည်။

လူထွားကြီးသည် ဒေါသဖြစ်လာသဖြင့် နောက်ဆုံးတွင် ချီယင်းဝေ၏ဆံပင်ကို ဆောင့်ဆွဲကာ ဦးခေါင်းကိုမော့စေပြီး မိမိလက်ထဲမှ ထမင်းလုတ်ကို ချီယင်းဝေ၏ပါးစပ်ထဲသို့ ထိုးထည့်လိုက်သည်။

သို့သော် လျှပ်တပြက် ချီယင်းဝေ၏ဒူးသည် အပေါ်သို့ မြောက်တက်လာပြီး လူထွားကြီး၏အရှိုက်ကို တိုက်လိုက်လေသည်။

ထို့ကြောင့် လူထွားကြီးသည် ချီယင်းဝေ၏ပါးစပ်ထဲသို့ ထမင်းလုတ် ထိုးမထည့်နိုင်တော့ဘဲ…

"အွန့်"

ဟုအော်မြည်ကာ ကြမ်းပြင်ပေါ်သို့ နောက်ပြန်လဲကျသွားလေတော့သည်။

သို့ဖြစ်၍ ထမင်းလုံးများလည်း ကြမ်းပြင်ပေါ်ကျသွားလေတော့သည်။

စားသောက်နေသော ဧည့်ပရိတ်သတ်များသည် လူထွား



ကြီးလဲသွားသည်ကို မြင်တွေ့လိုက်ရသောအခါ ရယ်မောစရာတစ်ခုအား တွေ့မြင်လိုက်ရသကဲ့သို့ ခွက်ထိုးခွက်လှန် ရယ်မောကြသည်။

ထိုကဲ့သို့ ဝိုင်းဝန်းရယ်မောကြသဖြင့် လူထွားကြီးသည် ပို၍ ဒေါသဖြစ်လာကာ…

"သေပေတော့"

ဟုပြောပြီး ချီယင်းဝေကို တိုက်ခိုက်လိုက်သည်။

သို့သော် လူထွားကြီး ခုန်ထလာသည်နှင့် ချီယင်းဝေ၏ ခြေထောက်က ကန်လိုက်လေသည်။

ထို့ကြောင့် လူထွားကြီး၏ခန္ဓာကိုယ် ကြမ်းပြင်ပေါ်မှ အနည်းငယ် မြောက်ကာ အခန်းတံခါးဝသို့ လွင့်စဉ်သွားလေသည်။

ထိုစဉ် ရုတ်တရက် အခန်းတံခါးဖွင့်ပြီး အိမ်ဖော်တစ်ယောက် ဝင်ရောက်လာသည်။

အိမ်ဖော်သည် မိမိ၏ခြေရင်းသို့ လွင့်စဉ်ကျလာသော လူထွားကြီးအားကြည့်ပြီးမှ မင်းရိုယံကိုကြည့်ကာ ဦးညွှတ်လိုက်သည်။

ထို့နောက်…

"သခင်လေး…အပြင်မှာ လူတစ်ယောက်က သခင်လေးကို တွေ့ချင်တယ်လို့ပြောတယ်"

မင်းရိုယံသည် ထိုင်ရာမှ ထလိုက်ပြီး…

"ဟုတ်လား၊ သူ့ကို မြန်မြန်ခေါ်လာခဲ့ပါ"

ဧည့်သည်ဟူသောအသံကို ကြားလိုက်ရသည်နှင့် ချီယင်းဝေသည် ရင်ထိတ်သွားပြီး သူ၏ခြေဖျားလက်ဖျားများသည် ရုတ်တ

www.burmeseclassic.com

www.burmeseclassic.com



ရက် အေးစိမ့်သွားသည်။

ထိုစဉ် မင်းရီယံက…

“ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား၊ အခု လာမယ့် ဧည့်သည်ဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက် ဖြစ်ပါတယ်၊ သူဟာ အခုတလော သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ရှူးခုံးယက် ဖြစ်ပါတယ်”

ဟု ပြောလိုက်လေသည်။

မင်းရီယံ၏စကား ဆုံးသည်နှင့် ဧည့်ခန်းထဲသို့ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

ထိုလူသည် ရှူးခုံးယက်ပင် ဖြစ်သည်။

ချီယင်းဝေသည် ရှူးခုံးယက်အား မြင်တွေ့လိုက်ရသည်နှင့် အေးစက်သော အန္တရာယ်အငွေ့အသက်က မိမိတစ်ကိုယ်လုံး လွှမ်းခြုံလာသည်ဟု ခံစားလိုက်ရသည်

သူ၏ခြေဖျားလက်ဖျားများသည် ရုတ်တရက် သွေးဆုတ်သွားသကဲ့သို့ အေးစက်နေပေသည်။

ထိုအချိန်တွင် မင်းရီယံသည် ရှူးခုံးယက်အား ပျူငှာစွာကြိုဆိုလိုက်ပြီး ရှူးခုံးယက်ထိုင်ရန် နေရာထိုင်ခင်း စီစဉ်ပေးလေသည်။

သို့သော်…

ရှူးခုံးယက်သည် မင်းရီယံ၏စီစဉ်ပေးသောနေရာ၌ မထိုင်ဘဲ အခန်းအလယ်တွင် မတ်တတ်ရပ်လျက် နေပေသည်။

ရှူးခုံးယက်သည် သူ၏လက်နှစ်ဘက်ကိုဆုပ်၍ မင်းရီယံနှင့်



ဧည့်ပရိတ်သတ်များကို နှုတ်ဆက်လိုက်ပြီး…

“သူဌေးကြီးက အခုလိုဖိတ်တာ ကျွန်တော် အင်မတန်ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ဒါပေမယ့်”

ရှူးခုံးယက်သည် သူ၏စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်ပြီး မင်းရီယံနှင့် ဧည့်ပရိတ်သတ်များကို တစ်ချက်ဝေ့၍ အကဲခတ်ကြည့်လိုက်လေသည်။

ပြီးမှ…

“ဒါပေမယ့် ကျွန်တော် အခုလိုရောက်လာတာ ထမင်းပွဲတို့ တက်ရောက်ဖို့ မဟုတ်ပါဘူး”

ဟု သူ၏စကားကို ဆက်၍ပြောလိုက်လေသည်။

ရှူးခုံးယက်၏စကားကြောင့် ဧည့်ပရိတ်သတ်များသည် ရှူးခုံးယက်အား…

“ဘယ်လိုလဲ”

ဟူသောအကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်ကြလေသည်။

ရှူးခုံးယက်က မင်းရီယံကို ဦးညွှတ်လိုက်ပြီး…

“ကျုပ် သည်ကိုလာတာ သူဌေးကြီးဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ”

ဟု ပြောလိုက်လေသည်။

မင်းရီယံက ပြုံးရွှင်သော မျက်နှာဖြင့်…

“ကျုပ်တို့ဟာ ပြောရမယ့်လူတွေမှ မဟုတ်တာဘဲ၊ အေးအေးဆေးဆေး ထမင်းသုံးဆောင်ပြီးမှ စကားပြောကြတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

"ကျုပ် အကူအညီတောင်းခံတဲ့ကိစ္စ မပြီးမပြတ်မချင်း ကျုပ် ဘာမှမစားချင်ဘူး"

မင်းရီယံက ရယ်မောလိုက်ပြီး....

"ကဲ..ကဲ..ကျုပ်ရဲ့အသက်စည်းစိမ်နဲ့ ပစ္စည်းဥစ္စာကို မထိခိုက်ဘူးဆိုရင် ဘာတောင်းတောင်း ကျုပ်ပေးမယ်ဗျာ"

စူးခုံးယက်က ဦးခေါင်းကို ညိတ်လိုက်ပြီး..

"ကျေးဇူးတင်ပါတယ်"

မင်းရီယံက...

"ကဲ...ကျုပ်တို့ ပျော်ပျော်ပါးပါး ထမင်းစားရအောင်"

ဟု ဖိတ်ခေါ်လိုက်လေသည်။

သို့သော်...

စူးခုံးယက်သည် နေရာမှရွေ့လျားခြင်း မရှိပါ။

မင်းရီယံသည် သူ၏မျက်လုံးကို ပင့်တင်လိုက်ပြီး...

"လာလေဗျာ၊ ဘာလဲ၊ ကျုပ်ပြောတဲ့စကားကို ခင်ဗျားမယုံလို့လား"

စူးခုံးယက်က ပြုံးကာ...

"ယုံပါတယ်၊ ဒါပေမယ့် ကျွန်တော် မတောင်းရသေးဘူး"

မင်းရီယံက သဘောကျစွာ ရယ်မောလိုက်ပြီး...

"ကျုပ် အသက်စည်းစိမ်နဲ့ပစ္စည်းဥစ္စာကို မထိခိုက်ရင် ဘာတောင်းတောင်း ကျုပ်ပေးမယ်ဗျာ"



စူးခုံးယက်က ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ကျေးဇူးတင်ပါတယ်"

"ကဲ..ကျုပ်တို့ ပျော်ပျော်ပါးပါး ထမင်းမစားခင် ခင်ဗျားကို မေးစရာရှိတယ်"

မင်းရီယံက...

"ဒါဆို ပြောဗျာ၊ ကျုပ် ဘာကူညီရမလဲ"

ဟုပြောလိုက်လေသည်။

စူးခုံးယက်က ချီယင်းဝေဘက် လှည့်မကြည့်ဘဲ...

"သူဌေးကြီးက ချီယင်းဝေကို ဖမ်းမိတယ်လို့ကြားတယ်၊ အဲဒါ ဟုတ်သလား"

မင်းရီယံက ဦးခေါင်းကိုညိတ်လိုက်ပြီး..

"ဟုတ်တယ်၊ ဒါကြောင့် သိုင်းလောကက ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ထားတာပေါ့"

ဟုပြောလိုက်ပြီး ချီယင်းဝေထံသို့ တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ချီယင်းဝေသည် မိမိကို ငဲ့စောင်း၍ပင်မကြည့်ဘဲ မိမိအကြောင်းပြောနေသော စူးခုံးယက်ကို နားမလည်ဟန်ဖြင့် ကြည့်လိုက်သည်။

မင်းရီယံသည် ချီယင်းဝေကို ကြည့်နေရာမှ စူးခုံးယက်ထံသို့ လှမ်းကြည့်လိုက်ပြီး ချီယင်းဝေထံသို့ မေးငေါ့ပြကာ...

"ခင်ဗျား အကူအညီတောင်းမယ့်ကိစ္စဟာ ချီယင်းဝေနဲ့ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



နေလို့လား”

ဟု မေးလိုက်လေသည်။

ရှုးခုံးယက်က ဦးခေါင်းကိုညိတ်လိုက်ပြီး…

“ဟုတ်ပါတယ်၊ ကျွန်တော် အကူအညီတောင်းမယ့်ကိစ္စဟာ ချီယင်းဝေနဲ့သက်ဆိုင်နေပါတယ်”

ဟု ပြောလိုက်လေသည်။

မင်းရီယံက တစ်ချက်ပြုံးလိုက်ပြီး…

“ကောင်းပြီလေ၊ ခင်ဗျားတောင်းမယ့် အကူအညီသာပြောပါ”

ရှုးခုံးယက်က…

“တခြားတော့မဟုတ်ပါဘူး၊ ကျွန်တော်တောင်းမယ့် အကူအညီက ချီယင်းဝေကို ကျွန်တော့်လက် အပ်လိုက်ဖို့ပါပဲ”

ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။

မင်းရီယံသည် ရုတ်တရက် ဘာမှပြန်မပြောဘဲ ရှုးခုံးယက်အား အတန်ကြာအောင် ကြည့်နေလိုက်လေသည်။

အတန်ကြာမှ မင်းရီယံသည် တစ်ချက်ရယ်မောလိုက်ပြီး…

“ရပါတယ်၊ ဒါပေမယ့်”

သူသည် စကားကို ဆုံးအောင်မပြောဘဲ ရှုးခုံးယက်ကို အကဲခတ်ကြည့်လိုက်ပြီးမှ…

“ဒါပေမယ့် မနက်ဖြန်ညအထိ စောင့်ပါ”

ဟု ပြောလိုက်လေသည်။



ရှုးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး…

“မဖြစ်ဘူး၊ ချီယင်းဝေကို ကျွန်တော် အခုပဲလိုချင်တယ်”

မင်းရီယံက…

“ကျွန်တော် မပေးဘူး မပြောပါဘူး၊ သိုင်းလောကရဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ထားတဲ့အတွက် မနက်ဖြန်ညအထိ စောင့်စေချင်ပါတယ်”

ရှုးခုံးယက် ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး…

“ကျွန်တော် အခုပဲ လိုချင်နေပါတယ်”

မင်းရီယံက ပြုံး၍ပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး…

“ခင်ဗျားက ဘာကြောင့် သူ့ကို ဒါလောက်မြန်မြန်သတ်ချင်နေရတာလဲ”

ရှုးခုံးယက်က မင်းရီယံကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး…

“ခင်ဗျားပေးမယ်လို့ ကတိပေးထားတာ မေ့သွားပြီလား”

ဟု ပြောလိုက်လေသည်။

မင်းရီယံက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

“ကောင်းပြီလေ၊ ခင်ဗျား ချီယင်းဝေကို ခေါ်သွားနိုင်ပြီ”

ဟု ခွင့်ပြုလိုက်လေသည်။

ရှုးခုံးယက်က မင်းရီယံကို လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး…

“ကျေးဇူးတင်ပါတယ်”

ဟုပြောကာ ချီယင်းဝေထံသို့ လျှောက်သွားလေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချိုယင်းဝေက မိမိထံသို့ လျှောက်လာနေသော စူးခုံးယက်ကိုမျက်တောင်မခတ်ဘဲ ကြည့်နေလေသည်။

သူ၏မျက်လုံးများသည် ဒေါသကြောင့် တောက်ပြောင်နေသည်ဟု ထင်ရပေသည်။

စူးခုံးယက်က ချိုယင်းဝေ၏ရှေ့၌ ရပ်တန့်လိုက်ပြီး ချိုယင်းဝေ၏မျက်နှာကို တစ်ချက်စိုက်ကြည့်ကာ...

"ခင်ဗျား ဘာကြောင့် ကျုပ်ကိုမုန်းနေတာလဲ"

ချိုယင်းဝေက စူးခုံးယက်အား စူးစိုက်ကြည့်ရင်း နှုတ်ခမ်းကို မဲ့ကာ...

"နိုင်တဲ့လူ ဗိုလ်လုပ်တမ်းပဲ၊ မင်း ငါ့ကိုသတ်ချင်ရင်သတ်လိုက်၊ ငါဂရုမစိုက်ဘူး"

ဟု ပြောလိုက်သည်။

စူးခုံးယက် ပြုံးလိုက်ပြီး...

"ခင်ဗျား သတ္တိရှိလာပြီပဲ"

ချိုယင်းဝေက...

"အခုမှ သတ္တိရှိတာမဟုတ်ဘူး၊ အရင်ကတည်းကရှိတာ"

စူးခုံးယက်က သဘောကျစွာ ရယ်မောလိုက်ပြီး...

"ဒါဖြင့် ခင်ဗျား ကျွန်တော်နဲ့ပြိုင်ရဲပါ့မလား"

ချိုယင်းဝေက နှုတ်ခမ်းကိုမဲ့ကာ ဦးခေါင်းကို ခါယမ်းလိုက်ရင်း...

"သူတို့ကို ခွင့်လွှတ်ရမယ်ဆိုရင် ခင်ဗျားက ကျုပ်ကိုသတ်



လိုက်ပါ"

စူးခုံးယက်က သက်ပြင်းတစ်ချက်ချလိုက်ကာ...

"ခင်ဗျားဟာ လူတော်လူကောင်းတစ်ယောက်ပဲ၊ ဒါပေမယ့် ကျုပ်ပြောတာကို ခင်ဗျား နားမလည်တာပဲလား၊ ထမင် ခေါင်းမာနေတာလားဆိုတာ ကျုပ်လည်း မပြောတတ်တော့ဘူး"

ချိုယင်းဝေက...

"ကျုပ်နေရာမှာ ခင်ဗျားရှိနေမယ်ဆိုရင် ခင်ဗျား သူတို့ကိုခွင့်လွှတ်နိုင်ပါ့မလား"

စူးခုံးယက်က ပြုံးလိုက်ရင်း...

"ခင်ဗျားနေရာမှာ ကျုပ်သာဆိုရင် သူ့အိမ်ထဲဝင်မခိုးဘူး"

ချိုယင်းဝေ ပါးစပ်ပိတ်ထားလိုက်လေသည်။

စူးခုံးယက်က ချိုယင်းဝေကို အတန်ကြာအောင် စူးစမ်းကြည့်လိုက်ပြီး...

"ခင်ဗျား အဖမ်းခံရလို့ သူတို့ကို မကျေမနပ်ဖြစ်နေတယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက သူ၏ပါးစပ်ကို ပိတ်ထားလိုက်ပြီး ဘာတစ်ခွန်းမှ ပြန်မပြောချေ။

စူးခုံးယက်က...

"တကယ်လို့ ခင်ဗျားက သူ့အိမ်ထဲဝင်ပြီး မခိုးရင် သူကခင်ဗျားကို ဖမ်းပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက သူ၏နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး...

"ကျုပ်က ငွေခိုးမိလို့ ဖမ်းတာဖမ်းပေါ့၊ ဒါပေမယ့်..."

ချိုယင်းဝေသည် သူ့စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်သည်။

စူးခုံးယက်က တစ်ချက်ပြုံးလိုက်ပြီး...

"ဒါပေမယ့် ဘာဖြစ်လဲ"

ချိုယင်းဝေက...

"ဒါပေမယ့် ကျုပ်ကို ဘာဖြစ်လို့ စော်ကားနေရတာလဲ"

စူးခုံးယက်က...

"လောကမှာ အကြောင်းတရားမရှိဘဲ အကျိုးတရားဖြစ်မလာနိုင်ဘူး၊ ဘယ်သူမပြုမိမိမှုဆိုသလိုပဲပေါ့၊ ခင်ဗျားက သူ့အိမ်ကို ဝင်ပြီး မခိုးရင် အခုလို အဖမ်းလည်းမခံရဘူး၊ အခုလို စော်ကားတာမျိုးလည်း မခံရဘူးပေါ့"

ချိုယင်းဝေက ဘာမှပြန်မပြောတော့ချေ။

သူသည် အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်နေပြီးနောက် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ...

"ကောင်းပြီလေ၊ သူက ကျုပ်ကိုထပ်ပြီးမစော်ကားရင် ကျုပ်လည်း အမှတ်မထားတော့ပါဘူး၊ ခွင့်လွှတ်လိုက်မယ်"

စူးခုံးယက်က ဝမ်းသာအားရဟန်ဖြင့် ပြုံးလိုက်ပြီး...

"ခင်ဗျား အခုလိုပြောတဲ့အတွက် ကျုပ်က ဝမ်းသာပါတယ်၊ ကဲ ခင်ဗျားလည်း ဗိုက်ဆာရော့မယ်၊ ကျုပ်တို့စားကြရအောင်"



ဟုပြောကာ ချိုယင်းဝေအား စားပွဲရှိရာသို့ခေါ်ဆောင်သွားလေတော့သည်။

ထို့နောက်...

သူသည် ချိုယင်းဝေကို မိမိဘေး၌ထိုင်နိုင်းလိုက်ပြီး မင်းရိယ်ဘက်သို့လှည့်ကာ...

"ကဲ အခုအချိန်ကစပြီး ချိုယင်းဝေနဲ့ သူဌေးကြီးမင်းရိယ်တို့ မိတ်ဆွေဖြစ်သွားကြပြီ"

ဟု ပြောလိုက်လေသည်။

သူသည် အရက်ခွက်ကိုမြှောက်ကာ ဧည့်ပရိတ်သတ်များအား ဝေ့ယမ်းပြရင်း...

"ကဲ အခုအချိန်ကစပြီး မိတ်ဆွေဖြစ်သွားတဲ့ သူဌေးကြီးမင်းရိယ်နဲ့ ချိုယင်းဝေတို့အတွက်"

ဟုပြောကာ အရက်ခွက်ကို မော့သောက်လိုက်လေသည်။

ဧည့်ပရိတ်သတ်များကလည်း အရက်ခွက်ကိုမြှောက်ကာ မော့၍သောက်လိုက်ကြသည်။

မင်းရိယ်ကလည်း သူ၏အရက်ခွက်ကို မြှောက်၍ဝေ့ယမ်းပြရင်း...

"အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ သုံးဆောင်ကြပါ"

ဟု ပြောလိုက်လေသည်။

ထို့နောက်...

သူတို့သည် စားသောက်ဖွယ်ရာများကို ပျော်ရွှင်စွာ စား

www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ကြလေတော့သည်။

◆ ◆ ◆

စားပွဲပေါ်မှ ကြီးမားသော ဖယောင်းတိုင်များသည် သုံးပုံတစ်ပုံခန့်သာ ကျန်တော့သည်။

အချို့ဖယောင်းတိုင်များကို လဲလှယ်၍ထပ်မံထွန်းညှိထားလေသည်။

စားပွဲပေါ်မှ ဟင်းလျာများထည့်ထားသော ပန်းကန်များထဲမှ ဟင်းလျာများ အနည်းငယ်သာ ကျန်တော့သည်။

တစ်ချို့ပန်းကန်များထဲမှ ဟင်းလျာများမှာ မကျန်ရစ်တော့ချေ။

အရက်အိုးများထဲ၌လည်း အရက်များကုန်စင်နေပြီဖြစ်သည်။

ထို့အတူ ဧည့်သည်များလည်း ပြန်သွားကြပြီဖြစ်သည်။

ထို့ကြောင့်....

ဧည့်ခန်းထဲတွင် လူသုံးယောက်သာ ကျန်နေလေတော့သည်။

ထိုလူသုံးယောက်မှာ မင်းရှိယံ၊ ရှုးခုံးယက်နှင့်ချီယင်းဝေတို့ပင်ဖြစ်ကြသည်။

ရှုးခုံးယက်သည် ခွက်ထဲမှ လက်ကန်အရက်ကိုမော့သောက်



လိုက်ပြီး ခွက်ကို စားပွဲပေါ်သို့ပြန်ချရင်း ချီယင်းဝေကို လှမ်းကြည့်လိုက်လေသည်။

ပြီးမှ တစ်ချက်ပြုံးကာ...

"ဒါနဲ့ ကျွန်တော် ခင်ဗျားကို တစ်ခုမေးရဦးမယ်ဗျ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး..

"မေးပါ၊ ခင်ဗျား ဘာမေးမလို့လဲ"

ရှုးခုံးယက်က...

"ခင်ဗျား ဘာကြောင့် ကျုပ်ကိုစိန်ခေါ်ရတာလဲ"

ချီယင်းဝေက...

"ခင်ဗျား မသိဘူးလား"

ရှုးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး..

"သိမှတော့ ခင်ဗျားကို ကျုပ်က ဘာလို့မေးနေတော့မှာလဲ"

ချီယင်းဝေက တစ်ချက်ပြုံးကာ...

"ခင်ဗျားဟာ ကြေးတန်းစား လူသတ်သမားတစ်ယောက်ဆိုတာ သိရတယ်"

ထိုစဉ်...

မင်းရှိယံက ချီယင်းဝေကို လက်ကာပြလိုက်ရင်း..

"ချီယင်းဝေ..ခင်ဗျားထင်တာ မှားနေပြီ၊ ရှုးခုံးယက်ဟာ ကြေးစားလူသတ်သမား မဟုတ်ဘူး"

ချီယင်းဝေက မျက်မှောင်ကြုတ်၍ မင်းရှိယံကို တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်ပြီး...

"ခင်ဗျားက သူဟာ ကြေးစားလူသတ်သမား မဟုတ်ဘူးဆိုတာ ဘာကြောင့်ပြောနိုင်ရတာလဲ"

မင်းရီယံက ပြုံးလိုက်ပြီး...

"အကြောင်းရှိလို့ပေါ့"

နီယင်းဝေက ဦးခေါင်းကိုညိတ်ကာ....

"ဒါဖြင့်လည်း ပြောပြစမ်းပါဦး"

မင်းရီယံက...

"တစ်ခါက သူဟာ ကျုပ်အသက်ကို ကယ်ခဲ့ဖူးတယ်၊ အဲဒါကြောင့် ကျုပ်က သူ့ကိုငွေတစ်သိန်းပေးမယ်လို့ ကတိပေးခဲ့တယ်၊ ဒါပေမယ့် သူက လက်မခံဘဲ ငြင်းပယ်ခဲ့တယ်၊ တကယ်လို့ သူဟာ ကြေးစားလူသတ်သမားဆိုရင် ကျုပ်ငွေဟာ သူ့အတွက် မက်မောစရာပဲ မဟုတ်လား"

နီယင်းဝေက အံ့သြဟန်ဖြင့် မျက်ခုံးကို နဖူးအလယ်သို့မြှင့်တင်လိုက်ပြီး စူးခုံးယက်ကို လှမ်းကြည့်လိုက်လေသည်။

ပြီးမှ...

"ဟုတ်လား"

ဟု စူးခုံးယက်ကို မေးလိုက်လေသည်။

စူးခုံးယက်က...

"မယုံရင် စုံစမ်းကြည့်နိုင်ပါတယ်"

ဟုပြောလိုက်လေသည်။



နီယင်းဝေက ဘာမှပြန်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မင်းရီယံက အရက်အိုးထဲမှ နောက်ဆုံးလက်ကျန်အရက်ကို သူ၏ခွက်ထဲ လောင်းထည့်လိုက်ရင်း နီယင်းဝေကို လှမ်းကြည့်ကာ...

"နေဦး၊ ခင်ဗျားက သူ့ကိုကြေးစားလူသတ်သမားလို့ပြောရအောင် ခင်ဗျားမှာ ဘာအထောက်အထားရှိသလဲ"

ဟု မေးလိုက်လေသည်။

စူးခုံးယက်က နီယင်းဝေကို ပြုံး၍ကြည့်ကာ...

"ဟုတ်တယ်၊ ဘာကြောင့် ခင်ဗျားက ကျုပ်ကိုကြေးစားလူသတ်သမားလို့ ထင်ရသလဲဆိုတာ ရှင်းပြရင်ကောင်းမယ်"

နီယင်းဝေက ပခုံးနှစ်ဘက်ကို ဟန်ပါပါတွန့်လိုက်ပြီး...

"ခင်ဗျားက သံမဏိဓားပျော့ကို ကိုင်တယ်လို့ကြားတယ် ဟုတ်ရဲ့လား"

စူးခုံးယက်က ဦးခေါင်းကိုညိတ်လိုက်ပြီး...

"ဟုတ်တယ်"

နီယင်းဝေက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ကာ...

"အခုတလော သိုင်းလောကမှာ ပေါ်နေတဲ့..."

စူးခုံးယက်က ရုတ်တရက် ရယ်မောလိုက်ပြီး...

"သြော်...ဒါကြောင့် ခင်ဗျားက ကျုပ်ကို သံသယဖြစ်နေတယ်ဆိုပါတော့ ဟုတ်လား"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ…

“ဟုတ်တယ်၊ သံသယဖြစ်စရာပဲ မဟုတ်လား”

ရှူးခုံးယက်က…

“သံသယဖြစ်တာနဲ့ ကျုပ်ကို စိန်ခေါ်တာကတော့ မလွန်လွန်းဘူးလားဗျာ”

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလေသည်။

ရှူးခုံးယက်က ပြုံးလျှက်…

“နေပါဦး ကျုပ် မေးစမ်းပါရစေ”

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ရှူးခုံးယက်က…

“ခင်ဗျားက ကျုပ်ကို သံသယဖြစ်တယ်ဆိုတာ ဘယ်ကစပြီးဖြစ်လာတာလဲ”

ချိုယင်းဝေက ရှူးခုံးယက်ကို တစ်ချက် အကဲခတ်၍ကြည့်လိုက်ပြီး…

“ကျုပ်သိတာကတော့ ဝမ်ယန်းဆိုတဲ့လူက ကြေးတန်းစားလူ သတ်သမားတစ်ယောက်ကိုငှားပြီး လူစုဖုံးသားအဖကို တိုက်ခိုက်ခိုင်းတယ်လို့ ကြားခဲ့တယ်”

ရှူးခုံးယက်က မျက်မှောင်ကြုတ်လိုက်ပြီး…

“ဝမ်ယန်းဟုတ်လား၊ ဝမ်ယန်းဆိုတာ ဘယ်သူလဲ”

ဟု ပြန်မေးလိုက်လေသည်။



ချိုယင်းဝေက ရှူးခုံးယက်၏မျက်လုံးထဲ အတန်ကြာအောင် စူးစိုက်ကြည့်လိုက်ပြီး…

“ခင်ဗျား အဲသည်လူကို သိပါတယ်”

ရှူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး…

“ကျုပ်သိမှတော့ ခင်ဗျားကို လေကုန်ခံပြီး မေးနေတော့မလားဗျာ”

ချိုယင်းဝေက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ပြီး…

“ခင်ဗျားက ဝမ်ယန်းကို မသိဘူးဆိုတာ အံ့ဩစရာပဲ”

ရှူးခုံးယက်သည် အတန်ကြာအောင် ဘာမှမပြောဘဲ ပါးစပ်ပိတ်၍နေလိုက်လေသည်။

ချိုယင်းဝေက သူ့ခွက်ထဲမှ နောက်ဆုံးလက်ကျန်အရက်ကို မော့သောက်လိုက်ပြီး အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက်လေသည်။

ပြီးမှ…

“ကဲ ကျုပ်ပြောဖို့ စကားကုန်ပြီ၊ ခင်ဗျား ဘာလုပ်ချင်သေးသလဲ”

ဟု မေးလိုက်လေသည်။

ရှူးခုံးယက်သည် သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်ပြီး ချိုယင်းဝေကို လှမ်း၍ကြည့်လိုက်လေသည်။

ပြီးမှ သူသည် တစ်ချက်ပြုံးလိုက်ရင်း…

“ခင်ဗျား ကျုပ်နဲ့ အပြင်ကိုသွားရဲသလား”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ...

"မသွားရဲစရာ ဘာရှိသလဲ"

ဟု ပြန်ပြောလိုက်လေသည်။

စူးခုံးယက်က ထိုင်ရာမှထလိုက်ပြီး...

"ဒါဖြင့် သွားကြရအောင်"

ဟု ပြောလိုက်လေသည်။

ထို့နောက်...

သူတို့သည် မင်းရီယံကို့နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



လမ်းပေါ်တွင် လူအနည်းငယ်သာ သွားလာလှုပ်ရှားနေကြသည်။

ညဥ့်နက်ပိုင်းရောက်နေပြီ ဖြစ်သောကြောင့် လူသွားလူလာကျဲနေခြင်းဖြစ်သည်။

ကောင်းကင်ပေါ်တွင် ကြယ်ကလေးများ လင်းလက်နေလေသည်။

ညဏ်အေးမြသောလေက ပတ်ဝန်းကျင်ကို တိုက်ခတ်နေပေသည်။

ချိုယင်းဝေနှင့်စူးခုံးယက်တို့ လမ်းပေါ်သို့ရောက်သောအခါ ချိုယင်းဝေသည် ဦးခေါင်းကိုမော့၍ ကောင်းကင်ကိုကြည့်လိုက်လေသည်။

ထို့နောက်...

အေးမြ၍လတ်ဆတ်သော ညဥ့်လေကို အားပါးတရ ရှုရှိုက်လိုက်လေသည်။

သူတို့သည် ပခုံးချင်းယှဥ်၍ ရပ်နေရာမှ စူးခုံးယက်သည် ချိုယင်းဝေကို ငဲ့စောင်းကြည့်လိုက်ပြီး...

"ခင်ဗျားမှာ မြင်းမပါဘူးလား"

ဟု မေးလိုက်သေလသည်။

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ....

"ပါပါတယ်၊ မြင်းကို တည်းခိုခန်းရဲ့မြင်းဇောင်းထဲမှာ ထားခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှူးခုံးယက်က...

"ဒါဖြင့် ခင်ဗျားမြင်းကို ပြန်ယူပြီး မနက်ဖြန်မနက်မှ စောစောသွားကြတာပေါ့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး ရှူးခုံးယက်ကို နားမလည်ဟန်ဖြင့်ကြည့်ကာ...

"နေပါဦး၊ ခင်ဗျားက ကျုပ်ကို ဘယ်လိုလုပ်ချင်လို့လဲ ပြောပါဦး"

ရှူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ရင်း...

"ဘာမှ မလုပ်ချင်ဘူး"

ဟု ပြန်ပြောလိုက်လေသည်။

ချီယင်းဝေက...

"ခင်ဗျား တကယ်ပြောနေတာလား"

ဟု ပြောလိုက်လေသည်။

ရှူးခုံးယက်က...

"ဘာလဲ ခင်ဗျားက ကျုပ်ပြောတာမယုံလို့လား"

ချီယင်းဝေက ဦးခေါင်းကိုညိတ်ပြကာ...

"အဖြစ်အပျက်က မယုံနိုင်စရာဖြစ်နေတာကိုး"

ရှူးခုံးယက်က...

"ခင်ဗျားမယုံရင် ခင်ဗျားသွားချင်တဲ့နေရာကိုသွား၊ ကျုပ်မတားဘူး"



ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ရှူးခုံးယက်ကို အံ့ဩဟန်ဖြင့်ကြည့်လိုက်ရင်း...

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကိုလိုက်ကယ်ရတာလဲ"

ရှူးခုံးယက်က...

"ခင်ဗျားဟာ လူတော်လူကောင်းဆိုတာ ကျုပ်သိလို့ကယ်တာပါ"

ချီယင်းဝေက...

"ခင်ဗျားကို ကျုပ်စိန်ခေါ်ခဲ့တာနဲ့ ပတ်သက်ပြီး ကျုပ်ကို မမုန်းဘူးလား"

ရှူးခုံးယက်က ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး...

"သိုင်းသမားအချင်းချင်းပဲ တစ်ခါတစ်လေတော့ သည်လို အမှားမျိုးရှိမှာပေါ့"

ချီယင်းဝေက ရှူးခုံးယက်ကို တစ်ချက်စူးစိုက်ကြည့်ကာ...

"အခု ခင်ဗျားက ကျုပ်ကို တမင်သက်သက် လာကယ်တဲ့သဘောလား"

ဟု မေးလိုက်လေသည်။

ရှူးခုံးယက်က သူ၏ဦးခေါင်းကို ညိတ်ပြလိုက်ရင်း...

"ဟုတ်ပါတယ်၊ သည်သဘောပါပဲ"

ဟုပြောလိုက်လေသည်။

ချီယင်းဝေက...

"နေပါဦး၊ ခင်ဗျားက ကျုပ်အဖမ်းခံရတယ်ဆိုတာ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်ကကြားလာတာလဲ"

စူးခုံးယက်က...

"သည်မြို့ရဲ့တောင်ဘက် ဆယ်မိုင်အကွာက ရွာတစ်ရွာမှာ ကျုပ်ရှိနေတုန်း ခင်ဗျားရဲ့သတင်းကို ကြားရတာပဲ"

ချီယင်းဝေက သက်ပြင်းတစ်ချက်ချကာ...

"အင်း..ဘာပဲဖြစ်ဖြစ် ကျုပ်ကိုကယ်တဲ့အတွက် ကျေးဇူး တင်ပါတယ်၊ သည်ကျေးဇူးကို တစ်နေ့ပြန်ဆပ်နိုင်မယ်လို့ ကျုပ်ယုံ ကြည်တယ်"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်က...

"ကျေးဇူးအတင်ခံချင်လို့ ကျုပ်က ကယ်ခဲ့တာမဟုတ်ဘူး"

ချီယင်းဝေက...

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ခင်ဗျားကို ကျေးဇူးတင်ရမှာ ပဲ"

စူးခုံးယက်က ချီယင်းဝေကို ပြုံးရွှင်သောမျက်နှာဖြင့်ကြည့် ကာ...

"ကဲ ခင်ဗျား ဘယ်သွားမယ်လို့ စိတ်ကူးထားလဲ"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ဘယ်သွားရမယ်ဆိုတာ မဆုံးဖြတ်ရသေးဘူး၊ ဘယ်ကို သွားရမယ်ဆိုတာလည်း မရည်ရွယ်ထားပါဘူး"

စူးခုံးယက်က...



"တကယ်လို့ ခင်ဗျား ကာလျှံမြို့ကိုရောက်မယ်ဆိုရင်တော့ ကျုပ် အကူအညီတစ်ခု တောင်းချင်တယ်"

ဟု ပြောလိုက်လေသည်။ ချီယင်းဝေက...

"ဘာအကူအညီများ တောင်းချင်လို့လဲ"

စူးခုံးယက်က...

"တခြားတော့ မဟုတ်ပါဘူး၊ ကာလျှံမြို့က ဘုန်းတော်ကြီး ကျောင်းကို စာတစ်စောင်ပေးလိုက်ချင်လို့ပါ"

ဟု ပြောလိုက်၏။ ချီယင်းဝေက...

"ဒါများဗျာ၊ ခဲယဉ်းတာလိုက်လို့ လွယ်ပါတယ်၊ စာက ဘယ် မှာလဲ"

စူးခုံးယက်က...

"ခင်ဗျား တမင်သက်သက် သွားပေးရမယ်ဆိုရင် နေပါစေ၊ စာက မရေးရသေးပါဘူးဗျ"

ချီယင်းဝေက...

"ဒါဖြင့်လည်း ရေးဗျာ၊ ကျွန်တော် ယူသွားပေးမယ်"

"ကောင်းပြီလေ၊ ခင်ဗျားကို လိုက်ပို့မယ်၊ တည်းခိုခန်း ရောက်မှပဲ စာရေးတော့မယ်"

ထို့နောက် သူတို့သည် ထိုနေရာမှ ထွက်ခွာသွားလေတော့ သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက်သည် သူ၏မြင်းကို မိုးနဂါးစားသောက်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်လေသည်။

မြင်းရပ်တန့်လိုက်သည်နှင့် ချီယင်းဝေသည် မြင်းပေါ်မှ အလျှင်ဦးစွာ ဆင်းသက်လိုက်လေသည်။

ချီယင်းဝေက ရှေ့မှဦးဆောင်၍ ဆိုင်ပိတ်သိမ်းနေပြီဖြစ်သော မိုးနဂါးစားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်လိုက်လေသည်။

ဆိုင်တွင်း၌ တံမြက်စည်းလှဲနေသော ဆိုင်လုလင်သည် ဆိုင်ထဲသို့ဝင်ရောက်လာသော ချီယင်းဝေကို အံ့သြသောမျက်လုံးဖြင့် ကြည့်လိုက်ပြီး...

"ဆရာ..အခန်းထဲက အပြင်ကို တစ်ခါမှထွက်တာ မတွေ့ရဘဲ ဘယ်လိုလုပ် အပြင်ကပြန်လာတာလဲ"

ဟု စပ်စုလိုက်သည်။

ချီယင်းဝေက ပြုံးပြလိုက်ပြီး ဘာမှပြန်မပြောဘဲ အပေါ်ထပ်ရှိ မိမိအခန်းသို့ လှေကားအတိုင်း တက်သွားလေသည်။

"ကဲ ခင်ဗျား..စာရေးပေတော့၊ ကျွန်တော် ခဏလှဲလိုက်ဦးမယ်"

ဟုပြောလိုက်ပြီး ခုတင်ပေါ် လဲလျောင်းလိုက်လေသည်။

စူးခုံးယက်က ဖုန်တက်နေသော စားပွဲကို စာရေးရန်အတွက် နေရာကွက်၍ ဖုန်သုတ်လိုက်ပြီး စားပွဲပေါ်ရှိသော စာရေးစက္ကူနှင့်စုတ်တံကို လှမ်းယူလိုက်လေသည်။

ထို့နောက် မှင်အိုးထဲ စုတ်တံကိုနှစ်လိုက်ပြီးနောက် စတင်၍



ရေးသားလေတော့သည်။

စာရေးပြီးသောအခါ စူးခုံးယက်က ချီယင်းဝေကို ပေးလိုက်လေသည်။

ချီယင်းဝေက ယူလိုက်ပြီး...

"သည်စာပေးပြီးရင် ပြန်စာတောင်းခဲ့ရဦးမလား"

"ပြန်စာတောင်းဖို့ မလိုပါဘူး၊ သည်စာပေးလိုက်ရုံတင်ပါပဲ"

ထို့နောက် စူးခုံးယက်က ပြန်ရန် ထိုင်ရာမှထလိုက်လေသည်။

ချီယင်းဝေသည် စူးခုံးယက်ကို လှမ်း၍ကြည့်လိုက်ပြီး...

"ညဉ့်လည်းနက်နေပြီ၊ ခင်ဗျား သည်မှာပဲ အိပ်လိုက်ပါလား"

စူးခုံးယက်သည် အနည်းငယ်မျှ စဉ်းစားလိုက်ပြီး ဦးခေါင်းကိုညိတ်ကာ ချီယင်းဝေ၏ဖိတ်ခေါ်ချက်ကို လက်ခံလိုက်လေသည်။

ထို့နောက်...

စူးခုံးယက်သည် ချီယင်းဝေနှင့်အတူ တည်းခိုခန်း၌ အိပ်လိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ရှုးခုံးယက် အိပ်ရာမှ စောစီးစွာနိုးနေလေသည်။

သူသည် ပြတင်းပေါက်ကိုဖွင့်၍ အပြင်သို့ကြည့်နေလေသည်။

ထိုစဉ် ချီယင်းဝေလည်း အိပ်ရာမှနိုးလာကာ ကျောတစ်ချက်ဆန့်၍ အညောင်းအညာ ဖြေလိုက်ပြီး ခုတင်ပေါ်မှဆင်းလိုက်လေသည်။

ရှုးခုံးယက်နှင့် ချီယင်းဝေတို့သည် နံနက်စာကို သူတို့၏အခန်းထဲ၌ မှာယူစားသောက်ကြလေတော့သည်။

နံနက်စာ စားသောက်ရင်း ချီယင်းဝေသည် ရှုးခုံးယက်ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး..

"ခင်ဗျား သိုင်းပညာသင်တာ နှစ်အတော်ကြာပြီလား"

ဟု မေးလိုက်၏။

"သိပ်မကြာသေးပါဘူး၊ ကျွန်တော် သုံးနှစ်သားအရွယ်ကတည်းက ဆရာက မွေးစားပြီး သိုင်းပညာသင်ပေးခဲ့တယ်၊ ဆရာဆုံးတဲ့အထိဆိုတော့ ဆယ့်ကိုးနှစ်လောက်တော့ သင်လိုက်ရတယ်"

ချီယင်းဝေက...

"ဆယ့်ကိုးနှစ် ပညာသင်လိုက်ရတယ်ဆိုတော့ နည်းတဲ့နှစ်မှမဟုတ်တာ၊ ဒါနဲ့ ခင်ဗျားဆရာရဲ့ပညာ အားလုံးရလိုက်ရဲ့လား"

ရှုးခုံးယက်က ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး..

"ကျုပ်က ဉာဏ်ထိုင်းတယ်၊ ဒါနဲ့ ခင်ဗျားဆရာက ဘယ်သူလဲ"



"ဝမ်းနည်းပါတယ်၊ ကျုပ်ဆရာအကြောင်း ပြောပြလို့ မဖြစ်လို့ပါ"

ချီယင်းဝေ၏စကားကြောင့် ရှုးခုံးယက်သည် မိမိ၏မျက်ခုံးမွေးများကို အနည်းငယ်ကျုံ့၍ မျက်မှောင်ကြုတ်လိုက်လေသည်။

သူ၏စိတ်ထဲ၌ ချီယင်းဝေကို မကျေနပ်သော်လည်း ဘာမှထပ်မပြောတော့ချေ။

သူတို့သည် အတန်ကြာသည့်တိုင်အောင် နံနက်စာကို စားသောက်ရင်း ရောက်တတ်ရာရာ အကြောင်းများကို ပြောဆိုနေလေသည်။

နံနက်စာ စားသောက်ပြီးနောက် ရှုးခုံးယက်သည် ချီယင်းဝေကို နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

ချီယင်းဝေသည် ကာလျှံမြို့သို့ ထိုနေ့ညနေအချိန်တွင် ရောက်ရှိလာလေသည်။

သူက ကာလျှံမြို့သို့ ရောက်သည်နှင့် တရုတ်ဘုန်းတော်ကြီးကျောင်းသို့ အလျင်ဦးစွာ သွားလေသည်။

ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်ပြီး စုဟိုက်ဘုန်းတော်ကြီးထံ ဝင်ရောက်ကာ ရှုးခုံးယက်၏စာကို ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုပဲ့ကိုက်ဘုန်းတော်ကြီးက စာကိုဖတ်ကြည့်လိုက်ပြီးနောက် ချိုယင်းဝေကို လှမ်းကြည့်လိုက်သည်။

ရှူးခုံးယက်နှင့် ချိုယင်းဝေတို့ မိတ်ဆွေဖြစ်သွားကြသဖြင့် ဘုန်းတော်ကြီးက ဝမ်းသာကြောင်းပြော၏။

ထို့နောက် တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေကို သိုင်းပညာဖြင့် မိမိကိုယ်ကို ကာကွယ်ရန်၊ တိုင်းပြည်နှင့်လူမျိုးကို ထိပါးလာပါက အသုံးချရန်၊ ကြီးနိုင်ငယ်ညှင်းသဘောဖြင့် မိမိထက် သိုင်းပညာအဆင့်နိမ့်သူတို့ကို နိုင့်ထက်စီးနင်းမပြုလုပ်ရန် မိမိ၌သိုင်းပညာ မည်မျှပင်တော်နေစေကာမူ ပညာဂုဏ်မမောက်ရန် စသည်ဖြင့်အတန်ကြာသည့်တိုင်အောင် ဆုံးမစကားများ ပြောနေလေသည်။

ထိုညတွင် ချိုယင်းဝေသည် ကာလှံမြို့အတွင်းရှိ တည်းခိုခန်း၌ မတည်းဘဲ စုပဲ့ကိုက်ဘုန်းတော်ကြီးကျောင်း၌သာ တစ်ညတာတည်းခိုလိုက်လေသည်။

◆ ◆ ◆



## အိပ်မက်ဆိုး

ချိုယင်းဝေ…။

ထိုညက ချိုယင်းဝေ ရုတ်တရက် အိပ်မပျော်နိုင်ခဲ့ပါချေ။

သူက ခရီးပမ်းလာသဖြင့် ရုတ်တရက် အိပ်ပျော်သွားသော်လည်း အိပ်မက်ဆိုးများကြောင့် တခဏအတွင်း ပြန်လည်လန့်နိုးလာသည် မဟုတ်ပါလား။

အိပ်မက်ဆိုး…။

ထိုအိပ်မက်ဆိုးများက သူ့အား ခြောက်လှန့်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။

အိပ်မက်ထဲ၌ လူရုပ်ဖုံးနှင့်လူကျူးတို့သားအဖ နှစ်ယောက်သည် မကောင်းဆိုးဝါးများအဖြစ် သူ့ကိုခြောက်လှန့်နှိပ်စက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက လူစုဖုံးတို့သားအဖနှစ်ယောက်အပေါ် ကတိပျက်ခဲ့သည် မဟုတ်ပါလား။

ချိုယင်းဝေသည် အိပ်မက်ဆိုးများ မက်စေခဲ့ရသည့်အကြောင်းခံ အဖြစ်အပျက်များကို ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။

အချိန်တိုင်း ထိုအဖြစ်အပျက်များကို တွေးတောစဉ်းစားနေမိလေတော့သည်။

◆ ◆ ◆

တောင်ပေါ်တွင် မြူနှိုးများရစ်ဆိုင်းနေသည်။

အရိုးကွဲမတတ်သော အေးစိမ့်မှုကလည်း ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

ဖြူဖွေးသော နှင်းပွင့်များကလည်း မြေပြင်ပေါ်၌ ဖုံးလွှမ်းထားသည်။

နှင်းမြူများကြားမှ စိမ်းလန်းနေသော သစ်ပင်ကြီးတစ်ပင်အောက်၌ သားမွေးပွအင်္ကျီဝတ်ဆင်ထားသော လူရွယ်တစ်ဦးရှိနေသည်။

ထိုလူရွယ်သည် သစ်ပင်ကြီးအောက်ဘက်၌ ရှိနေသော အုတ်ဂူတစ်လုံး၌ ဒူးထောက်နေခြင်းဖြစ်ပါသည်။

ထိုလူရွယ်မှာ ချိုယင်းဝေဖြစ်သည်။



ချိုယင်းဝေမှာ မိဘမဲ့တစ်ကောင်ကြွက်ဘဝဖြင့် လမ်းပေါ်၌ လေလွင့်ကျက်စားနေခဲ့ရာမှ တစ်နေ့တွင် ဆရာကြီးကုန်းဖူက တွေ့ရှိကာ သနားပြီး သူနေထိုင်သော တောင်ပေါ်သို့ခေါ်ဆောင်သွားကာ ကျွေးမွေးပြုစု စောင့်ရှောက်ထားခဲ့လေသည်။

ချိုယင်းဝေကို စာပေပညာ သင်ကြားပေးသည်။

လူ့လောကနိယာမတရားများ နီတိများ၊ စည်းကမ်းဥပဒေများသာမက သိုင်းပညာကိုလည်း သင်ပေးခဲ့လေသည်။

ချိုယင်းဝေသည် ဆရာကြီးကုန်းဖူနှင့်အတူ နေထိုင်ကာ ပညာသင်ကြားရင်း တဖြည်းဖြည်းကြီးပြင်းလာခဲ့သလို ပညာဗဟုသုတနှင့်သိုင်းပညာ ပြည့်စုံကြွယ်ဝ သူဖြစ်လာခဲ့လေတော့သည်။

ကုန်းဖူသည် တစ်ချိန်က သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ဖူးပြီး နောက်ပိုင်းတွင် သိုင်းလောကကို စိတ်ကုန်ကာ ကျောခိုင်းစွန့်ခွာခဲ့သည်။

လူသူကင်းဝေးသော တောင်ပေါ်ဒေသတစ်နေရာ၌ ဇာတ်မြှုပ်နေထိုင်ရင်း ချိုယင်းဝေကို မွေးမြူစောင့်ရှောက်ခဲ့ခြင်း ဖြစ်လေသည်။

ချိုယင်းဝေက တဖြည်းဖြည်း အရွယ်ရောက်လာသကဲ့သို့ ဆရာကြီးကုန်းဖူမှာလည်း အိုမင်းရင့်ရော်လာကာ ဇရာထောင်းလာခဲ့သည်။

နောက်ဆုံး အနိစ္စသဘောကို မလွန်ဆန်နိုင်ဘဲ ချိုယင်းဝေအား တစ်ယောက်ထဲ ထားခဲ့ကာ လောကကြီးကို ကျောခိုင်းစွန့်ခွာ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေတော့သည်။

ချိုယင်းဝေသည် ဆရာကြီးကုန်းဖူ ကွယ်လွန်သွားပြီးနောက် တောင်ပေါ်၌ သုံးနှစ်တိုင်တိုင် ဆက်လက်နေထိုင်ခဲ့လေသည်။

ဆရာကြီး၏အုတ်ဂူအနီး၌ သုံးနှစ်နေထိုင်ကာ အဖော်လုပ်သွားမည်ဟု မိဋ္ဌာန်ခဲ့သည်။

သို့ဖြင့်...

နွေ၊ မိုး၊ ဆောင်း ရာသီအလီလီ ပြောင်းလဲသွားခဲ့လေသည်။

သုံးနှစ်...။

သုံးနှစ်ဟူသောအချိန်လည်း ကုန်ဆုံးသွား၏။

ချိုယင်းဝေက သုံးနှစ်ပြည့်မြောက်သွားပြီဖြစ်၍ တောင်ပေါ်မှဆင်းသွားရန် ဆုံးဖြတ်ကာ ဆရာကြီးကုန်းဖူ၏အုတ်ဂူ၌ လာရောက်ဂါရဝပြုနေခြင်း ဖြစ်ပါတော့သည်။

◆ ◆ ◆



အေးစိမ့်သောလေများက ဝှေ့ယမ်းတိုက်ခတ်လာလေသည်။

သစ်ရွက်လေးတစ်ရွက်က ဝေ့ကာဝဲကာ ကြွေကျလာပြီး အုတ်ဂူပေါ်သို့ ကျရောက်လာလေသည်။

ချိုယင်းဝေက ဒူးထောက်ရင်း အုတ်ဂူကို ငေးကြည့်ကာ ဆရာကြီးကုန်းဖူ၏ကျေးဇူးတရား ကြီးမားပုံကို ပြန်ပြောင်းသတိရနေမိလေသည်။

"ဆရာကြီး သင်ပေးတဲ့သိုင်းပညာနဲ့ အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်သွားမယ်လို့ ကတိပေးပါတယ် ခင်ဗျာ"

ဟု တိုင်တည် ပြောဆိုလိုက်လေသည်။

ထို့နောက် ဖြည်းညင်းစွာဖြင့် ဒူးထောက်ရာမှ ထလိုက်လေသည်။

သူက တောင်ပေါ်မှဆင်းသွားတော့မည် ဖြစ်သည်။

သိုင်းလောကသို့ဆင်းကာ ကိုယ်တတ်မြောက်ထားသည့် ပညာဖြင့် အများအကျိုး၊ သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်သွားတော့မည် ဖြစ်လေသည်။

ချိုယင်းဝေသည် သက်ပြင်းချကာ နောက်လှည့်ပြီး အုတ်ဂူကိုကျောခိုင်းလိုက်စဉ်မှာပင် သူ့ထံသို့ ဦးတည်ကာ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ သူဌေးဝမ်းယန်ဆိုသူဖြစ်ကြောင်း ချိုယင်းဝေ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း မှတ်မိလိုက်လေသည်။

သူဌေးဝမ်းယန်သည် ဆရာကြီးကုန်းဖူ၏မိတ်ဆွေတစ်ဦး ဖြစ်ပြီး တောင်ပေါ်သို့ သုံးလေးကြိမ် လာရောက်လည်ပတ်ခဲ့ဖူးခြင်းကြောင့် ချီယင်းဝေ မှတ်မိနေခြင်းဖြစ်သည်။

ဆရာကြီးကုန်းဖူ ကွယ်လွန်သွားစဉ်ကလည်း လာရောက်ဂါရဝပြုခဲ့သူ ဖြစ်လေသည်။

ဆရာကြီးကုန်းဖူအတွက် ရိက္ခာဆေးဝါးများ လိုလေသေးမရှိ ထောက်ပံ့ ကူညီခဲ့သူလည်းဖြစ်သည်။

ဆရာကြီးကုန်းဖူသည် သူဌေးဝမ်းယန်ကို များစွာကျေးဇူးတင်ပြီး အခွင့်အခါကြုံကြိုက်ပါက သူဌေးဝမ်းယန်ကို ကျေးဇူးဆပ်ရမည်ဟု ချီယင်းဝေအား မှာကြားဖူးလေသည်။

တောင်ပေါ်မှဆင်းကာ သိုင်းလောကထဲသွားရန် ဆုံးဖြတ်ထားသော်လည်း ရုတ်တရက် ဘယ်ဝယ်ဘယ်ဆီ သွားရမှန်းမသိသေးသော ချီယင်းဝေမှာ သူဌေးဝမ်းယန် ရောက်လာသည်ကိုမြင်လျှင် ဝမ်းသာသွားလေသည်။

ချက်ချင်း ဦးညွှတ်ကာ ခရီးဦးကြို ပြုလိုက်လေသည်။

"သူဌေးမင်း ရောက်လာတာကိုး ကြွပါခင်ဗျာ၊ ကြွပါ"

သူဌေးဝမ်းယန် လက်ကာပြလိုက်လေသည်။

"ကျုပ်က အရေးမကြီးပါဘူး။ ကျုပ်ကို သူဌေးမင်းလို့ မခေါ်ပါနဲ့၊ ဦးလေးဝမ်းလို့ ရင်းရင်းနှီးနှီးခေါ်လို့ရပါတယ်၊ ဆရာကြီးကုန်းဖူ ကွယ်လွန်သွားတာ သုံးနှစ်ပြည့်ရင် မောင်ရင်လေး တောင်ပေါ်က



ဆင်းသွားတော့မယ်လို့ ပြောဖူးတာကြောင့် ကျုပ်အချိန်မီလာခဲ့တာ"

ချီယင်းဝေ အံ့သြသွားလေသည်။

"ကျွန်တော့်ကို တွေ့ချင်လို့ လာခဲ့တာလားဗျာ"

"ဒါ အမှန်ပဲ"

"ဦးမှာ ကိစ္စတစ်ခုခုများ ရှိနေသလားဗျာ"

သူဌေးဝမ်းယန်က...

"အင်း ပြောရရင်တော့ ကျုပ်မှာ အခက်အခဲတစ်ခု ရှိနေလို့ မောင်ရင်လေးကို အကူအညီတောင်းချင်တာ ဒုက္ခပေးသလိုများ ဖြစ်နေမလားလည်း စိုးရိမ်မိသေးတယ်"

ချီယင်းဝေ ပြုံးလိုက်သည်။

"ဦးက ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်ကို တစ်ချိန်လုံးကူညီခဲ့တာပါပဲ၊ ဆရာ မကွယ်လွန်မီက အခွင့်အခါသင့်ရင် ဦးကို ကူညီရမယ်၊ ကျေးဇူးဆပ်ရမယ်လို့မှာထားပါတယ်ခင်ဗျာ၊ ကဲ ကျွန်တော် ဘာများကူညီရမလဲဆိုတာ ပြောပါ"

သူဌေးဝမ်းယန်က...

"ကျုပ်ကို ကူညီမယ်လို့ ကြားရတာပဲ ဝမ်းသာလှပါပြီ၊ မောင်ရင်လေးလည်း တောင်အောက်ကိုဆင်းတော့မယ် မဟုတ်လား၊ ကျုပ်နဲ့လိုက်ခဲ့ပေါ့၊ ကျုပ်အိမ်ကိုရောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ကောင်းပါပြီခင်ဗျာ"

ချီယင်းဝေက သူဌေးဝမ်းယန် ဖိတ်ခေါ်သည်ကို လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

သူဌေးဝမ်းယန် ဝမ်းသာသွားလေသည်။

ဆရာကြီးကုန်းဖူ၏ အုတ်ဂူကို ဂါရဝပြုလိုက်သည်။

ပြီးလျှင်...

"ကဲ..ကျုပ်တို့ သွားကြတာပေါ့"

ဟု ချီယင်းဝေကို လှမ်းပြောလိုက်ရာ...

"ကောင်းပါပြီခင်ဗျာ"

ချီယင်းဝေလည်း သဘောတူကာ သူဌေးဝမ်းယန်နှင့်အတူ လိုက်ပါသွားလေတော့သည်။

◆ ◆ ◆



## ဓားပြ

သူဌေးဝမ်းယန်၏ စံအိမ်တော်ကြီးမှာ နန်းတော်ကြီးတမျှ ခန်းနားထည်ဝါလှပေသည်။

သူဌေးဝမ်းယန်သည် ချီယင်းဝေကို ခေါ်ဆောင်သွားပြီး လိုလေသေးမရှိ ဧည့်ခံပြုစုခဲ့လေသည်။

ချီယင်းဝေကား စားသောက်ဖွယ်ရာများကို စိတ်မဝင်စားပါချေ။

သူဌေးဝမ်းယန် မည်သို့သော အခက်အခဲကြုံတွေ့နေရသနည်းဟု တစ်ချိန်လုံး တွေးတောစဉ်းစားနေမိလေတော့သည်။

သူဌေးဝမ်းယန်က အကဲခတ်မိသွားပြီး...

"မောင်ရင်လေးက ကျုပ်ဟာ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရသလဲလို့ တွေးနေတာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာလေသည်။

ချီယင်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

သူဌေးဝမ်းယန်က…

"ကျုပ်ကြုံတွေ့နေရတဲ့ အခက်အခဲဒုက္ခတွေကတော့ ကျုပ်ရဲ့ ကုန်ပစ္စည်းပို့တဲ့ မြင်းလှည်းတွေ လုယက်တိုက်ခိုက်ခံနေရတဲ့ ကိစ္စပါပဲ"

ချီယင်းဝေ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူဌေးဝမ်းယန်၏ ကုန်ပစ္စည်းများ လုယက်ခံရသည့်ကိစ္စမှာ သူနှင့်သက်ဆိုင်မည်မဟုတ်ဘဲ မင်းမှုထမ်းများနှင့်သာ သက်ဆိုင်ပေလိမ့်မည်။

မင်းမှုထမ်းများက လုယက်သူများကို ဖော်ထုတ်ဖမ်းဆီးကာ ထိုက်သင့်သလို အပြစ်ပေး အရေးယူကြလိမ့်မည် မဟုတ်ပါလား။

သူဌေးဝမ်းယန်က…

"ကျုပ်က အမှုထမ်းတွေကို တိုင်တန်းခဲ့ပေမယ့် ခုထိအကြောင်းမထူးသေးပါဘူး။ ကျုပ်ရဲ့ပစ္စည်းတွေ လုယက်ဖျက်ဆီးခံနေရတုန်းပါပဲ၊ ကျုပ် စုံစမ်းကြည့်တော့ သိုင်းပညာတတ်တဲ့ လူဆိုးတွေရဲ့ လက်ချက်လို့ သိရတယ်၊ ခါတိုင်း သည်လိုအဖြစ်မျိုးကြုံတွေ့ရရင် ဆရာကြီးကုန်းဖူက ဖြေရှင်းပေးနေကျပါ၊ ခုတော့…"

ချီယင်းဝေက…



"ကျွန်တော်က လူဆိုးတွေကို ရင်ဆိုင် ဆုံးမပေးစေချင်တာလားဗျာ"

"သူတို့ဟာ သိုင်းသမားတွေ ဖြစ်နေတယ်၊ ဒါကြောင့် ကျုပ်ဘက်ကနေ သိုင်းပညာတတ်မြောက်ထားသူ တစ်ယောက်ယောက် ရပ်တည်ဖြေရှင်း ပေးစေချင်တာပါကွယ်"

သူဌေးကြီးဝမ်းယန်က တောင်းပန်ခယသော လေသံမျိုးဖြင့် ပြောနေရာ ချီယင်းဝေလည်း အားတုန့်အားနာ ဖြစ်သွားလေတော့သည်။

"သည်လိုဆို ဦးဘက်က ကျွန်တော် ရပ်တည်ဖြေရှင်းပေးပါ့မယ်ခင်ဗျာ"

ဟု ပြောလိုက်မိလေတော့သည်။ သူဌေးကြီးဝမ်းယန်လည်း ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

"မောင်ရင်လေးကို ကျေးဇူးတင်ပါတယ်ကွယ်၊ လူဆိုးတွေက တောင်မြောက်လမ်းဆုံဘက်မှာ ဒုက္ခပေးနေကြတာ၊ သူတို့ကို ဆုံးမနှိမ်နင်းမယ်ဆိုရင်တော့"

လူဆိုးများအား မည်သို့မည်ပုံ ရှာဖွေဖော်ထုတ်ကာ ဆုံးမနှိမ်နင်းသင့်ကြောင်း အကြံပေးသဖြင့် ချီယင်းဝေလည်း လက်ခံလိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အနယ်နယ်အရပ်ရပ်မှ ရောက်လာသူများဖြင့် စည်ကားနေတတ်ရကား အသုံးလိုအပ်မည့် ပစ္စည်းများကို လာရောက်ရောင်းချသော ဈေးသည်များမှ အစပြုကာ တောင်မြောက်လမ်းဆုံကို မှီကာ အသက်မွေးဝမ်းကျောင်းပြုသူများ တစ်စုစထက်တစ်စ တိုးပွားလာပြီး နောက်ပိုင်း၌ ဆိုင်ကန္နားများ အလျှိုအလျှို တိုးပွားကာ မြို့ငယ်လေးတစ်မြို့ပမာ ဖြစ်လာလေတော့သည်။

ချိုယင်းဝေသည် သူဌေးဝမ်းယန်အား ကူညီမည်ဟု ကတိပေးပြီးသည်နှင့် တောင်မြောက်လမ်းဆုံသို့ ရောက်ရှိလာခဲ့လေတော့သည်။

## တောင်မြောက်လမ်းဆုံ

တောင်မြောက်လမ်းဆုံသည် အချက်အခြာကျသော လမ်းဆုံလမ်းခွတစ်နေရာ ဖြစ်လေသည်။

အရပ်ဒေသတစ်ခုမှ တစ်ခုသို့ ကူးလူးဆက်သွယ်ကာ ရောင်းဝယ်ဖောက်ကားမှု ပြုကြသော ကုန်သည်ပွဲစားများသည် စန်းတုံးခရိုင်သို့လာမည်ဆိုလျှင် ထိုတောင်မြောက်လမ်းဆုံကိုမဖြစ်မနေ အသုံးပြု ဖြတ်သန်းရလိမ့်မည် ဖြစ်လေသည်။

တောင်မြောက်လမ်းဆုံ၌ ခရီးသည်များ ကုန်သည်ပွဲစားများက ခရီးတထောက်နားလေ့ရှိကြသည်။

ကုန်ပစ္စည်းများ၏ ဈေးနှုန်းနှင့် လမ်းခရီးအခြေအနေတို့ကို စုံစမ်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်မြောက်လမ်းဆုံသို့ ရောက်လာသော ချီယင်းဝေသည် အလွန်စည်ကားသိုက်မြိုက်နေသည်ကို တွေ့ရလျှင် အံ့ဩမိလေသည်။

"စန်းတုံးမြို့လယ်မှာထက်တောင် သည်နေရာမှာ ပိုပြီးစည်ကားသိုက်မြိုက်နေပါလား"

ချီယင်းဝေသည် စားသောက်ဆိုင်လေးတစ်ဆိုင်၌ ဝင်ရောက်စားသောက်ရင်း သတင်းစုံစမ်းလိုက်လေသည်။

ဆိုင်လုလင်တစ်ယောက်အား ငွေတုံးလေးတစ်တုံး ပေးကာ

"ညီလေး..တောင်မြောက်လမ်းဆုံမှာ ဆိုးသွမ်းနေတဲ့ လူဆိုးတွေအကြောင်းသိရင် ကျုပ်ကို ပြောပြပါလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေသည် ယခုမှ သိုင်းလောကသို့ ခြေချလာသူ ဖြစ်လေသည်။

သို့သော်...

ဆရာကြီးကုန်းမှ ပြောပြထားသည့်အတိုင်း မည်သို့သွားလာနေထိုင်ရမည်၊ ကျင်လည်ကျက်စားရမည်ကို ကောင်းစွာနားလည်သဘောပေါက်ထားပြီး ဖြစ်သည်။

လူငယ်လူရွယ်တစ်ဦးဖြစ်သည့်အတိုင်း ရဲဝံ့စွန့်စားသူ ဖြစ်သလို ဘဝကို ပျော်ရွှင်စွာနေထိုက်သွားလိုသူ စိတ်ထားဖြူစင်သူလည်း ဖြစ်လေသည်။

သို့တိုင်...



ယခုမှ သိုင်းလောကသို့ဆင်းလာသူဟု လိမ်ညာလှည့်စားမည်ဆိုလျှင် ထိုလူမှာ အမှားကြီးမှားသွားရအောင်ပင် ချီယင်းဝေက ပိုပြီးဉာဏ်များကာ လှည့်စားတတ်သူ ဖြစ်နေပါတော့သည်။

ဆိုင်လုလင်က ချက်ချင်း ခေါင်းခါယမ်းလိုက်လေသည်။

"တောင်မြောက်လမ်းဆုံ အနီးတဝိုက်မှာ လူဆိုးဓားပြ တစ်ယောက်မှ မရှိပါဘူးခင်ဗျာ"

ဟု ချက်ချင်း ငြင်းလိုက်လေသည်။

ချီယင်းဝေက...

"တစ်ယောက်မှ မရှိဘူး ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် သူဌေးဝမ်းယန်ရဲ့ကုန်စည်မြင်းလှည်းတွေလုယက်တိုက်ခိုက်ခံနေရတာကို ငါ့ညီ ဘယ်လိုပြောမလဲ"

"သူဌေးဝမ်းယန်က လူယုတ်မာကြီးပဲ"

"ဟေ"

ဆိုင်လုလင်၏စကားကြောင့် ချီယင်းဝေ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ဆိုင်လုလင်လည်း လွှတ်ခနဲ ပြောပြီးမှ ထိတ်လန့်သွားပုံရလေသည်။

"ကျွန်တော့်မှာ အလုပ်ရှိသေးလို့ ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ကမန်းကတန်း ထွက်သွားတော့သည်။

ချီယင်းဝေ နားမလည်နိုင်အောင် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးဝမ်းယန်က အလှူအတန်းရက်ရောပြီး အများအကျိုးဆောင်ရွက်နေတဲ့ လူကြီးလူကောင်းတစ်ယောက်ပါ၊ မင်းစိုးရာဇာအသိုင်းအဝိုင်းမှာ ဝင်ဆန့်ပြီး နယ်စားကြီးကိုယ်တိုင် သူကောင်းပြုခြင်းခံရတဲ့သူပါ၊ ဘယ်လိုဖြစ်ပြီး လူယုတ်မာကြီးတစ်ယောက်လို့ ပြောရတာလဲ"

သာမန်ဆိုင်လုလင်လေး တစ်ယောက်က နယ်စားကြီး၏ သူကောင်းပြုခံရသော ကျိုကျိုတက်ချမ်းသာကြွယ်ဝသည့် သူဌေးကြီးတစ်ယောက်အား လူယုတ်မာကြီးဟု သတ်မှတ်နေသည်ကလည်း စဉ်းစားစရာကောင်းနေပါတော့သည်။

"ငါ စုံစမ်းကြည့်ဦးမယ်"

ချီယင်းဝေလည်း ကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှထွက်လာခဲ့လေတော့သည်။

◆ ◆ ◆



ချီယင်းဝေက တောင်မြောက်လမ်းဆုံ၌ လမ်းသလားနေသူ တစ်ယောက်နှင့်ပင် တူသွားလေအောင် ဟိုဟိုသည်သည် သွားကာ သတင်းစုံစမ်းခဲ့လေသည်။

ထိုအခါ...

လူအများက သူဌေးဝမ်းယန်အား သဘောမကျဖြစ်နေကြောင်း သိလိုက်ရလေတော့သည်။

လူတစ်ယောက်ဆိုလျှင်...

"သည်လူယုတ်မာကြီးအကြောင်း လာမမေးနဲ့၊ နာမည်ကိုမကြားချင်ဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလွှတ်လိုက်သည် မဟုတ်ပါလား။

ချီယင်းဝေ တွေဝေသွားလေတော့သည်။

"သူဌေးဝမ်းယန်ဟာ အများအမြင်မှာ သူတော်ကောင်းကြီး ဖြစ်ပေမယ့် နောက်ကွယ်မှာ မကောင်းမှု လုပ်နေတဲ့ လူတစ်ယောက်များလား၊ သူ့အကြောင်း သိနေတဲ့လူတွေက မုန်းတီးနေကြတာမျိုးပဲ"

မည်သို့ဆိုစေ...။

သူဌေးဝမ်းယန်၏ပစ္စည်းများ လုယက်ခံနေရသည့်ကိစ္စကို ရှင်းရှင်းလင်းလင်း သိရအောင် စုံစမ်းသွားရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော် မည်သူကမျှ သူဌေးဝမ်းယန်အကြောင်းကို အရေးတယူလုပ်ကာ ပြောမပြလိုကြသဖြင့် ချီယင်းဝေ အခက်ကြုံနေရလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"အများနဲ့တစ်ယောက် ဖြစ်နေပါလား"

လမ်းမကြီးအတိုင်း စိတ်ပျက်လက်ပျက် လျှောက်လာရင်း တစ်နေရာသို့ရောက်လျှင် သူ့နောက်သို့ လူတစ်ယောက် လိုက်လာနေကြောင်း သတိပြုမိလိုက်လေသည်။

"ငါ့နောက်ကို လိုက်လာနေပါလား၊ သိကြသေးတာပေါ့"

ချက်ချင်း နောက်လှည့်ကာ ထိုလူထံသို့ လှမ်းသွားပြီး ရင်ဆိုင်လိုက်လေသည်။

ထိုလူကား အရက်သမားတစ်ယောက် ဖြစ်နေသည်။

သူ၏ခန္ဓာကိုယ်မှ ချဉ်စူးစူးအနံ့များ ထွက်ပေါ်နေသည်။

"ကျုပ်နောက်ကို ဘာကြောင့်လိုက်နေရတာလဲ၊ ပြောပါ"

ချီယင်းဝေက ခပ်ပြတ်ပြတ် မေးလိုက်လေသည်။

ထိုလူက…

"မင်းက သူဌေးဝမ်းယန်အကြောင်း စုံစမ်းနေတာ မဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းကို ဘယ်သူမှ မပြောပြကြဘူး မဟုတ်လား"

"ဟုတ်တယ်"

"ဘာကြောင့် ပြောမပြကြသလဲဆိုတာ မင်းသိသလား"

ချီယင်းဝေက…

"ခင်ဗျား သိတယ်ပေါ့ ဟုတ်လား"



အရက်သမားက…

"သိဝ်သိတာပေါ့။ အားလုံးက သူဌေးဝမ်းယန်ကို မုန်းတီးကြတယ်၊ ဒါပေမယ့် ဒုက္ခပေးမှာစိုးရိမ်လို့ မပြောဝံ့ကြတာ"

ချီယင်းဝေက…

"ခင်ဗျားကကော"

အရက်သမား ရင်ကော့လိုက်သည်။

"ကျုပ်လို အရက်သမားတစ်ယောက်ကို ဒုက္ခသူ၏ချင် ပေးစမ်းပါ၊ ကျုပ်က မှုနေမှာမဟုတ်ဘူး၊ ကျုပ် အရက်[illegible]က်ရဖို့ပဲ အရေးကြီးတယ်"

ချီယင်းဝေ ပြုံးလိုက်သည်။

"ကျုပ် သဘောပေါက်ပြီး ခင်ဗျားကို အရက်တိုက်ရင် ခင်ဗျားက သူဌေးဝမ်းယန်အကြောင်း ပြောပြမယ်ပေါ့ ဟုတ်လား"

"ဒါ အမှန်ပဲ"

"ကောင်းပြီ၊ ခင်ဗျားကို အရက်တိုက်မယ်၊ ကြိုက်သလောက်သာ သောက်ပေတော့"

ချီယင်းဝေက အရက်သမားကို လက်ဆွဲကာ အရက်ဆိုင်လေးတစ်ဆိုင်သို့ ခေါ်ဆောင်သွားလိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အရက်တစ်အိုး။

နှစ်အိုး။

သုံးအိုး။

အရက်သုံးအိုး ကုန်သွားပြီးနောက် အရက်သမားလည်း ဘာမှမပြောနိုင်တော့ဘဲ ဖက်ကျိုးကာ စားပွဲပေါ် မျက်နှာအပ်ပြီး အိပ်ပျော်သွားလေတော့သည်။

အရက်သမားက အရက်သုံးအိုးသောက်ရင်း စကားလုံးပေါင်း များစွာ ယောင်ချီကာ ပြောခဲ့လေသည်။

သူဌေးဝမ်းယန် ကောင်းကြောင်း တစ်လုံးမျှမပါခဲ့ပါ။

သူဌေးဝမ်းယန် မကောင်းကြောင်းများချည့်သာဖြစ်နေတော့သည်။

သူဌေးဝမ်းယန်သည် သူတပါး သားမို့သမီးမို့ကို ဖျက်ဆီးသည်။

ဆင်းရဲသားများကို အတိုးကြီးဖြင့် ငွေချေးပြီးပြန်မဆပ်နိုင်သူများ၏ အိုးအိမ်ခြံမြေပစ္စည်းများ သိမ်းယူသည်။

သူ့အား မကျေနပ်သူများကို အကျင့်ပျက်အမှုထမ်းများနှင့် ပေါင်းကာ တန်စိုးလက်ဆောင်ပေးပြီး အပြစ်ရှာဖမ်းဆီးစေလေသည်။

သူဌေးဝမ်းယန်သည် မကောင်းမှု အကုန်လုပ်သည့် လူဆိုးလူယုတ်မာကြီး ဖြစ်နေတော့သည်။

လူဆိုးလူမိုက် တပည့်တပန်းများ လက်သပ်မွေးကာ လူ



သတ် ဓားပြတိုက်နိုင်းသည်။

ပြိုင်ဘက်ကုန်သည်များကို လုပ်ကြံသည်။

သူတပါး စီးပွားရေးပျက်စီးအောင် လုပ်သည်။

ချီယင်းဝေသည် အရက်သမားပြောပြခဲ့သော စကားများကို ပြန်လည်စီစစ်ရင်း မျက်နှာကြီးရှုံ့မဲ့သွားလေတော့သည်။

"ကောင်းကွက်ဆိုလို့ တစ်ကွက်မှမရှိတော့ပါလား"

သူဌေးဝမ်းယန် လူကောင်းမဟုတ်လျှင် သူ၏ဆရာသခင် ကုန်းဖူက အဘယ်ကြောင့် လက်ခံခဲ့ပါသနည်း။

ကုန်းဖူက သူဌေးဝမ်းယန်ကို ကျေးဇူးရှိသူဟု အဘယ်ကြောင့် သတ်မှတ်ခဲ့ရပါသနည်း။

ချီယင်းဝေက အပြန်ပြန်အလှန်လှန် စဉ်းစားရင်း…

"ဆရာကြီးဟာ သဘောကောင်းတယ်၊ တောင်ပေါ်က မဆင်းဘဲနေတော့ အပြင်လောကနဲ့ အဆက်အသွယ်ပြတ်နေတယ်၊ သူဌေးဝမ်းယန်ပြောသမျှ ယုံနေရတယ်၊ နောက်ကွယ်မှာ ဝမ်းယန် ဘာတွေလုပ်နေတယ်ဆိုတာ ဆရာကြီးသိနိုင်မှာ မဟုတ်ဘူး"

ဝမ်းယန်သည် ဆရာကြီးရှေ့၌ သူတော်ကောင်းဟန်ဆောင်ကာ အယုံသွင်းခဲ့သည်ကို ဆရာကြီးက အဟုတ်ထင်ကာ ယုံကြည်နေခြင်းဖြစ်ရမည်ဟု တွေးမိလာလေတော့သည်။

"မဖြစ်သေးပါဘူး၊ သည်ကိစ္စအမှန်အတိုင်း ဖြစ်အောင် စုံစမ်းဖော်ထုတ်မှပါပဲ"

ချီယင်းဝေက အဖြစ်မှန်ကို ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မကြာမီ…

သူဌေးဝမ်းယန်၏ အဖိုးတန်ကုန်ပစ္စည်းများ သယ်ဆောင်လာသော မြင်းလှည်းတစ်စီး တောင်မြောက်လမ်းဆုံသို့ ရောက်လာလိမ့်မည်ဟု သတင်းကြားလိုက်ရလေသည်။

◆ ◆ ◆



## လူဆိုး

သူဌေးဝမ်းယန်၏မြင်းလှည်းသည် မြောက်ဘက်လမ်းမှ ရောက်လာမည်ဖြစ်သည်။

မြောက်ဘက်လမ်း၌ တောအုပ်များ၊ တောင်ကုန်းတောင်မှ စာကလေးများ ပေါများလှသည်။

ချီယင်းဝေသည် မြောက်ပိုင်း လမ်းခရီးကိုလေ့လာသုံးသပ်ပြီးလျှင်…

"လမ်းခရီးက အေးချမ်းတာ မှန်ပေမယ့် လုယက်တိုက်ခိုက်ဖို့ကောင်းတဲ့ အခြေအနေမှာ ရှိနေတာပဲ"

ဟု မှတ်ချက်ချလိုက်သည်။

သူဌေးဝမ်းယန်၏ မြင်းလှည်းဆိုလျှင် မကွတ်တမ်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်တတ်သည့် လူဆိုးများကိုလည်း တွေ့ရတော့မည်ဟု တွေးကာ သစ်ပင်တစ်ပင်ပေါ်တက်ကာ ပုန်းအောင်းစောင့်ကြည့်နေလိုက်လေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

ချီယင်းဝေက သစ်ကိုင်းပေါ်၌ထိုင်နေခဲ့သည်မှာ တရေးအိပ်ပျော်သွားခဲ့လေသည်။

ရုတ်တရက် ဆူဆူညံညံ အသံများထွက်ပေါ်လာတော့မှ ဖျတ်ခနဲ လန့်နိုးလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်ရာ နေမွန်းတည့်အချိန်သို့ပင် ရောက်ရှိနေပြီဖြစ်သည်ကို တွေ့ရလေသည်။

တဆက်တည်းပင် မြောက်ပိုင်းလမ်းအတိုင်း မြင်းလှည်းတစ်စီး မောင်းနှင်လာနေသည်ကို တွေ့ရလေသည်။

မြင်းလှည်းအား မြင်းစီးသမားငါးယောကက် စောင့်ရှောက်လိုက်ပါလာကြသည်ကိုလည်း တွေ့ရလေသည်။

ချီယင်းဝေ ပြုံးလိုက်သည်။

"သူဌေးဝမ်းယန်က သူ့ပစ္စည်းတွေ လုယက်ခံရတော့ အစောင့်အရှောက်တွေကို အသုံးပြုနေရပြီကိုး"

မြင်းလှည်းသည် တဖြည်းဖြည်းနှင့် ချီယင်းဝေ ပုန်းအောင်းနေသော သစ်ပင်ကြီးအနီးသို့ ရောက်ရှိလာလေသည်။

ထိုအချိန်မှာပင်...

"ရပ်လိုက်"



အော်ငေါက်သံနှင့်အတူ ချုံပုတ်ကြားမှ လူတစ်ယောက် ခုန်ထွက်လာပြီး လမ်းပိတ်ဟန့်တားလိုက်လေတော့သည်။

"ဟေး"

မြင်းလှည်းသမားလည်း အန္တရာယ်ပေါ်ပေါက်လာပြီဖြစ်၍ မြင်းများကိုအော်ငေါက်ကာ မြင်းလှည်းကို ရပ်တန့်လိုက်လေတော့သည်။

မြင်းစီးသမားများကလည်း မြင်းပေါ်မှခုန်ဆင်းကာ မြင်းလှည်းကို ဝိုင်းရံပြီး ကာကွယ်စောင့်ရှောက် ထားလိုက်ကြလေသည်။

ချီယင်းဝေ ဝမ်းသာသွားလေသည်။

"သူဌေးဝမ်းယန်ရဲ့ ပြဿနာကို ငါဖြေရှင်းနိုင်တော့မှာပဲ"

ဟုတွေးကာ လှုပ်ရှားခြင်းမပြုဘဲ အခြေအနေစောင့်ကြည့်နေလိုက်လေတော့သည်။

လမ်းပိတ်ဟန့်တားလိုက်သူမှာ ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားပြီး မျက်နှာတစ်ဝက်ဖုံးအောင် ဝါးခမောက်ဆောင်းထားလေသည်။

မည်သူမည်ဝါဖြစ်ကြောင်း ရုတ်တရက် မသိနိုင်တော့ချေ။

ထိုလူက အသံဝါကြီးဖြင့် အော်ငေါက်လိုက်သည်။

"မင်းတို့အားလုံး မြင်းလှည်းကိုထားပြီး ထွက်သွားရင် အသက်ချမ်းသာရလိမ့်မယ်"

မြင်းလှည်းအား စောင့်ရှောက် လိုက်ပါလာကြသူများက ထွက်မသွားဘဲ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြွမ်း...ခြွမ်း...ခြွမ်း"

ဓားများဆွဲထုတ်ကာ ညာသံပေးပြီး ဖျင်ကြမ်းအင်္ကျီဝတ်ထားသူထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြလေတော့သည်။

"သေချင်နေကြပြီကိုး"

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူကလည်း ဓားတစ်လက် ထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

လမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ၏ ဓားပညာ ထက်မြက်နေသဖြင့် စောင့်ကြပ်လိုက်ပါလာကြသူများ တခဏအတွင်း အရေးနိမ့်သွားကြလေတော့သည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"

"ဝုန်း"

"အား"

နူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေတော့သည်။

စောင့်ကြပ်လိုက်ပါလာကြသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

သုံးယောက် လဲကျသွားပြီး နှစ်ယောက်က ထွက်ပြေးရန် ကြိုးစားလိုက်ကြသော်လည်း...

"ဘယ်ပြေးမလဲ"



ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက လိုက်လံတိုက်ခိုက်လိုက်ရာ...

"အား"

"အမယ်လေး"

ထွက်ပြေးသူနှစ်ယောက်လည်း လဲကျသွားကြလေတော့သည်။

အစောင့်ငါးယောက်မှာ ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ၏ လက်ချက်မိသွားကြချေပြီ။

မြင်းလှည်းမောင်းသမား အထိတ်လန့် ဖြစ်နေသည်။

"ကျုပ်...ကျုပ်ကို ချမ်းသာပေးပါဗျာ"

မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ မြေပေါ်ဒူးထောက် တောင်းပန်လိုက်လေသည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ ခေါင်းခါယမ်းလိုက်လေသည်။

"သူဌေးဝမ်းယန်ရဲ့ နောက်လိုက်ခွေးတွေ သေဖို့သာပြင်ထား"

လက်ထဲမှဓားဖြင့် ပစ်ပေါက်လိုက်ရာ...

"အား"

မြင်းလှည်းသမားလည်း ဓားထိမှန်ကာ လဲကျသေဆုံးသွားလေတော့သည်။

ချီယင်းဝေ ပင့်သက်ရှိုက်မိသည်။

"တော်တော် ရက်စက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း တီးတိုးရေရွတ်လိုက်လေသည်။

ရုတ်တရက်...

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်ပြီး အော်ပြောလိုက်လေသည်။

"သစ်ပင်ပေါ်က ဘယ်သူလဲ၊ ဆင်းခဲ့စမ်း"

ချီယင်းဝေ မနေနိုင်တော့ဘဲ အောက်သို့ ခုန်ဆင်းလိုက်ရလေတော့သည်။

◆ ◆ ◆



ချီယင်းဝေသည် ဖျင်ကြမ်းအင်္ကျီဝတ်ထားသူနှင့် ရင်ဆိုင်မိလိုက်ပြီဖြစ်လေသည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက...

"မင်း ဘယ်သူလဲ သူဌေးဝမ်းယန် လွှတ်လိုက်တဲ့လူတစ်ယောက်ပဲလား"

ချီယင်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သူဌေးဝမ်းယန်က ခုတလော သူ့ရဲ့ ပစ္စည်းတွေ တိုက်ခိုက်လုယက်ခံနေရတဲ့ကိစ္စကို ဖော်ထုတ်ဖြေရှင်းပေးပါဆိုလို့ ကျုပ်က စုံစမ်းနေတာပါ"

"ဒါဆို သေဖို့သာပြင်ထား"

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက ချက်ချင်းတိုက်ခိုက်လိုက်လေသည်။

"ဝှစ်...ဝှစ်"

ပြင်းထန်သော ဓားချက်များက ချီယင်းဝေ၏တစ်ကိုယ်လုံးဖုံးလွှမ်းထားလိုက်လေသည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

ချီယင်းဝေက ပြောရင်း ခန္ဓာကိုယ် ယိမ်းနွဲ့ပြီး ပွတ်ကာသီကာ ရှောင်တိမ်းလိုက်လေသည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ၏ဓားချက်များမှာ လျှင်မြန်ပြင်းထန်နေသော်လည်း ချီယင်းဝေ၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ ရင်ထိတ်သွား၏။

ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"မင်း မင်းက ဓားပျော့သိုင်းသမားဟုတ်လား"

ဟုလည်း မေးလိုက်လေသည်။

ချီယင်းဝေ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘာဗျ ဓားပျော့သိုင်းသမား ဟုတ်လား"

"ဟုတ်တယ်၊ မင်းဟာ သူဌေးဝမ်းယန် ငှားရမ်းထားတဲ့ ကြေးစားဓားပျော့သိုင်းသမား မဟုတ်လား"

"မဟုတ်ဘူး"

ချီယင်းဝေ ချက်ချင်း ငြင်းလိုက်လေသည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက...

"ဒါဖြင့် မင်းက ဘယ်သူလဲ"

"ကျုပ်က ချီယင်းဝေ"

"ဘာ"

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ချီယင်းဝေ ဟုတ်လား"

"သိပ်မှန်တာပေါ့၊ ရေခဲတောင်သိုင်းသမားချီယင်းဝေလို့ သိုင်းလောကမှာ သည်လောက်လျှမ်းလျှမ်းတောက် ကျော်ကြားနေ



တာတောင် ခင်ဗျား မကြားဖူးဘူးလား"

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက...

"သည်နှစ်တွေထဲမှာ သိုင်းလောကမှာ ထင်ရှားကျော်ကြားလာတာ သံမဏိဓားပျော့စူးခုံးယက် တစ်ယောက်ပဲရှိတယ်၊ ရေခဲတောင်ချီယင်းဝေဆိုတာ တစ်ခါမှ မကြားဖူးဘူး"

ချီယင်းဝေက ခပ်တည်တည် ပြောလိုက်သည်။

"ခုတော့ ကြားဖူးပြီ မဟုတ်လား၊ ကဲ ပြောပါ၊ ဘာကြောင့် သူဌေးဝမ်းယန်ရဲ့ ပစ္စည်းတွေကို ဓားပြတိုက်ရတာလဲ"

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက ဒေါသတကြီး ပြောသည်။

"သူဌေးဝမ်းယန်က လူယုတ်မာကြီးပဲ၊ မတရားရယူထားတဲ့ သူ့ရဲ့ပစ္စည်းတွေကို ကျုပ်က ရယူပြီး သူ့ကြောင့် အတိဒုက္ခရောက်ခဲ့ရသူတွေကို ပြန်ပြီးဝေငှပေးတာ ဘာဖြစ်သလဲ"

ချီယင်းဝေ ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက...

"သူဌေးဝမ်းယန်က ကျုပ်ကို သတ်ပစ်ဖို့ ကြေးစားလူသတ်သမားတစ်ယောက် ငှားရမ်းထားတယ်လို့ သတင်းကြားပြီးပြီ"

ချီယင်းဝေ လက်ကာပြလိုက်သည်။

"ကျုပ်က ကြေးစားလူသတ်သမား မဟုတ်ဘူး"

တဆက်တည်းပင်...

"ခင်ဗျားပြောတော့ ဓားပျော့သိုင်းသမားဆို"

"ဟုတ်တယ်လေ၊ အဲသည် ကြေးစားလူသတ်သမားဟာ

www.burmeseclassic.com

www.burmeseclassic.com



စားပျော့သိုင်းသမားပဲ”

“ခုတလော ကျော်ကြားနေတဲ့ သံမဏိစားပျော့စူးခုံးယက်ကကော”

“သူနဲ့ဘာဆိုင်လို့လဲ”

“သူလည်း စားပျော့ကို လက်နက်အဖြစ် အသုံးပြုတာပဲ မဟုတ်လား”

“ဟင်”

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ တွေဝေသွားလေသည်။

ချီယင်းဝေက...

“စူးခုံးယက်ကကော စားပျော့ကိုင်တဲ့ ကြေးစားလူသတ်သမား မဖြစ်နိုင်ဘူးလား”

“သူက အဖြူရောင်သိုင်းသမားလို့ ဟိုးလေးတကျော် လူသိများနေတာ”

ချီယင်းဝေ ပြုံးလိုက်သည်။

“သူ့ဒွေးဝမ်းယန်ကော သူတော်ကောင်းကြီးလို့ လူသိများကြတာပဲ၊ ဒါပေမယ့် ခင်ဗျားတို့က လူတကာကို ဒုက္ခပေးနေတဲ့ လူယုတ်မာကြီးလို့ ပြောနေကြတာပဲ မဟုတ်လား”

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူ မည်သို့သဘောရသွားမှန်းမသိ၊ ဆတ်ခနဲခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ စူးခုံးယက်လည်း ကြေးစားလူသတ်သမားဖြစ်နိုင်တာပဲ၊ သိုင်းလောကမှာ စားပျော့ကို လူသတ်လက်နက်အဖြစ်



ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်အသုံးပြုနိုင်တဲ့လူဟာ အင်မတန်ရှားတယ်၊ စူးခုံးယက်တစ်ယောက်ပဲ လူသိများတာ”

ထိုစကားကြောင့် အစလုပ်ပေးလိုက်သည့် ချီယင်းဝေကပင် ပြန်ပြီး ကြောင်အမ်းအမ်း ဖြစ်သွားရလေတော့သည်။

ထိုလူက...

“မင်းက ကျုပ်ကိုဟန့်တားဦးမှာလား”

ဟု မေးလေသည်။

ချီယင်းဝေက ခေါင်းခါယမ်းလိုက်သည်။

“မတားတော့ပါဘူးဗျာ၊ ခင်ဗျားသွားမယ်ဆိုရင် သွားနိုင်ပါပြီ”

ထိုလူက...

“မင်း တကယ်ပြောတာလား”

“တကယ်ပါဗျာ”

ချီယင်းဝေက လွှတ်ပေးလိုက်သော်လည်း ထိုလူက ရုတ်တရက် ထွက်မသွားသေးဘဲ...

“သူ့ဒွေးဝမ်းယန်ဟာ အများနောက်ကွယ်မှာ ဘယ်လိုလူစားမျိုးလဲဆိုတာ သေသေချာချာ စုံစမ်းပြီးမှ သူခိုင်းတဲ့အတိုင်းလုပ်သင့်မလုပ်သင့် စဉ်းစားပါ၊ သူ့ဒွေးဝမ်းယန်အကြောင်းကို တကယ်သိချင်တယ်ဆိုရင် မြို့ပြင်သချိုင်းမြေကို လာခဲ့ပါ”

စကားဆုံးလျှင် လက်ထဲမှစားဖြင့် မြင်းလှည်းသမားအား ပစ်ပေါက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အား"

မြင်းလှည်းသမား၏ရင်ဝ၌ ဓားစိုက်ဝင်သွားလျှင် ချက်ချင်း အသက်ပျောက်သွားလေတော့သည်။

ဖျင်ကြမ်းအင်္ကျီဝတ်ထားသူက...

"ကျုပ်တို့ပြောတဲ့ စကားတွေကို သူတို့ကြားသွားလို့ မဖြစ်ဘူး။ သူဌေးဝမ်းယန်ရဲ့လူတွေဟာ လူဆိုးဓားပြတွေချည်းပဲ"

ဟုပြောပြီး မြေပေါ်ခြေဆောင့်ခုန်ကာ ရှောင်တိမ်းသွားလေတော့သည်။

တခဏအတွင်းမှာပင် ချီယင်းဝေ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

◆ ◆ ◆



## သံမဏိဓားပျော့

ယခုရက်ပိုင်းအတွင်း ချီယင်းဝေ အလုပ်များနေသည်။

သူက သူဌေးဝမ်းယန်အကြောင်း၊ သူဌေးဝမ်းယန်အား ဒုက္ခပေးနေသူများအကြောင်းသာမက သံမဏိဓားပျော့စူးခုံးယက်အကြောင်းကိုပါ စုံစမ်းနေရခြင်းကြောင့် ဖြစ်လေသည်။

ချီယင်းဝေက သံမဏိဓားပျော့စူးခုံးယက်ကို အလွန်စိတ်ဝင်စားနေမိပြီဖြစ်လေသည်။

စူးခုံးယက်သည် သိုင်းလောကသို့ ဆင်းလာပြီး မကြာမီ နာမည်ကျော်သိုင်းသမားဆယ့်သုံးယောက်ကို အနိုင်ယူကာ မသိသူမရှိသလောက် ကျော်ကြားလာသူ မဟုတ်ပါလား။

စူးခုံးယက်၏ဓားပျော့သိုင်းပညာမှာ ထက်မြက်လှသည်ဟု ချီးကျူးကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက်က ကျော်ကြားလာသကဲ့သို့ နာမည်သတင်း ထွက်လာသော ကြေးစားလူသတ်သမားတစ်ယောက်ကိုလည်း သိုင်းလောကသားများ သတိပြုမိလာကြလေသည်။

ထိုကြေးစားလူသတ်သမားသည်လည်း ဓားပျော့ကို အလွန်ကျွမ်းကျင်သူတစ်ယောက် ဖြစ်နေခြင်းကြောင့် အလွန်စိတ်ဝင်စားစရာကောင်းနေပါတော့သည်။

ချီယင်းဝေသည် သတင်းစုံစမ်းရင်း...

"ကြေးစားလူသတ်သမားနဲ့ စူးခုံးယက်ဟာ တစ်ယောက်ထဲ အတူတူပဲဖြစ်နိုင်တယ်"

ဟု ယူဆလာလေတော့သည်။

သူက စူးခုံးယက်ကို သံသယရှိနေရာမှ ပို၍သံသယဖြစ်လာစေသော အကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာလေသောအခါ...

♦ ♦ ♦



ည...။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး အေးမြသာယာနေပါသော်လည်း ချီယင်းဝေသည် ခမောက်ဆောင်းထားသူပြောသည့်အတိုင်း မြို့ပြင်သချိုင်းသို့ ထွက်လာခဲ့လေသည်။

ဝန်းကျင်တွင် ရှုသူကင်းရှင်းနေသည်။

ချီယင်းဝေက လမ်းတလျှောက်လုံး အမျိုးမျိုးတွေးတောစဉ်းစားလာခဲ့လေသည်။

သူ့ဒွေးဝမ်းယန်သည် လူယုတ်မာကြီးတစ်ယောက် ဖြစ်နေသည်။

ထင်ရှားကျော်ကြားနေသည့် သံမဏိဓားပျော့စူးခုံးယက်သည် ကြေးစားလူသတ်သမားဖြစ်နေသည်မှာ အမှန်ပင်လော။

ချီယင်းဝေက သိုင်းလောကသို့ ဆင်းလာသည်နှင့် ခက်ခဲနက်နဲသော ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်လိုက်ရခြင်း ဖြစ်လေသည်။

ထိုပြဿနာကြီးအား ဖြေရှင်းသွားမည်ဟု ချီယင်းဝေ စိတ်ပိုင်းဖြတ်ထားလိုက်သည်။

"သိုင်းလောကမှာ လူကြီးလူကောင်းဟန်ဆောင်မျက်နှာဖုံးစွပ်ပြီး အများနောက်ကွယ်မှာ ထင်ရာစိုင်းနေတဲ့ လူယုတ်မာတွေရှိနေကြတယ်၊ သည်လူစားမျိုးတွေဟာ လူဆိုးဓားပြတွေထက် ပိုပြီးကြောက်စရာကောင်းတယ်၊ သူတို့အကြောင်းကြားရင် သူတို့ရဲ့ဇာတ်ရုပ်ပေါ်အောင် ဖော်ထုတ်ဆုံးမရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဆရာဖြစ်သူ၏စကားများကိုလည်း ကြားယောင်နေမိလေသည်။

ချိုယင်းဝေက ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာရင်း သင်္ချိုင်းမြေအနီးသို့ ရောက်ရှိလာလေတော့သည်။

သင်္ချိုင်းမြေထဲ၌ မြေပုံမှတ်တိုင်များ၊ အုတ်ဂူများ၊ ချုံပုတ်များက နေရာယူထားလေသည်။

သင်္ချိုင်းအလယ်၌ ဇရပ်လေးတစ်ဆောင်ရှိနေ၏။

ချိုယင်းဝေက ထိုဇရပ်လေးသို့ ဦးတည်သွားလိုက်လေသည်။

ရုတ်တရက် နောက်ကျောဘက်မှ လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချိုယင်းဝေ ခြေလှမ်းတုန့်ခနဲ ရပ်သွားသည်။

သူက နောက်လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"ကျုပ်က သူဌေးဝမ်းယန်အကြောင်း သိချင်လို့လာခဲ့တာ"

နောက်ကျောဘက်၌ လူတစ်ယောက် ရောက်ရှိနေသည်။

ထိုလူ တစ်ချက်လှုပ်ရှားလိုက်လျှင် ချိုယင်းဝေရှေ့သို့ ချက်ချင်းရောက်ရှိလာလေသည်။

ခမောက်ဆောင်းထားသူပင် ဖြစ်လေသည်။

ထိုလူက...

"သူဌေးဝမ်းယန်က လူယုတ်မာပဲ၊ သူက မကောင်းတာကို ကျုပ်တို့မကောင်းဘူးလို့ ခင်ဗျားကိုပြောပြီး ကျုပ်တို့ကို ဆုံးမခိုင်းခဲ့



တာပဲ မဟုတ်လား"

ချိုယင်းဝေက...

"သူပြောတာတစ်မျိုး၊ ခင်ဗျားပြောတော့လည်း တစ်မျိုးဖြစ်နေတာပဲလေ"

ထိုလူ နှာခေါင်းရှုံ့လိုက်သည်။

"သူရဲ့ ကောင်းကြောင်းပြောမှာ သူကိုယ်တိုင်ပဲရှိတယ်၊ သူ့ရဲ့ မကောင်းကြောင်းပြောနေတာက အားလုံးပဲ မင်းစုံစမ်းကြည့်ပါလား"

ချိုယင်းဝေ သက်ပြင်းချလိုက်ပြန်သည်။

သူဌေးဝမ်းယန်အား အများက မနှစ်မြို့ကြသည်ကို သူကြုံတွေ့သိရှိခဲ့ရပြီ ဖြစ်လေသည်။

ခမောက်ဆောင်းထားသူနှင့် လမ်းခွဲပြီး မိုးမချုပ်ခင် အချိန်အနည်းငယ်အတွင်းမှာပင် သူစုံစမ်းသိရှိခဲ့ရသမျှ သူဌေးဝမ်းယန်၏ မကောင်းကြောင်းများချည့် ဖြစ်လေသည်။

ထို့ကြောင့် ခမောက်ဆောင်းထားသူကို စိတ်ဝင်စားကာ လာရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်လေသည်။

ခမောက်ဆောင်းထားသူက....

"သူဌေးဝမ်းယန်က မင်းအပြင် ဓားပျော့ရှူးခုံးယက်ကိုလည်း ငှားရမ်းထားတယ်လို့ ကျုပ်တို့ သတင်းတိတိကျကျ ရပြီးပြီ"

"ဘာဗျ"

ချိုယင်းဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သံ ခပ်အုပ်အုပ် ထွက်ပေါ်လာပြီး မရှေးမနှောင်း မှာပင် အမှောင်ရိပ်ထဲမှ လူတစ်ယောက် ထွက်ပေးလာလေသည်။

လူငယ်လူရွယ် တစ်ဦးဖြစ်လေသည်။

လူရွယ်က ခမောက်ဆောင်းထားသူအား ဂါရဝပြုလိုက်လေ သည်။

"ကျွန်တော် ရောက်လာပါပြီဖေဖေ"

ခမောက်ဆောင်းထားသူက...

"လူကျူး...မင်းစုံစမ်းသိရှိလာတဲ့ သတင်းကို ပြောပြလိုက် စမ်း"

"ဟုတ်ကဲ့ ဖေဖေ"

လူကျူးဆိုသော လူရွယ်က ချီယင်းဝေဘက်သို့ လှည့်လိုက် သည်။

"သံမဏိစားပျော့စူးခုံးယက်ဟာလည်း သူဌေးဝမ်းယန်လို လူစားမျိုးပါပဲ၊ အများရှေ့မှာတော့ အဖြူရောင်သိုင်းသမား သူရဲ ကောင်းတစ်ယောက်ပါ။ ဒါပေမယ့် နောက်ကွယ်မှာတော့ သူဟာ လူဆိုးလူယုတ်မာ ကြေးစားလူသတ်သမား တစ်ယောက်ပါပဲ"

ချီယင်းဝေက...

"မိတ်ဆွေက ဘာကြောင့် သည်လိုပြောနိုင်တာလဲခင်ဗျာ" ဟု မေးလိုက်လေသည်။

လူကျူးက...

"သူဌေးဝမ်းယန်က ကျုပ်တို့သားအဖကို သတ်ပစ်ဖို့ ငှား



ရမ်းတာကို သူလက်ခံလိုက်တယ်လေ၊ မကြာခင် သည်ကို သူရောက် လာလိမ့်မယ်"

"ခင်ဗျားတို့က သားအဖဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ခမောက်ဆောင်းထားသူက...

"ကျုပ်က လူစုဖုံးပါ၊ သူကတော့ ကျုပ်သားလူကျူးပါ။ သူဌေးဝမ်းယန်ရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ဖော်ထုတ်ဆုံးမဖို့ ကျုပ်တို့သားအဖနှစ်ယောက် ကြိုးစားနေကြတာပါ"

ချီယင်းဝေ အံ့သြနေ၏။

လူစုဖုံးမှာ အဖြူရောင်သိုင်းသမားဖြစ်ပြီး အများအကျိုး ဆောင်ရွက်နေသူတစ်ဦး ဖြစ်လေသည်။

လူစုဖုံး၏ ကိုယ်ကျိုးစွန့်ကာ အများအကျိုးဆောင်ရွက်ခဲ့ သောသတင်းများကို သူကြားခဲ့ရပြီး ဖြစ်သည်။

လူစုဖုံးက...

"သူဌေးဝမ်းယန်က သူ့ရဲ့မကောင်းမှုတွေကို ဖော်ထုတ်မှာ စိုးရိမ်နေတာနဲ့ ကျုပ်တို့သားအဖ ခရီးထွက်နေချိန်မှာ ရွှေငွေပစ္စည်း တစ်ချို့ ကျုပ်အိမ်မှာ လာဝှက်ထားပြီး ကျုပ်တို့ဟာ လူဆိုးဓားပြ တွေပါလို့ အကောက်ကြံစွပ်စွဲခဲ့တယ်၊ သူနဲ့ပတ်သက်နေတဲ့ အကျင့် ပျက်အမှုထမ်းတစ်ချို့ကလည်း ကျုပ်တို့ကို ဓားပြတွေဆိုပြီး ရှာဖွေ ဖမ်းဆီးဖို့ စီစဉ်တော့ ကျုပ်တို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်၊ ဒါပေ မယ့် ဝေးဝေးကိုမသွားဘဲ သည် မြို့အနီးပတ်ဝန်းကျင်မှာ ပုန်းလျှိုး

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လျှိုး လှုပ်ရှားရင်း သူဌေးဝမ်းယန်ရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ဖော်ထုတ်ဖို့ကြိုးစားနေခဲ့တာ”

ချိုယင်းဝေ ခေါင်းညိတ်လိုက်သည်။

“ကျုပ် သဘောပေါက်ပါပြီဗျာ၊ ကျုပ်လည်း သူဌေးဝမ်းယန်ရဲ့လုပ်ရပ်တွေကို စုံစမ်းဖော်ထုတ်တဲ့နေရာမှာ ကူညီဆောင်ရွက်ပေးပါ့မယ်”

လူစုဖုံးတို့ ဝမ်းသာအားရ ဖြစ်သွားကြလေတော့သည်။

◆ ◆ ◆



ချိုယင်းဝေသည် ညဥ့်နက်မှ သချိုင်းမြေမှ ပြန်လာခဲ့လေသည်။

သူက သူဌေးဝမ်းယန်၏ အိမ်၌ခေတ္တတည်းခိုနေထိုင်ခဲ့ခြင်းဖြစ်လေသည်။

မည်သူမျှ မသိအောင် သူဌေးဝမ်းယန်ပေးထားသော သူ၏အခန်းဆီကို သွားလိုက်စဉ် ဧည့်ခန်းဘက်မှ မီးရောင်များထွက်ပေါ်နေသလို စကားသံများလည်း ကြားလိုက်ရသဖြင့် အံ့သြသွားလေသည်။

“ညကြီးအချိန်မတော် သူဌေးဝမ်းယန်က ဘယ်သူနဲ့စကားပြောနေတာပါလိမ့်”

သိလိုစိတ်ဖြစ်ပေါ်လာသဖြင့် ဧည့်ခန်းဆီသို့ တိတ်တဆိတ်ချဉ်းကပ်သွားပြီး အကဲခတ်လိုက်လေသည်။

ဧည့်ခန်းထဲ၌ လူနှစ်ယောက် ရှိနေသည်။

သူဌေးဝမ်းယန်နှင့် မျက်နှာစိမ်းလူရွယ်တစ်ဦး ဖြစ်သည်။

သူဌေးဝမ်းယန်က ထိုလူရွယ်အား အလွန်လေးစားနေပုံရသည်ကို တွေ့ရလေသည်။

“လူစုဖုံးတို့သားအဖ နှစ်ယောက်အတွက်”

ဟုပြောကာ ယွန်းသေတ္တာလေးတစ်လုံးကို လူရွယ်ရှေ့သို့ တွန်းပို့လိုက်လေသည်။

လူရွယ်က ယွန်းသေတ္တာလေးကိုယူကာ အဖုံးဖွင့်ကြည့်လိုက်လေသည်။ သေတ္တာလေးထဲ၌ ရွှေတုံးကလေးများအပြည့်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ကို တွေ့ရလေသည်။

လူရွယ်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။ သူဌေးဝမ်းယန်က...

"အဆင်ပြေတယ် မဟုတ်လားဗျာ"

ဟု မေးလိုက်သည်။

လူရွယ်က...

"ကျုပ် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လိုက်ပါ့မယ်၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

လူရွယ်ထိုင်ရာမှ ထလိုက်သည်။

သူဌေးဝမ်းယန်က အပြင်ဘက်သို့တိုင် လိုက်လံပို့ဆောင်ပေးလိုက်လေသည်။

ချီယင်းဝေလည်း သူ့အား တွေ့မြင်သွားမည်ကို စိုးရိမ်ကာ သူ၏အခန်းသို့ အမြန်ပြန်သွားပြီး အခန်းထဲဝင် တံခါးပိတ်ကာ ခုတင်ပေါ် လှဲလျောင်းနေလိုက်လေတော့သည်။

◆ ◆ ◆



## ထိပ်တိုက်

နောက်တစ်နေ့နံနက်...။

ချီယင်းဝေက နေမြင့်မှအိပ်ရာကနိုးလာလေသည်။

သူ၏အခန်းထဲမှ ထွက်လာသောအခါ သူဌေးဝမ်းယန်ကို တွေ့လိုက်ရလေသည်။

သူဌေးဝမ်းယန်က...

"မိတ်ဆွေလေးတောင် အိပ်ရာက နိုးလာပြီကိုး"

ချီယင်းဝေက...

"ကျုပ်က လူဆိုးဓားပြတွေအကြောင်း စုံစမ်းရင်း ညကညည့်နက်သွားတာ၊ သူတို့ရဲ့သတင်းကိုတော့ ရထားပြီးပါပြီ၊ သည်ကနေ့ ထပ်ပြီးစုံစမ်းလိုက်မယ်ဆိုရင်"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးမီ သူဋ္ဌေးဝမ်းယန်က ကြားဖြတ်ပြော လိုက်လေသည်။

"မိတ်ဆွေလေး ကံကောင်းသွားပါပြီ၊ ပင်ပန်းစရာမလို တော့ပါဘူးဗျာ"

"ဗျာ ဘာဖြစ်လို့လဲဗျ"

ချီယင်းဝေ ကြောင်အမ်းအမ်းဖြစ်သွား၏။

"ကျုပ်ကို ဒုက္ခပေးနေတဲ့ လူဆိုးဓားပြတွေရဲ့ ခေါင်းဆောင် ဘယ်သူဘယ်ဝါဆိုတာ ကျုပ်သိလိုက်ရပါပြီ"

"ဟုတ်လား ဘယ်သူလဲဗျ"

"လူစုဖိုးနဲ့လူကျူးတို့ သားအဖနှစ်ယောက်ပါပဲ"

"ဩော်"

သူဋ္ဌေးဝမ်းယန်က...

"လူစုဖိုးတို့သားအဖ သေဆုံးသွားပြီဆိုတော့ ဘာမှပင်ပန်း စရာ မလိုတော့ပါဘူးလေ၊ မောင်ရင်လေးလည်း လွတ်လွတ်လပ် လပ် အနားယူနိုင်ပါပြီ၊ လိုအပ်တာရှိရင်လည်း ပြောပါ၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

စကားဆုံးလျှင် ချီယင်းဝေ၏စကားကို မစောင့်ဘဲ ချာခနဲ လှည့်ကာ ထွက်သွားလေတော့သည်။

ချီယင်းဝေက...

"ခဏ..ခဏနေပါဦးဗျာ"

ဟန့်တားရင်း ပြေးလိုက်သွားလေသည်။



သို့ဖြင့် နှစ်ယောက်သား ဂေဟာရှေ့သို့ ရောက်သွားလျှင် ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုဧည့်သည်ကား ညကတွေ့ခဲ့ရသော လူရွယ်ဖြစ်ကြောင်း ချီယင်းဝေ မှတ်မိလိုက်လေသည်။

သူဋ္ဌေးဝမ်းယန်က လေးလေးစားစား နှုတ်ဆက်ပြီး ဆီးကြို လိုက်၏။

"ဆရာလေးစူးခုံးယက်ကိုး ကြွပါ..ကြွပါ"

မမျှော်လင့်ဘဲ စူးခုံးယက်ဟူသောအမည်ကို ကြားလိုက်ရ သဖြင့် ချီယင်းဝေ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

စူးခုံးယက်က...

"ကျုပ်က သွားတော့မှာမို့ လာပြီးနှုတ်ဆက်တာပါဗျာ၊ ကဲ ကျုပ်မှာ အချိန်မရလို့ ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

သူဋ္ဌေးဝမ်းယန်သည် စူးခုံးယက်အား တားဆီး၍မရနိုင် ကြောင်း သိထားသဖြင့် ဘာမှမပြောတော့ပါ။

စူးခုံးယက်လည်း သူဋ္ဌေးဝမ်းယန်ကို နှုတ်ဆက်ပြီး ချက်ချင်း ပြန်ထွက်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



စူးခုံးယက် ထွက်သွားပြီဖြစ်သည်။

ချိုယင်းဝေ မှင်သက်မိကာ ငူငူကြီးရပ်နေ၏။

သူဋ္ဌေးဝမ်းယန်က ချိုယင်းဝေဘက် လှည့်ကာ ပြုံးပြလိုက်လေသည်။

"သူက သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သံမဏိဓားပျော့စူးခုံးယက်ပေါ့"

ချိုယင်းဝေ သတိဝင်လာသည်။

"စူးခုံးယက် ဟုတ်လား"

"ဟုတ်တယ်လေ"

"သူ့..သူက"

ချိုယင်းဝေသည် ရုတ်တရက် သူဋ္ဌေးဝမ်းယန်ကို တွန်းဖယ်ကာ စူးခုံးယက်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

◆ ◆ ◆



စူးခုံးယက်က ခြေလှမ်းမှန်မှန်ဖြင့် လှမ်းသွားနေ၏။

"မိတ်ဆွေ ခဏနေပါဦးဗျာ"

ချိုယင်းဝေက ပြေးလိုက်သွားရင်း ဟန့်တားလိုက်လေသည်။

စူးခုံးယက် ခြေလှမ်းရပ်လိုက်သည်။

သူ၏အနီးသို့ ရောက်လာသော ချိုယင်းဝေအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေသည်။

"ကျုပ်ကို ဟန့်တားတာ အကြောင်းကိစ္စများရှိနေလို့လား ဗျာ"

ဟု မေးလေသည်။ ချိုယင်းဝေက...

"ဟုတ်တယ်"

"ဘယ်လိုအကြောင်းကိစ္စများလဲဆိုတာ ပြောပါဗျာ"

"ခင်ဗျားက သိုင်းလောကမှာ ကျော်ကြားနေတဲ့ သံမဏိဓားပျော့စူးခုံးယက်လား"

စူးခုံးယက် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ချိုယင်းဝေက...

"ခင်ဗျားဟာ နောက်ကွယ်မှာ ကြေးစားလူသတ်သမားအလုပ်ကိုလည်း လုပ်တယ်ဆို"

စူးခုံးယက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ"

"ခင်ဗျားက သူဋ္ဌေးဝမ်းယန်ဆီက ငွေလက်ခံပြီး လူစုဖုံးတို့

www.burmeseclassic.com

www.burmeseclassic.com



သားအဖကို သတ်ပစ်လိုက်တယ်ဆိုတာ ကျုပ်သိထားပြီးပြီဗျ”

ရှူးခုံးယက်က…

“ခင်ဗျား ဘာတွေလာပြောနေတာလဲ”

“ကျုပ်က ခင်ဗျားရဲ့မကောင်းတဲ့လုပ်ရပ်တွေကို လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးဗျ”

ချီယင်းဝေက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ရှူးခုံးယက် နောက်ဆုတ်လိုက်သည်။

“မိတ်ဆွေ ခင်ဗျားလွန်လာပြီနော်၊ ကျုပ်ကို မတရားစွပ်စွဲပြီး တိုက်ခိုက်ချင်သေးတယ်၊ ကျုပ်ကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ၊ ခင်ဗျား ဘယ်သူလဲ”

ချီယင်းဝေက ရင်ကော့လိုက်လေသည်။

“ကျုပ်က ချီယင်းဝေ၊ မကောင်းသူပယ် ကောင်းသူကယ်မယ့် ချီယင်းဝေ၊ ခင်ဗျားမှတ်ထားပါ”

ရှူးခုံးယက်က…

“ချီယင်းဝေဆိုတဲ့နာမည်ကို တစ်ခါမှလည်း မကြားဖူးပါလား”

“အရင်က မကြားဖူးပေမယ့် ခုတော့ ကြားဖူးပြီမဟုတ်လား”

“မိတ်ဆွေက..”

“စကားမရှည်နဲ့ ခင်ဗျားရဲ့သံမဏိဓားပျော့ကို ထုတ်လိုက်ပါ”



“နေပါဦး ခင်ဗျားက ဘာကြောင့်သည်လောက်တောင် ရန်လိုနေတာလဲ”

“ခင်ဗျားက ကြေးစားလူသတ်သမား တစ်ယောက်ဖြစ်နေလို့ပေါ့”

ရှူးခုံးယက် မကျေမနပ်ဖြစ်သွားလေသည်။

“ခင်ဗျားဆက်ပြီး မဟုတ်မတရား စွပ်စွဲနေမယ်ဆိုရင် ကျုပ်သည်းမခံနိုင်တော့ဘူး”

ချီယင်းဝေ နှာခေါင်းရှုံ့လိုက်သည်။

“သည်းမခံနိုင်တော့ကော ကျုပ် ဂရုစိုက်ရမှာလားဗျာ”

ရှူးခုံးယက်က…

“ခင်ဗျား သည်လောက်တောင် ယှဉ်ပြိုင်ချင်နေရင်လည်း သည်မှာ လူရှုပ်တယ်၊ သူများတွေ အနှောင့်အယှက်ဖြစ်လိမ့်မယ်၊ လူရှင်းတဲ့ မြို့ပြင်တစ်နေရာမှာ သွားပြီးယှဉ်ပြိုင်ကြတာပေါ့”

“ကောင်းပြီ”

ချီယင်းဝေကလည်း သဘောတူလိုက်လေသည်။

ထို့နောက် နှစ်ယောက်သား မြို့ပြင်သို့ထွက်သွားကြလေတော့သည်။

◆ ◆

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်၌ လှုရှင်းနေသည်။

တောင်ကုန်းလေးတစ်ခုအနီးသို့ ရောက်သောအခါ ရှုးခုံးယက်က ခြေလှမ်းရပ်လိုက်သည်။

"ဒေါင်...ဒေါင်"

တောင်ကုန်းပေါ်ရှိ ဘုံကျောင်းလေးမှ ခေါင်းလောင်းထိုးသံများထွက်ပေါ်လာလေသည်။

ရှုးခုံးယက် ပြုံးလိုက်သည်။

"ကျုပ်က ဘုံကျောင်းလေးကိုသွားမလို့ စိတ်ကူးထားတာ ခုတော့"

သူ၏စကားမဆုံးမီ ချီယင်းဝေက ကြားဖြတ်ပြောလိုက်လေသည်။

"ခင်ဗျား နောင်ဘဝကျမှ သွားပါတော့ဗျာ"

ထိုစကားကြောင့် ရှုးခုံးယက် တဟားဟား ရယ်မောလိုက်လေသည်။

"ကျုပ်ကို တော်တော်မုန်းနေတာကိုး"

ချီယင်းဝေက...

"ခင်ဗျားကလည်း သူ့ရဲကောင်းဟန်ဆောင်ထားတဲ့ ကြေးစားလူသတ်သမား တစ်ယောက်ဖြစ်နေတာကိုး"

ရှုးခုံးယက်က...

"ခင်ဗျား မှားနေပြီ၊ ကျုပ်က ကြေးစားမဟုတ်ဘူး၊ ခင်ဗျား မယုံရင် သက်သေပြပါ့မယ်ဗျာ"



ထိုစဉ် တောင်ကုန်းလေးပေါ်မှ ဘုန်းကြီးတစ်ပါး ဆင်းလာသည်ကိုတွေ့လိုက်ရလေသည်။

ဘုန်းကြီးက...

"တကာလေးရှုးခုံးယက်ပါလား"

ရှုးခုံးယက်က...

"ကျုပ်က ဘုံကျောင်းပေါ်တက်လာမလို့ပါပဲ၊ စုဟိုက်ဘုန်းတော်ကြီး ရောက်နေမှန်း မသိလို့ပါ"

စုဟိုက်ဘုန်းတော်ကြီးက...

"ကျုပ်လည်း ခရီးသွားရင်း သည်ဘက်ကိုရောက်လာတာနဲ့ ဘုံကျောင်းလေးမှာဝင်ပြီး ဘုရားဝတ်ပြုခဲ့တာပါ။ ဒါမှမဟုတ်ဘဲ ခရီးဆက်မယ်ဆိုရင် တကာလေးနဲ့တွေ့မှာ မဟုတ်တော့ဘူး၊ တကာလေး အားလပ်ခဲ့ရင် ကျုပ်ဆီကိုလာခဲ့ပါဦး၊ အေးအေးဆေးဆေး စကားပြောရတာပေါ့"

ရှုးခုံးယက်က....

"ကောင်းပါပြီဆရာတော်၊ ခုတော့ လမ်းကြုံတုန်း ကျုပ်တို့ တစ်ခုလောက် ကူညီခဲ့ပါဦး"

စုဟိုက်ဘုန်းကြီးက...

"ဘာများ ကူညီရမှာလဲကွယ့်"

ရှုးခုံးယက်က ချီယင်းဝေကို ညွှန်ပြလိုက်သည်။

"သူက တပည့်တော်ကို ကြေးစားလူသတ်သမား တစ်ယောက်လို့ အထင်လွဲနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မဟုတ်တာ"

စုပဟိုက်ဘုန်းကြီးက ချီယင်းဝေဘက်လှည့်ကာ ပြောလိုက်သည်။

"တကာလေး မှားနေပြီ၊ သိုင်းလောကမှာ တကာလေးစူးခုံးယက်ကို လူသတ်သမားလို့ အထင်မှားဖူးတာတွေရှိပါတယ်၊ တကယ်တော့ တကာလေးစူးခုံးယက်နဲ့ ရုပ်ချင်းဆင်တဲ့ လူဆိုးတစ်ယောက်ကြောင့် အထင်မှားတာ ဖြစ်ပါလိမ့်မယ်"

ချီယင်းဝေ သက်ပြင်းချလိုက်သည်။

သိုင်းလောက၌ ထင်ရှားနေသော စုပဟိုက်ဘုန်းကြီးက စူးခုံးယက်ဘက်မှ အာမခံကာ ပြောနေခြင်းကြောင့် ဘာမှမတတ်နိုင်ဘဲ လက်မှိုင်ချလိုက်ရတော့သည်။

စူးခုံးယက်က...

"သည်လောက်ဆို ခင်ဗျား ကျေနပ်လောက်ပြီ ထင်ပါတယ် ကျုပ်ကို ခွင့်ပြုပါဦး၊ နောက်မှ တွေ့ကြသေးတာပေါ့"

ဟုနှုတ်ဆက်ကာ စုပဟိုက်ဘုန်းကြီးနှင့်အတူ လိုက်ပါသွားလေတော့သည်။

ချီယင်းဝေ လက်မှိုင်ချလိုက်ရသော်လည်း ကျေနပ်သည်တော့မဟုတ်ပါ။

တစ်နေ့ အဖြစ်မှန်ဖော်ထုတ်မည်ဟု ဆုံးဖြတ်ထားလိုက်လေတော့သည်။

◆ ◆ ◆

# သိုင်းလောကသား

ချီယင်းဝေသည် သိုင်းလောကသို့ ဆင်းလာပြီးနောက် သူ့ဌေးကြီးဝမ်းယန်က လူစုဖုံးနှင့်လူကျူးတို့သားအဖအား မကောင်းကြံကာလုပ်ကြံခဲ့ခြင်းကြောင့် ခံပြင်းဒေါသထွက်ခဲ့ရလေသည်။

သူ့ရဲကောင်းတစ်ယောက်အဖြစ် ထင်ရှားနေသော စူးခုံးယက်ကလည်း ကြေးစားတစ်ယောက်ဖြစ်နေသည်။

စူးခုံးယက်အား နာမည်ကျော်ဘုန်းတော်ကြီးစုပဟိုက်က အာမခံခဲ့သဖြင့် ချီယင်းဝေ လက်လျှော့ခဲ့ရလေသည်။

သို့သော်...

"တစ်နေ့ကျရင် စူးခုံးယက်ရဲ့မျက်နှာဖုံးကို ငါခွာပြမယ်"

"သူဌေးဝမ်းယန်ကိုလည်း ဆုံးမပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးဖြတ်လိုက်လေသည်။

သူဌေးဝမ်းယန်အား နှုတ်ပင်မဆက်ဘဲ သိုင်းလောကသို့ ထွက်လာခဲ့လေသည်။

သိုင်းလောက၌ မကောင်းသူပယ်၊ ကောင်းသူကယ် အဖြူရောင်သိုင်းသမားတစ်ယောက်အဖြစ် ဆက်လက်ကျင်လည် ကျက်စားခဲ့လေသည်။

ချီယင်းဝေမှာ သိုင်းလောကထဲ၌ တဖြည်းဖြည်း နာမည်ရလာလေသည်။

မိတ်ဆွေအပေါင်းအသင်းများလည်း ရှိလာသည်။

ချီယင်းဝေနှင့် အရင်းနှီးဆုံး သူငယ်ချင်းမိတ်ဆွေဖြစ်လာသူမှာ တိမ်ရှိုလေးဖြစ်လေသည်။

◆ ◆ ◆



တိမ်ရှိုလေး…။

တိမ်ရှိုလေးသည် ဓားသမားတစ်ယောက်ဖြစ်သကဲ့သို့ စာပေသမားတစ်ယောက်လည်း ဖြစ်လေသည်။

နှစ်ယောက်သား မကောင်းသူပယ်၊ ကောင်းသူကယ် သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်ရင်း တွေ့ဆုံရင်းနှီးကာ ညီရင်းအစ်ကိုပမာ ဖြစ်လာခဲ့ကြခြင်းဖြစ်ပင်။

တိမ်ရှိုလေးက ကာလျှံမြို့၌ နေထိုင်ပြီး သူ့တွင် 'တိမ်ဝေကျူး'ဆိုသည့် ချောမောလှပသည့် ညီမတစ်ယောက်ရှိလေသည်။

ချီယင်းဝေသည် သိုင်းလောက၌ ဆောင်ရွက်စရာမရှိဘဲ အားလပ်နေချိန်များတွင် ကာလျှံမြို့ရှိ တိမ်ရှိုလေးထံသို့ လာရောက်လည်ပတ်တတ်လေသည်။

ယခုလည်း…

ချီယင်းဝေသည် ကာလျှံမြို့ရှိ တိမ်ရှိုလေး၏အိမ်သို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်ရှိုလေးသည် သိုင်းလောက၌ အလွန်သတ္တိကောင်းသော သူရဲကောင်းတစ်ယောက်အဖြစ် စွန့်စားရပ်တည်နိုင်ခဲ့သည်။

သို့သော်...

ကာလျှံမြို့၌ကား ဗီဘိစာပေသမားတစ်ယောက်အသွင် နေထိုင်ခဲ့လေသည်။

ချီယင်းဝေ ရောက်ရှိလာသောအခါ ဝမ်းသာအားရ ကြိုဆိုလိုက်လေသည်။

"ချီယင်းဝေ မင်းရောက်လာတာနဲ့အတော်ဘဲ ငါ ကဗျာတစ်ပုဒ်စပ်ထားတယ်ကွ၊ ဖတ်ကြည့်စမ်းပါဦး"

ချီယင်းဝေက တိမ်ရှိုလေးပေးသော ကဗျာစာရွက်ကိုယူကာ ဖတ်ကြည့်လိုက်လေသည်။

သို့သော်...

သူ၏အသွင်မှာ ကဗျာကို လုံးဝစိတ်မဝင်စားကြောင်း ထင်ရှားပေါ်လွင်နေသည်။

တိမ်ရှိုလေး စိတ်ပျက်သွားလေတော့သည်။

"ချီယင်းဝေ ငါ့ကဗျာကို မင်းစိတ်မဝင်စားဘူး မဟုတ်လား"

"အင်း"

ချီယင်းဝေ၏ဖြေသံကိုက စိတ်မပါကြောင်း ထင်ရှားနေပါတော့သည်။

တိမ်ရှိုလေးက...

"မင်း ဘာတွေဖြစ်နေတာလဲ"



ချီယင်းဝေက...

"ခုတလော စူးခုံးယက်က ပိုပိုပြီး နာမည်ကြီးလာတယ်ကွ"

"သူက သူရဲကောင်းတစ်ယောက်ပဲကိုး"

တိမ်ရှိုလေး၏စကားကို ချီယင်းဝေ လက်မခံဘဲ ခေါင်းခါယမ်းလိုက်လေသည်။

"သူက ကြေးစားလူသတ်သမား တစ်ယောက်ကွ၊ ဒါကို ဘယ်သူမှလက်မခံဘဲ သူ့ကို သူတော်ကောင်းကြီးတစ်ယောက်လို မြင်နေကြတာ"

တိမ်ရှိုလေး သက်ပြင်းချလိုက်သည်။

"ချီယင်းဝေ မင်းက တစ်ယောက်နဲ့အများ ဖြစ်နေပြီဆိုတာကော သတိမှ ထားမိသေးရဲ့လား"

"ငါသိတာပေါ့၊ တစ်နေ့ကျရင် အားလုံးလည်း ငါ့လိုသိသွားကြလိမ့်မယ်"

ချီယင်းဝေက အလျှော့မပေးဘဲ ပြောလိုက်သည်။

တိမ်ရှိုလေးက...

"ထားပါတော့ကွာ၊ ခုချိန်မှာ စူးခုံးယက်ကို မေ့ထားလိုက်ပါတော့၊ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့ကွာ"

ချီယင်းဝေ ခေါင်းခါယမ်းလိုက်သည်။

"အေးအေးဆေးဆေး မဖြစ်ဘူးကွ"

"မင်းကလည်း"

"ငါ တကယ်ပြောနေတာ၊ ကာလျှံမြို့ကိုလာရင်း ငါသတင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကြားခဲ့တယ်"

"ဘာသတင်းများလဲ"

"စူးခုံးယက်က စုဟိုက်ဘုန်းတော်ကြီးကျောင်းကိုလာရင်း သည်မြို့ဘက် ရောက်လာမယ်ဆိုတဲ့သတင်းပဲ"

တိမ်ရှိုလေး သက်ပြင်းချလိုက်သည်။

ချီယင်းဝေက...

"သည်သတင်းကို မင်းလည်းကြားထားတယ် မဟုတ်လား"

တိမ်ရှိုလေး ခေါင်းညိတ်လိုက်သည်။

"အင်း"

ချီယင်းဝေ ပြုံးလိုက်သည်။

"မင်းက စာပေပညာ ကျွမ်းကျင်တဲ့လူ တစ်ယောက်ပဲမ ဟုတ်လား"

တိမ်ရှိုလေးက....

"မင်းက ငါ့ကို နောက်ပြောင်နေတာလား"

ချီယင်းဝေက...

"နောက်ပြောင်နေတာ မဟုတ်ဘူး၊ ငါ အတည်ပြောနေ တာ"

"မင်း ဘာကိုရည်ရွယ်တာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်း ပါ"

တိမ်ရှိုလေး မေးလိုက်လျှင် ချီယင်းဝေက...

"မင်းက စာပေပညာ ကျွမ်းကျင်တဲ့လူတစ်ယောက်ဆို



တော့ ငါ့ကို စာတစ်စောင် ရေးပေးရလိမ့်မယ်"

တိမ်ရှိုလေးက...

"ဘာရေးပေးရမှာလဲ"

ချီယင်းဝေက...

"သည်လိုကွ.."

သူဆက်ပြောလိုက်သည့် စကားကြားလျှင် တိမ်ရှိုလေး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



## စိန်ခေါ်ခြင်း

တိမ်ရှိုလေး ပါးစပ်အဟောင်းသားဖြင့် ချိုယင်းဝေကို ငေး ကြည့်နေသည်။

ချိုယင်းဝေက...

"လက်ရေးလှရမယ့်အပြင် စာလုံးလည်း အဝေးကမြင်သာ ထင်သာအောင် ကြီးကြီးမားမားဖြစ်ရမယ်"

တိမ်ရှိုလေးက သူ့ကိုငေးကြည့်နေဆဲ။

ချိုယင်းဝေက...

"တိမ်ရှိုလေး ငါပြောတာကို မင်းကြားတယ် မဟုတ်လား"

တိမ်ရှိုလေး ခေါင်းညိတ်လိုက်သည်။

"ကြားပါတယ်ကွာ"



ချိုယင်းဝေက...

"ဒါဖြင့် ဘာကြောင့် ပြန်မပြောတာလဲ"

တိမ်ရှိုလေးက...

"မင်း ရူးနေပြီလား"

"ဘာ"

"ငါတော့ မင်းရူးနေပြီ ထင်တာပဲ"

ချိုယင်းဝေက...

"ငါက သိုင်းလောကထုံးစံအတိုင်း စူးခုံးယက်ကို သိုင်းပညာ ဘယ်သူသာတယ်ဆိုတာ သိရအောင် ယှဉ်ပြိုင်ကြည့်ဖို့ စိန်ခေါ်တာ ထူးဆန်းတဲ့ကိစ္စမှ မဟုတ်တာ၊ ငါ မရူးပါဘူးကွ"

တိမ်ရှိုလေးက...

"ချိုယင်းဝေ ခုဆိုရင် မင်းလည်း သိုင်းလောကမှာ နာမည်ရ သင့်သလောက်ရနေပြီ၊ မင်းကိုသိတဲ့လူလည်း အတော်များနေပြီ၊ ပြဿနာမရှာချင်စမ်းပါနဲ့ကွာ၊ အေးအေးနေစမ်းပါ"

ချိုယင်းဝေ မကျေမနပ်ဖြစ်သွားလေသည်။

"ငါက ပြဿနာရှာတာ မဟုတ်ဘူး၊ စူးခုံးယက်ဟာ နောက် ကွယ်မှာ ကြေးစားလူသတ်သမားတစ်ယောက်ဆိုတာ ငါကောင်း ကောင်းကြီး သိထားတာကွ"

တိမ်ရှိုလေးက...

"စူးခုံးယက်က သူဌေးဝမ်းယန်ရဲ့ငွေကို လက်ခံပြီး ... သားအဖကို သတ်ပစ်လိုက်တယ်လို့ မင်းပြောဦးမလို့လား၊ ...

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ပဟောင်းကြီးကို ငါအကြိမ်ပေါင်းများစွာ နားထောင်ခဲ့ရလို့ ရိုးအီနေပါပြီကွာ”

ချီယင်းဝေ ဒေါသထွက်သွားလေသည်။

“မင်းက ငါ့စကားကိုတောင် မယုံဘဲ ငါ့ကိုအထင်သေးနေတာကို။ ကောင်းပြီလေ၊ မင်း ရေးမပေးချင်လည်းနေပေ့ါ၊ ငါ့ဘာသာ ငါပဲ ရေးလိုက်တော့မယ်”

တိမ်ရှိုလေးက အလျှော့ပေးလိုက်ရလေသည်။

“ကဲ ပြောမရရင်လည်း ငါပဲ ရေးပေးလိုက်ပါ့မယ်ကွာ”

“သည့်လို လုပ်စမ်းပါကွာ”

ချီယင်းဝေက မည်သို့ရေးရမည်ကို ထပ်ပြီးပြောပြလိုက်လေသည်။

◆ ◆ ◆



ကာလျှံတစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားရအောင်ပင် ချီယင်းဝေက ကိုင်လှုပ်နိုင်ခဲ့လေသည်။

ချီယင်းဝေသည် တိမ်ရှိုလေး ရေးပေးသောစာရွက်ကို မြို့လယ် လူစည်ကားသောအရပ်ရှိ လမ်းဘေးသစ်ပင်တစ်ပင်၌ သွားကပ်ထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ချီယင်းဝေ စာကပ်ပြီးနောက် စူးခုံးယက်နှင့်ရင်ဆိုင်ရန် အသင့်စောင့်ဆိုင်းနေလိုက်လေသည်။

တိမ်ရှိုလေးကလည်း ချီယင်းဝေကို ပြောမရတော့သဖြင့် လက်ပိုက် ကြည့်နေလိုက်တော့သည်။

သို့သော် တိမ်ရှိုလေး၏ညီမ တိမ်ဝေကျူးကား ဆောက်တည်ရာမရ ဖြစ်သွားလေတော့သည်။ ချီယင်းဝေကို တားဆီးဖို့ တိမ်ရှိုလေးကို အပူကပ်လေသည်။

“သူ့ကို ဘယ်သူကမှ တားလို့ရမှာ မဟုတ်ဘူး”

တိမ်ဝေကျူးက....

“ပြောမရတာနဲ့ အစ်ကိုမပြောတော့ဘူးပေ့ါ ဟုတ်လား”

တိမ်ရှိုလေး ခေါင်းညိတ်လိုက်လေသည်။ တိမ်ဝေကျူးက...

“အစ်ကို ပြောမရရင် ကျွန်မ သွားပြောမယ်”

တိမ်ရှိုလေးက ညီမဖြစ်သူကို တားဆီးခြင်းမပြုဘဲ လက်ပိုက်ကြည့်နေလိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝေကျူး...။

တိမ်ဝေကျူးသည် စိတ်မြန်လက်မြန်ရှိသော ဆတ်ဆတ်ကြဲလေးဖြစ်လေသည်။

သူမသည် စားသွေးနေသော ချီယင်းဝေထံသို့ ခက်ချင်းရောက်ရှိသွားလေသည်။

"အစ်ကို"

တိမ်ဝေကျူး၏ခေါ်သံကြောင့် ချီယင်းဝေက ခေါင်းငုံ့ကြည့်လိုက်လေသည်။

တိမ်ဝေကျူးက..

"အစ်ကိုက သူရဲကောင်းစူးခုံးယက်ကို စိန်ခေါ်မလို့ဆို"

ဟု မေးလိုက်လေသည်။

ချီယင်းဝေ ပြုံးလိုက်သည်။

"စိန်ခေါ်မလို့ မဟုတ်ဘူး၊ စိန်ခေါ်လိုက်ပြီ"

"အဲဒါ မကောင်းဘူးဆိုတာ အစ်ကိုသိတယ် မဟုတ်လား"

"ဘယ်လိုမကောင်းတာလဲ ညီမရယ်"

"သူက အားလုံးက ကြည်ညိုလေးစားနေကြတဲ့သူရဲကောင်း တစ်ယောက်ရှင့်"

ချီယင်းဝေက...

"သူ့အကြောင်းမသိလို့ ဖြစ်မှာပေါ့ ညီမရယ်"

"အို သူ့အကြောင်းသိလို့ လူတွေအားလုံးက သူ့ကိုသူရဲကောင်းလို့ ချီးကျူးလေးစား နေကြတာပဲ မဟုတ်လား"



"သည်လိုဆိုရင်တောင် သူ့အကြောင်းကို ကုန်စင်အောင် မသိကြသေးလို့ ဖြစ်မှာပါ"

"အစ်ကိုကတော့ သူ့အကြောင်းသိတယ် ဆိုပါတော့"

ချီယင်းဝေ ခေါင်းညိတ်လိုက်သည်။

"သိတာပေါ့ သူဟာ လူအများအမြင်မှာ သူရဲကောင်းတစ်ယောက်ဖြစ်ပေမယ့် နောက်ကွယ်မှာ ကြေးစားလူသတ်သမား တစ်ယောက်ဖြစ်နေတာကို ကျုပ်သိတာပေါ့"

တိမ်ဝေကျူး လက်မခံပါချေ။

"အစ်ကို မှားနေပြီဆိုတာကော အစ်ကိုသိရဲ့လား"

ချီယင်းဝေ၏မျက်နှာ ခက်ထန်သွားလေသည်။

"ကျုပ် ဘယ်တော့မှ မမှားဘူး"

သူ၏စကားသံလည်း ခက်ထန်ကျယ်လောင်နေပါတော့သည်။

ချီယင်းဝေက အော်ငေါက်လိုက်ခြင်းကြောင့် တိမ်ဝေကျူး မျက်နှာလေးငယ်သွားလေသည်။

ဘာမှမပြောဘဲ ခေါင်းကလေးငုံ့ထားလိုက်လေသည်။

ချီယင်းဝေသည် တိမ်ဝေကျူးကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွားလေသည်။

"ညီမ ကျုပ် စိတ်လိုက်မာန်ပါ ပြောမိတာကို ခွင့်လွှတ်ပါ"

ဟု တောင်းပန်လိုက်လေသည်။

ချီယင်းဝေက တောင်းပန်လိုက်သဖြင့် တိမ်ဝေကျူးလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သွားလေသည်။

"ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူးရှင်၊ အစ်ကို့အတွက် စိုးရိမ်လို့ပြောမိတာပါ"

ချိုယင်းဝေ ပြုံးလိုက်သည်။

"စူးခုံးယက်နဲ့ယှဉ်ပြိုင်ရင် ကျုပ် ရှုံးနိမ့်သွားမှာကို စိုးရိမ်နေတာလားဟင်"

"ဟုတ်ပါတယ် အစ်ကို"

"နေပါဦး ကျုပ်ကို ဘာကြောင့်စိုးရိမ်နေရတာလဲ၊ ပြောပါဦး၊ ညီမက ကျုပ်အတွက် စိုးရိမ်နေတာ အကြောင်းတစ်ခုခုရှိမယ်ထင်တယ်"

ချိုယင်းဝေ၏အမေးစကားကြောင့် တိမ်ဝေကျူး၏မျက်နှာလေး နီရဲသွားကာ...

"အစ်ကိုက အစ်ကိုတိမ်ရှုလေးရဲ့မိတ်ဆွေ ဖြစ်နေတော့ ကျွန်မက အစ်ကိုတစ်ယောက်လို စိုးရိမ်ပြီး ပြောမိတာပါ"

ချိုယင်းဝေ လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူးညီမရယ်၊ ညီမ သည်လိုသဘောထားတာ သိရလို့ ကျေးဇူးတင်ပါတယ်၊ ကျုပ်ကလည်း ညီမကို..."

စကားဆုံးအောင်မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။ တိမ်ဝေကျူးက ချိုယင်းဝေကို ခေါင်းမော့ကြည့်လိုက်လေသည်။

ချိုယင်းဝေက...



"ကျုပ်က ညီမကို ညီမလေးတစ်ယောက်လို သဘောထားပါတယ်"

ဟု ပြောလိုက်သည်။

ဤတွင် တိမ်ဝေကျူးလည်း အားမလိုအားမရဖြစ်ကာ ပြေးထွက်သွားလေတော့သည်။

◆ ◆ ◆

တိမ်ဝေကျူး ပြန်သွားပြီးနောက် ချိုယင်းဝေထံသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။

သူဌေးသား မင်းသားလေးတစ်ယောက်ဖြစ်သည်။

မင်းသားလေးသည် တိမ်ဝေကျူးကို တစ်ဘက်သတ် မေတ္တာသက်ဝင်နေသူလည်း ဖြစ်သည်။

ထို့အပြင် သူရဲကောင်းစူးခုံးယက်ကို အားကျကာ ကြည်ညိုလေးစား နေသူလည်း ဖြစ်သည်။

မင်းသားလေးသည် တိမ်ရှုလေးနှင့်အတူ ချိုယင်းဝေထံသို့ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

မင်းသားလေးသည် တိမ်ရှုလေး၏မိတ်ဆက်ပေးမှုကြောင့် ချိုယင်းဝေနှင့် ခင်မင်ရင်းနှီးနေပြီဖြစ်သည်။

မင်းသားလေးက ချိုယင်းဝေကို ဦးညွှတ်ပြီး ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးရဲ့စိန်ခေါ်တဲ့စာကြောင့် ကာလျှံမြို့မှာသာမက သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီဗျ"

ချီယင်းဝေ ပြုံးလိုက်သည်။

"ကောင်းတာပေါ့ဗျာ"

မင်းသားလေး ခေါင်းခါယမ်းလိုက်သည်။

"မကောင်းဘူးဗျ"

"ဘယ်လိုမကောင်းတာလဲ ပြောပါဦး"

"စူးခုံးယက်က သူ့ရဲ့ကောင်းတစ်ယောက်ပါ၊ သူ့ကိုသိုင်းလောကတစ်ခုလုံးက ချီးကျူးပြီး ရိုသေလေးစားကြတာ၊ နောင်ကြီးစိန်ခေါ်လိုက်တာဟာ"

ဆက်ပြောရမည်ကို အားနာသည့်အလား မပြောဘဲနေလိုက်လေသည်။

ချီယင်းဝေက...

"ကျုပ်က မှားယွင်းနေတယ်လို့ ပြောချင်တာလား၊ ဒါမှမဟုတ် စူးခုံးယက်ကို စော်ကားသလိုဖြစ်နေတယ်လို့ ပြောချင်တာလား"

ဟု ပွင့်ပွင့်လင်းလင်း မေးလိုက်လေသည်။

မင်းသားလေးက...

"ကျုပ်ပြောတာ မဟုတ်ပါဘူးဗျာ၊ အားလုံးက သည်လိုပဲ ပြောနေကြတာပါ"

ချီယင်းဝေက...



"ကျုပ်က သိုင်းလောကသားတစ်ယောက်ပါ၊ သိုင်းလောကစည်းကမ်းအတိုင်း ဘယ်သူ့ပညာက သာသလဲဆိုတာ သိချင်လို့ စိန်ခေါ်လိုက်တာပါ၊ ဒါဟာ ထူးခြားတဲ့ကိစ္စ မဟုတ်ပါဘူး"

မင်းသားလေး သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် နောင်ကြီးက သူ့ကို စိန်မခေါ်ဘဲ မိတ်ဆွေတစ်ယောက်လို သဘောထားရင် ပိုကောင်းတာပေါ့ဗျာ"

ချီယင်းဝေက...

"ကျုပ်တို့ဟာ မိတ်ဆွေတွေပါပဲဗျာ"

မင်းသားလေးက တိမ်ရှိုလေးအား ကြည့်လိုက်သည်။

တိမ်ရှိုလေး ပခုံးတွန့်ပြလိုက်သည်။

ချီယင်းဝေသည် အလွန်ခေါင်းမာပြီး နားချ၍ရမည့်လူစားမျိုး မဟုတ်ဆိုသည့်သဘော ဖြစ်လေသည်။

ချီယင်းဝေက...

"ကျုပ်က သိုင်းလောကထုံးစံအတိုင်း တစ်ယောက်နဲ့တစ်ယောက် ပညာချင်းဖလှယ်ဖို့ စိန်ခေါ်လိုက်တာပါ၊ ရန်သူလိုသဘောထားလို့ မဟုတ်ပါဘူး၊ ဘာမှစိတ်မပူပါနဲ့ဗျာ"

"ကောင်းပါပြီဗျာ"

မင်းသားလေးက ထပ်မပြောတော့ပါ။

ထို့နောက် သုံးယောက်သား ရေနွေးကြမ်းသောက်ကာ ထွေရာလေးပါး ပြောဆိုနေလိုက်ကြလေသည်။

ချီယင်းဝေက စကားပြောဆိုနေသော်လည်း စိတ်ပါလက်ပါ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါချေ။

သူ၏စိတ်က တခြားရောက်နေခြင်းကြောင့် ဖြစ်သည်။

သူက စူးခုံးယက်နှင့် ပတ်သက်ခဲ့ပုံများကို ပြန်လည်တွေးတောစဉ်းစားနေမိခြင်းကြောင့် ဖြစ်လေသည်။

◆ ◆ ◆

ချီယင်းဝေသည် သူဌေးဝမ်းယန်ထံမှ ထွက်ကာ သိုင်းလောကထဲရောက်လာလေသည်။

သိုင်းလောက၌ အများအကျိုး ဆောင်ရွက်ကာ အဖြူရောင်သိုင်းသမားဘဝ ခံယူ၍ကျင်လည်ကျက်စားခဲ့လေသည်။

မတရားမှုများကို ဖြေရှင်းသည်။

လူဆိုးလူယုတ်မာများ၊ ဓားပြများ၊ အနက်ရောင်သိုင်းသမားများအား ဆုံးမနှိမ်နင်းသည်။

သို့ဖြင့် ချီယင်းဝေလည်း သိုင်းလောက၌ နာမည်ရလာခဲ့လေသည်။

ချီယင်းဝေ မျှော်လင့်ထားသည့်ဘဝကို တဖြည်းဖြည်းရရှိလာသော်လည်း ချီယင်းဝေ ကျေနပ်နိုင်ခြင်းမရှိသေးပါချေ။

သူက စူးခုံးယက်နှင့် သူဌေးဝမ်းယန်တို့၏ကိစ္စကို ဖြေရှင်းနိုင်ခြင်း မရှိသေးခြင်းကြောင့် ဖြစ်လေသည်။

သူဌေးဝမ်းယန်က လူယုတ်မာကြီးဖြစ်သကဲ့သို့ စူးခုံးယက်က ကြေးစားလူသတ်သမားဖြစ်သည်။

သူတို့နှစ်ယောက်၏ မကောင်းသောလုပ်ရပ်များနှင့် ဘဝမှန်ကို ဖော်ထုတ်နိုင်ခြင်းမရှိသေးခြင်းကြောင့် ဖြစ်သည်။

တစ်နေ့...။

စူးခုံးယက်က ထင်ရှားကျော်ကြားနေသော နာမည်ကြီးသိုင်းသမားညီအစ်ကိုနှစ်ယောက်နှင့် သိုင်းပညာဆွေးနွေးဖလှယ်မည်ဟူသောသတင်းကြားလိုက်ရလေသည်။

ချီယင်းဝေ အကြိုက်တွေ့သွား၏။

"စူးခုံးယက် ဘာတွေကြံစည်နေပြန်ပြီလဲ မသိဘူး၊ သူ့ကိုငါသွားတွေ့မယ်"

ဟု ဆုံးဖြတ်လိုက်လေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

တောလမ်းအတိုင်း မြင်းစီးသမားတစ်ယောက် ခရီးနှင်လာလေသည်။

ချီယင်းဝေ ဖြစ်လေသည်။

ချီယင်းဝေက စူးခုံးယက်နှင့်တွေ့ဆုံရန် ခရီးနှင်လာခြင်းဖြစ်လေသည်။

သုံးရက်တိုင်တိုင် ခရီးပြင်းနှင်လာခဲ့ပြီး စူးခုံးယက်နှင့် နာမည် ကြီးသိုင်းသမားနှစ်ယောက် ယှဉ်ပြိုင်ရန်ချိန်းဆိုထားသည့် မြို့ကလေးနှင့် တဖြည်းဖြည်း နီးကပ်လာလေတော့သည်။

ချီယင်းဝေ တောလမ်းအတိုင်း ခရီးနှင်လာရင်း တစ်နေရာသို့အရောက်တွင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ချီယင်းဝေ ရင်ထိတ်သွားလေသည်။

မြင်းဇက်ကြိုးကို တင်းတင်းဆွဲကာ ရပ်တန့်လိုက်လေသည်။



"ဟီး...ဟီး...ဟီး"

မြင်းညိုကြီးက ရှည်လျားစွာဟီကာ ပဒပ်ရပ်လိုက်သည်။

ချီယင်းဝေလည်း မြင်းပေါ်မှ ကပျာကယာဆင်းလိုက်လေသည်။

ထို့နောက်...

အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ ဦးတည်ပြေးလွှားသွားလိုက်လေသည်။

သစ်ပင်ချုံနွယ်များကြားမှဖြတ်ကာ ပြေးလွှားသွားရာ မကြာပါချေ။ တောအုပ်ဘက်သို့ ရောက်သွားလေသည်။

ထိုနေရာတွင် မြေကွက်လပ်တစ်ခု ရှိနေသည်။

မြေကွက်လပ်၌ မကြာသေးမီက တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့ကြောင်း တွေ့မြင်လိုက်ရလေသည်။

လဲကျသေဆုံးနေသူများနှင့် ကျိုးပဲ့နေသော လက်နက်အပိုင်းအစများကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

"ဟာ"

ချီယင်းဝေ ထိတ်လန့်သွားလေသည်။

လဲကျသေဆုံးနေသူ ဆယ့်လေးငါးယောက်ရှိနေပြီး မြေပေါ်၌ သွေးအိုင်ထွန်းနေသည်။

"ရက်ရက်စက်စက် အသတ်ခံလိုက်ကြရတာပဲ"

ထိုစဉ်...

"အင်း...အင်း"

www.burmeseclassic.com

www.burmeseclassic.com



ညည်းတွားသံသဲ့သဲ့နှင့်အတူ လဲကျနေသူတစ်ယောက် လူးလွန့်လှုပ်ရှားလာသည်ကို တွေ့လိုက်ရလေသည်။

"လူတစ်ယောက် အသက်ရှင်နေသေးပါလား"

ချက်ချင်းပြေးသွားပြီး ထိုလူအား ဖေးမလိုက်လေသည်။

ထိုလူမှာ ဒဏ်ရာပြင်းစွာရကာ သေအံ့မူးမူးဖြစ်နေပါသည်။

"ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျားကို ဘယ်သူတိုက်ခိုက်သွားတာလဲ"

ချိုယင်းဝေက အလောတကြီး မေးလိုက်လေ၏။ ထိုလူက...

"ကျုပ်...ကျုပ်တို့ကို ရှူးခုံးယက်က ငှားရမ်းခဲ့တာ၊ ကျုပ်တို့ဟာမြွေခွေးအဖွဲ့ပါ"

မြွေခွေးအဖွဲ့သည် ကြေးစားလူသတ်သမားများဖြင့်ဖွဲ့စည်းထားသည့်အဖွဲ့ ဖြစ်လေသည်။

"ရှူးခုံးယက်က ခင်ဗျားတို့ကို ငှားရမ်းခဲ့တာ ဟုတ်လား"

"ဟုတ်တယ်၊ မင်းရီယံနဲ့မင်းရီဟောက်တို့ညီအစ်ကို နှစ်ယောက်ကို လုပ်ကြံဖို့ပဲ"

ရှူးခုံးယက်သည် သူနှင့် သိုင်းပညာဖလှယ်ရန် ချိန်းထားသည့် ထိပ်တန်းသိုင်းသမားနှစ်ယောက်အား မြွေခွေးအဖွဲ့ကို ငှားရမ်းကာလုပ်ကြံခိုင်းခဲ့ချေပြီ။ ချိုယင်းဝေက...

"ခင်ဗျားတို့ကို ဘယ်သူက တိုက်ခိုက်သွားတာလဲ"

ထိုလူက....

"ရှူးခုံးယက်"



ချိုယင်းဝေ အံ့ဩသွားလေသည်။

"ရှူးခုံးယက်က ခင်ဗျားတို့ကို တိုက်ခိုက်သွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ခင်ဗျားတို့ကို သူက ငှားရမ်းထားတာပဲ မဟုတ်လား"

ထိုလူမှာ မကျေမနပ်ဖြစ်နေခြင်းကြောင့် ခံစားနေရသည့် ဝေဒနာကို အမှုမထားဘဲ ပြောချင်သည့်စကားများကို အားယူကာ ပြောနေတော့သည်။

"ရှူးခုံးယက်က မင်းရီယံတို့ညီအစ်ကိုနှစ်ယောက်က သူနဲ့ယှဉ်ပြိုင်ဖို့လက်မခံဘဲ မိတ်ဆွေတွေလို ဆက်ဆံချင်တဲ့အကြောင်း ပြန်ကြားလိုက်လို့ သူတို့ဟာ မိတ်ဆွေတွေလိုဖြစ်သွားကြပြီဗျ။ ကျုပ်တို့ကို မလိုအပ်တော့တာနဲ့ ခုလို..."

ပြောရင်း ချောင်းတဟွတ်ဟွတ်ဆိုးလာကာ ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။

ချိုယင်းဝေ၏ရင်ခွင်ထဲမှာပင် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။ ချိုယင်းဝေ စိတ်ပျက်သွားတော့သည်။

"လူတွေက ဘာကြောင့် ရှူးခုံးယက်ကို သည်လောက်တောင် အထင်ကြီးနေရတာလဲ"

ရှူးခုံးယက်အား မကျေနပ်သည့်စိတ်များ ပို၍ပြင်းထန်လာလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက စုံးခုံးယက်တို့ ပြိုင်ပွဲမဖြစ်တော့မှန်း သိလိုက်ရသော်လည်း မြို့ကလေးသို့ ဆက်၍ခရီးနှင်သွားခဲ့လေသည်။

ထိုမြို့ကလေးသို့ မင်းရီယံတို့ညီအစ်ကိုအား လာရောက်ဖို့ စုံးခုံးယက်က ချိန်းလိုက်ခြင်းဖြစ်လေသည်။

ယခု...

ထိုမြို့ကလေးသို့ မင်းရီယံတို့ ညီအစ်ကိုနှစ်ယောက်ကော စုံးခုံးယက်ပါ ရောက်လာကြတော့မည် မဟုတ်ကြောင်း မြို့ထဲရောက်လျှင် သိလိုက်ရလေသည်။

ချိုယင်းဝေ ဝိုပြီး အားမလိုအားမရ ဖြစ်သွားလေသည်။

"မင်းရီယံတို့ ရောက်မလာတာက အရေးမကြီးဘူး၊ စုံးခုံးယက်ရောက်မလာတာက ဆိုးတယ်၊ သူ့ကိုလိုက်ရှာရတာကလည်း မလွယ်ဘူး"

စုံးခုံးယက်သည် သိုင်းလောကတနံတလျား သွားနေသူဖြစ်ပြီး ဟိုဆို သည်ရောက်သူ မဟုတ်ပါလား။

ချိုယင်းဝေက ခရီးပမ်းနေသည့်အလျောက် ဘာမှမတတ်သာတော့ဘဲ ထိုမြို့ကလေးရှိ တည်းခိုခန်းတစ်ခု၌ အခန်းငှားရမ်းကာ အနားယူလိုက်လေတော့သည်။

◆ ◆ ◆



## တွေ့ဆုံခြင်း

ခရီးပမ်းလာသည့်အလျောက် ချိုယင်းဝေသည် ညက နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့လေသည်။

နံနက်မိုးစင်စင်လင်းမှ အိပ်ရာမှနိုးလာပြီး ဗိုက်ထဲဆာလောင်နေသဖြင့် တည်းခိုခန်းအောက်ထပ်ရှိ စားသောက်ခန်းမသို့ ဆင်းလာခဲ့လေသည်။

နံနက်စောစောအချိန် ဖြစ်ရကား စားသောက်ခန်းထဲ၌ စားသောက်သူ အနည်းငယ်သာရှိလေသည်။

ချိုယင်းဝေက ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ နေရာယူကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

စားသောက်ခန်းမထဲသို့ လူတစ်ယောက် ဝင်လာပြီး ထိုလူ ကချိုယင်းဝေထံသို့ တန်းတန်းမတ်မတ် လျှောက်လာလေသည်။

ချိုယင်းဝေသည် စားသောက်နေရင်း ထိုလူကိုတွေ့မြင်သွား လျှင် အံ့သြသွားသေလည်။

"ဟင် စူးခုံးယက်ပါလား"

ထိုလူကား အနီးသို့ရောက်လာပြီဖြစ်သည်။

စူးခုံးယက် ဖြစ်သည်။

စူးခုံးယက်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို ထိုင်ခွင့်ပြုပါလား"

"ထိုင်ပါ..ထိုင်ပါ"

ချိုယင်းဝေ သတိမထားမိစဉ် ထိုင်ခွင့်ပြုလိုက်လေသည်။

စူးခုံးယက်က ချိုယင်းဝေနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက် လေသည်။

တဖန် ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ စားကောင်း သောက်ဖွယ်များ မှာကြားလိုက်ပြီး ချိုယင်းဝေကို ဧည့်ဝတ်ပြုလေ သည်။

"သုံးဆောင်လိုက်ပါဦးဗျာ"

ချိုယင်းဝေ လက်မခံပါ။

"ကျုပ် စားပြီးသွားပါပြီဗျာ၊ ကျုပ်က မသန့်ရှင်းတဲ့စားစရာ တွေကို မစားချင်ပါဘူး"



စူးခုံးယက် အံ့သြသွားသည်။

"သည်ဆိုင်က စားစရာတွေဟာ မသန့်ရှင်းဘူး ဟုတ်လား၊ ခင်ဗျား စားသောက်ခဲ့သေးတာပဲ မဟုတ်လား"

ချိုယင်းဝေက...

"ကျုပ်က သန့်ရှင်းတဲ့ငွေနဲ့ဝယ်ပြီး စားသောက်တော့ သန့် ရှင်းတာပေါ့ဗျာ"

"သြော်"

စူးခုံးယက် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကျုပ်ငွေက မသန့်ရှင်းလို့ ကျုပ်ရဲ့စားစရာတွေက မသန့် ရှင်းဘူးလို့ ပြောချင်တာပေါ့"

"ဒါတော့ ခင်ဗျားအကြောင်း ခင်ဗျားသိပါတယ်"

ချိုယင်းဝေက အမှုမထားဟန်ဖြင့် ပြောလိုက်သည်။

စူးခုံးယက် ပြုံးလိုက်သည်။

"ကျုပ်ငွေက သန့်ရှင်းပါတယ်ဗျာ၊ ကျုပ်ဟာ ကြေးစားလူ သတ်သမားတစ်ယောက်လို့ ခင်ဗျား အထင်မှားနေပြီး ကျုပ်ကို သဘောမကျနိုင်အောင်ဖြစ်နေတယ်ဆိုတာ ကျုပ်သိပါတယ်"

ချိုယင်းဝေ ခေါင်းညိတ်လိုက်သည်။

"ဒါ အမှန်ပဲ"

စူးခုံးယက်က...

"ကျုပ်ဟာ ခင်ဗျားထင်သလို ကြေးစားတစ်ယောက်မ ဟုတ်ဘူးဆိုရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ပြင်းလို့ ကျုပ်ယုံမယ်ထင်လို့လား"

"စိတ်ချ တစ်နေ့ ကျုပ်လက်တွေ့သက်သေပြပါ့မယ်"

ချိုယင်းဝေ မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျား လက်တွေ့သက်သေပြမယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လို သက်သေပြမှာလဲ"

စူးခုံးယက်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"သိုင်းလောကထဲမှာ ဓားပျော့ကိုင်တဲ့ ကြေးစားလူသတ်သမားတစ်ယောက်ဟာ အတော်သတင်းကြီးနေပါတယ်၊ အကြောင်းမသိသူတွေကတော့ ကျုပ်ကို အထင်မှားနေကြတယ်၊ ဒါပေမယ့် အဲဒီကြေးစားဟာ ဘယ်သူဘယ်ဝါဆိုတာ တစ်နေ့ ကျုပ်ဖော်ထုတ်ပြပါ့မယ်၊ ဘယ်သူဘယ်ဝါဖြစ်နိုင်တယ်ဆိုတာ ကျုပ်ရိပ်မိတန်သလောက် ရိပ်မိထားပြီးပါပြီ"

ချိုယင်းဝေက…

"ခင်ဗျားမဟုတ်ဘဲ တခြားလူတစ်ယောက်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဘယ်သူလဲ"

"စိတ်ချ ဘယ်သူဘယ်ဝါဆိုတာ တစ်နေ့ ကျုပ်ဖော်ထုတ်ပြပါ့မယ်"

ချိုယင်းဝေက…



"ခင်ဗျား သေချာတယ်နော်"

"သေချာပါတယ်၊ ကျုပ်က တရားခံအစစ်ကို ဖော်ထုတ်ပြမယ်ဆိုရင် ခင်ဗျားကကျုပ်ကို ရန်သူလို သဘောမထားရတော့ဘူးနော်"

စူးခုံးယက်၏စကားကြောင့် ချိုယင်းဝေ ရယ်မောလိုက်လေသည်။

"ခင်ဗျားက ကြေးစားလူသတ်သမား မဟုတ်ဘူးဆိုရင် ကျုပ်က ရန်သူလို သဘောထားစရာအကြောင်း ဘယ်ရှိပါ့မလဲ"

စူးခုံးယက် ဦးညွှတ်လိုက်သည်။

"ကျေးဇူးပါပဲဗျာ"

စူးခုံးယက်က သက်ပြင်းချရင်း…

"သည်လူက အတော်ကိုပါးနပ်တယ်၊ ကျုပ်ကို အထင်မှားကုန်အောင် သူလုပ်တတ်တယ်၊ လူတွေက ကျုပ်ကို အာရုံရောက်နေရင် သူလွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရတာပေါ့၊ ဘယ်သူကမှ သတိ မထားမိတော့ဘူးပေါ့"

ချိုယင်းဝေက…

"ခင်ဗျားပြောတဲ့အတိုင်း မှန်နေရင်တော့ သည်လူဟာ တော်တော်ဆိုးတဲ့ လူတစ်ယောက်ပဲ"

စူးခုံးယက်က…

"စိတ်ချပါ၊ သည်လူပြေးလို့ မလွတ်ပါဘူး၊ တစ်နေ့ သူ့ကို ဖော်ထုတ်ဆုံးမနိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူတို့နှစ်ယောက် မိတ်ဆွေများသဖွယ် ရင်းရင်းနှီးနှီးပြောဆို ဆက်ဆံခဲ့ကြလေသည်။

◆ ◆ ◆

တိမ်ရှိုလေးနှင့်မင်းသားလေးတို့ ထွက်သွားကြပြီဖြစ်သည်။

ချီယင်းဝေ သတိဝင်လာသောအခါ စားပွဲ၌ သူတစ်ယောက်ထဲ ကျန်ရစ်ခဲ့ပြီး ငှဲ့ထားသော ရေနွေးကြမ်းခွက်မှာလည်း အေးစက်နေပြီ ဖြစ်လေသည်။

ချီယင်းဝေမှာ အတွေးလွန်နေပြီး ဘယ်အချိန်က တိမ်ရှိုလေးတို့ ထွက်သွားသည်ကိုပင် မသိနိုင်အောင် ဖြစ်ခဲ့ရလေတော့သည်။

ချီယင်းဝေက အေးစက်နေသော ရေနွေးကြမ်းခွက်ကိုယူကာ မော့သောက်လိုက်သည်။

ထို့နောက် ထိုင်ရာမှထကာ ထွက်လာခဲ့လေသည်။

သူ၏ဆောင်ဓားကို တစ်ခါထဲယူလာခဲ့သည်။

ကိုယ်တိုင်သွေး၍ မကျေနပ်သေးဘဲ ပန်းပဲဖို၌ သွားသွေးခိုင်းဖို့စိတ်ကူးထားသည်။

သူရင်ဆိုင်ရမည့်သူမှာ ဓားပျော့ကို အလွန်ကျွမ်းကျင်သူ မဟုတ်ပါလား။

ဓားပျော့ကျွမ်းကျင်သူနှင့် ရင်ဆိုင်ရမည့်သူမှာ ကြီးမားလေးလံသော ဓားမျိုးကိုင်ဆောင်မထားသင့်ကြောင်း နားလည်ထား၏။



ဓားပျော့သည် အလွန်ပါးလွှာပြီး ထက်မြက်သောဓားအမျိုးအစားဖြစ်ရကား ဓားပျော့နှင့်ထိပ်တိုက်ထိတွေ့ရသောဓားသည် ဓားပျော့ထက် ပို၍ထက်မြက်ရမည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ချီယင်းဝေက သူ၏ဓားကို ပို၍ ပို၍ထက်အောင် စီစဉ်နေခြင်းဖြစ်လေသည်။

ပန်းပဲဖိုသို့သွားရန် ရည်ရွယ်ကာ ထွက်လာရင်း မြို့ထဲသို့ရောက်လျှင်...

"ဗျို့နောင်ကြီး"

နောက်ကျောဘက်မှ ခေါ်သံထွက်ပေါ်လာခြင်းကြောင့်လှည့်ကြည့်လိုက်လျှင် မင်းသားလေးက ခေါ်လိုက်ခြင်းဖြစ်ကြောင်းတွေ့ရလေသည်။

"မင်းသားလေးပါလား"

မင်းသားလေးက ခပ်သုတ်သုတ်လှမ်းလာရင်း ချီယင်းဝေအနီးသို့ ရောက်လာလေသည်။

ချီယင်းဝေကို အကဲခတ်ရင်း...

"နောင်ကြီး သတင်းကြားပြီးပြီလား"

ဟု မေးလာလေသည်။

ချီယင်းဝေက...

"ဘာသတင်းကို ပြောတာလဲ"

မင်းသားလေးက...

www.burmeseclassic.com

www.burmeseclassic.com



"သူရဲကောင်းစူးခုံးယက်ရဲ့သတင်းကို ပြောတာပါ"

"စူးခုံးယက်က ဘာဖြစ်လို့လဲ"

"သူက စုဟိုက်ဘုန်းကြီးကျောင်းမှာ ရောက်နေပြီဗျ"

ချီယင်းဝေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

စုဟိုက်ဘုန်းကြီးကျောင်းသည် ကာလျှံမြို့နှင့် အနည်းငယ် အလှမ်းဝေးလေသည်။

စုဟိုက်ဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီးများသည် သိုင်းပညာတတ်မြောက်ထားပြီး အများအကျိုးဆောင်ရွက်နေကြသူများ ဖြစ်သည်။

စုဟိုက်ကျောင်း၌ အစွမ်းထက်သော သိုင်းကျမ်းများ စုဆောင်းသိမ်းဆည်းထားသည်ဟုလည်း သတင်းကြီး၏။

သိုင်းလောက၌ ကျင်လည်ကျက်စားရင်း ချီယင်းဝေက ထိုသတင်းကို ကြားမိခဲ့ခြင်းဖြစ်လေသည်။

မင်းသားလေးက...

"စူးခုံးယက်ဟာ စုဟိုက်ဘုန်းကြီးနဲ့ ခင်မင်ရင်းနှီးကြတယ်ဗျ၊ စုဟိုက်ဘုန်းကြီးကလည်း သိုင်းလောကမှာ သတင်းကြီးနေတယ် မဟုတ်လားဗျာ"

ချီယင်းဝေက...

"စူးခုံးယက်က စုဟိုက်ဘုန်းကြီးကျောင်းကိုဝင်ပြီးရင် သည်မြို့ကို လာမှာပဲမဟုတ်လား"

မင်းသားလေးက...



"အရင်ကတော့ ကာလျှံမြို့ကိုလာဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်၊ ခုတော့ လာမယ်မလာဘူးဆိုတာ မသေချာတော့ပါဘူး"

ချီယင်းဝေ ပြုံးလိုက်သည်။

"မပူပါနဲ့ဗျာ၊ သူရောက်လာမှာ သေချာပါတယ်"

မင်းသားလေးက...

"ဘာဖြစ်လို့လဲ"

"ကျုပ်က သူ့ကို စိန်ခေါ်ထားတာပဲ မဟုတ်လား"

ချီယင်းဝေ၏စကားကြောင့် မင်းသားလေး စိတ်ပျက်သွားလေသည်။

"သည်မြို့ကလူတွေဟာ သူရဲကောင်းစူးခုံးယက် ရောက်လာရင် ကြိုဆိုပြီးဧည့်ခံဂုဏ်ပြုချင်နေကြတာ၊ သိုင်းလောကနဲ့ နီးစပ်ပြီးတတ်နိုင်တဲ့လူတွေဆိုရင် ဧည့်ခံပွဲကို ကြီးကြီးကျယ်ကျယ် ကျင်းပနိုင်အောင် ကြိုတင်ပြင်ဆင်ထားကြတာ၊ ဒါပေမယ့်.."

ချီယင်းဝေက...

"ကျုပ်က အနှောက်အယှက်ပေးခဲ့တယ် ဆိုပါတော့"

မင်းသားလေးက...

"လူတွေကတော့ သူရဲကောင်းစူးခုံးယက်ကို စိန်ခေါ်လိုက်တဲ့အတွက် ခင်ဗျားကို သဘောမကျနိုင်အောင် ဖြစ်နေကြတာ အမှန်ပဲဗျ"

ချီယင်းဝေ ပခုံးတွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မဟုတ်တာလုပ်တာမှ မဟုတ်ပဲ၊ သိုင်းလောက ထုံးစံအတိုင်း ဆောင်ရွက်တာပဲလေ"

မင်းသားလေးက…

"နောင်ကြီးက ရှုးခုံးယက်နဲ့ တကယ်ပဲယှဉ်ပြိုင်ချင်တာ ဟုတ်လား"

ချီယင်းဝေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ သူနဲ့ယှဉ်ပြိုင်ချင်လို့တောင် ကျုပ် စိန်ခေါ်လိုက်တာပေါ့"

မင်းသားလေးက…

"ဒါဖြင့် သည်မြို့ကို ရောက်လာတဲ့အထိ ဘာကြောင့်စောင့်နေရတာလဲဗျ"

ချီယင်းဝေ မျက်မှောင်ကုပ်သွားလေသည်။

"စုဟိုက်ဘုန်းကြီးကျောင်းကို ကျုပ်လိုက်သွားသင့်တယ်လို့ ခင်ဗျား ပြောချင်တာလား"

မင်းသားလေး ပွင့်ပွင့်လင်းလင်း ပြောလေသည်။

"ဟုတ်တယ်၊ ခင်ဗျားရဲ့ကိစ္စ မြန်မြန်ပြီးပြတ်သွားရင်ပြီးတာပဲမဟုတ်လား၊ သူရဲကောင်းရှုးခုံးယက်လည်း သည်မြို့ကိုဆက်ပြီး လာနိုင်လိမ့်မယ် မဟုတ်လား"

ရှုးခုံးယက်က သူ့အား အနိုင်ယူဆုံးမကာ ကိစ္စတစ်ခုပြီးပြတ်သွားစေမည်။

သူလာစရာရှိသည့် ကာလျှံမြို့သို့ ဆက်၍လာလိမ့်မည် ဟု



သဘောထားနေကြောင်း ထင်ရှားနေပါတော့သည်။

ချီယင်းဝေ မကျေမနပ်ဖြစ်သွားလေသည်။

"ကောင်းပြီ ကျုပ်က စုဟိုက်ဘုန်းကြီးကျောင်းကို လိုက်သွားမယ်"

ဟု ပြောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေမှာ စိတ်မြန်လက်မြန်ရှိသူ ဖြစ်လေသည်။

တိမ်ရှိလေးထံသို့ ချက်ချင်းပြန်သွားပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

ထို့နောက် တိမ်ရှိလေးနှင့်တိမ်ဝေကျူးတို့အား နှုတ်ဆက်ကာ ထွက်လာလေသည်။

တိမ်ရှိလေးက ချိုယင်းဝေး မြို့ပြင်သို့တိုင်အောင် လိုက်လံပို့ဆောင်ပေးရင်း..

"ချိုယင်းဝေ မင်းကို ငါမတားချင်ဘူး မင်းက ဘယ်လိုကိစ္စမျိုးဖြစ်ဖြစ် သတိထားပြီး ဆောင်ရွက်ပါ၊ စိတ်လိုက်မာန်ပါ မလုပ်မိအောင်သတိထားစေချင်တယ်"

ဟု သတိပေးလိုက်လေသည်။

ချိုယင်းဝေက ပြီးစလွယ်ပြောလိုက်သည်။

"အေးပါကွာ ငါသတိထားပါ့မယ်"

တိမ်ရှိလေးက...

"ငါတို့မြို့ကလူတွေကော ငါ့ညီမကော စုဟိုက်ကျောင်းကို ဘုရားပန်းသွားလှူလေ့ရှိတယ်၊ မင်းက စုဟိုက်ဘုန်းကြီးကျောင်းကို ရောက်သွားရင် ငါတို့မြို့ကလူတွေနဲ့ အဆက်အသွယ်ပြတ်သွားမှာ မဟုတ်ဘူး၊ အကြောင်းတစ်ခုခုရှိရင် ငါ့ကို အကြောင်းကြားဆက်သွယ်လို့ရတယ်"

"အေးပါကွာ"

"မင်း သတိထားနော် စူးခုံးယက်က.."



"ငါသွားတော့မယ်"

ချိုယင်းဝေသည် တိမ်ရှိလေး၏စကား ဆုံးအောင် မစောင့်ဘဲ ထွက်သွားလေတော့သည်။

◆ ◆ ◆

စူးခုံးယက်က စုဟိုက်ဘုန်းကြီးကျောင်း၌ ရောက်နေ၏။

ချိုယင်းဝေ ခံပြင်းနေသည်။

"ကျုပ်နဲ့မယှဉ်ဘဲ ရှောင်သွားလို့မရဘူး"

ဟုကြုံးဝါးကာ စုဟိုက်ဘုန်းကြီးကျောင်းသို့ ဦးတည်ကာ ခရီးပြင်းနှင်တော့သည်။

သို့သော်...

အမြန်လိုအနှေးဖြစ်ဆိုသလို လမ်းခရီး၌ မမျှော်လင့်သော အနှောက်အယှက်တစ်ခု ဖြစ်ပေါ်လာလေသည်။

တောလမ်းတစ်ခုမှ ဖြတ်လိုက်လျှင်...

"ရပ်လိုက်"

လူတစ်စု ထွက်ပေါ်လာပြီး ရှေ့ဆက်သွား၍မရအောင် လမ်းပိတ်ဟန့်တား ထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ချိုယင်းဝေ မကျေမနပ်ဖြစ်သွား၏။

မြင်းပေါ်မှလွှားခနဲ ခုန်ဆင်းကာ ထိုလူများနှင့် ရင်ဆိုင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများအား တစ်ချက်ငေ့ကြည့်လိုက်ပြီး...

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်ကိုနှောက်ယှက်ရတာလဲ"

ဟု မေးလိုက်လေသည်။

ထိုလူစု၏ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက...

"မင်းကို ရှေ့ဆက်မသွားစေချင်လို့ပေါ့"

"ဘာ"

"အေးအေးဆေးဆေး နောက်လှည့်ပြန်သွားတာ မင်းအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်"

ချီယင်းဝေက...

"ကျုပ် ပြန်မသွားဘူးဆိုရင်ကော"

"မင်းကို မောင်းထုတ်ရမှာပေါ့"

"ဟား...ဟား...ဟား...ခင်ဗျားတို့ကို ကြည့်ရတာ စူးခုံးယက်ကိုထောက်ခံသူတွေ ဖြစ်လိမ့်မယ်"

ခေါင်းဆောင်လုပ်သူက...

"ကျုပ်တို့ သူဌေးထိကုံးကွေးက သူရဲကောင်းစူးခုံးယက်နဲ့ မဟာမိတ်ဖွဲ့ဖို့ စိစဉ်ထားတယ်၊ ဒါကြောင့် စူးခုံးယက်ကို ဘယ်သူမှ နှောက်ယှက်တာ မလိုချင်ဘူး"

ချီယင်းဝေ မျက်မှောင်ကုပ်သွား၏။

"သူဌေးထိကုံးကွေး ဟုတ်လား"

"ဟုတ်တယ်"



"စူးခုံးယက်နဲ့ မဟာမိတ်ဖွဲ့ချင်တယ်ဆိုတော့ ခင်ဗျားတို့ သူဌေးထိကုံးကွေးလည်း လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူးထင်တယ်"

"မင်း...မင်း...စော်ကားလှချည်လား"

ခေါင်းဆောင်လုပ်သူ ဒေါသထွက်သွားလေသည်။

"သူ့ကို ဆုံးမလိုက်ကြစမ်း"

သူ၏လူများကို အမိန့်ပေးလိုက်သလို ကိုယ်တိုင်လည်း ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

ချီယင်းဝေ မဲ့ပြုံးပြုံးလိုက်သည်။

"စူးခုံးယက်ကို မဆုံးမခင် သူ့ရဲ့အပေါင်းအပါတွေကို အရင်ဆုံး ဆုံးမရသေးတာပေါ့"

ဟုကြုံးဝါးကာ ထိုလူများအား တိုက်ခိုက်လိုက်လေသည်။

တောလမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာပြီး...

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဟန့်တားလာကြသူများ ချီယင်းဝေ၏လက်ချက်မိကာ ဖရိုဖရဲလွင့်စဉ်သွားကြလေတော့သည်။

ထိုလူများသည် အထိနာသွားကြသဖြင့် ဆက်လက်တိုက်ခိုက်ခြင်းမပြုဝံ့တော့ဘဲ နောက်ဆုတ်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သတိထားနေပါ"

ချိုယင်းဝေကို ခြိမ်းခြောက်ပြီး ထွက်သွားကြလေတော့သည်။

◆ ◆ ◆

ချိုယင်းဝေသည် လမ်းခရီး၌ နှောက်ယှက်ဟန့်တားသူများကြောင့် စိတ်အနှောက်အယှက်ဖြစ်ရလေသည်။

ထို့နောက် စုဟိုက်ဘုန်းကြီးကျောင်းသို့ ဆက်ပြီးခရီးနှင်လိုက်လေသည်။

စုဟိုက်ကျောင်းသို့ မရောက်မီ ငါးမိုင်ခန့်အလိုတွင် နောက်ထပ်ပြဿနာတစ်ရပ် ပေါ်ပေါက်လာလေသည်။

သူစီးလာသောမြင်းခြေထောက်မှ သံခွာများပြုတ်ထွက်သွားခြင်းဖြစ်လေသည်။

သံခွာပြုတ်သွားသဖြင့် ချိုယင်းဝေ ဆက်ပြီးစီးနင်းသွား၍ မရတော့ပေ။

"ကဲ နေရစ်ခဲ့ပေတော့"

ချိုယင်းဝေက မြင်းကိုလွှတ်ပေးလိုက်ပြီး ခြေလျင်ခရီးဆက်ခဲ့လေသည်။

ခရီးဖင့်ရခြင်းကြောင့် ချိုယင်းဝေ မကျေမနပ်ဖြစ်နေရသည့်ကြားထဲ လမ်းတွင် စုဟိုက်ကျောင်းမှ ဆွမ်းများ၊ ပန်းများကပ်လှူပြီး



ပြန်လာသူများနှင့် ဆုံတွေ့လိုက်ရသောအခါ ပို၍မကျေမနပ်ဖြစ်လာလေတော့သည်။

ချိုယင်းဝေသည် စုဟိုက်ကျောင်းမှ ပြန်လာသူများနှင့် လမ်း၌ဆုံတွေ့မိလျှင်...

"ခင်ဗျားတို့ စုဟိုက်ကျောင်းက ပြန်လာခဲ့ကြတာလားဗျာ"

ဟု မေးလိုက်လေသည်။

လူတစ်ယောက်က...

"ဟုတ်တယ် ကိစ္စရှိလို့လား"

"စုဟိုက်ကျောင်းမှာ သူ့ရဲကောင်းစူးခုံးယက်ရှိနေတယ်မဟုတ်လား"

"သူ မရှိတော့ဘူးဗျ"

"ဘာ"

"သူ စုဟိုက်ကျောင်းက ထွက်သွားပြီ"

"ကာလျှံမြို့ကို မသွားတော့ဘူးလား"

"ဟင့်အင်း အရှေ့ဘက်ကိုသွားမယ်လို့ ပြောသံကြားတာပဲ"

ချိုယင်းဝေ ထခုန်လိုက်လေသည်။

"သူက ကျုပ်နဲ့ယှဉ်ပြိုင်ရမှာ ကာလျှံမြို့ကိုမသွားဘဲ ဘာကြောင့် အရှေ့ဘက်ကို ထွက်သွားရတာလဲ"

သူ၏အမေးကို မည်သူမျှ အဖြေမပေးနိုင်ပါ။

"ကျုပ်က အလွတ်ပေးမယ် ထင်သလား"

ချိုယင်းဝေက ကြုံးဝါးပြီး စုဟိုက်ကျောင်းကို မသွားတော့

www.burmeseclassic.com

www.burmeseclassic.com



ဘဲအရှေ့ဘက်သို့ ဦးတည်လိုက်လေသည်။

လမ်းတလျှောက်၌ ရှုးခုံးယက်၏သတင်းကို စုံစမ်းလိုက်လေသည်။

ရှုးခုံးယက်သည် လေကဲ့သို့ ဖမ်းရခက်သည့်လူစားမျိုး မဟုတ်ပါလား။

ချီယင်းဝေက သတင်းစုံစမ်းကာ လိုက်သွားရင်း နောက်ဆုံးမြို့ကလေးတစ်မြို့သို့ ရောက်ရှိသွားလေတော့သည်။

ထိုမြို့လေးမှ မိုးနဂါးစားသောက်ဆိုင်၌ ဝင်ရောက်စားသောက်မိရာမှ...

◆ ◆ ◆



## ပြဿနာ

ခုတင်ပေါ်တွင် ချီယင်းဝေသည် ဘယ်ညာလူးလိမ့်နေလေသည်။

သန်းခေါင်ယံအချိန် ရှိနေပြီဖြစ်သော်လည်း ချီယင်းဝေ အိပ်ပျော်ခြင်းသို့ မရောက်သေးပါ။

တရုတ်ဘုန်းတော်ကြီးကျောင်းတွင် ဘုရားကျမ်းစာများ ရွတ်ဖတ်နေသဖြင့် ချီယင်းဝေသည် အိပ်မပျော်နိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် သူသည် မျက်လုံးကို အတင်းမှိတ်ကာ အိပ်ပျော်ရန်ကြိုးစားနေပေသည်။

သို့သော် အိပ်ပျော်ခြင်းသို့ ရောက်ရှိမလာချေ။

ထို့ကြောင့် နောက်ဆုံး၌ ချီယင်းဝေသည် အိပ်ရာမှထလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြတင်းပေါက်သို့ လျှောက်သွားကာ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်လေသည်။

ပြတင်းပေါက်တံခါးပွင့်သွားသည်နှင့် တပြိုင်နက် အေးစိမ့်သော သန်းခေါင်းယံလေနုကလေးက အခန်းထဲသို့ ချီယင်းဝေကို တိုးဝှေ့ကာ ဝင်ရောက်လာလေတော့သည်။

ချီယင်းဝေကို တိုးဝှေ့ကိုက်ခတ်လာသော သန်းခေါင်ယံလေနုအေးထဲတွင် ပန်းရနံ့များ ရောယှက်၍ပါလာလေသည်။

ထို့ကြောင့် ချီယင်းဝေသည် စိတ်ကြည်နူးလာကာ အေးမြသောညဥ့်လေကို အားရပါးရ ရှူလိုက်လေသည်။

ထို့နောက်...

သူ၏စိတ်ထဲ၌ အပြင်သို့ထွက်ကာ လမ်းလျှောက်ရန် စိတ်ကူးပေါက်လာလေသည်။

ယင်းသို့ စိတ်ကူးပေါက်လာသည်နှင့် တပြိုင်တည်း ချီယင်းဝေသည် ပြတင်းပေါက်အောက်သို့ ခုန်ချလိုက်လေတော့သည်။

အပြင်ဘက်တွင် ချီယင်းဝေသည် အဆောင်နှစ်ခုကို မြင်တွေ့ရလေသည်။

ထိုအဆောင်နှစ်ခုမှာ အရှေ့ဆောင်နှင့် အနောက်ဆောင်ဖြစ်ပြီး မျက်နှာချင်းဆိုင်လျက်ရှိနေပေသည်။

ထိုအရှေ့ဆောင်နှင့်အနောက်ဆောင်တို့အကြား၌ စင်္ကြံလမ်းတစ်ခုရှိလေသည်။

အဆောင်များ၏တစ်ဘက်တွင် ကြီးမားသော အုတ်နံရံဖြင့်



ကာရံထားလေသည်။

ချီယင်းဝေသည် စင်္ကြံလမ်းအတိုင်း လမ်းလျှောက်နေလေသည်။ စင်္ကြံလမ်းအတိုင်း အတန်ကြာလျှောက်မိသောအခါ လှပသောပန်းဥယျာဉ်တစ်ခုကို တွေ့လိုက်ရလေသည်။

ထိုပန်းဥယျာဉ်ထဲ၌ အရောင်အသွေးစုံလင်သော၊ အမျိုးအစားစုံလင်သော ပန်းမာန်များအပြင် စားပင်သီးပင်များပါ စိုက်ပျိုးထားသည်ကို ချီယင်းဝေ တွေ့မြင်ရလေသည်။

သို့ဖြစ်၍ ချီယင်းဝေသည် စိတ်ကြည်နူးကာ လန်းဆန်းလာလေသည်။

ထိုစဉ် ရုတ်တရက် စူးရှသောအသံတစ်ခုက အေးချမ်းသာယာသောညကို ဖြိုခွင်းလိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ထိုစူးရှသောအသံက ချီယင်းဝေကို ရင်ထိတ်စေလေသည်။

ချီယင်းဝေ၏ကိုယ်ခန္ဓာတစ်ခုလုံးကိုလည်း ကြက်သီးမွေးညင်းထသွားစေလေသည်။

ချီယင်းဝေသည် ထိုစူးရှသောအသံ ကြားလိုက်ရသည်နှင့် သူ၏ခြေလှမ်းများ ရပ်တန့်ကာ တဒင်္ဂမျှ ကျောက်ဆစ်ရုပ်ကဲ့သို့ မလှုပ်ရှားဘဲ ရပ်တန့်နေလေသည်။

အတန်ကြာမှ သူသည် စူးရှသောအသံ ပေါ်ထွက်လာရာဘက်သို့ပြေးလွှားသွားလေတော့သည်။

နှစ်ထပ်အဆောက်အအုံ၏ အပေါ်ထပ်အနီးသို့ ရောက်လာသောအခါ လူရိပ်တစ်ခု ခုန်ချသွားသည်ကို ချီယင်းဝေ တွေ့လိုက်ရလေသည်။

ထိုသို့ မြင်တွေ့လိုက်ရသည်နှင့် ချီယင်းဝေသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး...

"ဟေ့...ဘယ်သူလဲ"

ဟု လှမ်းမေးလိုက်သည်။

သူသည် ထိုသို့ လှမ်းမေးလိုက်ရင်း ထိုလူရိပ်ကို သေချာစွာကြည့်လိုက်လေသည်။

ထိုလူသည် ချီယင်းဝေဘက်သို့ လှည့်၍မကြည့်ဘဲ ရှေ့သို့ဆက်ပြေးလေသည်။

ထို့ကြောင့် ချီယင်းဝေသည် ထိုလူ၏နောက်မှပြေးလိုက်ရင်း သူ၏ခြေထောက်ကို မြေကြီးပေါ်သို့ တစ်ချက်ဆောင့်ကာ လေထဲ၌



တစ်ပတ်ကျွမ်းထိုးလိုက်ပြီး တဆက်တည်း ထိုသူ၏နောက်ကျောသို့ လက်ဝါးနှင့်ရိုက်ချလိုက်လေသည်။

ထိုလူသည် ရှေ့သို့ပြေးနေရာမှ ရပ်တန့်လိုက်ပြီး ရုတ်တရက် နောက်သို့လှည့်ကာ မိမိ၏လက်ဝါးနှစ်ဘက်ဖြင့် ရိုက်ချလာသော ချီယင်းဝေ၏လက်ဝါးနှစ်ဘက်ကို ပြန်လည်ရိုက်ထုတ်လိုက်လေသည်။

"ဝုန်း"

ဟူသော လက်ဝါးရိုက်ချက်ပေါ်ထွက်လာပြီး နှစ်ယောက်လုံးနောက်သို့ ခြေလှမ်းသုံးလေးလှမ်းမျှ ပြိုင်တူနောက်ဆုတ်သွားလေသည်။

ထိုလူ၏ခါးတွင် ဓားတစ်ချောင်း ချိတ်ဆွဲထားသော်လည်း ထိုလူသည် မိမိ၏ဓားကိုထုတ်ရန် စိတ်မကူးဘဲ လျှပ်တပြက်နောက်သို့လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

ချီယင်းဝေ ခဏမျှ ငေးကြောင်နေပြီးနောက် ထိုလူ၏နောက်သို့ လျင်မြန်စွာ ပြေးလိုက်သွားလေတော့သည်။

သို့သော် ထိုလူက သူ့ထက်ပိုမိုလျင်မြန်စွာ ပြေးလွှားနေသောကြောင့် ချီယင်းဝေသည် ထိုလူအား လိုက်မမီတော့ချေ။

မကြာမီ...

ထိုလူရိပ်သည် ကျောက်တုံးတစ်ခု၏နောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုကျောက်တုံးနောက်သို့ ချီယင်းဝေ ရောက်သွားသောအ

www.burmeseclassic.com

www.burmeseclassic.com



ခါ ထိုလူ၏အရိပ်အယောင်ကိုပင် မတွေ့ရတော့ချေ။

ထို့ကြောင့် ချိုယင်းဝေသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး မိမိ၏ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ကြည့်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် သူ၏နောက်ကျောဘက်မှ လေတိုးသံအနည်းငယ် ကြားလိုက်ရလေသည်။

တစ်ချိန်တည်းမှာပင် ချိုယင်းဝေ၏စိတ်ထဲ၌ မိမိ၏နောက်ကျောဘက်မှ လက်နက်ပုန်းတစ်ခု ပစ်လွှင့်လာသည်ဟု ခံစားလိုက်ရလေသည်။

ယင်းသို့ ခံစားလိုက်ရသည်နှင့် ချိုယင်းဝေ၏ခန္ဓာကိုယ်သည် ယိမ်းနွဲ့လှုပ်ရှားလိုက်မိလေသည်။

ဤသည်မှာ ဖြတ်သန်းလာရသော သိုင်းလောက၏အတွေ့အကြုံများအရ ချိုယင်းဝေ၏ခန္ဓာကိုယ်သည် နိုးကြားနေသောကြောင့် ယခုကဲ့သို့ စိတ်ထဲမှ ခံစားလိုက်ရသည်နှင့် တပြိုင်နက် မိမိ၏ခန္ဓာကိုယ်ကို လှုပ်ရှားကာ ရှောင်တိမ်းလိုက်ခြင်းဖြစ်သည်။

ချိုယင်းဝေ၏ နောက်ကျောမှ ပစ်လွှင့်လာသောအရာသည် လက်နက်ပုန်းမဟုတ်ပါ။

အိမ်ခေါင်မိုးအုတ်ကြွပ်နှစ်ချပ်သာ ဖြစ်သည်။

ထိုအိမ်ခေါင်မိုး အုတ်ကြွပ်နှစ်ချပ်သည် ချိုယင်းဝေ၏ဦးခေါင်းပေါ်မှ ဖြတ်သန်းကာ မြေပေါ်သို့ကျရောက်သွားလေတော့သည်။



ချိုယင်းဝေက လျင်မြန်စွာ ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ပတ်ကြည့်လိုက်လေသည်။

ယင်းသို့ လှည့်ပတ်ကြည့်လိုက်သည်နှင့် တပြိုင်နက် ချိုယင်းဝေသည် မိမိနှင့် ဝါးနှစ်ရိုက်ခန့်အကွာအဝေးတွင် တရုတ်ဘုန်းတော်ကြီးတစ်ပါး ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချိုယင်းဝေက တရုတ်ဘုန်းတော်ကြီးကို မြင်တွေ့လိုက်သောအခါ…

"လူတစ်ယောက် ကျောက်တုံး နောက်ကနေ ထွက်ပြေးသွားပြီ မြန်မြန်လိုက်မှ ဖြစ်မယ်"

ဟု ပြောလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက ချိုယင်းဝေကို တစ်ချက်စူးစိုက်ကြည့်ကာ လျင်မြန်သော အဟုန်ဖြင့် လျှောက်လာလေသည်။

ထို့နောက် တစ်ဆက်တည်း ရွှေနဂါးသည်းခြေသိုင်းကွက်ဖြင့် ချိုယင်းဝေ၏ရင်ဝသို့ တိုက်ခိုက်လိုက်လေတော့သည်။

ချိုယင်းဝေက ရှောင်တိမ်းလိုက်ပြီး…

"ဘာလို့ တိုက်ခိုက်တာလဲ"

ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက မည်သည့်စကားသံမျှ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ ရွှေနဂါးလက်သည်းသိုင်းကွက်ဖြင့် ချိုယင်းဝေကို ထပ်မံတိုက်ခိုက်လိုက်ပြန်လေသည်။

ချိုယင်းဝေက ရှောင်တိမ်းလိုက်ပြီး တရုတ်ဘုန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အား မျက်မှောင်တစ်ချက်ကြုတ်၍ ကြည့်ကာ...

"ဘုန်းတော်ကြီးက ဒီကျောင်းကမှ ဟုတ်ရဲ့လား"

ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက ဘာမှ ပြန်မပြောဘဲ 'ရွှေနဂါးပင်လယ်ကူး' သိုင်းကွက်ဖြင့် မရပ်မနား ဆက်တိုက် တိုက်ခိုက်လိုက်လေတော့သည်။

တရုတ်ဘုန်းတော်ကြီး၏အတွင်းအားမှာ တဖြည်းဖြည်း ကြောက်မက်ဖွယ်ကောင်းလာပေသည်။

ချီယင်းဝေသည် ရှောင်တိမ်း၍ နေရာမှ နောက်ဆုံး တရုတ်ဘုန်းတော်ကြီးအား ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ထိုစဉ်...

ရုတ်တရက် ခေါင်းလောင်းသံများ ပေါ်ထွက်လာလေတော့သည်။

◆ ◆ ◆



"ဒေါင်..ဒေါင်..ဒေါင်"

ခေါင်းလောင်းသံများ အဆက်မပြတ် ပေါ်ထွက်လာလေတော့သည်။

တိတ်ဆိတ်သောည ဖြစ်၍ ခေါင်းလောင်းသံများ ကြားရသူများအတွက် ထိတ်လန့်ရင်တုန်ဖွယ်ကောင်းလှပေသည်။

ခေါင်းလောင်းသံများသည် ရပ်နားခြင်းမရှိဘဲ အဆက်မပြတ် ပေါ်ထွက်လာသကဲ့သို့ ချီယင်းဝေကို တိုက်ခိုက်နေသော ဘုန်းတော်ကြီး၏သိုင်းကွက်များသည် တစ်ကွက်ပြီးတစ်ကွက် ဆက်တိုက်ထွက်ပေါ်ကာ ချီယင်းဝေအား တရကြမ်း တိုက်ခိုက်နေပေသည်။

တရုတ်ဘုန်းတော်ကြီး၏သိုင်းကွက်များသည် တစ်ကွက်ထက်တစ်ကွက် ပိုမိုအားပြင်းလာသဖြင့် ချီယင်းဝေသည် မိမိ အခြေအနေ မဟန်ကြောင်း သဘောပေါက်လာလေတော့သည်။

ထို့ကြောင့် ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီး၏သိုင်းကွက်များကို ခုခံကာကွယ်ရင်း နောက်သို့ တဖြည်းဖြည်းဆုတ်၍ သွားလေသည်။

ထို့နောက် သူသည် ခြေထောက်တစ်ချက်ဆောင့်ကာ သစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေတော့သည်။

သစ်ပင်ပေါ်သို့ ရောက်သည်နှင့် တပြိုင်တည်း နစ်ဆောင်အဆောက်အအုံ၏ ခေါင်မိုးပေါ်သို့ ဆက်၍ ခုန်တက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်သို့ ချီယင်းဝေ၏ခြေထောက်များ မကျရောက်မီမှာပင် တောင်ဝှေးကိုယ်စီကိုင်ထားသော တရုတ်ဘုန်းတော်ကြီးလေးပါးက ချီယင်းဝေကို ဆီးကြို၍ တိုက်ခိုက်လိုက်လေတော့သည်။

ထို့ကြောင့်...

ချီယင်းဝေသည် ခေါင်မိုးပေါ်သို့ ရောက်သည်နှင့် ဘုန်းတော်ကြီးလေးပါး၏ တိုက်ခိုက်မှုကို ကပျာကသီ ရှောင်တိမ်းရင်း တဆက်တည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိုစဉ် ချီယင်းဝေအား စတင်တိုက်ခိုက်မိခဲ့သော တရုတ်ဘုန်းတော်ကြီးသည် ခေါင်မိုးပေါ်သို့ ရောက်ရှိလာပြီး ချီယင်းဝေကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ချီယင်းဝေသည် မိမိ၏အခြေအနေ မဟန်မှန်း သိသဖြင့် ခေါင်မိုးပေါ်မှ ပထမအထပ်သို့ ခုန်ချလိုက်လေတော့သည်။

ထို့နောက် သူသည် ပထမအထပ်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ တရုတ်ဘုန်းကြီးကျောင်းအတွင်း၌ တရုတ်ဘုန်းတော်ကြီးများ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

တရုတ်ဘုန်းတော်ကြီးအချို့သည် မီးပုံးများကို ကိုင်ထားပြီး အချို့သည် တောင်ဝှေးများကိုကိုင်ကာ တရုတ်ဘုန်းကြီးကျောင်းတွင်း၌ ပြေးလွှားနေကြလေသည်။

ခေါင်းလောင်းသံသည် အဆက်မပြတ် ပေါ်ထွက်နေဆဲဖြစ်ပါသည်။

ချီယင်းဝေသည် ထိုကဲ့သို့ ရှုပ်ထွေးသော အခြေအနေမျိုးကို



မြင်ရပြီး ရင်ထဲ၌ တုန်လှုပ်ကာ စိတ်ထဲမှ...

"ဘာတွေ ဖြစ်နေတာလဲ"

ဟု တွေးလိုက်မိလေသည်။

တရုတ်ဘုန်းကြီးကျောင်းထဲ၌ မည်သည့်ကိစ္စများ ဖြစ်နေသည်ကို ချီယင်းဝေ စဉ်းစား၍ မရပါ။

ထိုအချိန်တွင် ချီယင်းဝေရှိရာ ပထမထပ်သို့ ချီယင်းဝေအား စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီး ရောက်ရှိလာလေသည်။

ချီယင်းဝေသည် ထိုတရုတ်ဘုန်းတော်ကြီးအား မြင်တွေ့လိုက်ရသည်နှင့် မိမိ၏ဓားအား ဆွဲထုတ်လိုက်လေတော့သည်။

ထို့နောက်...

ဒေါသ ဖြစ်သော လေသံဖြင့်...

"ဘာဖြစ်နေကြတာလဲ"

ဟု အော်ဟစ်လိုက်လေသည်။

ချီယင်းဝေသည် မိမိ လက်ထဲ၌ ဓားရှိနေသဖြင့် စိတ်ဓာတ်တက်ကြွလာကာ တရုတ်ဘုန်းတော်ကြီးအား တရကြမ်း ပြန်လည်၍ တိုက်ခိုက်နေသည်။

ချီယင်းဝေတို့သည် သိုင်းကွက်ခုနစ်ဆယ်ကျော်မျှ အပြန်အလှန် တိုက်ခိုက်ပြီးသောအခါ တရုတ်ဘုန်းတော်ကြီးသည် နောက်သို့ ခြေလှမ်း အနည်းငယ် ဆုတ်သွားရလေသည်။

ချီယင်းဝေသည် မိမိက အသာစီးမှ နေရပြီဖြစ်သဖြင့် ပို၍

www.burmeseclassic.com



သွက်လက်ကာ တရုတ်ဘုန်းတော်ကြီးကို ဖိုရ်၍ တိုက်ခိုက်နေပေသည်။

ထိုစဉ်...

ရုတ်တရက် တရုတ်ဘုန်းတော်ကြီးက အသံကျယ်လောင်စွာ တစ်ချက်အော်ဟစ်လိုက်လေသည်။

ယင်းသို့ အော်ဟစ်လိုက်သောကြောင့် ချီယင်းဝေသည် ရုတ်တရက် တဒင်္ဂမျှ ငေးကြောင်သွားလေသည်။

သို့ဖြစ်၍ သူ၏ဓားချက်များသည် အနည်းငယ် အားပျော့သွားလေသည်။

တရုတ်ဘုန်းတော်ကြီးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ချီယင်းဝေအား တရကြမ်း ပြန်လည်၍ တိုက်ခိုက်လေတော့သည်။

သို့သော်...

ချီယင်းဝေသည် မိမိ၏ဟာကွက်ကို ချက်ချင်းပြန်လည် ကာကွယ်လိုက်နိုင်သဖြင့် ပြန်လည်၍ အသာစီးမှ တိုက်ခိုက်ရပြန်သည်။

ချီယင်းဝေသည် ထိုသို့ တိုက်ခိုက်ရင်း...

"ဘာဖြစ်လို့ ကျွန်တော့်ကို တိုက်ခိုက်ချင်ရတာလဲ"

ဟု မေးလိုက်လေသည်။

တရုတ်ဘုန်းတော်ကြီးက...

"အ..အ..အ"

ဟု ချီယင်းဝေ၏အမေးကို ဖြေလိုက်လေသည်။



ချီယင်းဝေသည် နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး...

"ဘုန်းတော်ကြီးက 'အ'နေတာကိုး"

ဟု ပြောကာ တရုတ်ဘုန်းတော်ကြီးကို ပိုမိုအားစိုက်၍ တိုက်ခိုက်လိုက်လေသည်။

ထိုစဉ်...

ရုတ်တရက် ချီယင်းဝေ၏စိတ်ထဲ၌ မိမိ၏နောက်ကျောဘက်တွင် တစ်စုံတစ်ယောက် ရောက်ရှိနေသည်ဟု ခံစားလိုက်ရပေသည်။

ထို့ကြောင့် သူသည် ရုတ်တရက် နောက်သို့ လှည့်ပြီး ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သည်နှင့် သူ၏နောက်တွင် တရုတ်ဘုန်းတော်ကြီးတစ်ပါး ရပ်တန့်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုတရုတ်ဘုန်းတော်ကြီးသည် 'စုဟိုက်'ဘုန်းတော်ကြီးပင် ဖြစ်ပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



စုဟိုက်ဘုန်းတော်ကြီးသည် ရပ်တန့်နေပေသည်။

စုဟိုက်ဘုန်းတော်ကြီး၏မျက်နှာပေါ်တွင် ဒေါသဖြစ်နေဟန် ပေါ်လွင်၍နေပေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် လှုပ်ရှားမှု မရှိဘဲ ပကတိ တည်ငြိမ်စွာ ရပ်ရင်း ချီယင်းဝေကို စူးစိုက်၍ ကြည့်နေပေသည်။

ချီယင်းဝေသည် စုဟိုက်ဘုန်းတော်ကြီးကို တွေ့လိုက်သည်နှင့် မိမိ၏ဓားကို ရုပ်သိမ်းလိုက်ပြီး လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

ပြီးမှ…

"ဘုန်းတော်ကြီး လာတာနဲ့ အတော်ပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် မိမိနှင့် စတင်တိုက်ခိုက်ခဲ့သော ဘုန်းတော်ကြီးကို ညွှန်ပြလိုက်ပြီး…

"ဟောဒီ ဘုန်းတော်ကြီးက ကျွန်တော့်ကို အကြောင်းမရှိဘဲလိုက်ပြီး တိုက်ခိုက်နေပါတယ်"

ဟု တိုင်ကြားလိုက်လေသည်။

ချီယင်းဝေနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးသည် စုဟိုက်ဘုန်းတော်ကြီးအား လှမ်း၍ ကြည့်လိုက်ပြီး…

"အ..အ..အ"

မျက်နှာရိပ် မျက်နှာကဲဖြင့် ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ဦးညွှတ်ပြရင်း…



"စိတ်ချပါ။ သူ့ကို မလွှတ်တမ်း ဖမ်းထားပါ့မယ်"

ဟု ဝန်ခံကတိပေးထားလိုက်လေသည်။

ချီယင်းဝေက ဘုန်းတော်ကြီးနှစ်ပါးကို နားမလည်ဟန်ဖြင့် တစ်လှည့်စီ ကြည့်လိုက်ရင်း သူ၏မျက်ခုံးမွှေးများကို နဖူးအလယ်သို့ စု၍ မျက်မှောင်တစ်ချက်ကြုတ်ကာ စုဟိုက်ဆရာတော်အား…

"ဘုန်းတော်ကြီးက ဘာသဘောနဲ့ ပြောနေတာလဲ"

ဟု လှမ်း၍ မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို မျက်နှာထားတင်းတင်းဖြင့်…

"မင်းဝန်ခံရင် ကောင်းမယ် ထင်တယ်"

ချီယင်းဝေက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ…

"ဘာ ဝန်ခံရမယ် ဟုတ်လား"

ဟု မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြကာ…

"မင်းက ငြင်းချင်သေးလို့လား"

ဟု မေးလိုက်သည်။

ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး…

"ကျွန်တော်က ဘာကို ဝန်ခံရမှာလဲ"

ဟု ထပ်မံမေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက…

"ဘာဖြစ်လို့ မင်းက မသိချင်ဟန်ဆောင်နေရတာလဲ၊ မင်းခိုး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ကျမ်းစာကို ပြန်ပေးရင် မင်းကို လျှော့လျှော့ပေါ့ပေါ့နဲ့ အပြစ်ပေးဖို့ ဘုန်းတော်ကြီး တာဝန်ယူပါတယ်"

ချီယင်းဝေက ယခုမှ သဘောပေါက်ဟန်ဖြင့် ရုတ်တရက် ရယ်မောလိုက်ပြီး...

"သြော် လက်စသတ်တော့ ဘုန်းတော်ကြီးတို့ ကျမ်းစာ ပျောက်နေတာကိုး"

ဟု ပြောလိုက်လေသည်။

စုပါိုက်ဘုန်းတော်ကြီးက ရယ်ခြင်း၊ ပြုံးခြင်း ကင်းသော မျက်နှာဖြင့်...

"ဟုတ်တယ်၊ ဘာဖြစ်လို့ မင်းက မသိချင်ဟန်ဆောင်နေရတာလဲ"

ချီယင်းဝေက နှုတ်ခမ်းတွန့်၍ တစ်ချက်မဲ့ကာ...

"ကျွန်တော်က မသိချင်ဟန်ဆောင်တာ မဟုတ်ဘူး၊ ဘုန်းတော်ကြီးတို့က လူမှားနေတာ"

ဟု ပြောလိုက်လေသည်။

စုပါိုက်တရုတ်ဘုန်းတော်ကြီး ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး ချီယင်းဝေနှင့် စတင်တိုက်ခိုက်သော ဘုန်းတော်ကြီးကို ညွှန်ပြလိုက်ပြီး...

"မင်းကျမ်းစာခိုးတာကိုတော့ ဒီဆရာကိုယ်တိုင် တွေ့တယ်၊ နောက်ပြီး မင်းက တရုတ်ဘုန်းတော်ကြီးတစ်ပါးကိုလဲ သတ်ပစ်လိုက်တယ် မဟုတ်လား"



ချီယင်းဝေက ဦးခေါင်းကို ဘယ်ညာယမ်းလိုက်ရင်း...

"ကျွန်တော်ခိုးတာ မဟုတ်ဘူး၊ တရုတ်ဘုန်းတော်ကြီးတို့ လူမှားနေတာ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် ချီယင်းဝေနှင့် တိုက်ခိုက်ခဲ့သော ဘုန်းတော်ကြီးက တအားအားဖြင့် ဝင်ရောက်ပြောလိုက်လေသည်။

ချီယင်းဝေ ထိုတရုတ်ဘုန်းတော်ကြီးအား ဒေါသ ဖြစ်သော မျက်လုံးများဖြင့် ငဲ့စောင်း၍ ကြည့်လိုက်ပြီး...

"ဟာ ဒီဘုန်းတော်ကြီး တအာအာနဲ့ ဘာတွေ လျှောက်ပြောနေသလဲ မသိဘူး"

ဟု ရေရွတ်လိုက်မိလေသည်။

စုပါိုက်တရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို စူးစိုက်၍ တစ်ချက်ကြည့်ကာ...

"ဒီမှာ မင်းက ဘုန်းတော်ကြီးတို့ရဲ့ ဆရာကို မစော်ကားပါနဲ့"

ဟု ဟန့်တားပြောဆိုလိုက်လေသည်။

ချီယင်းဝေက လက်နှစ်ဘက်ဆုပ်ကာ စုပါိုက်ဘုန်းတော်ကြီးအား...

"ကျွန်တော်ရှင်းပြပါရစေ"

စုပါိုက်ဘုန်းတော်ကြီးက...

"ရှင်းပြဖို့ လိုသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ချီယင်းဝေက နှုတ်ခမ်းကို တစ်ချက်ကိုက်၍...

"ရှင်းပြဖို့ လိုပါတယ်"

စုဟိုက်ဘုန်းတော်ကြီးက...

"ကောင်းပြီလေ၊ နားထောင်ရတာပေါ့"

ချီယင်းဝေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး...

"ကျွန်တော် အိပ်မပျော်လို့ လမ်းဆင်းလျှောက်တယ်၊ အဲဒီအချိန်မှာ စူးရှတဲ့ အသံတစ်သံ ကြားလိုက်ရတယ်"

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို လက်ကာပြလိုက်ရင်း...

"ဒီအချိန်ဟာ အိပ်မပျော်လို့ လမ်းလျှောက်ထွက်ရမယ့် အချိန်မှ မဟုတ်ဘဲ"

ချီယင်းဝေက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ...

"ဒါပေမယ့် ကျွန်တော်က အိပ်မပျော်လို့ လမ်းဆင်းလျှောက်တာပဲ"

စုဟိုက်တရုတ်ဘုန်တော်ကြီးက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးကာ...

"ထားပါတော့၊ အိပ်မပျော်လို့ လမ်းလျှောက်တယ်ပဲ ထားပါတော့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက စိတ်ဆိုးဟန်ဖြင့်...



"ကျွန်တော်ပြောတာတွေကို တရုတ်ဘုန်းတော်ကြီး ယုံချင်လဲယုံ၊ မယုံချင်လဲနေ၊ ကျွန်တော်ကတော့ ရှင်းပြရမှာပဲ"

တရုတ်ဘုန်းတော်ကြီးက...

"ကောင်းပြီလေ၊ မင်းရှင်းပြပါ"

ချီယင်းဝေက...

"ကျွန်တော် အိပ်မပျော်လို့ လမ်းဆင်းလျှောက်နေတုန်း စူးရှတဲ့ အသံတစ်သံကို ကြားလိုက်ရတယ်၊ ဒါနဲ့ အသံကြားတဲ့ နေရာကို ကျွန်တော်လာကြည့်တော့ ဟောဒီ အဆောက်အအုံပေါ်က အဖြူရောင်အကျီနဲ့ လူတစ်ယောက် ခုန်ချလာတာကို မြင်လိုက်ရတယ်"

"ဒါနဲ့ ကျွန်တော်က ဘယ်သူလဲလို့ လှမ်းမေးတော့ အဲဒီလူက ထွက်ပြေးသွားတယ်၊ ဒါနဲ့ ကျွန်တော် နောက်က ပြေးလိုက်သွားတော့ အဲဒီလူဟာ ကျောက်တုံးနောက်ဘက်ဝင်ပြီး ပျောက်သွားတော့တာပဲ"

ထိုစဉ် ချီယင်းဝေနှင့် စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးက...

"တအံ့အာ"နှင့် ဝင်ရောက်၍ ပြောလိုက်ပြန်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ...

"သူရှင်းပြတာကို နားထောင်ပါအုံး ကိုယ်တော်"

ဟု ပြောလိုက်လေသည်။

ပြီးမှ သူသည် ချီယင်းဝေအား လှမ်း၍...

"ကဲ ဆက်ပြောပါအုံး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တံတွေးတစ်ချက် မြိုချလိုက်ပြီး...

"ကျွန်တော်လဲ အဲဒီ လူကို မတွေ့ရတော့ဘူး။ ဒါနဲ့ အဲဒီနား မှာ ကျွန်တော်ရှာနေတုန်းမှာပဲ ဟောဒီ ဘုန်းတော်ကြီး ရောက်လာ ပြီး ဘာမပြော ညာမပြောနဲ့ တိုက်ခိုက်တော့တာပါပဲ"

ဟု မိမိကို စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီး အား ညွှန်ပြ၍ ပြောဆိုလိုက်လေသည်။

ထိုစဉ် တရုတ်ဘုန်းတော်ကြီးက တအာအာဖြင့် တစ်စုံတစ် ခုအား ပြန်လည်ပြောဆိုလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းကို တစ်ချက်ညိတ်ပြ လိုက်ပြီး ချီယင်းဝေတို့ လှမ်းကြည့်ကာ...

"ဘုန်းတော်ကြီးရဲ့ ဆရာက မင်း အိမ်ပေါ်က ခုန်ချလာတာ ကို တွေ့တယ်လို့ ပြောပါလား"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"မဟုတ်ဘူး၊ လူမှားတာ ဖြစ်လိမ့်မယ်"

ဟု ငြင်းပယ်လိုက်လေသည်။

ထိုစဉ် တရုတ်ဘုန်းတော်ကြီးက တအာအာဖြင့် ဝင်ရောက် ၍ ခြေဟန်လက်ဟန်ဖြင့် ပြောဆိုပြန်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက...

"ဘုန်းတော်ကြီးရဲ့ ဆရာက ပြောတယ်၊ ဘုန်းကြီးတစ်ပါး အသတ်ခံရလို့ အဲဒီ လူသတ်သမားကို လိုက်ရှာတော့ မင်းကို တွေ့



တယ်လို့ ပြောတယ်"

ချီယင်းဝေသည် စိတ်တိုလာဟန်ဖြင့်...

"အင်း ဒီလိုသာဆိုရင်တော့ တရုတ်ဘုန်းတော်ကြီးတို့ကို ရှင်း ပြရတာ နောင်ဆယ်နှစ်ကြာလဲ ပြီးမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက...

"မင်းက ရှင်းပြချင်တယ်ဆို"

ချီယင်းဝေက...

"ဒါပေါ့ ကိုယ် မလုပ်တဲ့ ကိစ္စပဲ၊ ဒါနဲ့ နေပါအုံး၊ အခု ကိစ္စကို အဆုံးအဖြတ်ပေးနိုင်မယ့် ဝါအကြီးဆုံး ဘုန်းတော်ကြီး မရှိဘူးလား"

စုဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ...

"ရှိတယ်"

ချီယင်းဝေက...

"ဒါဖြင့် ကျွန်တော့်ကို ခေါ်သွားဗျာ၊ ဟိုကျမှပဲ ရှင်းမယ်"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက...

"ကောင်းပြီ"

ဟု ပြောကာ ချီယင်းဝေကို ဦးဆောင်၍ ခေါ်သွားလေတော့ သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လက်ဝဲဘက် အဆောင်သို့ ရောက်ရှိသောအခါ စုဟိုက်ဘုန်းတော်ကြီးက တံခါးကို တွန်း၍ ဖွင့်လိုက်လေသည်။

ထို့နောက် တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေကို လှည့်၍ ကြည့်လိုက်ပြီး...

"လာ ဘုန်းတော်ကြီး နောက်က လိုက်ခဲ့"

ဟု ပြောကာ အဆောင်ထဲကို ဝင်ရောက်သွားလေသည်။

ချီယင်းဝေသည် ဘာမှပြန်လည်မပြောဘဲ အဆောင်ထဲသို့ ဝင်ရောက်ကာ စုဟိုက်ဘုန်းတော်ကြီးနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

အခန်းထဲသို့ ရောက်သောအခါ မျက်ခုံးမွေးများ ဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးတစ်ပါး တင်ပျဉ်ခွေလျက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ချီယင်းဝေက ထိုတရုတ်ဘုန်းတော်ကြီးအား မိမိ၏လက်နှစ်ဖက်ကိုဆုပ်၍ ဦးညွှတ်ကာ ဂါရဝပြုလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်အကဲခတ်၍ ကြည့်လိုက်လေသည်။

ထိုစဉ် စုဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးအား လက်အုပ်ချီ၍ ချီယင်းဝေ၏အဖြစ်အပျက်ကို လျှောက်ထားလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးသည် ဦးခေါင်းကို တညိတ်ညိတ်ဖြင့် စုဟိုက်ဘုန်းတော်ကြီး လျှောက်တင်



သမျှကို နားထောင်နေပေသည်။

ထိုစဉ် ချီယင်းဝေနှင့် စတင်တိုက်ခိုက်သော တရုတ်ဘုန်းတော်ကြီးက တအာအာဖြင့် ဝင်ရောက်လျှောက်ထားပြန်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ထိုတရုတ်ဘုန်းတော်ကြီးအား လက်ကာ၍ ဟန့်တားလိုက်ပြီး ချီယင်းဝေဘက်သို့ လှည့်ကာ...

"မောင်ရင်က ဘာကိစ္စနဲ့ ဒီနေရာကို ရောက်လာရတာလဲ"

ချီယင်းဝေက...

မိမိသည် ဤတရုတ်ဘုန်းကြီးကျောင်းသို့ စူးခုံးယက်၏စာကို လာရောက်ပေးခြင်း ဖြစ်ကြောင်း ရှင်းပြပြောဆိုလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး...

"ဒါဖြင့် ဘာဖြစ်လို့ မပြန်ရတာလဲ"

ချီယင်းဝေက စုဟိုက်ဘုန်းတော်ကြီးဘက်သို့ ညွှန်ပြကာ...

"ဟောဒီ ဘုန်းတော်ကြီးနဲ့ စကားကောင်းနေလို့ ကျွန်တော် ဒီမှာ တည်းခိုရတာပါ"

မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို တစ်ချက်ညိတ်လျက်...

"တည်းခိုတာက ဒီအတွင်းဆောင်ဘက်မှာလား"

"မဟုတ်ပါဘူး၊ ကျွန်တော် အိပ်မပျော်လို့ လမ်းဆင်းလျှောက်ရင်း စူးရှတဲ့ အသံတစ်ချက်ကို ဒီအဆောင်ဘက်က ကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလို့ လာကြည့်တာပါ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"မင်းလာလို့ စူးရှတဲ့အသံ ကြားတာလား"

ချီယင်းဝေ အနည်းငယ် စိတ်ပျက်သွားလေသည်။

သူသည် စိတ်ပျက်စွာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး...

"ကျွန်တော် ပြောပြနေတာ ရှင်းရှင်းလေးပဲ၊ ဘာမှ ရှုပ်ထွေးစရာမရှိဘူး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"မင်းပြောတာ ရှင်းပါတယ်၊ ရှင်းအောင် မင်းက ပြောနေတာပဲ၊ ဒါပေမယ့် ဘုန်းတော်ကြီးက ရှုပ်ထွေးအောင် နားလည်မှ ပိုပြီး ရှင်းလာမယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ ဘာမှ ပြန်မပြောတော့ပါ။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး...

"ကဲ ဆက်ပြောပါဦး၊ မင်း စူးရှတဲ့ အသံကြားပြီး ဘာဖြစ်လဲ"

ချီယင်းဝေက...

"အသံကြားတဲ့ နေရာရောက်တော့ အဖြူရောင်အင်္ကျီဝတ်



ထားတဲ့ လူတစ်ယောက် နှစ်ထပ် အဆောက်အအုံပေါ်က ခုန်ချလာတာ တွေ့ရတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"နောက်ပြီးတော့ ဘာဖြစ်သလဲ"

ချီယင်းဝေက မှတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး...

"တပည့်တော်လဲ အဲဒီ လူနောက်ကို လိုက်သွားတာ၊ နောက်ဆုံးတော့..."

ချီယင်းဝေ၏စကားမဆုံးမီ မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"နောက်ဆုံးတော့ အဲဒီလူ ပျောက်သွားကော မဟုတ်လား"

ဟု မေးလေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ကာ...

"ဟုတ်ပါတယ်"

ဟု ဖြေလိုက်လေသည်။

ထို့နောက်...

ချီယင်းဝေက ဆက်လက်၍ ပြောပြလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေ၏စကားများကို အတန်ကြာအောင် စဉ်းစား၍ နေပြီးမှ...

"ဒါဖြင့် မင်းက ကျမ်းစာ မခိုးဘူးပေါ့"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မခိုးပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...

"ဒါဖြင့် မင်းက ဘာဖြစ်လို့ သက်သေမထူတာလဲ"

ဟု ပြောလိုက်လေသည်။

ချီယင်ဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏ စကားကို သဘောပေါက်ဟန်ဖြင့် ဦးခေါင်းတစ်ချက် ညိတ်လိုက်ပြီး သူ့အင်္ကျီကို ချွတ်ကာ...

"မယုံရင် တပည့်တော်ရဲ့ ကိုယ်ပေါ်မှာ ရှာကြည့်ပါ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုဟိုက်ဘုန်းတော်ကြီးကို လှမ်းကြည့်၍ ဦးခေါင်းညိတ်ပြလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် ချီယင်ဝေ အနီးသို့ လျှောက်လာပြီး ချီယင်ဝေ၏ခန္ဓာကိုယ် အနှံ့အပြားသို့ ရှာဖွေလေတော့သည်။

သို့သော်...

ချီယင်ဝေ၏ခန္ဓာကိုယ်ပေါ်တွင် မည်သည့် စာရွက်စာတမ်းမျှ ရှာမတွေ့ချေ။

စုဟိုက်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံသို့ လှည့်၍ ပခုံးတစ်ချက်တွန့်ကာ...

"ဘာမှ မတွေ့ဘူး"

စုဟိုက်ဘုန်းတော်ကြီးသည် ထိုသို့ ပြောလိုက်ပြီး သူ၏မျက်



လုံးအစုံကို မှိတ်ကာ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေလေသည်။

ချီယင်ဝေက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကို လှမ်း၍ ပြောလိုက်၏။

"တပည့်တော် ပြောမယ်၊ ဆရာတော် ယုံကြည်ပါ့မလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက အတန်ကြာ စဉ်းစား၍ နေပေသည်။

ပြီးမှ စုဟိုက်ဘုန်းတော်ကြီးတို့အား အပြင်သို့ ခေါ်ထွက်ရန် မျက်ရိပ်ပြလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးနှင့် ချီယင်ဝေအား စတင်တိုက်ခိုက်သော ဘုန်းတော်ကြီးတို့သည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို တစ်ချက် ဦးညွှတ်၍ ဂါရဝပြုလိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် တင်ပျဉ်ခွေထိုင်နေရာမှ ထလိုက်ပြီး ချီယင်းဝေ အနီးသို့ လျှောက်လာလေသည်။

ပြီးမှ တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေ၏မျက်လုံးများထဲသို့ စူးစိုက်၍ တစ်ချက်ကြည့်ကာ...

"အင်း ဒီမှာ ရှိတဲ့ တရုတ်ဘုန်းတော်ကြီးတွေကို အနိုင်ယူနိုင်တဲ့အတွက် မင်းရဲ့သိုင်းပညာ အဆင့်အတန်းက မသေးဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် ဦးခေါင်းကို ခါယမ်းကာ...

"ဒီလောက်လဲ ကျွန်တော့်ရဲ့သိုင်းပညာက အဆင့်အတန်း မမြင့်သေးပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ...

"ဒါနဲ့ မင်းရဲ့ဆရာက ဘယ်သူတုန်း"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ပြုံးပြရင်း...

"အဲဒါ တစ်ခုတော့ တပည့်တော် မပြောပြနိုင်တာ ခွင့်လွှတ်ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် မိမိ၏ဖြူဖွေးသော မျက်ခုံးမွေးကို နဖူးအလယ်သို့ စု၍ မျက်မှောင်ကြုတ်



လိုက်ပြီး...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက...

"တပည့်တော်ရဲ့ဆရာက ဘယ်သူ့ကိုမှ မပြောရဘူးဆိုပြီး မှာကြားထားလို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒါဖြင့် မင်းဟာ လူဆိုးလား၊ လူကောင်းလားဆိုတာ ဘယ်လိုလုပ် သိနိုင်မှာလဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး...

"ဘုန်းတော်ကြီးက တပည့်တော်ရဲ့အပေါ်မှာ သံသယ ရှိနေတယ်ဆိုရင် ရှောင်လင်ကျောင်းထိုင် ဘုန်းတော်ကြီးကို သွားပြီး စုံစမ်းနိုင်ပါတယ်"

ချီယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် မျက်ခုံးကို ပင့်တင်လိုက်ရင်း...

"ဘာပြောတယ်၊ မင်းအကြောင်းကို သိချင်ရင် ရှောင်လင်ကျောင်းထိုင်ဆရာတော်ကို စုံစမ်းရမယ် ဟုတ်လား"

ချီယင်းဝေက ဦးခေါင်းညိတ်ကာ...

"မှန်ပါတယ်၊ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးက တပည့်တော်ရဲ့ အကြောင်းကို ပြောပြပါလိမ့်မယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက မျက်လုံးမှေး၍

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် စဉ်းစားလိုက်ပြီး…

"ဒကာလေးနဲ့ ရှောင်လင်ကျောင်းထိုင် ဘုန်းတော်ကြီးနဲ့ တော်တော်လေး ရင်းနှီးသလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ထပ်မံညိတ်ပြရင်း…

"ရင်းနှီးပါတယ်၊ တပည့်တော်နဲ့ တော်တော်လေး ရင်းနှီးပါတယ်၊ မကြာခဏဆိုသလိုလဲ တပည့်တော် ရှောင်လင်ကျောင်းကို ရောက်ပါတယ်၊ ကျမ်းစာများကိုလဲ ဆွေးနွေးလေ့လာခဲ့ဖူးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း…

"ဒါဆိုရင် ဒကာလေးက ရှောင်လင်ကျောင်းရဲ့ ကျမ်းစာကို လေ့လာခဲ့ဖူးတယ်ပေါ့"

ချီယင်းဝေက…

"လေ့လာခဲ့ဖူးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ခေတ္တမျှ စဉ်းစားလိုက်ပြီး…

"အဲဒီလို လေ့လာတော့ စိတ်ဝင်စားမှု ရှိရဲ့လား"

ချီယင်းဝေက…

"စိတ်ဝင်စားမှု ရှိပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး…



"ဒါဆိုရင် ဘုန်းတော်ကြီးတို့ရဲ့ ကျမ်းစာကိုလဲ စိတ်ဝင်စားလိမ့်မယ် ထင်တယ်"

ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏ စကားကြောင့် မျက်မှောင်ကြုတ်သွားပြီး…

"ဘုန်းတော်ကြီးက တပည့်တော်ကို ကျမ်းစာခိုးတယ်လို့ စွပ်စွဲလိုက်တာလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက လက်ကာပြလိုက်ရင်း…

"ဘုန်းတော်ကြီး ဒကာလေးကို စွပ်စွဲနေလို့လား"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်တွန့်၍ မဲ့လိုက်ရင်း…

"ဒီက ကျမ်းစာကိုလဲ စိတ်မဝင်စားဘူး၊ တပည့်တော် လိမ်ပြောနေတာ မဟုတ်ဘူး"

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးက…

"ကျမ်းစာကို ဒကာလေး ခိုးတယ်ဆိုတာ မဟုတ်ဘူးပေါ့"

ချီယင်းဝေက အနည်းငယ် ဒေါသဖြစ်လာကာ…

"ဆိုပါတော့ မဟုတ်ဘူး၊ ခိုးကို မခိုးတာ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် အခန်းထဲသို့ စုဟိုက်ဘုန်းတော်ကြီး ပြန်လည်ဝင်ရောက်လာလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက စုဟိုက်ဘုန်းတော်ကြီး အခန်းထဲသို့ ဝင်ရောက်လာသည်ကို တစ်ချက်လှမ်း၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး...

"ကိစ္စ အထူးရှိလို့လား"

ဟု လှမ်း၍ မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား လက်အုပ်ချီ၍ ဂါရဝပြုလုပ်ပြီး...

"အခင်း ဖြစ်သွားတဲ့ နေရာကို တပည့်တော် သွားစုံစမ်းခဲ့ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"အဲဒီတော့ ထူးခြားချက်ကို မြင်တွေ့ရဲ့လား"

စုဟိုက်ဘုန်းတော်ကြီးက...

"အခင်းဖြစ်ပွားတဲ့ နေရာတဝိုက်မှာ ခြေရာတွေကတော့ ရှုပ်ထွေးနေပါတယ်၊ အဲဒီ ခြေရာတွေထဲမှာ ထူးခြားတဲ့ ခြေရာနှစ်ခု တွေ့ရပြီး ခြေရာတစ်ခုက ချီယင်းဝေရဲ့ ခြေရာတစ်ခု ဖြစ်မယ်လို့ ယူဆရပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒါဆို နောက်ခြေရာတစ်ခုက လူစိမ်းတစ်ယောက်ရဲ့ ခြေရာလို့ ယူဆရတယ်ပေါ့ ဟုတ်လား"

စုဟိုက်ဘုန်းတော်ကြီးက...

"မှန်ပါတယ်၊ ခြေရာတစ်ခုက လူစိမ်းတစ်ယောက်ရဲ့ အဝတ်နပ်ခြေရာ ဖြစ်ပါတယ်"

ထိုစဉ် ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ကာ...



"မှန်ပါတယ်၊ ခြေရာတစ်ခုက တပည့်တော်ရဲ့ ခြေရာပါ၊ ကျန်တဲ့ခြေရာတစ်ခုက သူခိုးရဲ့ခြေရာပဲ ဖြစ်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်း တစ်ချက်ညိတ်လိုက်ပြီး စုဟိုက်ဘုန်းတော်ကြီးကို လှမ်းကြည့်လိုက်လေသည်။

ပြီးမှ...

"စုဟိုက်ဘုန်းတော်ကြီးကကော ဒီကိစ္စအပေါ် ဘယ်လို ထင်နေသလဲ"

စုဟိုက်ဘုန်းတော်ကြီးက လက်အုပ်ချီလျက်...

"မှန်ပါ၊ တပည့်တော် အနေနဲ့ ချီယင်းဝေအပေါ် ပိုပြီး သံသယ ဖြစ်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဘယ်လိုအကြောင်းကြောင့် ချီယင်းဝေအပေါ် ပိုပြီး သံသယ ဖြစ်ရတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်ငဲ့စောင်း၍ ကြည့်ကာ...

"ကျမ်းစာခိုးတဲ့လူနဲ့ တရုတ်ဘုန်းတော်ကြီးတစ်ပါးကို သတ်သွားတဲ့လူက တစ်ကိုယ်လုံး အဖြူရောင်အကျီဝတ်ဆင်ထားတဲ့ အတွက် အဲဒီလူဟာ ချီယင်းဝေလို့ ယူဆရပါတယ်"

ချီယင်းဝေက စုဟိုက်ဘုန်းတော်ကြီး၏စကားကြောင့် ဒေါပွ ကာ...

www.burmeseclassic.com

www.burmeseclassic.com



"အဖြူရောင်အင်္ကျီဝတ်ဆင်ထားတိုင်း ကျမ်းစာခိုးတဲ့ လူသတ်သမား ဖြစ်ရမှာလား"

စုပဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို ပြုံး၍ ကြည့်လိုက်ပြီး...

"ဒကာလေးချိုယင်းဝေက နှစ်ထပ် အဆောက်အအုံပေါ်က အဖြူရောင်ဝတ်ဆင်ထားတဲ့ လူတစ်ယောက်ကို မြင်တွေ့ခဲ့တယ်လို့ ပြောတယ် မဟုတ်လား"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ဒါ လိမ်ပြောတာမှ မဟုတ်ဘဲ၊ အမှန်အတိုင်း ပြောတာပဲ"

စုပဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးဘက်လှည့်ကာ...

"ဘုန်းတော်ကြီးကို သတ်ခဲ့တဲ့ လူသတ်သမားကလဲ အဖြူရောင်အင်္ကျီဝတ်ဆင်ထားတယ်လို့ မြင်တွေ့လိုက်တဲ့ ဘုန်းတော်ကြီးက ပြောပါတယ်"

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက်တွန့်၍ မဲ့ပြုံးပြုံးလိုက်ပြီး...

"ဘာလဲ ဟို အ,နေတဲ့ ဘုန်းတော်ကြီးက ပြောတာလား"

စုပဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ...

"ဟုတ်ပါတယ်"

ချိုယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး...

"အဲဒီ ဘုန်းတော်ကြီးက တအာအာနဲ့ ပြောတာကို ဟုတ်တယ်လို့ ယူဆလို့ ရမလား"



စုပဟိုက်ဘုန်းတော်ကြီးက...

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အဖြူရောင်ဝတ်ဆင်ထားတဲ့လူ နှစ်ထပ် အဆောက်အအုံပေါ်က ခုန်ချလာတာကို ဒကာကြီးချိုယင်းဝေကိုယ်တိုင် မြင်တွေ့လိုက်တာပဲ မဟုတ်လား"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ကာ...

"ဟုတ်ပါတယ်၊ ဒါအမှန်ပဲ"

စုပဟိုက်ဘုန်းတော်ကြီးက အနည်းငယ် ပြုံးလိုက်ပြီး...

"နှစ်ထပ်အဆောက်အအုံပေါ်က ခုန်ချခဲ့တဲ့လူဟာ ဒကာလေးချိုယင်းဝေ မဟုတ်ပါဘူးလို့ ထောက်ခံမယ့် ဘုန်းတော်ကြီးတစ်ပါးမှ မတွေ့သေးဘူး"

စုပဟိုက်ဘုန်းတော်ကြီး၏စကားကြောင့် ချိုယင်းဝေသည် လွန်စွာ ဒေါပွကာ...

"ဒီကျောင်းက ဘုန်းတော်ကြီးတွေဟာ တစ်ပါးမှ ဦးနှောက်မရှိဘူး"

ဟု ဒေါသဖြင့် ပြောလိုက်လေသည်။

စုပဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွှေးနှစ်ဘက်ကို ပင့်တင်ယင်း...

"မြတ်စွာဘုရား ဘုန်းတော်ကြီးတွေကို ဒီလို မပြောနဲ့လေ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဒေါပွပွဖြင့်...

"တပည့်တော် ပြောတာ မလွန်ပါဘူး၊ တပည့်တော် ကျမ်း

www.burmeseclassic.com

www.burmeseclassic.com



စာနိုးတယ်လို့ ဘယ်အထောက်အထားနဲ့ စွပ်စွဲရတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက တစ်ချက်ပြုံးကာ...

"ဒါကတော့ ဒကာလေးချီယင်းဝေ အနေနဲ့ ကျမ်းစာကို နိုးပြီး ဒကာလေးရဲ့ အဖော်ကို ပေးလိုက်ရင် မဖြစ်ဘူးလား"

ချီယင်းဝေက...

"ဒါကတော့ ဘုန်းတော်ကြီးက စကားကပ်ပြောတာပဲ"

စုဟိုက်ဘုန်းတော်ကြီးက ပြုံးကာ...

"အမှုအခင်းတစ်ခု ဖြစ်ပွားလာပြီဆိုရင် မဖြစ်နိုင်ဘူးဆိုပြီး ဘယ်ကိစ္စမှ ချန်ထားလို့ မရဘူး၊ အားလုံး ဖြစ်နိုင်တယ်လို့ ယူဆထားမှ တော်ရုံကျတာ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက နှာခေါင်းတစ်ချက်ရှုံ့၍ မျက်နှာတစ်ချက်မဲ့ရင်း...

"ဒီလိုတွေးပြီး အခုလို စွပ်စွဲနေမယ်ဆိုရင် လူကောင်းသူကောင်းတွေ ဒုက္ခရောက်မကုန်ဘူးလား"

စုဟိုက်ဘုန်းတော်ကြီးက...

"စွပ်စွဲတယ်လို့ ဘုန်းတော်ကြီး မပြောပါဘူး၊ သံသယ ဖြစ်တယ်လို့ပဲ ပြောခဲ့ပါတယ်"

ချီယင်းဝေက...

"ဒါဖြင့် တပည့်တော်ကို ဘာလို့ ဖမ်းထားရတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းရင်း...

"ဒကာလေးကို ဖမ်းတယ်လို့လဲ ဘယ်သူကမှ မပြောသေးပါလား"

ချီယင်းဝေက...

"ဒါဖြင့် ဘာလို့ တပည့်တော်ကို လွှတ်မပေးတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်ချက်ပြုံးကာ...

"အခု ကိစ္စမှာ တရားခံ မပေါ်မချင်း ဒီမှာ ဆက်ပြီး နေစေချင်တဲ့ သဘောပါ၊ ပြီးတော့လဲ တရားခံကို ဖော်ထုတ်ပေးဖို့ ဒကာလေးကို မေတ္တာရပ်ခံပါတယ်"

ချီယင်းဝေ မိမိ၏မျက်ခုံးမွေးကို နဖူးထက်သို့ ပင့်တင်ရင်း

"ဒီကိစ္စ မဖော်ထုတ်နိုင်မချင်း တပည့်တော် ဒီမှာ နေရမှာလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ပြုံးကာ

"ဒီကိစ္စကို ဒကာလေး အနေနဲ့ အချိန်တိုတိုနဲ့ ဖော်ထုတ်နိုင်လိမ့်မယ်လို့ ဘုန်းတော်ကြီး ယုံကြည်ပါတယ်"

ချီယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး...

"တကယ်လို့များ ဒီကိစ္စကို ဆယ်နှစ်လောက် ကြာတဲ့အချိန်အထိ တရားခံကို မဖော်ထုတ်နိုင်ရင် တပည့်တော်လဲ ဒီမှာ ဆယ်နှစ်လောက် နေရမယ့် သဘောလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဒကာလေးအပေါ်မှာ မူတည်ပါတယ်"

ချီယင်းဝေက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး...

"ဟူး ဒီအတိုင်းသာဆို တပည့်တော်လဲ ဘုန်းကြီး ဝတ်ရမယ် ထင်တယ်"

စုဟိုက်ဘုန်းတော်ကြီးက...

"ဒကာလေးက ဘုန်းကြီး ဝတ်ချင်တယ်ဆိုရင် ဘုန်းတော်ကြီးတို့က ကြိုဆိုပါတယ်"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီး၏စကားကြောင့် ချီယင်းဝေသည် ဒေါသထွက်ကာ မည်သည့် စကားမျှ ပြန်လည်၍ မပြောဘဲ နှုတ်ခမ်းကို တင်းတင်းစေ့၍ ပါးစပ်ပိတ်ထားလိုက်လေသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ကို ချကာ...

"အခု အခိုးခံရတဲ့ ကျမ်းစာက ဘယ်လိုကျမ်းစာမျိုးလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"အကြောအရိုးပြောင်းလဲတဲ့ ကျမ်းစာပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး...

"ဘုန်းတော်ကြီးတို့က ရယ်စရာ ပြောနေပြီနဲ့ တူတယ်"

မျက်ခုံးမွေးဖြူသော ဘုန်းတော်ကြီးက...

"ဘုန်းတော်ကြီးတို့က ပြောတဲ့ စကားထဲမှာ ရယ်စရာ တစ်ခုမှ မပါဘူး"



ချီယင်းဝေက...

"အကြောအရိုးပြောင်းလဲတဲ့ ကျမ်းစာလို့ ပြောတာ ရယ်စရာ ပြောတာ မဟုတ်ဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒါ ရယ်စရာ ပြောတာ မဟုတ်ပါဘူး"

ချီယင်းဝေက ပြုံးကာ...

"အကြောအရိုးပြောင်းလဲတဲ့ ကျမ်းစာဟာ ရှောင်လင်ကျောင်းရဲ့ မူပိုင်ကျမ်းစာပဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"မဟုတ်ဘူးလို့ မပြောပါဘူး၊ ဟုတ်ပါတယ်၊ ဒီမှာ ရှိတဲ့ ကျမ်းက မိတ္တူကူးထားတဲ့ ကျမ်းပါ"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ဘာပဲဖြစ်ဖြစ် ဘုန်းတော်ကြီးတို့ရဲ့ ကျမ်းကို တပည့်တော် စိတ်မဝင်စားဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ထားပါတော့၊ အခုလောလောဆယ်မှာတော့ စုဟိုက်ဘုန်းတော်ကြီးနဲ့ ဒကာလေး လိုက်သွားလိုက်ပါ"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

"ဘာလဲ တပည့်တော်ကို ချုပ်ထားမလို့လား"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒါကတော့ ဒကာလေးအပေါ်မှာ မူတည်နေပါတယ်"

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီး စကားကို နားမလည်ဟန်ဖြင့်...

"ဘုန်းတော်ကြီးက ဘာကို ဆိုလိုတာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်ချက်ပြုံးကာ...

"ဒကာလေးက ကိုယ့်သဘောနဲ့ကိုယ် နေမယ်ဆိုရင်တော့ တစ်မျိုးစဉ်းစားပေးရမှာပေါ့"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

"ဘယ်လိုစဉ်းစားမှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"တကယ်လို့ ဒကာလေးက ကိုယ့်သဘောနဲ့ကိုယ် နေမယ်ဆိုရင် ဘုန်းတော်ကြီးတို့က ဒကာလေးကို ချုပ်မထားတော့ဘူး၊ ဒီကျောင်းဝင်းအတွင်းက ထွက်မသွားရင် ပြီးတာပါပဲ"

ချီယင်းဝေက...

"နောက်ကော"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒကာလေး သွားစရာ ရှိရင် ဘုန်းတော်ကြီးတို့ ခွင့်ပြုချက်ရမှ သွားလို့ရမယ်၊ ဒကာလေး သဘောတူပါ့မလား"

ချီယင်းဝေသည် အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ



သက်ပြင်းတစ်ချက်ချကာ...

"ကောင်းပြီလေ၊ တပည့်တော် သဘောတူပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက စုဟိုက်ဘုန်းတော်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ကဲ ဘုန်းတော်ကြီး၊ သူ့ကို ခေါ်ပြီး သွားတော့ နေရာထိုင်ခင်း စီစဉ်ပေးလိုက်ပါ၊ ဪ ပြီးတော့လဲ နေ့စဉ် စားသောက်ဖို့အတွက်လဲ စီစဉ်ပေးလိုက်ပါ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏စကားဆုံးသည်နှင့် တပြိုင်တည်း စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို ဦးဆောင်၍ ခေါ်သွားလေသည်။

◆ ◆ ◆

ချီယင်းဝေ အိပ်ရာမှ နိုးသောအခါ နေမွန်းတည့်ချိန် ဖြစ်ပါသည်။

သူသည် ယမန်နေ့ ညက စုဟိုက်ဘုန်းတော်ကြီး နေရာချပေးသော အခန်းသို့ ရောက်သည်နှင့် ခုတင်ပေါ်၌ ခြေပစ်လက်ပစ်လှဲ၍ အိပ်လိုက်ရာ ယခုမှ နိုးခြင်းဖြစ်သည်။

အိပ်ရာမှ နိုးလျှင် မိမိ၏အခန်းတံခါးကို ခေါက်သံကြားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချိုယင်းဝေသည် အိပ်ရာမှ ထလိုက်ပြီး တံခါးကို ဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားသည်နှင့် တံခါးဝ၌ ကိုရင်တစ်ပါး စားသောက်ဖွယ်ရာများ ကိုင်လျက် ရပ်နေသည်ကို တော[illegible]သည်။

ထိုကိုရင်က ချိုယင်းဝေကို နှုတ်ဆ[illegible]ပုက်ပြီး မိမိလက်ထဲမှ စားသောက်ဖွယ်ရာများကို ချိုယင်းဝေထံသို့ လှမ်းပေးလိုက်လေသည်။

ချိုယင်းဝေက စားသောက်ဖွယ်ရာများကို ယူလိုက်၍ ကျေးဇူးတင်စကား ပြောလိုက်လေသည်။

ထို့နောက် သူသည် အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီး မျက်နှာပင် မသစ်နိုင်ဘဲ စားလိုက်လေသည်။

စားသောက်ပြီးနောက် ချိုယင်းဝေသည် ဘုရားခန်းသို့ ထွက်သွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယတွဲ ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းစာအဆောင်

ဘုရားခန်းမှ ထွက်ခွာလာပြီးနောက် ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးထံသို့ ဦးတည်လိုက်လေတော့သည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး အခန်းသို့ ရောက်သောအခါ ချီယင်းဝေသည် အခန်းတံခါးကို တွန်းဖွင့်၍ ဝင်သွားလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေ ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရသည်နှင့် ချီယင်းဝေအား လှမ်း၍…

"ဒကာလေး ကိစ္စအထူး ရှိလို့လား"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား လက်အုပ်ချီ၍ ဂါရဝပြုလိုက်ရင်း...

"တပည့်တော် အကူအညီတစ်ခု တောင်းချင်လို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ပြောပါ ဒကာလေးကို ဘာကူညီရမှာလဲ"

ချိုယင်းဝေက...

"ဖြစ်နိုင်မယ်ဆိုရင် တပည့်တော် ကျမ်းစာအုပ်တွေထားတဲ့ အဆောင်ကို သွားချင်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"သည်းခံပါ ဒကာလေး၊ ဒီအဆောင်ထဲကို ဘယ်သူမှ မဝင်ရဘူးလို့ တားမြစ်ထားပါတယ်"

ချိုယင်းဝေက...

"တပည့်တော် အနေနဲ့ ကျမ်းစာခိုးတဲ့ သူခိုးဟာ ဒီအဆောင်ထဲကို ဘယ်လိုဝင်တယ်ဆိုတာ လေ့လာချင်လို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကော လက်ပါ ခါယမ်းပြလိုက်ပြီး...

"မဖြစ်ဘူး ထင်တယ်၊ အပြင်လူကို အဆောင်ထဲ ပေးမဝင်ရဘူး"



ချိုယင်းဝေက...

"ဒီလိုလုပ်ရင်ကော မရဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဘယ်လိုလုပ်ရမှာတုန်း"

ချိုယင်းဝေက...

"တပည့်တော်နဲ့အတူ ဘုန်းတော်ကြီးကိုယ်တိုင် လိုက်လာခဲ့မယ်ဆိုရင်ကော"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ...

"အင်း ဒီကိစ္စဟာ လွယ်မလိုနဲ့ ခက်တဲ့ကိစ္စပဲ၊ ဘုန်းတော်ကြီးတိုင်ပင်ပြီးမှ ပြောမယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ညွှတ်ကာ...

"ကောင်းပါပြီ၊ တပည့်တော်ကို သွားခွင့်ပြုပါဦး"

ဟု နှုတ်ဆက်၍ ထိုအခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းချိန်၌ ချီယင်းဝေ အခန်းသို့ ကိုရင်လေးတစ်ပါး ရောက်ရှိ၍ လာလေသည်။

ကိုရင်လေးက ချီယင်းဝေကို မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက အခေါ်လွှတ်လိုက်ကြောင်း ပြောကြားလိုက်လေသည်။

ချီယင်းဝေသည် ဦးခေါင်းတစ်ချက်ညိတ်ပြကာ ကိုရင်လေး နောက်သို့ လိုက်ပါသွားလေတော့သည်။

မကြာမီ ချီယင်းဝေသည် အခန်းထဲသို့ ရောက်နှင့်နေသော မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးအား...

"တပည့်တော်ကို ခေါ်ခိုင်းလိုက်တယ်ဆို"

ဟု မေးမြန်းလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်း ညိတ်ပြကာ...

"ဟုတ်ပါတယ်"

ချီယင်းဝေက ပြုံးလျက်...

"တပည့်တော်ကို ကျမ်းစာထားတဲ့ အဆောင်ကို သွားခွင့်ပြုမယ် မဟုတ်လား"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...



"ဒကာလေး ကတိနှစ်ခု ပေးရလိမ့်မယ်"

ချီယင်းဝေက ဦးခေါင်းညိတ်ကာ...

"ဘာကတိများလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို စူးစိုက်၍ ကြည့်ကာ...

"ပထမ ကတိတစ်ခုကတော့ ကိုယ့်သဘောနဲ့ကိုယ် ဘာမှ မလုပ်ရဘူး"

ချီယင်းဝေက ဦးခေါင်းညိတ်ပြရင်း...

"တပည့်တော် ကတိပေးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်း တဆတ်ဆတ်ညိတ်ကာ...

"ဒုတိယ ကတိကတော့ ကျမ်းစာထားတဲ့ အဆောင်ထဲက အခြေအနေကို ဘယ်သူ့ကိုမှ မပြောပြရဘူး"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြရင်း...

"မှန်ပါ့၊ တပည့်တော် ကတိပေးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေထံမှ ကတိဝန်ခံချက် ရသည်နှင့် ထိုင်ရာမှထပြီး...

"ကိုင်း ဘုန်းကြီးနောက် လိုက်ခဲ့"

ဟု ပြောကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် တရုတ်ဘုန်းကြီး၏နောက်မှ တိတ်ဆိတ်စွာ လိုက်ပါသွားလေတော့သည်။

◆ ◆ ◆

ဤအဆောင်သည် ကျမ်းစာများ ထားရှိရာ အဆောင် ဖြစ်ပါသည်။

အဆောင်၏အဝင်တံခါးသည် ကြီးမားထူထဲသော သံတံခါး တစ်ချပ် ဖြစ်ပါသည်။

ထိုတံခါး၏ရှေ့သို့ ချိုယင်းဝေနှင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးတို့ ရောက်ရှိလာလေသည်။

ကျမ်းစာများ ထားရှိရာ အဆောင်၏တံခါးရှေ့သို့ ရောက်သည်နှင့် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် တံခါးပေါ်မှ သံကွင်းကို ဆွဲ၍ တံခါးခေါက်လိုက်လေသည်။

"ဒေါက်..ဒေါက်..ဒေါက်"

ဟူသော တံခါးခေါက်သံ ဆုံးသည်နှင့် ကြီးမားထူထဲသော အဆောင်တံခါးသည် တဖြည်းဖြည်းချင်း ပွင့်သွားလေတော့သည်။

တံခါးပွင့်သွားသည်နှင့် တရုတ်ဘုန်းတော်ကြီးများသည် ဝဲယာနှစ်ဘက်၌ တန်းစီ၍ ရပ်နေသည်ကို ချိုယင်းဝေ မြင်တွေ့လိုက်ရ



လေသည်။ ထိုတရုတ်ဘုန်းတော်ကြီးများ၏ မျက်လုံးများသည် စူးရှ၍ နားထင်ချိုင့်ဝင်နေသဖြင့် သိုင်းပညာ အဆင့်မြင့်မားသော တရုတ်ဘုန်းတော်ကြီးများ ဖြစ်ရမည်ဟု ချိုယင်းဝေ မှတ်ချက်ချလိုက်မိလေသည်။

ထိုတရုတ်ဘုန်းတော်ကြီးများသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို လက်အုပ်ချီ၍ ကြိုဆိုကြလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက လက်အုပ်ချီပြီး ဦးညွှတ်ကာ အဆောင်ထဲသို့ လှမ်းဝင်လိုက်လေတော့သည်။

ချိုယင်းဝေသည် တိတ်ဆိတ်စွာပင် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး နောက်သို့ လိုက်ပါသွားလေတော့သည်။

အဆောင်ထဲသို့ ချိုယင်းဝေတို့ ရောက်ရှိသည်နှင့် တစ်ပြိုင်တည်း ကြီးမားထူထဲသော အဆောင်တံခါးသည် ပြန်လည်ပိတ်၍ သွားလေတော့သည်။

ထိုစဉ် ဝဲယာတစ်ဘက်တစ်ချက်၌ တန်းစီနေသော တရုတ်ဘုန်းတော်ကြီးများထဲမှ တရုတ်ဘုန်းတော်ကြီးတစ်ပါးက ရှေ့သို့ ထွက်လာပြီး ချိုယင်းဝေ၏ရှေ့ ရပ်ကာ...

"ဒကာလေး ခါးက ဓားကို ဘုန်းတော်ကြီး ခဏသိမ်းထားပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက တရုတ်ဘုန်းတော်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး ဘာမှပြန်မပြောဘဲ ခါးမှဓားကို ဖြုတ်ပေးလိုက်လေသည်။

ထို့နောက် ချီယင်းဝေသည် ရှေ့သို့ ဆက်လျှောက်သွားကာ ရုပ်ပွားတော်များကို လက်အုပ်ချီ၍ ကန်တော့လိုက်လေသည်။

ထိုအချိန်တွင် ချီယင်းဝေ အနီးသို့ အဝါရောင်သင်္ကန်းဝတ်ဆင်ထားသော တရုတ်ဘုန်းတော်ကြီးတစ်ပါး ချဉ်းကပ်လာလေသည်။

ထိုဘုန်းတော်ကြီးသည် ယမန်နေ့ညက ချီယင်းဝေအား စတင်တိုက်ခိုက်ခဲ့သော တရုတ်ဘုန်းတော်ကြီးပင် ဖြစ်ပါသည်။

ချီယင်းဝေက မိမိ၏အနီးသို့ ချဉ်းကပ်လာသော အဝါရောင်သင်္ကန်းဝတ် တရုတ်ဘုန်းတော်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး လက်အုပ်ချီ၍ ဦးညွှတ်ကာ…

"ဘုန်းတော်ကြီးရဲ့ သိုင်းပညာကတော့ အတော့်ကို ချီးကျူးစရာကောင်းတယ်"

ဟု ပြောလိုက်လေသည်။

အဝါရောင်ဘုန်းတော်ကြီးသည် ယမန်နေ့ညက ချီယင်းဝေအပေါ် ရန်သူတစ်ဦးကဲ့သို့ ဆက်ဆံကာ တိုက်ခိုက်ခဲ့သော်လည်း ယခုအချိန်၌ အဝါရောင်ဘုန်းတော်ကြီးသည် ပြုံးရွှင်သော မျက်နှာဖြင့် သူ၏လက်မကို ထောင်ကာ တအာအာဖြင့် ရွှန်းရွှန်းဝေအောင် ပြောနေလေသည်။



ချီယင်းဝေသည် အဝါရောင်ဘုန်းတော်ကြီး၏တအာအာ ပြောဆိုနေသော စကားများကို အဓိပ္ပါယ်ဖော်၍ မရသဖြင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား လှမ်း၍ ကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး…

"ဦးလေးဘုန်းကြီးက ပြောတယ်၊ ဒကာလေးလို သိုင်းအဆင့်မြင့်တဲ့လူမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူးလို့ ပြောတယ်"

ချီယင်းဝေက ပြုံးလိုက်ပြီး…

"ဦးလေးဘုန်းကြီးက သိုင်းလောကထဲကို မရောက်ဖူးလို့ ဖြစ်ပါလိမ့်မယ်"

ချီယင်းဝေ စကားဆုံးသည်နှင့် ဦးလေးဘုန်းကြီးက ခြေဟန်လက်ဟန်ပြလျက် တအာအာဖြင့် ပြောဆိုလိုက်ပြန်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက…

"ဦးလေးဘုန်းကြီးဟာ အသက်နှစ်ဆယ်စွန်းအရွယ်က သိုင်းလောကထဲကို တစ်ကြိမ်ဝင်ဖူးတယ်၊ အဲဒီနောက် ဘုန်းကြီး ကျောင်းထဲကနေပြီး ဘယ်မှ မသွားတော့ဘူး"

ဟု ဝင်ရောက်ရှင်းပြလေသည်။

ချီယင်းဝေက ဦးခေါင်းတညိတ်ညိတ်ဖြင့် မျက်ခုံးမွေးဖြူဖွေး

www.burmeseclassic.com

www.burmeseclassic.com



နေသော တရုတ်ဘုန်းတော်ကြီး ရှင်းပြသည်ကို နားထောင်နေပေသည်။

ထို့နောက် သူတို့သည် ချီယင်းဝေအား အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေတော့သည်။

◆ ◆ ◆

အပေါ်ထပ်အဆောင်သည် ကျမ်းစာအုပ်များ ထားရှိရာ အဆောင် ဖြစ်ပါသည်။

အခန်းထဲသို့ ချီယင်းဝေ ရောက်သောအခါ ကျမ်းစာအုပ်များသည် ဗီရိုသုံးလေးလုံးခန့် ရှိသည်ကို တွေ့မြင်ရပေသည်။

ချီယင်းဝေသည် အခန်းအလယ်၌ ရပ်ကာ အခန်းတစ်လုံးကို လှည့်ပတ်၍ လေ့လာကြည့်ရှုနေပေသည်။

ထိုအခန်းထဲမှ ပြတင်းပေါက်များကို အလုံပိတ်ထားပြီး ပြတင်းပေါက်တိုင်းတွင်လည်း သံတိုင်များ စိုက်ထူထားသည်ကို ချီယင်းဝေ တွေ့မြင်ရလေသည်။

ချီယင်းဝေသည် အခန်းကို အတန်ကြာသည့် တိုင်အောင် လှည့်ပတ်ကြည့်ရှုနေပေသည်။

အတန်ကြာမှ ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးသော



ဘုန်းတော်ကြီးအား...

"မနေ့ညက တာဝန်ကျတဲ့ တရုတ်ဘုန်းတော်ကြီး ရှိလား"

ဟု မေးလိုက်လေသည်။

ထိုစဉ် တရုတ်ဘုန်းတော်ကြီးတစ်ပါးက ရှေ့တစ်လှမ်းတိုး၍ ရပ်လိုက်ပြီး...

"တာဝန်ကျတဲ့ ဘုန်းတော်ကြီး သေဆုံးသွားပါပြီ"

ချီယင်းဝေက ထိုတရုတ်ဘုန်းတော်ကြီးကို စူးစိုက်၍ ကြည့်ကာ...

"အဲဒီတုန်းက ဘုန်းတော်ကြီး ဘယ်မှာ ရှိနေလဲ"

တရုတ်ဘုန်းတော်ကြီးက စင်္ကြံလမ်းကို ညွှန်ပြလိုက်ပြီး...

"အဲဒီ စင်္ကြံလျှောက်နေတယ်"

ချီယင်းဝေက...

"သေဆုံးသွားတဲ့ ဘုန်းတော်ကြီးက ဒီအခန်းထဲမှာ သေဆုံးသွားတာလား"

တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူး"

ချီယင်းဝေက...

"ဒါဖြင့် ဘယ်နေရာမှာ သေဆုံးနေတာလဲ"

တရုတ်ဘုန်းတော်ကြီးက အစွန်ဆုံး အခန်းတစ်ခန်းကို ညွှန်

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ပြီး...

"အဲဒီ အခန်းမှာ တွေ့ခဲ့ရတယ်"

ချီယင်းဝေက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"ဒါနဲ့ ဘုန်းတော်ကြီးက လူသတ်သမားရဲ့ မျက်နှာကို တွေ့လိုက်သလား"

တရုတ်ဘုန်းတော်ကြီးက ခေါင်းကို ခါယမ်းလိုက်ပြီး...

"စူးရှတဲ့ အသံကြားလို့ သွားကြည့်တော့ အဖြူရောင်အရိပ် တစ်ခု အောက်ကို ခုန်ချသွားတာကို တွေ့လိုက်ရတယ်"

ချီယင်းဝေက ခေါင်းကို ညိတ်ကာ...

"ဒါကြောင့် အဲဒီ လူရဲ့ မျက်နှာကို မတွေ့လိုက်ရဘူးဆိုပါ တော့"

ဘုန်းတော်ကြီးက ခေါင်းကို ညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ သူ့မျက်နှာကို မတွေ့လိုက်ရဘူး"

ချီယင်းဝေက...

"အဲဒီ နောက်ကော"

ဘုန်းတော်ကြီးက...

"နောက်တော့ မကြာပါဘူး၊ ဦးလေးဘုန်းကြီးရောက် လာ တာပါပဲ"

ချီယင်းဝေက...



"အဲဒီနောက် ဘာဖြစ်သေးလဲ"

ဘုန်းတော်ကြီးက...

"ဦးလေးဘုန်းကြီးက အဲဒီ လူရဲ့ နောက်ကို ဆက်လိုက်သွား ခဲ့တယ်"

ချီယင်းဝေသည် မိမိ၏အောက်နှုတ်ခမ်းကို တစ်ချက်ကိုက် ၍ စဉ်းစားလိုက်ပြီး...

"အခင်းဖြစ်ပွားပြီးတဲ့နောက် ပြတင်းပေါက်တံခါးတွေကို သေသေချာချာ ပြန်စစ်ဆေးခဲ့သေးလား"

ဘုန်းတော်ကြီးက...

"စစ်ဆေးခဲ့ပါတယ်၊ ပြတင်းပေါက် တံခါးအားလုံး အလုံပိတ် ထားတာကို တွေ့ရပါတယ်"

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ရင်း...

"အင်း အံ့ဩစရာပဲ၊ လူသတ်သမားက ဘယ်လို ဝင်လာ တယ်လို့ ထင်သလဲ"

ဘုန်းတော်ကြီးက...

"ခေါင်မိုးပေါ်က ဆင်းလာတယ်လို့ ထင်တာပဲ"

ချီယင်းဝေသည် အပေါ်ထပ်အဆောင်ရှိ အခန်းများကို ရေတွက်ကြည့်လိုက်ပြီး...

"အခု အပေါ်မှာ အခန်းရှစ်ခန်း ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြကာ...

"ဟုတ်ပါတယ်၊ အခန်းရှစ်ခန်း ရှိပါတယ်"

ချီယင်းဝေက...

"အဲဒီ ရှစ်ခန်းကို ဘယ်သူ တာဝန်ယူရသလဲ"

ဘုန်းတော်ကြီးက...

"အပေါ်ထပ်မှာ ဘုန်းတော်ကြီးလေးပါးကို နှစ်ပါးတစ်တွဲစီ တာဝန်ချထားပါတယ်"

ချီယင်းဝေက ခေတ္တမျှ စဉ်းစားလိုက်ပြီး...

"ကောင်းပြီ၊ အခန်းတံခါးအားလုံး တပည့်တော် ကြည့်ပါရစေ"

ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ထို့ကြောင့်...

ဘုန်းတော်ကြီးသည် အခန်းတံခါးများကို သော့ဖြင့် ဖွင့်ပေးလိုက်လေတော့သည်။

ချီယင်းဝေ အစွန်ဆုံး အခန်းကို ဦးစွာ ဝင်ရောက်သွားလေတော့သည်။



အခန်းထဲ၌ မှောင်မည်း၍ နေပေသည်။

ဘုန်းတော်ကြီးက မီးအိမ်ကို ထွန်းညှိလိုက်လေသည်။

ချီယင်းဝေသည် အခန်းထဲသို့ လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

ယင်းအခန်းထဲသို့ အလင်းရောင်ရရှိစေရန် ခေါင်မိုးပေါ်၌ ပြတင်းပေါက် ဖောက်ထားသည်ကို ချီယင်းဝေ တွေ့မြင်ရပေသည်။

ထိုပြတင်းပေါက်သည် နှစ်ပေသုံးပေခန့် ကျယ်ဝန်းပြီး ကြိုးနှစ်ချောင်း တပ်ထားသည်ကို တွေ့မြင်ရပေသည်။

ထိုခေါင်မိုးပေါ်ရှိ ပြတင်းပေါက်မှ အလင်းရောင် မလိုအပ်သောအခါ ပိတ်ထားနိုင်၍ ပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ သံပြားအုပ်ထားသောပျဉ်ပြား ဘေးသို့ ရွေ့လျားသွားပြီး အခန်းတွင်းသို့ အလင်းရောင်ကျရောက်လာမည် ဖြစ်ပါသည်။

အကယ်၍ အလင်းရောင် မလိုအပ်ပါက ဘယ်ဘက်မှ ကြိုးစကို ဆွဲရမည် ဖြစ်ပါသည်။

ထိုဘယ်ဘက်မှ ကြိုးစကို ဆွဲလိုက်ပါက သံပြားအုပ်ထားသော ပျဉ်ချပ်သည် ပြတင်းပေါက်ပေါ်သို့ ပြန်လည်ရွေ့လျားလာပြီး အလင်းရောင်ရရှိနိုင်တော့မည် မဟုတ်ပေ။

ထိုအခန်းထဲတွင် စာအုပ်စင်များ ရှိပြီး ထိုစာအုပ်စင်များပေါ်တွင် ကျမ်းစာအုပ်များစွာ ရှိသည်ကို တွေ့ရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် အခန်းကို သေချာစွာ လေ့လာကြည့်ရှုနေရာမှ ဘုန်းတော်ကြီးကို လှမ်း၍ ကြည့်လိုက်ပြီး...

"ဒါနဲ့ စကားမစပ်၊ ဘုန်းတော်ကြီးရဲ့ဘွဲ့က ဘယ်လိုခေါ်ပါသလဲ"

ဟု မေးလိုက်လေသည်။

ဘုန်းတော်ကြီးက...

"တုချမ်းလို့ ခေါ်ပါတယ်"

ချိုယင်းဝေက...

"ဘုန်းတော်ကြီး ဒီအခန်းထဲကို အခင်းဖြစ်ပွားပြီးမှ ရောက်ခဲ့သေးသလား"

ဘုန်းတော်ကြီးတုချမ်းက ဦးခေါင်းကို ညိတ်ကာ...

"ရောက်ခဲ့ပါတယ်၊ အရင်ကလဲ ရောက်ဖူးပါတယ်"

ချိုယင်းဝေက...

"ဘုန်းတော်ကြီး ဒီအခန်းကို ရောက်တဲ့အခါ ခေါင်မိုးပေါ်က ပြတင်းပေါက် ပိတ်ထားတာ တွေ့ရသလား"

ဘုန်းတော်ကြီးတုချမ်းက...

"တစ်ဝက်ပိတ်ထားတာကို တွေ့ရတယ်"

ချိုယင်းဝေက...

ခေါင်မိုးပေါ်က ပြတင်းပေါက်ကို မော့၍ ကြည့်လိုက်ပြီး...



"အရင်တုန်းက အဲဒီ ပြတင်းပေါက်ကို ဖွင့်ထားသလား"

ဘုန်းတော်ကြီးတုချမ်းက...

"အမြဲပိတ်ထားတယ်၊ မိုးရွာတဲ့အခါဆိုရင် ဆီစိမ်အဝတ်နဲ့ ကာထားရသေးတယ်"

ချိုယင်းဝေက အနည်းငယ်စဉ်းစားလိုက်ပြီး...

"ဒါဆိုရင် ပြတင်းပေါက်ကို ဖွင့်တဲ့အခါကော ရှိသေးရဲ့လား"

ဘုန်းတော်ကြီးတုချမ်းက...

"ကျမ်းစာကို လာယူတဲ့အခါကျမှ ဖွင့်တယ်၊ ပြီးတော့ ပြန်ပိတ်ထားတယ်"

ချိုယင်းဝေက သူ၏အောက်နှုတ်ခမ်းကို တစ်ချက်ကိုက်၍...

"ဒါဆိုရင် ဘာဖြစ်လို့ ပြတင်းပေါက်မဖွင့်ဘဲ ကျမ်းစာကို ဖယောင်းတိုင်တို့၊ ဆီမီးခွက်တို့ ထွန်းပြီး မယူရတာလဲ"

ဘုန်းတော်ကြီးတုချမ်းက...

"ဖယောင်းတိုင်ပဲဖြစ်ဖြစ်၊ ဆီမီးခွက်ပဲဖြစ်ဖြစ် အသုံးပြုတဲ့အခါမှာ မီးခိုးရှိပါတယ်"

ချိုယင်းဝေက...

"အဲဒါနဲ့ ဖယောင်းတိုင်၊ ဆီမီးခွက် သုံးတာနဲ့ သက်ဆိုင်နေလို့လား"

ဘုန်းတော်ကြီးတုချမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"သက်ဆိုင်နေတာပေါ့၊ ဆီမီးခွက်ဖြစ်ဖြစ်၊ ဖယောင်းတိုင်ဖြစ်ဖြစ် အသုံးပြုတဲ့အခါ မီးခိုးထွက်လာမယ်၊ အဲဒီ မီးခိုးကြောင့် ကျမ်းစာအုပ်တွေ အဝါရောင်သမ်းပြီး ပျက်စီးသွားနိုင်တယ်၊ ဒါကြောင့် ခေါင်မိုးပေါ်က အလင်းရောင်ကိုပဲ အသုံးပြုပါတယ်"

ချီယင်းဝေက...

"ဒီလိုဆိုရင် ညဘက်မှာ ကျမ်းစာကူးယူလို့ ဘယ်ရပါ့မလဲ"

ဘုန်းတော်ကြီးတုချမ်းက ဦးခေါင်းညိတ်ပြလိုက်ရင်း...

"မှန်ပါတယ်၊ ဒါကြောင့် ညဘက်မှာ ကျမ်းစာ မကူးရဘူးဆိုတာ စည်းကမ်းထုတ်ပြန်ထားပါတယ်"

ချီယင်းဝေက ရုတ်တရက် တစ်စုံတစ်ရာကို သတိရဟန်ဖြင့်

"သြော် ဒါထက် ဘုန်းတော်ကြီးကို တပည့်တော် မေးပါရစေ"

ဘုန်းတော်ကြီးတုချမ်းက...

"မေးပါ၊ ဘာများပါလိမ့်"

ချီယင်းဝေက...

"တခြားတော့ မဟုတ်ပါဘူး၊ ဘုန်းတော်ကြီးတစ်ပါး အသတ်ခံရတာ ဒီအခန်းထဲမှာဆိုတာ ဟုတ်လား"

ဘုန်းတော်ကြီးတုချမ်းက ဦးခေါင်းကို ညိတ်ပြကာ...

"ဟုတ်ပါတယ်၊ ဒီအခန်းမှာပါပဲ"



ချီယင်းဝေက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားရင်း...

"အသတ်ခံရတဲ့ ဘုန်းတော်ကြီးက ညဘက်မှာ ဒီအခန်းထဲ ဝင်လာတယ်ဆိုတော့ စည်းကမ်းဖျက်ရာ ကျမနေဘူးလား"

ဘုန်းတော်ကြီးတုချမ်းက...

"ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘုန်းတော်ကြီးမှာ ပြောဆိုခွင့်မရှိပါဘူး"

ချီယင်းဝေသည် ဦးခေါင်းကို ညိတ်ကာ...

"ဘုန်းတော်ကြီး ပြောပိုင်ခွင့် မရှိရင်လဲ မမေးတော့ပါဘူး၊ ဒါပေမယ့်.."

ဘုန်းတော်ကြီးတုချမ်းက...

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး...

"ဒါပေမယ့် အသတ်ခံရတဲ့ ဘုန်းတော်ကြီးဟာ ဘာဖြစ်လို့ စည်းကမ်းကို ဖျက်ပြီး ဒီအခန်းထဲ ဝင်ရတာလဲဆိုတာ စိတ်ဝင်စားစရာပဲ"

ဟု ပြောလိုက်လေသည်။

ဘုန်းတော်ကြီးတုချမ်းသည် ဘာမှ တုံ့ပြန်ပြောဆိုခြင်း မရှိဘဲ တိတ်ဆိတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက...

အခန်းကို မျက်လုံးဖြင့် ထပ်မံဝေ့ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီး မသေမီ ဘာတွေ ပြောသွားသေးလဲ"

ဘုန်းတော်ကြီးတုချမ်းက မျက်လုံးတစ်ချက်လှန်၍ စဉ်းစားလိုက်ပြီး...

"ထွေထွေထူးထူးတော့ ဘာမှ မပြောပါဘူး"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ရင်း...

"ဘယ်သူသတ်တယ်ဆိုတာ မေးမကြည့်ဘူးလား"

ဘုန်းတော်ကြီးတုချမ်းက...

"မေးပါတယ်"

ချီယင်းဝေက တစ်ချက်ပြုံးကာ...

"ဒါပေမယ့် ဘာမှ မပြောနိုင်ဘူး ဟုတ်လား"

ဘုန်းတော်ကြီးတုချမ်းက ခေါင်းကို ညိတ်ကာ...

"ပထမတော့ သူက တစ်ခုခု ပြောမလို့ ကြိုးစားသေးတယ်၊ ဒါပေမယ့် ဘာသံမှ ထွက်မလာဘူး"

ချီယင်းဝေသည် အတန်ကြာအောင် ခေါင်းကို ငုံ၍ စဉ်းစားနေလေသည်။

ထိုစဉ် ရုတ်တရက် သူ၏မျက်လုံးများက ကြမ်းပြင်ပေါ်မှ သွေးစက်များကို မြင်တွေ့လိုက်ရလေသည်။



ထိုသွေးစက်များနှင့်အတူ ထူးဆန်းသော အနီရောင်အစင်းကြောင်းများကိုပါ ချီယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထိုအနီရောင်အစင်းကြောင်းများကို မြင်တွေ့လိုက်ရသည်နှင့် ချီယင်းဝေ၏ရင်ကို လှုပ်ရှားသွားစေလေသည်။

◆ ◆ ◆

ချီယင်းဝေသည် ဘုန်းတော်ကြီးတုချမ်း၏လက်ထဲမှ မီးအိမ်ကို လှမ်းယူလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်လိုက်လေသည်။

ထို့နောက်...

ချီယင်းဝေသည် ကြမ်းပေါ်မှ သွေးစက်များနှင့် အနီရောင်အစင်းကြောင်းများကို သေသေချာချာ ကြည့်နေလေသည်။

ပြီးမှ ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီးတုချမ်းကို မော့၍ ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီး ရောက်တော့ အသတ်ခံရတဲ့ ဘုန်းတော်ကြီးကို ပွေ့ထူသေးလား"

ဘုန်းတော်ကြီးတုချမ်းက ခေါင်းညိတ်ကာ...

"ပွေ့ထူလိုက်ပါတယ်၊ ဒါပေမယ့် ပွေ့မထားဖို့ ပြောတဲ့ အတွက် ကြမ်းပေါ်မှာ ပြန်ချထားလိုက်ပါတယ်၊ ပြီးမှ သူ့ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူသတ်တယ်ဆိုတာ မေးကြည့်ခဲ့ပါတယ်"

ချီယင်းဝေက ခေါင်းကို ညိတ်ရင်း…

"ဒါပေမယ့် ဘာမှ မပြောဘူး မဟုတ်လား"

ဘုန်းတော်ကြီးတုချမ်းက ခေါင်းညိတ်ကာ…

"ဟုတ်ပါတယ်"

ချီယင်းဝေသည် ကြမ်းပြင်ပေါ်မှ အနီရောင်အစင်းကြောင်းများကို ညွှန်ပြလိုက်ပြီး…

"ဒီမှာ ကြည့်စမ်းပါဦး"

ဟု ပြလိုက်လေသည်။

ဘုန်းတော်ကြီးတုချမ်းသည် ချီယင်းဝေ ညွှန်ပြရာသို့ ငုံ၍ ကြည့်လိုက်လေသည်။

ချီယင်းဝေက…

"ဒီအစင်းကြောင်းတွေကို ဘယ်သူ ခြစ်ထားတာလဲ"

ဟု ပြောလိုက်လေသည်။

ဘုန်းတော်ကြီးတုချမ်းနှင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးတို့သည် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ပြီး ချီယင်းဝေ ညွှန်ပြသော အရာများကို သေချာစွာ ကြည့်လိုက်လေသည်။

ထိုအရာများမှာ သွေးစက်ကလေးများနှင့် အနီရောင်အစင်း



ကြောင်းများ ဖြစ်ပါသည်။

အနီရောင်အစင်းကြောင်းများသည် ခြောက်လက်မခန့်ရှည်၍ မြွေကဲ့သို့ ကွေ့ကောက်နေပေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးနှင့် ဘုန်းတော်ကြီးတုချမ်းတို့သည် ထိုအနီရောင်အစင်းကြောင်းများကို ငေးကြောင်၍ ကြည့်နေပေသည်။

ချီယင်းဝေသည် ထိုအနီရောင်အစင်းကြောင်းများကို ညွှန်ပြရင်း…

"ဒီအစင်းကြောင်းတွေဟာ တစ်စုံတစ်ယောက်ယောက်က လက်ညှိုးနဲ့ သွေးကို တို့ပြီး ရေးခြစ်ထားတာ ဖြစ်ရမယ်"

တရုတ်ဘုန်းတော်ကြီးတုချမ်းက…

"ဘယ်သူရေးခြစ်ထားတာလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက နှုတ်ခမ်းတစ်ချက် ကွန့်လိုက်ပြီး…

"အဖြစ်နိုင်ဆုံးကတော့ သေဆုံးတဲ့ ဘုန်းတော်ကြီးက ရေးထားတာ ဖြစ်ရမယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက မျက်မှောင်ကြုတ်ရင်း စဉ်းစားမရဟန်ဖြင့်…

"သေခါနီးမှာ ဘာကြောင့် ဒီအကြောင်းတွေကို ရေးခြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

ဟု ချိုယင်းဝေအား မေးလိုက်လေသည်။

ချိုယင်းဝေက မိမိ၏လက်ညှိုးဖြင့် အစင်းကြောင်းတွေကို ညွှန်ပြလိုက်ပြီး...

"ဟောဒီ ကွေ့ကောက်နေတဲ့ အစင်းကြောင်းတွေဟာ ကျမ်းစာအုပ်နဲ့များ ပတ်သက်နေသလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး...

"ဘယ်လိုမှ ပတ်သက်လိမ့်မယ် မထင်ဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဘုန်းတော်ကြီးတုချမ်းကို လှမ်း၍ ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီးက တပည့်တော်ကို အကူအညီတစ်ခုပေးပါ"

ဟု တောင်းခံလိုက်လေသည်။

ဘုန်းတော်ကြီးတုချမ်းက မဆိုင်းမတွဘဲ ဦးခေါင်းကို ညိတ်ကာ...

"ပြောပါ၊ ဘာကူညီရမှာလဲ"

ချိုယင်းဝေက...



"တပည့်တော် အကူအညီ မတောင်းခံမီ တစ်ခုမေးပါရစေ"

ဘုန်းတော်ကြီးတုချမ်းက ဦးခေါင်းကို ညိတ်ရင်း...

"မေးပါ"

"ဘုန်းတော်ကြီးက သေဆုံးသွားတဲ့ ဘုန်းတော်ကြီးရဲ့ အလောင်းကို တွေ့ခဲ့တယ် မဟုတ်လား"

ဘုန်းတော်ကြီးတုချမ်း ခေါင်းညိတ်ကာ...

"တွေ့ခဲ့ပါတယ်"

ချိုယင်းဝေက တစ်ချက်ပြုံးပြကာ...

"ဒါဆိုရင် တပည့်တော်ကို သေဆုံးတဲ့ ဘုန်းတော်ကြီး ကြမ်းပြင်ပေါ်မှာ ဘယ်လိုအနေအထားနဲ့ လဲကျနေတယ်ဆိုတာကို ဘုန်းတော်ကြီးက ပြပေးပါ"

ဘုန်းတော်ကြီးတုချမ်းက မျက်မှောင်ကြုတ်လိုက်ပြီး...

"ဒကာလေးက ဘာလုပ်မလို့လဲ"

ချိုယင်းဝေက...

"တပည့်တော် လက်တွေ့လေ့လာချင်လို့ပါ"

ဟု ပြောလိုက်လေသည်။

ဘုန်းတော်ကြီးတုချမ်းက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံ တစ်ချက်လှမ်းကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပြလိုက်လေသည်။

ထို့ကြောင့်...

ဘုန်းတော်ကြီးတုချမ်းသည် ကြမ်းပြင်ပေါ်တွင် လဲလျောင်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

ချီယင်းဝေက လက်ကာပြလိုက်ပြီး...

"ဖြစ်နိုင်မယ်ဆိုရင် ဘုန်းတော်ကြီးတုချမ်းက သေဆုံးသွားတဲ့ ဘုန်းတော်ကြီးရဲ့ နေရာမှာ ခဏလှဲပြပေးပါ"

ဟု ပြောလိုက်လေသည်။

ဘုန်းတော်ကြီးတုချမ်းက ချီယင်းဝေကို ဦးခေါင်းညိတ်ပြလိုက်ပြီး သေဆုံးသွားသည့် ဘုန်းတော်ကြီး လဲကျနေသည့် နေရာတွင် ထပ်တူထပ်မျှ လဲလျောင်းလိုက်လေသည်။

ဘုန်းတော်ကြီးတုချမ်းသည် ကြမ်းပြင်ပေါ်တွင် လဲလျောင်းကာ မိမိ၏ခန္ဓာကိုယ်ကို အနည်းငယ် ကွေးထားလေသည်။

ညာဘက်လက်ဖြင့် ရင်ဘတ်ကို အုပ်ထားပြီး ဘယ်ဘက်လက်က ဘေးသို့ ချထားလိုက်လေသည်။

ချီယင်းဝေသည် ကြမ်းပြင်ပေါ်မှ လဲလျောင်းနေသော ဘုန်းတော်ကြီးတုချမ်းကို ကြည့်ရင်း သူ၏မျက်လုံးများသည် ဝင်းလက်၍ လာလေတော့သည်။



သူသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား လှမ်း၍...

"ဘုန်းတော်ကြီး ကြည့်စမ်းပါဦး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် ချီယင်းဝေ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

ယင်းသို့ ကြည့်လိုက်သောအခါ လဲလျောင်းနေသော ဘုန်းတော်ကြီးတုချမ်း၏ ဘယ်ဘက်လက်အသည် ကွေးကောက်နေသော အစင်းကြောင်းများနှင့် အလွန်နီးကပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချီယင်းဝေက တစ်ချက်ပြုံးကာ...

"ဟောဒီ အစင်းကြောင်းတွေကို ဘုန်းတော်ကြီး မသေဆုံးမီ ရေးခြစ်ခဲ့တာ ဖြစ်မယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက်...

သူသည် ဘုန်းတော်ကြီးတုချမ်းအား ကျေးဇူးတင်စကား ပြောလိုက်ပြီး လဲလျောင်းရာမှ ထခိုင်းလိုက်လေသည်။

ထိုစဉ်...

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဝမ်းသာအားရ

www.burmeseclassic.com

www.burmeseclassic.com



လေသံဖြင့်...

"သူက ဒီအစင်းကြောင်းတွေကို ဘာဖြစ်လို့ ရေးရတာလဲ"

ဟု ချီယင်းဝေကို မေးလိုက်လေသည်။

ချီယင်းဝေက ခေါင်းကို ခါပြကာ...

"ဒါတော့ တပည့်တော်လဲ မသိသေးဘူး"

ဟု ဖြေလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ဘာပဲဖြစ်ဖြစ် တရားခံကို ဖော်ထုတ်နိုင်ဖို့တော့ အထောက်အကူ ဖြစ်တယ် မဟုတ်လား"

ချီယင်းဝေက ခေါင်းညိတ်ကာ...

"အထောက်အကူ ဖြစ်လိမ့်မယ်လို့ တပည့်တော် ယုံကြည်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက်...

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို အကူအညီတောင်းခံသော မျက်လုံးများဖြင့် ကြည့်ကာ...

"ဪ ဒါနဲ့ အခု အဲဒီဘုန်းတော်ကြီးရဲ့ အလောင်းကို ဘယ်မှာထားပါသလဲ"

ဟု မေးလိုက်လေသည်။



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"အဆောင်အမှတ်လေးမှာ ထားပါတယ်၊ မနက်ဖြန်ကျမှ မီးသဂြိုဟ်မယ်"

ဟု ဖြေလိုက်လေသည်။

ချီယင်းဝေက ခေါင်းညိတ်ကာ...

"ဖြစ်နိုင်မယ်ဆိုရင် တပည့်တော် အဲဒီ အလောင်းကို ကြည့်ပါရစေ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ဒကာလေး ဘာလုပ်မလို့လဲ"

ချီယင်းဝေက ပြုံးလိုက်ပြီး...

"ဘုန်းတော်ကြီးက ခွင့်ပြုမယ်ဆိုရင် တပည့်တော် အလောင်းက ဒဏ်ရာတွေကို ကြည့်ချင်လို့ပါ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ...

"ကောင်းပြီလေ၊ ဒကာလေးကို ဘုန်းတော်ကြီးတစ်ပါးပါးနဲ့ လိုက်ပို့ခိုင်းလိုက်ပါ့မယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ထိုင်ရာမှ ထလိုက်ပြီး...

"ဒါဖြင့် တပည့်တော်တို့ သွားကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ထို့နောက် ချီယင်းဝေသည် အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

ချီယင်းဝေသည် အောက်ထပ်သို့ ဆင်းလာရာလမ်း၌ ဘုန်းကြီးတချမ်းအား လှမ်း၍...

"ဩော် ဒီကိစ္စကို ဘယ်သူမှ မပြောပါနဲ့"

ဟု ပြောလိုက်လေသည်။

ဘုန်းတော်ကြီးတချမ်းက...

"စိတ်ချပါ"

ဟု ပြောလိုက်လေသည်။

အဆောင်ထဲမှ ချီယင်းဝေတို့ ထွက်လာသောအခါ မိုးချုပ်နေပြီ ဖြစ်ပါသည်။

အဆောင်၏အပြင်ဘက်မှ စင်္ကြံပေါ်တွင် စုဟိုက်ဘုန်းတော်ကြီးနှင့် စုတိတ်ဘုန်းတော်ကြီးတို့ လမ်းလျှောက်နေသည်ကို ချီယင်းဝေ လှမ်းမြင်လိုက်လေသည်။

ချီယင်းဝေက စုဟိုက်ဘုန်းတော်ကြီးကို တွေ့မြင်လိုက်သကဲ့



သို့ စုဟိုက်ဘုန်းတော်ကြီးကလည်း အဆောင်ထဲမှ ထွက်လာသော ချီယင်းဝေကို လှမ်းမြင်လိုက်လေသည်။

ယင်းသို့ မြင်တွေ့လိုက်သည်နှင့် စုဟိုက်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံ လျှောက်သွားပြီး လက်အုပ်ချီ၍ ဂါရဝပြုလိုက်လေသည်။

ပြီးမှ မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား...

"သဲလွန်စရပြီလား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြရင်း...

"မရသေးပါဘူး၊ ဒါနဲ့ ဘုန်းတော်ကြီးတို့က ဘာကိစ္စ စောင့်နေကြတာလဲ"

ဟု မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက...

"တပည့်တော်တို့လဲ သဲလွန်စ ရပြီလားဆိုတဲ့ သတင်းကို လာစောင့်နေတာပါ"

ထိုစဉ် ဘုန်းတော်ကြီးစုတိတ်က ချီယင်းဝေကို ညွှန်ပြရင်း...

"ဒီကောင်လေးကို ချုပ်ထားရင် ကောင်းမယ် ထင်တယ်"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုတိတ်ဘုန်းတော်ကြီးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး…

"ချုပ်ထားရအောင် ဒီဒကာလေးက တရားခံမှ မဟုတ်သေးဘဲ"

ဘုန်းတော်ကြီးစုတိတ်က…

"ဒါပေမယ့် တရားခံဟာ ဒီဒကာလေးကလွဲပြီး ဘယ်သူရှိနိုင်ဦးမှာလဲ"

ဟု ပြန်လည်ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဘုန်းတော်ကြီးစုတိတ်၊ အဲဒီလို အရမ်းမစွပ်စွဲရဘူးလေ။ အခု ဒကာလေးက တရားခံအစစ် ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေတယ်"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး ပြောသော စကားကြောင့် ဘုန်းတော်ကြီးစုတိတ်သည် ဘာမျှ ပြန်မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုဟိုက်ဘုန်းတော်ကြီးကို လှမ်း၍ ကြည့်လိုက်ပြီး…

"စုဟိုက်ဘုန်းတော်ကြီးက ဒီဒကာလေးကို အလောင်းပြင်ထားတဲ့ အဆောင်ကို လိုက်ပို့လိုက်ပါ"



ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက မျက်မှောင်တစ်ချက် မသိမသာ ကြုတ်လိုက်ရင်း…

"ဘာဖြစ်လို့လဲ ကိစ္စထူး ရှိလို့လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဒကာလေးက ဘုန်းတော်ကြီးရဲ့ အလောင်းကို ကြည့်ချင်လို့တဲ့"

စုဟိုက်ဘုန်းတော်ကြီးက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို အံ့ဩဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး…

"ကြည့်ခွင့်မပြုသင့်ဘူးလို့ တပည့်တော် ထင်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက လက်ကာပြရင်း…

"ခွင့်ပြုပြီးပြီပဲ၊ ဒကာလေးကို လိုက်ပို့လိုက်ပါ"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် ဘာမှပြန်လည်၍ မပြောတော့ဘဲ ချိုယင်းဝေကို ခေါ်ဆောင်၍ အဆောင်အမှတ်လေးဘက်သို့ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် လူသတ်သမား လက်ချက်ဖြင့် ပျံလွန်တော်မူသော ဘုန်းတော်ကြီး၏ရုပ်ကလာပ် ထားရှိသောနေရာ ဖြစ်ပါသည်။

အခန်း၏အလယ်တွင် ခုတင်တစ်ခု ထားရှိပြီး ထိုခုတင်ပေါ်တွင် ဘုန်းတော်ကြီး၏ရုပ်ကလာပ်ကို တင်ထားလေသည်။

ခုတင်၏ခေါင်းရင်းဘက်တွင် အမွှေးတိုင်နှင့် ဖယောင်းတိုင်များကို ထွန်းညှိထားလေသည်။

အခန်းထဲသို့ ရောက်သည်နှင့် ချီယင်းဝေသည် ရုပ်ကလာပ် ထားရှိရာနေရာသို့ လျှောက်၍ သွားလေသည်။

ထို့နောက် သူသည် ရုပ်ကလာပ်ပေါ်မှ လွှမ်းခြုံထားသော ပဝါစကို ဖယ်ရှားလိုက်ပြီး ရုပ်ကလာပ်ကို သေချာစွာ စစ်ဆေးကြည့်ရှုလေတော့သည်။

ဘုန်းတော်ကြီး၏သေဆုံးပုံမှာ မျက်လုံးနှစ်လုံး ပြူးကျယ်၍ မျက်နှာပေါ်တွင် အံ့သြခြင်း၊ ဒေါသထွက်ခြင်း စသည့် အရိပ်အယောင်များကို တွေ့ရလေသည်။

ဤသို့ဆိုလျှင် ဘုန်းတော်ကြီးသည် မည်ကဲ့သို့သော လူသတ်သမားနှင့် တွေ့ဆုံခဲ့ရသနည်း။

အံ့သြခြင်း၊ ဒေါသထွက်ခြင်းစသည့် အရိပ်အယောင်များက လူသတ်သမားကို သေဆုံးခဲ့သော ဘုန်းတော်ကြီးက သိရှိ



ကြောင်း ဖော်ပြနေသည် မဟုတ်ပါလား။

ချီယင်းဝေသည် သူ၏မျက်လုံးများကို ဘုန်းတော်ကြီး၏ မျက်နှာပေါ်မှ ရင်ဘတ်ပေါ်သို့ ရွှေ့လျားလိုက်လေသည်။

ထို့နောက် ရင်ဘတ်ပေါ်မှ ဓားဒဏ်ရာကို စစ်ဆေးကြည့်ရှုလိုက်လေသည်။

ဓားဒဏ်ရာသည် တစ်ချက်တည်း ဖြစ်ကြောင်း ချီယင်းဝေ တွေ့ရှိလိုက်ရသည်။

ထို့နောက်...

ချီယင်းဝေသည် သူ၏မျက်လုံးများကို ဘုန်းတော်ကြီး ဘယ်ဘက်လက်သို့ ပြောင်းရွှေ့ကြည့်ရှုလိုက်သည်။

သူသည် ဘုန်းတော်ကြီး၏ဘယ်ဘက်လက်တွင် သွေးစများ မတွေ့ရတော့ချေ။

ချီယင်းဝေက မိမိ၏လှုပ်ရှားမှုကို ဝိုင်းကြည့်နေသော ဘုန်းတော်ကြီးများဘက်သို့ လှည့်ကာ...

"ဘယ်သူ ရေချိုးပေးသလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေ၏စကားဆုံးသည်နှင့် တရုတ်ဘုန်းတော်ကြီးများထဲမှ တုလိမ်ဟုခေါ်သော ဘုန်းတော်ကြီးတစ်ပါး ရှေ့သို့ ထွက်လာပြီး

"ဘုန်းတော်ကြီး ရေချိုးပေးလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက တုလိမ်ဘုန်းတော်ကြီးကို တစ်ချက်စူးစိုက်၍ ကြည့်လိုက်ပြီး…

"ရေချိုးတုန်းက ဘယ်ဘက်လက်ချောင်းထိပ်မှာ သွေးစွန်းနေတာ တွေ့သလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေ စကားကြောင့် တုလိမ်ဘုန်းကြီးသည် မျက်နှာတစ်ချက် ပျက်သွားပြီး ဦးခေါင်းကို ခါယမ်းကာ…

"ရုတ်တရက်ဆိုတော့ သတိမထားလိုက်မိဘူး"

ထိုစဉ် စုဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်လိုက်ပြီး…

"နေပါဦး၊ ဒကာလေးက ဘာကြောင့် ဒါတွေ မေးနေရတာလဲ"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက စုဟိုက်ဘုန်းတော်ကြီးကို ပြုံးပြလိုက်ပြီး…

"ဘာမှ မဟုတ်ပါဘူး၊ စကားစပ်မိလို့ မေးတာပါ"

ဟု ဖြေလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို စူးစိုက်၍ ကြည့်လိုက်ပြီး…

"ဒကာလေးက ဘာဖြစ်လို့ စကားလှိုးလွှဲပြောရတာလဲ"



ချိုယင်းဝေက…

"တပည့်တော် စကားလွှဲပြောတယ်လို့ ဘုန်းကြီးက ထင်လို့လား"

စုဟိုက်ဘုန်းတော်ကြီးက…

"ဘုန်းကြီး အသက်သုံးဆယ့်ခြောက်နှစ် ရှိပြီ သုံးနှစ်အရွယ်ကလေးမှ မဟုတ်ဘဲ"

ချိုယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး…

"တကယ်လို့ တပည့်တော်မှာ ရည်ရွယ်ချက် ရှိရင်လဲ ဒီကိစ္စပြီးမှ ပြောပြပါ့မယ်"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက နှုတ်ခမ်းမဲ့၍ မထေ့တထေ့ပြုံးရင်း…

"ဒကာလေးသာ လူသတ်သမား မဖြစ်ပါစေနဲ့လို့ ဘုန်းကြီးဆုတောင်းပါတယ်"

ဟု ခပ်ထေ့ထေ့ကလေး ပြောလိုက်လေသည်။

ချိုယင်းဝေက စုဟိုက်ဘုန်းတော်ကြီးကို ဘာမှ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ဘုန်းတော်ကြီး ရုပ်ကလာပ်မှ ဒဏ်ရာကို တစ်ချက်ပြန်လည် စစ်ဆေးကြည့်လေသည်။

ထိုအခါ ချိုယင်းဝေသည် ဒဏ်ရာ၏ဘေး၌ လက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



များ ဖိထားသောအရာကို သတိပြုမိလိုက်လေသည်။

ထိုစဉ် စုပဲ့ကိုက်ဘုန်းတော်ကြီးက…

"ဒကာလေး ကြည့်လို့ ပြီးပြီလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး…

"ကြည့်ပြီးပါပြီ"

ဟု ပြောကာ ဘုန်းတော်ကြီး၏ရုပ်ကလာပ်ကို လက်အုပ်ချီဦးညွှတ်၍ ဂါရဝပြုလိုက်လေသည်။

ထို့နောက် စုပဲ့ကိုက်ဘုန်းတော်ကြီးနှင့် ချိုယင်းဝေတို့သည် ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

အဆောင်အပြင်သို့ ရောက်သောအခါ သူတို့ထံသို့ တရုတ်ဘုန်းတော်ကြီးတစ်ပါး လျှောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုဘုန်းတော်ကြီးက ချိုယင်းဝေတို့အနီးသို့ ရောက်လာသောအခါ…

"ဒကာလေးကို ဘုန်းတော်ကြီးက အခေါ်လွှတ်လိုက်ပါတယ်"

စုပဲ့ကိုက်ဘုန်းတော်ကြီးက ထိုဘုန်းတော်ကြီးကို လှမ်းကြည့်ကာ…

"တပည့်တော်ကော မပါဘူးလား"



ဟု မေးလိုက်လေသည်။

ချိုယင်းဝေကို လာခေါ်သော ဘုန်းတော်ကြီးက…

"ဒကာလေးချိုယင်းဝေကိုပဲ ခေါ်ခိုင်းလိုက်တာပါ"

စုပဲ့ကိုက်ဘုန်းတော်ကြီးက ချိုယင်းဝေကို လာရောက်ခေါ်နေသော ဘုန်းတော်ကြီးအား အတန်ကြာအောင် စိုက်၍ ကြည့်လိုက်ပြီး နှာခေါင်းတစ်ချက်ရှုံ့ကာ ဘာမှမပြောဆိုတော့ဘဲ ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

ချိုယင်းဝေသည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားသော စုပဲ့ကိုက်ဘုန်းတော်ကြီး နောက်ကျောသို့ ကြည့်ရင်း ရယ်မောစွာ ကျန်ခဲ့လေသည်။

အတန်ကြာမှ မိမိကို လာရောက်ခေါ်နေသော ဘုန်းတော်ကြီးနှင့်အတူ မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံသို့ လိုက်ပါသွားလေတော့သည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် နှစ်လိုဖွယ်ပြုံးကာ…

"ဒကာလေး ဘုန်းတော်ကြီးရဲ့ ရုပ်ကလာပ်ကို ကြည့်ခဲ့ပြီးပြီလား"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ဦးခေါင်းညိတ်ကာ ပြလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် ထိုင်ရာမှ ထလိုက်ပြီး ချီယင်းဝေထံ လျှောက်လာခဲ့လေသည်။

ချီယင်းဝေ အနီးသို့ ရောက်သောအခါ ရပ်တန့်လိုက်ပြီး...

"ဘာများ ထူးခြားတာ တွေ့ခဲ့သေးလဲ"

ချီယင်းဝေက တစ်စုံတစ်ခု စဉ်းစားနေဟန်ဖြင့် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ...

"တပည့်တော် သိချင်တာလေးတွေ နည်းနည်းပါးပါး မေးပါရစေ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြရင်း...

"မေးပါ၊ ဘုန်းကြီး သိသမျှ ဖြေပါ့မယ်"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး...

"ပျောက်ဆုံးသွားတဲ့ အကြောအရိုးပြောင်းလဲတဲ့ ရိကျင်ကျင်ကျမ်းမိတ္တူကို ဘယ်အခန်းမှာ ထားသလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ကျမ်းစာထားတဲ့ အဆောင်ရဲ့ မြောက်ဘက်အစွန်ဆုံးအခန်းမှာထားပါတယ်"

ချီယင်းဝေက ဦးခေါင်းတစ်ချက်ညိတ်ကာ...



"အဲဒီ အခန်းကို ဘယ်သူမဆို ဝင်လို့ ရသလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြရင်း...

"လူတိုင်း ဝင်လို့ မရဘူး"

ချီယင်းဝေက...

"ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဝင်လို့ ရသလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"စုဘွဲ့ရထားတဲ့ ဘုန်းတော်ကြီးတွေသာ ဝင်နိုင်ထွက်နိုင်ခွင့်ရှိတယ်"

ချီယင်းဝေက...

"စုဘွဲ့ရထားတဲ့ ဘုန်းတော်ကြီးတွေက လွဲပြီး တခြားဘုန်းတော်ကြီးတွေကို အခန်းထဲ လုံးဝပေးမဝင်ဘူးပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြကာ...

"ဒီလို လုံးဝ မဝင်ရဘူးဆိုတဲ့ ကန့်သတ်ချက်မျိုးတော့ မရှိပါဘူး"

ချီယင်းဝေက သူ၏မျက်ခုံးကို ပင့်တင်လိုက်ရင်း...

"ဘုန်းတော်ကြီး ဆိုလိုတာက တကယ်လို့ တခြားဘုန်းကြီးတွေ ဝင်ချင်ရင် ဝင်နိုင်တယ်ဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းညိတ်ကာ…

"ဒီသဘောပါပဲ၊ ဒါပေမယ့် ဝင်ချင်တိုင်း ဝင်လို့တော့ မရပါဘူး"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး…

"ဒါဖြင့် ဘယ်လို အခြေအနေမှ ဝင်နိုင်သလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးကို နားလည်ဟန်ဖြင့် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး…

"ဒါဆိုရင် စုဘွဲ့ရထားတဲ့ ဘုန်းတော်ကြီးတွေသာ အချိန်မရွေးဝင်နိုင်တာပေါ့"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းညိတ်ကာ…

"မှန်ပါတယ်"

ချီယင်းဝေသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ကြည့်လိုက်ပြီး…

"ဒါနဲ့ ဒီကျောင်းမှာ စုဘွဲ့ရတဲ့ ဘုန်းတော်ကြီး ဘယ်နှစ်ပါး ရှိသလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဘုန်တော်ကြီးအပြင် နောက်ထပ် ငါးပါးရှိတယ်"



ချီယင်းဝေက မျက်မှောင်မသိမသာကြုတ်ရင်း…

"အဲဒီ ဘုန်းကြီးတွေ ဘယ်သူတွေလဲဆိုတာ တပည့်တော်ကို ပြောပြနိုင်မလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး…

"အခု ကိစ္စမှာ စုဘွဲ့ရ ဘုန်းတော်ကြီးတွေနဲ့ ပတ်သက်နေလို့လား"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး…

"ဘယ်ကိစ္စမဆို အရာရာကို လျှော့တွက်လို့ မရပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ကောင်းပြီလေ၊ အဲဒီ ဘုန်းတော်ကြီးတွေက စုဟိုက်၊ စုတိတ်၊ စုကျိန်၊ စုကျူးနဲ့ စုဟုန်တို့ ဖြစ်ကြပါတယ်"

ချီယင်းဝေက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေရာမှ…

"တခြားကျောင်းမှာ ရောက်နေတဲ့ စုဘွဲ့ရ ဘုန်းတော်ကြီးတွေကော မရှိတော့ဘူးလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"အရင်က စုဘွဲ့ရဘုန်းတော်ကြီး ကိုးပါး ရှိတယ်၊ တစ်ချို့လဲ ပျံလွန်တော်မူသွားပြီး၊ တစ်ချို့လဲ တခြားဘုန်းကြီးကျောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင် ဖြစ်နေတယ်၊ တစ်ချို့လဲ သာသနာပြုဖို့ဆိုပြီး ထွက်သွားလိုက်တာ ပြန်ရောက်မလာတော့ဘူး”

ချီယင်းဝေက တစ်စုံတစ်ခုအား စဉ်းစားမိဟန်ဖြင့်…

“ဒါနဲ့ ရိကျင်ကျင်ကျမ်းစာမိတ္တူ ရှိတယ်ဆိုတာကို သိတဲ့ ဘုန်းတော်ကြီး ဘယ်နှစ်ပါး ရှိပါသလဲ”

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

“ရှောင်လင်ကျောင်းထိုင်အပြင် စုဘွဲ့ရ ဘုန်းတော်ကြီးအားလုံး သိကြတယ်”

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး…

“ဒါဆိုရင် စုဘွဲ့ရ ဘုန်းတော်ကြီးတွေအားလုံး ရိကျင်ကျင်ကျမ်းစာအကြောင်း သိတယ်ဆိုပါတော့”

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ…

“ဟုတ်ပါတယ်”

ချီယင်းဝေက…

“ဒါဆိုရင် စုဘွဲ့ရ ဘုန်းတော်ကြီးတွေက ရိကျင်ကျင်ကျမ်းစာကို ဖတ်ဖူးကြမှာပေါ့”

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းညိတ်ကာ…



“ဖတ်ဖူးကြပါတယ်”

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး…

“ဒါဖြင့် စုဘွဲ့ရ ဘုန်းတော်ကြီးတွေရဲ့ သိုင်းပညာဟာ အတော်အဆင့်မြင့်မှာပဲ”

ဟု ပြောလိုက်သည်။ မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက လက်ကာပြလိုက်ပြီး…

“ဘယ်အတတ်ပညာမဆို လုံ့လဝီရိယအပြင် ပါရမီ လိုအပ်တယ်၊ တကယ်လို့ သိုင်းပညာ ပါရမီမရှိရင် ဘယ်လောက်ပဲဖတ်ဖတ် တတ်မှာမဟုတ်ဘူး”

ချီယင်းဝေက ပြုံးလိုက်ပြီး…

“ဘုန်းတော်ကြီးတို့ဆီမှာ ရိကျင်ကျင်ကျမ်းစာ ရှိတယ်ဆိုတာကို အပြင်လူတွေထဲကကော သိကြသလား”

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

“သိလိမ့်မယ် မထင်ဘူး”

ချီယင်းဝေက တစ်ချက်ရယ်မောပြီး…

“ဒါဖြင့် ဘုန်းတော်ကြီးတို့ဆီမှာ ရှောင်လင်ကျောင်းရဲ့ ရိကျင်ကျင်ကျမ်းစာရှိမှန်း ဘယ်လိုလုပ်ပြီး တပည့်တော် သိမှာလဲ”

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ရယ်မောလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"လောကပေါ်မှာ လျှို့ဝှက်ချက်ဆိုတာ တကယ်တော့ မရှိပါဘူး"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို တစ်ချက်ပြုံးပြလိုက်ပြီး...

"ဒီလိုဆိုရင် ဘုန်းတော်ကြီးက ဘာဖြစ်လို့ ဒီမှာ ရှိတဲ့ ဘုန်းကြီးတွေအပေါ် သံသယ မဖြစ်တာလဲ"

မျက်ခုံးဖြူဘုန်းကြီး ရယ်မောလိုက်လေသည်။

"ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ကျမ်းစာခိုးတဲ့လူလောက် သိုင်းပညာ အဆင့်မမြင့်လို့ပါပဲ"

"ကျမ်းစာခိုးတဲ့လူက အဆင့်မြင့်တယ်ပေါ့"

"သိုင်းတော်တဲ့ ဘုန်းကြီး အသတ်ခံရတော့ စဉ်းစားလို့ ရပါတယ်လေ"

ချီယင်းဝေက...

"ကျမ်းစာခိုးတဲ့လူဟာ အပြင်လူတစ်ယောက် ဖြစ်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ကောင်းပါပြီ၊ ခုကိစ္စမှာ မသင်္ကာစရာကောင်းတာတွေကို သတိပြုမိထားပါတယ်၊ တပည့်တော်ကို သုံးရက် အချိန်ပေးပါ၊ သုံးရက်ပြည့်ရင် တပည့်တော် ပြောပြနိုင်ပါတယ်"



"ကောင်းပြီ"

ချီယင်းဝေလည်း ဦးညွှတ်ကာ ထွက်လာခဲ့လေတော့သည်။

◆ ◆ ◆

ချီယင်းဝေသည် ကျမ်းစာ ပျောက်ဆုံးသည့်ကိစ္စနှင့် ပတ်သက်ပြီး အမျိုးမျိုး တွေးတောစဉ်းစားခဲ့လေသည်။

ကျမ်းစာခိုးသူက ကျမ်းစာအကြောင်း သိနေ၏။

အသတ်ခံရသူက စည်းကမ်းဖောက်ကာ တားမြစ်ထားသောနေရာသို့ ရောက်နေသည်။

သေဆုံးကာနီး ရေးခြစ်ထားသည့် အစင်းကြောင်းများက မည်သို့ အဓိပ္ပါယ်ဆောင်ပါသနည်း။

စုဟိုက်ဘုန်းကြီးက အဘယ်ကြောင့် ဖုံးကွယ်ပြောဆိုသကဲ့သို့ ရှိရပါသနည်း။

အဘယ်ကြောင့် သဘောထား အပြောင်းအလဲ မြန်ဆန်နေရပါသနည်း။

စူးခုံးယက်က အဘယ်ကြောင့် မိမိကို ကယ်ခဲ့ရပါသနည်း။

သူ့အား စုဟိုက်ဘုန်းကြီးထံသို့ စေလွှတ်ခဲ့သည်မှာ ကြိုတင်စီစဉ်ထားသော ထောင်ချောက်တစ်ခုပေလော။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး...

ချီယင်းဝေက စုဟိုက်ဘုန်းကြီးနှင့် သွားတွေ့ရန် ဆုံးဖြတ်လိုက်လေသည်။

♦ ♦ ♦

စုဟိုက်ဘုန်းကြီးက သူ့အခန်း၌ မရှိပါ။

ထို့ကြောင့် ချီယင်းဝေက အလောင်းထားသော အခန်းသို့ တစ်ခေါက်ပြန်သွားကာ စစ်ဆေးလိုက်ပြန်သည်။

သို့သော် အလောင်းကို မတွေ့ရဘဲ အလောင်းပျောက်ဆုံးနေလေသည်။

ချီယင်းဝေ အံ့သြနေစဉ် စုဟိုက်ဘုန်းကြီး ရောက်ရှိလာလေသည်။

"ဒကာလေးက ဘာသဘောလဲ"

"သဲလွန်စ လာရှာတာပါ"

"ဒကာလေး ထင်သလို လုပ်နေလို့ မရဘူး၊ ကျုပ်တို့ ကျောင်းဝင်းထဲမှာ သွားချင်တိုင်းသွား လာချင်တိုင်းလာလို့ မရဘူး"

ချီယင်းဝေက...

"ကျုပ်က သွားချင်တိုင်း သွားနေတာ မဟုတ်ဘူး၊ လူသတ်



သမားကို ဖော်ထုတ်ဖို့ သဲလွန်စ ရှာနေတာ"

စုဟိုက်ဘုန်းကြီးက...

"အလောင်းကို ကြည့်ပြီး သဲလွန်စရှာမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ဘယ်တော့မှ ရှာလို့ ရတော့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

စုဟိုက်ဘုန်းကြီးက ရုတ်တရက် အဖြေမပေးဘဲ ပြုံးနေ၏။

ချီယင်းဝေက...

"အလောင်းက ပျောက်ဆုံးသွားတာ အကြောင်းရှိရမယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ဘုန်းကြီး သိနေတယ် ဟုတ်လား"

စုဟိုက်ဘုန်းကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့်"

"ကျုပ်က သူ့ရဲ့ အလောင်းကို မီးသင်္ဂြိုဟ်လိုက်လို့ မင်းရှာမတွေ့တာပေါ့"

"ဗျာ"

ချီယင်းဝေ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို မီးသင်္ဂြိုလ်လိုက်ပြီဖြစ်ရာ သဲလွန်စ ရှာ၍ ရတော့မည် မဟုတ်ချေ။

စုဟိုက်ဘုန်းကြီးက...

"မင်းအခန်းကို မင်းပြန်သွားတာ အကောင်းဆုံးပဲ"

ချီယင်းဝေက...

"ကျုပ် ဘာမှ မကြိုးစားရတော့ဘူးလား"

စုဟိုက်ဘုန်းကြီးက...

"မင်းအခန်းကို ပြန်ပါ"

ရုတ်တရက် ချီယင်းဝေ ရယ်ချလိုက်လေသည်။

စုဟိုက်ဘုန်းကြီးက...

"မင်း ဘာရယ်တာလဲ"

ချီယင်းဝေက...

"ကျုပ်က သံသယ ဖြစ်စရာ ရှိသလို တစ်ခုခုကို သဘော ပေါက်သလို ရှိလိုက်လို့ပါ"

ထို့နောက် လှည့်ထွက်သွားရာ စုဟိုက်ဘုန်းကြီးက သူ့အား စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆



လှေကားအတိုင်း ချီယင်းဝေ ရင်ပြင်ပေါ်သို့ ပြန်လည်တက် လာလေသည်။

ထို့နောက်...

သူသည် ဘုရားခန်းမဆောင်ရှေ့မှ ဖြတ်ကျော်၍ မိမိ အဆောင်သို့ လျှောက်သွားလေသည်။

သူသည် မိမိ အခန်းသို့ ပြန်၍ အနားယူကာ တိမ်ရှိုလေးနှင့် တွေ့သည်အထိ အနားယူရင်း စဉ်းစားနေပေသည်။

သူသည် စကြံလမ်းအတိုင်း လျှောက်လာရာ ဥယျာဉ်အနီး သို့ ရောက်ရှိလာလေသည်။

ထိုအချိန်တွင် နံနက်ခင်း၏လေသည် ဥယျာဉ်မှ ဖြတ်၍ တိုက်ခတ်ကာ ချီယင်းဝေကို လာရောက်ထိတွေ့လေသည်။

ထိုစဉ်...

ရုတ်တရက် ချီယင်းဝေသည် သူ၏ခြေလှမ်းများကို ရပ်တန့် လိုက်လေသည်။

အကြောင်းမှာ ဥယျာဉ်မှ ဖြတ်၍ တိုက်ခတ်လာသော လေ ထဲ၌ သွေးညှီနံ့ ပါလာသည်ကို ခံစားလိုက်ရသောကြောင့် ဖြစ်ပါ သည်။

ယင်းသို့ ခံစားလိုက်ရသည်နှင့် ချီယင်းဝေသည် အနည်း ငယ် စိတ်လှုပ်ရှားသွားပြီး ဥယျာဉ်ထဲသို့ဝင်၍ ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

သူသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး ဥယျာဉ်ထဲသို့ လှမ်းဝင်လိုက်လေတော့သည်။

ဥယျာဉ်အတွင်းရှိ အနည်းငယ် ချောင်ကျသော တောင်တုတစ်ခု၏နောက်မှ ခြေထောက်နှစ်ချောင်း ပေါ်ထွက်နေသည်ကို ချိုယင်းဝေ မြင်တွေ့လိုက်လေသည်။

ချိုယင်းဝေ တောင်တု၏နောက်သို့ ရောက်သောအခါ ထိုခြေထောက်ပိုင်ရှင်သည် မီးခိုးရောင်သင်္ကန်းဝတ်ဆင်ထားသော တရုတ်ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေပြီး မြေပေါ်တွင် မှောက်လျက် သေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။

မှောက်လျက် သေဆုံးနေသဖြင့် ထိုတရုတ်ဘုန်းတော်ကြီး၏မျက်နှာကို ချိုယင်းဝေ မမြင်တွေ့ရချေ။

ချိုယင်းဝေသည် ဘာမျှ စဉ်းစားမနေတော့ဘဲ ထိုနေရာမှ လှည့်ထွက်ကာ ဘုရားခန်းသို့ ဦးတည်၍ ပြေးလေတော့သည်။

◆ ◆ ◆

ဘုရားခန်း၏တံခါးမကြီး ပွင့်ဟသွားပြီး တရုတ်ဘုန်းတော်ကြီးများ အသီးသီး ပြန်လည်ထွက်လာကြပေသည်။



မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးသည် ရှေ့ဆုံးမှ ထွက်လာသည်။

ဘုရားခန်း အပြင်သို့ ရောက်သည်နှင့် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် မိမိတို့ရှိရာသို့ ပြေးလာနေသော ချိုယင်းဝေကို မြင်တွေ့လိုက်ရသောကြောင့်ပင် မဟုတ်ပါလော။

ချိုယင်းဝေသည် မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးထံသို့ လျှောက်သွားပြီး တရုတ်ဘုန်းတော်ကြီး၏ရှေ့၌ ရပ်တန့်ကာ လက်အုပ်ချီ၍ ဂါရဝပြုလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချိုယင်းဝေကို တစ်ချက်မျှ အကဲခတ်၍ ကြည့်လိုက်သည်။

"ဒကာလေး ဘုန်းကြီးကို လာရှာတာလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"မှန်ပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ကိစ္စအထူး ရှိလို့လား"

ချိုယင်းဝေက...

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးကို စကားအနည်းငယ်လောက် ပြောချင်လို့ပါ"

ထိုစဉ်...

စုတိတ်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူသော ဘုန်းတော်ကြီး အနီးသို့ ချဉ်းကပ်လာပြီး...

"သူ့စကားကို မယုံပါနဲ့၊ သည်လူဟာ အင်မတန် ကောက်ကျစ်တဲ့လူပါ"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

ချိုယင်းဝေက စုတိတ်ဘုန်းတော်ကြီး၏စကားကြောင့် ဒေါပွသွားပြီး...

"ဘုန်းကြီး တပည့်တော်ကို ဘာအထောက်အထားနဲ့ ကောက်ကျစ်တယ်လို့ ပြောရတာလဲ"

စုတိတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေကို တစ်စုံတစ်ခု ပြန်လည်ပြောဆိုရန် ဟန်ပြင်လိုက်စဉ် မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးက စုတိတ်ဘုန်းတော်ကြီးကို တိတ်တိတ်နေရန် လက်ကာပြလိုက်ပြီး ချိုယင်းဝေထံသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

ချိုယင်းဝေ အနီးသို့ ရောက်သောအခါ မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေအား...



"ကဲ ပြော ဘာကိစ္စလဲ"

ချိုယင်းဝေက ဥယျာဉ်ထဲ၌ တရုတ်ဘုန်းတော်ကြီးတစ်ပါး အသတ်ခံရကြောင်း ပြောပြလိုက်လေသည်။

ချိုယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် မျက်နှာကွက်ခနဲ တစ်ချက်ပျက်သွားပြီး...

"ဘယ်မှာလဲ"

ဟု သေချာစေရန် ထပ်မေးလိုက်လေသည်။

ချိုယင်းဝေက...

"ဥယျာဉ်ထဲက တောင်တုတစ်ခုရဲ့နောက်မှာ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒါဖြင့် ဘာလို့ ရပ်နေတာလဲ၊ တို့သွားကြည့်ရအောင်"

ချိုယင်းဝေက ဦးခေါင်းညိတ်ပြလိုက်ပြီး ရှေ့မှ ဦးဆောင်၍ ထွက်သွားလေတော့သည်။

သို့သော်...

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးနှင့် ကျန်တရုတ်ဘုန်းတော်ကြီး အားလုံးတို့သည် ချိုယင်းဝေ နောက်မှ အေးဆေးစွာပင် လိုက်ပါလာလေသည်။

သို့ဖြစ်၍ ချိုယင်းဝေသည် စိတ်ပျက်သွားဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်ထဲသို့ ရောက်သောအခါ ချိုယင်းဝေသည် တောင်တုတစ်ခုကို ညွှန်ပြလိုက်ရင်း...

"အဲသည် တောင်တုရဲ့ နောက်မှာပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက်...

သူတို့အားလုံးသည် တောင်တု၏နောက်သို့ ရောက်ရှိလာလေတော့သည်။

တောင်တု၏နောက်မှ မီးခိုးရောင်သင်္ကန်းဝတ်ဆင်ထားသော တရုတ်ဘုန်းတော်ကြီးတစ်ပါး မှောက်လျက် သေဆုံးနေသည်ကို တွေ့ရလေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေကို စူးစိုက်၍ ကြည့်လိုက်ပြီး...

"သည်အလောင်းကို ဒကာလေး တွေ့ခဲ့တာလား"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်"

မျက်ခုံးမွေးဖြူသော ဘုန်းတော်ကြီးက လေထဲ၌ လက်တစ်ဘက် ဝှေ့ယမ်းပြလိုက်ပြီး...

"သည်နေရာဟာ အတော်ချောင်ကျတဲ့ နေရာတစ်ခုပဲ"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ကာ...



"ဒါကြောင့်လဲ လူသတ်သမားက သည်မှာ ဝှက်ထားတာဖြစ်မှာပေါ့"

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးက အနည်းငယ် စဉ်းစားလိုက်ပြီး...

"သည်လောက် ချောင်ကျတဲ့နေရာက အလောင်းကို ဒကာလေး ဘယ်လိုလုပ် လာတွေ့တာလဲ"

ချိုယင်းဝေက...

"တပည့်တော် အခန်းကိုအပြန်မှာ ဥယျာဉ်နားရောက်တော့ ဥယျာဉ်ထဲက သွေးညှီနံ့ရတယ်လို့ ခံစားလိုက်ရပါတယ်"

စုတိတ်ဘုန်းတော်ကြီးက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး—

"ဒါဆို ဒကာလေးက အနံ့ခံကောင်းတာပဲ"

ချိုယင်းဝေက စုတိတ်ဘုန်းတော်ကြီး၏စကားကြောင့် ဒေါ်ငွကာ...

"ဘုန်းကြီးက ဘာဖြစ်လို့ တပည့်တော်ကို စော်ကားချင်ရတာလဲ"

ဟု မေးလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက မထေ့တထေ့ကလေး ပြုံးလိုက်ရင်း...

"ဘုန်းကြီး ပြောတဲ့ စကားထဲမှာ စော်ကားတဲ့ စကားတစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးမှ မပါဘူး”

ချီယင်းဝေက ဒေါပွသော လေသံဖြင့်...

“ဒါဖြင့် ဘာလို့ အနံ့ခံကောင်းတယ်လို့ ပြောရတာလဲ”

စုတိတ်ဘုန်းတော်ကြီးက...

“သည်လောက် ချောင်ကျတဲ့ နေရာက သွေးညှီနံ့ကို ဥယျာဉ်ဘေးက ဖြတ်လျှောက်တဲ့ ဒကာလေးက ခံစားလိုက်ရတယ်ဆိုတော့ အနံ့ခံကောင်းတယ်လို့ မချီးမွမ်းဘဲ မနေနိုင်ပါဘူး”

ထိုစဉ်...

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုတိတ်ဘုန်းတော်ကြီးကို လက်ကာပြရင်း ချီယင်းဝေအား...

“ကဲပါ၊ ဒကာလေးက အဲသည်လို သွေးညှီနံ့ရတာနဲ့ ဥယျာဉ်ထဲ ရောက်လာတယ်ဆိုပါတော့”

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

“မှန်ပါတယ်၊ အဲသည် နောက်တော့ သည်တောင်တုနောက်ကွယ်က ခြေထောက်နှစ်ချောင်း ပေါ်ထွက်နေတာကို တပည့်တော် မြင်လိုက်ရတယ်”

မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးက...

“နောက်တော့ကော”



ချီယင်းဝေက...

“အလောင်းကို တွေ့တော့ တပည့်တော်လဲ ခြေရာလက်ရာ မပျက်အောင် သည်အတိုင်းထားပြီး တရုတ်ဘုန်းတော်ကြီးတို့ အခန်းကို လာခဲ့တာပါပဲ”

ချီယင်းဝေ၏စကားကြောင့် စုတိတ်ဘုန်းတော်ကြီးက ရုတ်တရက် ရယ်မောလိုက်ပြီး...

“အင်း ထူးဆန်းတယ်..ထူးဆန်းတယ်”

ဟု ပြောလိုက်လသည်။

ချီယင်းဝေက စုတိတ်ဘုန်းတော်ကြီးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး...

“ဘာထူးဆန်းတာလဲ”

ဟု မေးလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက...

“ဩော် ထူးထူးဆန်းဆန်း ဒကာလေးတစ်ယောက်တည်း သည်အလောင်းကို လာတွေ့လို့ပါ”

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး...

“ဘုန်းတော်ကြီးက တပည့်တော် သတ်တယ်လို့ ထင်လို့လား”

ဟု တဲ့တိုးမေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုတိတ်ဘုန်းတော်ကြီးက ချီယင်းဝေကို မျက်လုံးပြူး၍ ပြန်ကြည့်လိုက်ပြီး…

"ဘာလဲ ဒကာလေး မသတ်ရင် ကျုပ်သတ်တယ်လို့ ပြောဦးမလို့လား"

ချီယင်းဝေ မျက်မှောင်ကြုတ်ကာ…

"ကျုပ် မသတ်ဘူး"

ဟု အော်လိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက…

"အကြောင်းအကျိုးဆိုတာ ဆက်စပ်မှု ရှိတယ်၊ ဘယ်အရာမှ အကြောင်းတရား မပါဘဲ အကျိုးတရား ဖြစ်မလာဘူး"

ချီယင်းဝေက နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ…

"တပည့်တော်က ဘာဖြစ်လို့ သတ်ရမှာလဲ"

စုတိတ်ဘုန်းတော်ကြီးက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီးလျှင်…

"တကယ်လို့သာ ဘုန်းတော်ကြီးတုချမ်းကို မနေ့က ဒကာလေး မစစ်ဆေးခဲ့ရင် သူ အခုလို ဖြစ်မှာ မဟုတ်ဘူး"

ချီယင်းဝေက…

"တပည့်တော် စစ်ဆေးတာနဲ့ ဘုန်းတော်ကြီးတုချမ်း အသတ်ခံရတာ ဘာဆိုင်လို့လဲ"



စုတိတ်ဘုန်းတော်ကြီးက…

"တကယ်လို့ တုချမ်းက မင်းဟာ လူသတ်သမား ဖြစ်ကြောင်း သိနေတာကို မင်းက သိသွားပြီး နှုတ်ပိတ်လိုက်တာကော မဖြစ်နိုင်ဘူးလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေသည် ဘာမှမပြောဘဲ သူ၏နှုတ်ခမ်းကို ကိုက်၍ အတန်ကြာအောင် တိတ်ဆိတ်နေပေသည်။

ထိုစဉ်…

စုတိတ်ဘုန်းတော်ကြီးက…

"သည်လောကမှာ တစ်စုံတစ်ခုကို လိမ်လည်မိပြီဆိုတာနဲ့ အဲသည်အလိမ် မပေါ်အောင် ထပ်ပြီးလိမ်ရတော့တာပဲ"

ချီယင်းဝေ နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး…

"ကျုပ် မသတ်ဘူး၊ တုချမ်းကိုလဲ မသတ်ဘူး၊ ကျုပ် ဘယ်သူ့ကိုမှ မသတ်ဘူး၊ ကျုပ်ကျိန်ပြောရဲတယ်"

ဟု ပြောလိုက်ပြီး မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးထံသို့ ကြည့်လိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏မျက်နှာပေါ်၌ အပြောင်းအလဲ မရှိပါ။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် တစ်စုံတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အား စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေလေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား

"တပည့်တော် မသတ်ဘူး၊ ဘုန်းတော်ကြီး ကြည့်ပြောပေးပါဦး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေအား တည်ငြိမ်အေးစက်စွာ တစ်ချက်ကြည့်လိုက်၏။

"ဒကာလေးရဲ့ ပထမ အမှုကလဲ မပြီးပြတ်သေးဘူး၊ သည်တော့ ဘုန်းကြီးက ဒကာလေးအတွက် ဘယ်လို ပြောပေးရမှာလဲ"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းကာ...

"ပထမ အမှုကို ဖော်ထုတ်လို့ ရမှတော့ ဘုန်းတော်ကြီးတုချမ်း ဘယ်လိုလုပ် သေတော့မှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒါပေမယ့် ပထမ အမှုက မပြီးသေးလို့ တုချမ်း သေရတာပေါ့"

ချီယင်းဝေက စိတ်ပျက်စွာ ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး...

"ဘုန်းတော်ကြီးက တပည့်တော်ကို မယုံလို့လား"

ဟု မေးလိုက်လေသည်။



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ကျီးကန်းတစ်ကောင်က ဖြူတယ်လို့ ပြောချင်ရင် အဖြူရောင်ရှိတဲ့ ကျီးကန်းအားလုံးကို အထောက်အထားပြပြီးမှ ကျီးကန်းဖြူတယ်လို့ ပြောနိုင်တယ်၊ သည်လိုပဲ ဒကာလေး မသတ်ဘူးဆိုတာ ဘာအထောက်အထားနဲ့ ယူရမှာလဲ"

ချီယင်းဝေသည် စိတ်ပျက်လက်ပျက်ဖြင့် တောင်တုအနီးကျောက်တုံးတစ်တုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

ပြီးမှ ထိုင်ရာမှ ရုတ်တရက် ထလိုက်လေသည်။

"ကောင်းပြီ၊ ဒါဆိုရင် တပည့်တော် သတ်တယ်လို့ ဘယ်အထောက်အထားနဲ့ ယုံသလဲ"

ထိုစဉ်...

စုဟိုက်ဘုန်းတော်ကြီးက...

"ဒကာလေးကို ကျုပ်စွပ်စွဲနေတာ မဟုတ်ဘူး"

ချီယင်းဝေက...

"ဒါဖြင့်ရင် တပည့်တော် မသတ်ဘူးဆိုတာ ဘာဖြစ်လို့ သတ်မခံကြတာလဲ"

စုဟိုက်ဘုန်းတော်ကြီးက...

"ဒကာလေး မသတ်ဘူးဆိုတာ လက်ခံနိုင်ဖို့ ဘာမှအထောက်အထားမရှိသေးဘဲ သေသေချာချာ စဉ်းစားကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ဘာမျှ ပြန်မပြောတော့ဘဲ တောင်တုအနီးရှိ ကျောက်တုံးပေါ်သို့ ပြန်လည်၍ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးသည် အလောင်းပေါ်မှ သင်္ကန်းကို ဖယ်ရှားလိုက်ပြီး တရုတ်ဘုန်းတော်ကြီးတစ်ပါးအား ရေတစ်ပုံး ခပ်ခိုင်းလိုက်လေသည်။

အလောင်းပေါ်ရှိ ဒဏ်ရာမှ သွေးများသည် ခဲ၍ နေလေသည်။

မကြာမီ ရေသွားခပ်သော တရုတ်ဘုန်းကြီး ပြန်လည်ရောက်ရှိလာလေသည်။

ထို့နောက်...

ထိုတရုတ်ဘုန်းကြီးသည် ဘုန်းတော်ကြီးတုချမ်း ခန္ဓာကိုယ်ပေါ်မှ သွေးများကို ဆေးကြောလိုက်၏။

သွေးများ ဆေးကြောပြီးသောအခါ စုဟိုက်ဘုန်းတော်ကြီးက ဘုန်းတော်ကြီးတုချမ်း၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာကို ငုံ့ကြည့်လိုက်လေသည်။

ဒဏ်ရာမှာ စားဒဏ်ရာ ဖြစ်ပါသည်။

တရုတ်ဘုန်းတော်ကြီးတုဟူး၏ခန္ဓာကိုယ်ပေါ်တွင် တွေ့ရသော စားဒဏ်ရာနှင့် တစ်ပုံစံတည်း ဖြစ်နေလေသည်။



စုတိတ်ဘုန်းတော်ကြီးက အလောင်းဘေး၌ ဒူးထောက်ထိုင်ကာ ဒဏ်ရာကို သေချာစွာ ကြည့်လိုက်ပြီး ကျောက်တုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်နေသော ချီယင်းဝေထံသို့ လှမ်း၍ ကြည့်လိုက်၏။

ပြီးမှ စုတိတ်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို မော့၍ ကြည့်လိုက်၏။

"တုချမ်းရဲ့ စားဒဏ်ရာနဲ့ တုဟူးရဲ့ စားဒဏ်ရာဟာ တစ်ပုံစံတည်း ဖြစ်နေပါတယ်၊ ဒါကြောင့် လူသတ်သမားဟာ တစ်ယောက်တည်း ဖြစ်ပါတယ်"

ဟု ပြောလိုက်လေသည်။

ထိုအချိန်တွင် စုဟိုက်ဘုန်းတော်ကြီးသည် ရှေ့သို့ ထွက်လာပြီး ကျောက်တုံးပေါ်တွင် ထိုင်နေသော ချီယင်းဝေကို လှမ်းကြည့်ကာ

"ကဲ မင်း ဘာငြင်းဦးမလဲ"

ချီယင်းဝေက ပျင်းရိလေးတွဲ့စွာဖြင့် ထိုင်ရာမှ ထလိုက်ပြီး...

"တပည့်တော် ဘာငြင်းရမှာလဲ"

ဟု ပြန်မေးလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက...

"ဒကာလေး သတ်တာ မဟုတ်ဘူးလို့ မငြင်းတော့ဘူးလား"

ချီယင်းဝေက ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် သတ်တယ်ဆိုတဲ့ အထောက်အထား ရှိလို့လား"

ဟု ပြန်၍ မေးလိုက်သည်။

စုဟိုက်ဘုန်းတော်ကြီးက တစ်စုံတစ်ခုအား ပြန်လည်ပြောရန် ဟန်ပြင်လိုက်စဉ် စုတိတ်ဘုန်းတော်ကြီးက ဝင်ရောက်၍...

"တုဟူး သေတာကတော့ ထားလိုက်ပါတော့"

ချီယင်းဝေက စုတိတ်၏စကားမဆုံးမီ လက်ကာပြလိုက်ပြီး

"ဘုန်းတော်ကြီးက တုဟူး သေတာ ထားလိုက်ပါတော့ဆိုတော့ တုချမ်းသေတာ တပည့်တော် သတ်တာလို့ ပြောချင်လို့လား"

စုတိတ်ဘုန်းတော်ကြီးက တစ်ချက်မဲ့ပြုံးပြုံးလိုက်ပြီး...

"သည်အကြောင်းကို ပြောဖို့တောင် လိုမယ်မထင်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက...

"ဘာဖြစ်လို့လဲ"

ဟု ပြန်၍ မေးလိုက်၏။

စုတိတ်ဘုန်းတော်ကြီးက...

"တုချမ်း အသတ်ခံရတဲ့အချိန်မှာ ကျုပ်တို့အားလုံး အစည်းအဝေးထဲမှာ ရှိနေတယ်"

ချီယင်းဝေက...



"အဲဒါနဲ့ပဲ တပည့်တော်က လူသတ်ကောင် ဖြစ်ရောလား"

စုဟိုက်ဘုန်းတော်ကြီးက ရယ်မောလိုက်ပြီး...

"တုချမ်းကို သတ်တဲ့လူဟာ အစည်းအဝေးထဲမှာ မရှိတဲ့လူပဲ ဖြစ်မှာပေါ့"

စုတိတ်ဘုန်းတော်ကြီးက စုဟုန်ဘုန်းတော်ကြီး၏စကားကို ထောက်ခံသည့်ဟန်ဖြင့်...

"ဟုတ်တယ်၊ ဒကာလေးက လွဲပြီး ကျုပ်တို့အားလုံး အစည်းအဝေးခန်းထဲမှာ ရှိနေတယ်"

ချီယင်းဝေ ရုတ်တရက် ရယ်မောလိုက်ပြီး...

"အစည်းအဝေးမတက်တဲ့ ဘုန်းကြီး မရှိတော့ဘူးလား"

စုတိတ်ဘုန်းတော်ကြီးက...

"အစည်းအဝေးမတက်တဲ့ ဘုန်းတော်ကြီး ရှိတယ်လို့ ဒကာလေး ပြောချင်သေးလို့လား"

ချီယင်းဝေက ဦးခေါင်းညိတ်ရင်း သူ၏လက်ကို ဝှေ့ယမ်းပြကာ...

"ဟောသည် ကျောင်းထဲမှာ အစည်းအဝေးမတက်တဲ့ ဘုန်းတော်ကြီး ရှိတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ၏စကားကြောင့် စုဟိုက်ဘုန်းတော်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

"ဒကာလေး ဘယ်လိုလုပ်သိသလဲ၊ အဲသည် ဘုန်းကြီးက ဘယ်ဘုန်းကြီးလဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး သူ၏လက်ကို ခေါင်းလောင်းထိုးသကဲ့သို့ ပြုလုပ်ကာ...

"ခေါင်းလောင်းထိုးတဲ့ ဘုန်းကြီးလေ"

"နားထိုင်းဘုန်းတော်ကြီးလား၊ သူက ဝေဒနာရှင်ပဲ၊ သူ့အနေနဲ့ ဘယ်နည်းနဲ့မှ တုချမ်းကို မသတ်နိုင်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ပြုံးလိုက်ပြီး...

"တပည့်တော်က ဘုန်းတော်ကြီးတုချမ်းကို နားထိုင်းဘုန်းကြီး သတ်တယ်လို့ မပြောသေးပါဘူး"

စုဟိုက်ဘုန်းတော်ကြီးက...

"ဒါဖြင့် ဘာကြောင့် နားထိုင်းဘုန်းကြီး အကြောင်း ပြောရတာလဲ"

ချီယင်းဝေက...

"တပည့်တော်ကလွဲပြီး အစည်းအဝေးမတက်တဲ့ ဘုန်းတော်ကြီး ရှိသေးတယ်ဆိုတာ ပြောပြတာပါ"

ထိုစဉ် မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက



ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ကဲ တုချမ်းရဲ့ အလောင်းကို သင်္ဂြိုလ်ဖို့ အခဆောင်ကို သယ်ခဲ့ကြ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏စကားဆုံးသည်နှင့် တရုတ်ဘုန်းတော်ကြီးများသည် ဘုန်းတော်ကြီးတုချမ်း၏အလောင်းကို သယ်မရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ချီယင်းဝေက...

"ခဏနေဦး"

ဟု ဟန့်တားလိုက်၏။

စုဟိုက်ဘုန်းကြီးက...

"ဘာလုပ်မလို့လဲ"

ချီယင်းဝေက ဘာမှမပြောဘဲ ဘုန်းတော်ကြီးတုချမ်း၏ အလောင်းအနီး၌ ဒူးထောက်ထိုင်ချလိုက်၏။

ပြီးမှ အလောင်း၏အနီးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ဒူးထောက်ရာမှ ပြန်လည်ထလိုက်၏။

သူသည် မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးထံ တစ်ချက်လှမ်းကြည့်ကာ...

"ဘုန်းတော်ကြီးတုချမ်းရဲ့ ဒဏ်ရာက သွေးကြောတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့နေတဲ့အတွက် အချိန်အတော်ကြာကြာက အသတ်ခံရတာ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

စုဟုန်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ...

"အနည်းဆုံး ထမင်းတစ်အိုးကျက်လောက် ကျော်ပြီ"

ချီယင်းဝေက လက်ဖျစ်တစ်ချက်တီးကာ...

"သည်ဒဏ်ရာက သွေးတွေ ခြောက်နေတာကို ကြည့်ရင် ဘုန်းတော်ကြီးတုချမ်းဟာ ထမင်းတစ်အိုးချက်လောက်က အသတ်ခံရတာ ဖြစ်ရမယ်၊ အဲသည်တော့.."

စုဟိုက်ဘုန်းတော်ကြီးက...

"အဲသည်တော့ ဘာဖြစ်သလဲ"

"အဲသည်တော့ တပည့်တော်ဟာ လူသတ်ကောင် မဟုတ်နိုင်တော့ဘူး"

စုတိတ်ဘုန်းတော်ကြီးက...

"ဒကာလေး လူသတ်ကောင် မဟုတ်နိုင်ဘူးလို့ ဘာဖြစ်လို့ ပြောနိုင်ရတာလဲ"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

ချီယင်းဝေက...

"လွန်ခဲ့တဲ့ ထမင်းတစ်အိုးကျက်အချိန်လောက်က ဘုန်း



တော်ကြီးတို့ အစည်းအဝေး မစသေးဘူး၊ ဒါကြောင့် လူသတ်သမားဟာ ဘုန်းတော်ကြီးတို့ထဲကပဲ ဖြစ်မယ်"

ချီယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသာမက ကျန်တရုတ်ဘုန်းတော်ကြီးအားလုံးတို့သည် မျက်စိမျက်နှာ ပျက်သွားကြလေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးသည် ချီယင်းဝေအား စူးစိုက်ကြည့်လိုက်ပြီး...

"ဒကာလေး စကားကို ရမ်းမပြောပါနဲ့"

ချီယင်းဝေက...

"တပည့်တော် ဖြစ်နိုင်တာကို ပြောတာပါ၊ ဖြစ်တယ်လို့ မပြောပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ဒကာလေးရဲ့ စကားက ဘုန်းတော်ကြီးတွေကို စွပ်စွဲရာ ရောက်မနေဘူးလား"

ချီယင်းဝေက...

"တပည့်တော်က ဘုန်းတော်ကြီးကို စွပ်စွဲနေတယ်လို့ ယူဆလို့လား"

မျက်ခုံးမွေးဖြူသော ဘုန်းတော်ကြီးက...

"အထောက်အထား မရှိဘဲ စွပ်စွဲတဲ့သဘော သက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်”

ချီယင်းဝေက…

“ဘုန်းတော်ကြီးတို့က တပည့်တော်အပေါ် အထောက်အထားမရှိဘဲ သံသယ ဖြစ်နေတာကို ဘယ်လိုရှင်းမလဲ”

ဟိုစဉ်…

စုတိတ်ဘုန်းတော်ကြီးက တစ်စုံတစ်ရာ ဝင်ပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဟန့်တားလိုက်ပြီး…

“သံသယဆိုတဲ့ စကားနဲ့ စွပ်စွဲတယ်ဆိုတဲ့ စကားဟာ အဓိပ္ပါယ်ကွာပါတယ်၊ စွပ်စွဲတယ်ဆိုတာက အထောက်အထားနဲ့ ပြောရပါတယ်၊ သံသယဆိုဟာကတော့ အထောက်အထား ခိုင်မာမှု ရှိချင်မှရှိမှာ ယူဆရတယ်ဆိုတဲ့ သဘောလောက်ပဲ သက်ရောက်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဘုန်းတော်ကြီးတို့က သည်ကိစ္စကို သံသယကင်းရှင်းသွားအောင် ဒကာလေးက အစွမ်းကုန် ကူညီမှဖြစ်မယ်”

ချီယင်းဝေက ဘာမျှ ပြန်မပြောပါ။

သူသည် အလောင်းကို ညွှန်ပြလိုက်ပြီး…

“ဘုန်းတော်ကြီးတုချမ်းဟာ သည်နေရာမှာ အသတ်ခံခဲ့ရတာ မဟုတ်ဘူး”



ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး…

“တုချမ်းဟာ သည်နေရာမှ အသတ်ခံခဲ့ရတာ မဟုတ်ဘူးဟုတ်လား”

ချီယင်းဝေ ခေါင်းညိတ်ပြလိုက်ပြီး…

“ဟုတ်တယ်၊ ဘုန်းတော်ကြီးတုချမ်းဟာ တစ်နေရာမှာ အသတ်ခံရပြီး သည်နေရာမှာ လာထားတာ ဖြစ်ရမယ်”

စုဟိုက်ဘုန်းတော်ကြီးက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ချီယင်းဝေကို သင်္ကာရန့်မကင်းသော မျက်လုံးများဖြင့် ကြည့်ကာ

“ဒကာလေး ဘာဖြစ်လို့ သည်လို ပြောနိုင်ရတာလဲ”

ချီယင်းဝေသည် တုချမ်း၏အလောင်း မတ်ဝန်းကျင်ကို ညွှန်ပြရင်း…

“သည်နေရာမှာ ရုန်းရင်းဆန်ခတ်တဲ့ လက္ခဏာ မတွေ့ရဘူး၊ ပြီးတော့ သည်နေရာဟာ သန့်ရှင်းနေတယ်၊ သွေးစသွေးနတွေလဲ မတွေ့ရဘူး”

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက…

“ဒါဆိုရင် တုချမ်းကို ဘယ်မှာသတ်တာ ဖြစ်နိုင်မလဲ”

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက မိမိ၏လက်ကို ဖွဲ့ယမ်းပြလိုက်ပြီး…

"ဟောသည် ကျောင်းဝင်းထဲက လွဲလို့ ဘယ်နေရာ ဖြစ်နိုင်ဦးမလဲ"

ထိုစဉ်…

မျက်ခုံးမွေးဖြူဖွေးသော ဆရာတော်က ဦးခေါင်းကို ညိတ်လိုက်ပြီး…

"အင်း ဒါဆို ကျုပ်တို့ အဲသည်နေရာကို ရှာဖို့လိုပြီ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် တုချမ်း အသတ်ခံခဲ့ရသော နေရာကို ရှာဖွေရန် ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

◆ ◆ ◆

ချိုယင်းဝေ အပါအဝင် တရုတ်ဘုန်းတော်ကြီးများသည် တုချမ်း အသတ်ခံရသော နေရာကို လိုက်လံရှာဖွေနေလေသည်။

နောက်ဆုံး သူတို့သည် ရှာဖွေရင်း ဘုန်းကြီးကျောင်း အနောက်ဘက်သို့ ရောက်ရှိလာကြလေတော့သည်။

ထိုအချိန်တွင် စုတိတ်ဘုန်းတော်ကြီးသည် စိတ်ပျက်သောလေသံဖြင့်…



"ရှေ့ဆက်သွားရင် အိမ်သာအတွင်းဘက် ရောက်သွားပြီ၊ ကောက်ရိုးပုံထဲ ကျသွားတဲ့အပ်ကို ရှာရသလိုပါပဲလား"

ဟု ညည်းညည်းညူညူ ပြောလိုက်လေသည်။

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး…

"စိတ်မပျက်ပါနဲ့ တွေ့မှာပါ"

ဟု ပြောလိုက်လေသည်။

စုတိတ်ဘုန်းတော်ကြီးက…

"သည်ကျောင်းဝင်းက အကျယ်ကြီးပဲ၊ ချောင်ကြိုချောင်ကြားမကျန် ရှာတဲ့ အလုပ်ကို လွယ်တယ်လို့ ဒကာလေးက ထင်နေလို့လား"

ချိုယင်းဝေ နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း…

"အထောက်အထားမရှိဘဲ လူတစ်ယောက်ကို သံသယ ဖြစ်တယ်ဆိုတာလောက် ဘယ်လွယ်ပါ့မလဲ"

ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေသည်။

စုတိတ်တရုတ်ဘုန်းတော်ကြီးသည် ချိုယင်းဝေ၏စကားကြောင့် ဒေါပွသွားပြီး တစ်စုံတစ်ရာအား ပြန်လည်ပြောဆိုရန် ဟန်ပြင်လိုက်၏။

ထိုစဉ်…

ရုတ်တရက်…

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာ တွေ့ပြီ"

ဟူသော အသံ ထွက်ပေါ်လာသည်။

ထိုအသံကြောင့် စုတိတ်ဘုန်းတော်ကြီးသည် ဘာမှ မပြောတော့ဘဲ အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်လေသည်။

ယင်းသို့ လှမ်းကြည့်လိုက်သောအခါ တရုတ်ဘုန်းတော်ကြီးတစ်ပါးက အိမ်သာတွင်း မြေကွက်လပ်ပေါ်သို့ လက်ညှိုးညွှန်ပြရင်း အော်ပြောနေသည်ကို စုတိတ်ဘုန်းတော်ကြီး မြင်လိုက်ရလေသည်။

ထို့ကြောင့်...

စုတိတ်ဘုန်းကြီးသည် ထိုနေရာသို့ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ချီယင်းဝေသည် တုံ့ဆိုင်းခြင်း မရှိဘဲ စုတိတ် နောက်မှ လိုက်ပါသွားလေသည်။

မရှေးမနှောင်းမှာပင် ထိုနေရာသို့ မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးနှင့် အခြားတရုတ်ဘုန်းတော်ကြီးများ ရောက်ရှိလာလေတော့သည်။

အိမ်သာတွင်းရှေ့ မြေကွက်လပ်ပေါ်တွင် သွေးစများကို သူတို့ မြင်တွေ့လိုက်ရလေသည်။

ချီယင်းဝေသည် သွေးစသွေးနများ တွေ့ရသော နေရာတစ်ပိုက်ကို စေ့စပ်စွာ စစ်ဆေးကြည့်ရှုလိုက်သည်။



သို့သော်...

မည်သည့် သဲလွန်စကိုမျှ ရှာဖွေတွေ့ရှိခြင်း မရှိပါချေ။

စုဟိုက်ဘုန်းတော်ကြီးက...

"ထူးထူးခြားခြား ဘာများတွေ့လဲ"

ဟု မေးလိုက်ရာ ချီယင်းဝေသည် မုဆိုးဒူးထောက်၍ သွေးစသွေးနများ တွေ့ရရာ နေရာတစ်ပိုက်ကို ကြည့်ရှုနေရာမှ စုဟိုက်ဘုန်းတော်ကြီးကို မော့၍ ကြည့်လိုက်ပြီး ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

ထို့နောက်...

သူသည် စိတ်ပျက်စွာ ထိုင်ရာမှထလိုက်၏။

စုဟိုက်ဘုန်းတော်ကြီးသည် စိတ်ပျက်စွာ ထလာသော ချီယင်းဝေကို အကဲခတ်ကြည့်နေရာမှ...

"ဪ ဒါနဲ့ ဒကာလေးရဲ့ဓား ဘယ်မှာထားခဲ့လဲ"

ချီယင်းဝေက...

"တပည့်တော် အိပ်ခန်းထဲမှာပါ ဘာဖြစ်လို့လဲ"

စုဟိုက်ဘုန်းတော်ကြီးက...

"ဒကာလေးရဲ့ဓားကို စစ်ဆေးကြည့်ချင်'

ချီယင်းဝေ တစ်ချက်ပြုံးလိုက်ပြီး... ထွက်သွ

"အချိန်မရွေး စစ်ဆေးနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စုဟိုက်ဘုန်းတော်ကြီးက...

"ဒါဖြင့် ဒကာလေးရဲ့ဓားကို စစ်ဆေးကြည့်ရအောင်"

ဟု ပြောလိုက်သည်။

ထို့နောက်...

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၊ စုဟိုက်ဘုန်းတော်ကြီး၊ စုတိတ်ဘုန်းတော်ကြီးနှင့် အခြားဘုန်းတော်ကြီးလေးပါးသည် ချီယင်းဝေနှင့်အတူ ချီယင်းဝေ၏အခန်းသို့ လိုက်ပါသွားလေသည်။

◆ ◆ ◆

ချီယင်းဝေသည် မိမိ အခန်းသို့ ရောက်သောအခါ ခုတင်အပေါ်မှ မိမိ ဓားကို ယူ၍ စုဟိုက်ဘုန်းတော်ကြီးထံသို့ လှမ်းပေးလိုက်၏။

စုဟိုက်ဘုန်းတော်ကြီးသည် မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးအား တစ်ချက်လှမ်းကြည့်လိုက်၏။

ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်၍ ပြချီယင်းဝေ်။

တ်စပ်စွာ စဆိုက်ဘုန်းတော်ကြီးသည် ချီယင်းဝေ ကမ်းပေး



လာသောဓားကို ယူလိုက်လေသည်။

ချီယင်းဝေက ယုံကြည်မှု ပြည့်ဝသော မျက်နှာထားဖြင့် စုဟိုက်ဘုန်းတော်ကြီးအား...

"ကြည့်ပါ၊ ကြိုက်သလို စစ်ဆေးကြည့်"

ဟု ပြောလိုက်လေသည်။

စုဟိုက်ဘုန်းတော်ကြီးက ဘာမျှ ပြန်လည်မပြောဘဲ ချီယင်းဝေ၏ဓားကို ဓားအိမ်ထဲမှ ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

အခန်းထဲရှိ လူအားလုံး၏မျက်လုံးအစုံတို့သည် တဖြည်းဖြည်း ဓားအိမ်အတွင်းမှ ထွက်ပေါ်လာသော ချီယင်းဝေ၏ဓားကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေလေသည်။

သူတို့၏မျက်လုံးများထဲမှ အံ့သြမှု အရိပ်အငွေ့တို့သည် သံသယ အရိပ်အယောင်သို့ ပြောင်းလဲသွားလေတော့သည်။

ချီယင်းဝေသည် အတန်ကြာ မင်တက်နေရာမှ ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"ဒါ..ဒါ သက်သက် ကျူပ်ကို ထောင်ချောက်ဆင်တာ"

ဟု အော်ဟစ်လိုက်သည်။

သူ၏အသံသည် အခန်းတစ်ခုလုံး ပွင့်ထွက်သွားမတတ် ကျယ်လောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက သူ၏ မျက်လုံးကို အတန်ငယ် မှေး၍ တစ်စုံတစ်ရာကို လေးလေးနက်နက် ဖြင့် စဉ်းစားနေပေသည်။

ချီယင်းဝေက မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော် ကြီးအား လက်အုပ်ချီလိုက်ပြီး…

"ဘုန်းတော်ကြီး ဒါဟာ ကြီးမားတဲ့ ထောင်ချောက်တစ်ခုလို့ ယူဆတယ်"

ချီယင်းဝေသည် တရုတ်ဘုန်းတော်ကြီးအား ပြောလိုက်၏။

"ကျုပ်လဲ ဒါဟာ ကြီးမားတဲ့ ထောင်ချောက်တစ်ခုလို့ ယူဆ တယ်"

သူသည် တရုတ်ဘုန်းတော်ကြီး၏စကားကြောင့် အနည်း ငယ် စိတ်သက်သာရာရသွား၏။

"ဟုတ်ပါတယ်၊ တပည့်တော်ကို သက်သက်ထောင်ချောက် ဆင်ထားတာပဲ"

မျက်ခုံးမွှေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချီယင်း ဝေကို စူးစိုက်၍ တစ်ချက်ကြည့်လိုက်ပြီး…

"ဒကာလေး ကျုပ် မေးခွန်းတစ်ခုလောက် မေးချင်တယ်"

ဟု ပြောလိုက်၏။

ချီယင်းဝေက…



"မေးပါ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွှေးဖြူဖွေးသော ဘုန်းတော်ကြီးက တည်ငြိမ်သော လေသံဖြင့်…

"ဒကာလေး ဘာဖြစ်လို့ အဲသည်လို လုပ်ရတာလဲ"

မျက်ခုံးမွှေးဖြူဖွေးသော ဘုန်းတော်ကြီးက တည်ငြိမ်သော မျက်နှာဖြင့် မေးလိုက်၏။

ချီယင်းဝေ မျက်လုံးပြူးကာ…

"ဘုန်းတော်ကြီး ဘာကို ဆိုလိုတာလဲ"

ဟု မေးလိုက်လေသည်။

ဘုန်းတော်ကြီးက…

"ဒကာလေး အသိဆုံး ဖြစ်ပါလိမ့်မယ်"

ချီယင်းဝေက…

"ဘုန်းတော်ကြီးကလဲ တပည့်တော်အပေါ် သံသယ ရှိလာ ပြီပေါ့ ဟုတ်လား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွှေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ကာ…

"ဒကာလေးအပေါ် သံသယ ဖြစ်တာတော့ အမှန်ပဲ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အထောက်အထား အခြေအမြစ် မရှိဘဲ လူတစ်ယောက်အပေါ် သံသယ မဖြစ်သင့်ဘူးထင်လို့ အရာရာကို ချင့်ချိန်နေခဲ့တာ”

ဟု ပြော၏။

ချီယင်းဝေက စိတ်ပျက်စွာ သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဆရာတော်က ဘယ်လိုဖြစ်လို့ တပည့်တော်အပေါ် သဘောထား ပြောင်းလဲသွားရတာလဲ”

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက…

“အခု ဒကာလေးအပေါ် သံသယ ဖြစ်နိုင်လောက်တဲ့ အထောက်အထား တွေ့ရပြီလေ”

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး…

“တပည့်တော်ရဲ့ဓားမှာ သွေးစွန်းနေတာနဲ့ တပည့်တော် သတ်တယ်လို့ ယူဆလို့ ရသလား၊ တစ်စုံတစ်ယောက်က တပည့်တော်ရဲ့ဓားကိုယူပြီး အသုံးပြုတာကော မဖြစ်နိုင်ဘူးလား”

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက…

“ဖြစ်နိုင်ပါတယ်”

ချီယင်းဝေက…

“ဒါဖြင့်ရင် အဲသည် အထောက်အထားဟာ ခိုင်လုံမှု ဘယ်ရှိပါ့မလဲ”



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက…

“အထောက်အထား မခိုင်လုံလို့ သံသယ ဖြစ်တယ်လို့ ပြောတာပေါ့၊ အထောက်အထား ခိုင်လုံမှတော့ ဒကာလေး သတ်တယ်လို့ စွပ်စွဲရတော့မှာပေါ့”

ချီယင်းဝေသည် ဘာမှပြန်မပြောတော့ဘဲ ခုတင်ပေါ်သို့ ထိုင်ချလိုက်လေတော့သည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သက်ပြင်းတစ်ချက်ချကာ…

“ကျုပ်တို့ စုဟိုက်ဘုန်းတော်ကြီးကျောင်းဟာ အစက ငြိမ်းငြိမ်းချမ်းချမ်း ရှိခဲ့တယ်၊ ဒကာလေး ရောက်တဲ့နေ့ကစပြီး လူသတ်မှု တစ်ခု ဖြစ်လာတယ်၊ သည်တော့ ကျုပ်က ဒကာလေးကို ဘယ်လို လုပ်ပြီး ယုံကြည်ရတော့မလဲ”

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို ဝင်မေးလိုက်သည်။

“ဒကာလေး တကယ်ပဲ အပြစ်မရှိဘူးလား”

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ…

“တပည့်တော် ကျိန်ပြောရဲပါတယ်”

ဟု ပြောလိုက်သည်။

စုတိတ်ဘုန်းတော်ကြီးက…

www.burmeseclassic.com

www.burmeseclassic.com



"ကျိန်ပြောလဲ အပိုပဲ"

ဟု ပြောလိုက်ပြီး မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး ထံ လှမ်းကြည့်ကာ...

"ဆရာတော် သူ့ကို ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက အတန်ကြာ အောင် တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ ချိုယင်းဝေကို တစ်ချက်ကြည့် လိုက်ပြီး...

"ဒကာလေး သည်လူသတ်မှုတွေကို အမှန်တကယ်ပဲ မကျူးလွန်ခဲ့ဘူးလား"

ချိုယင်းဝေက ဦးခေါင်းကို ထပ်မံညိတ်ပြလိုက်ပြန်သည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုဟုန်ဘုန်း တော်ကြီးဘက် လှည့်ပြီး...

"ကောင်းပြီ၊ သူ့ကို မြေအောက်ခန်းထဲမှာ ချုပ်ထားလိုက် ပါ"

ဟု အမိန့်ပေးလိုက်လေသည်။

ထိုစကားကြောင့် ချိုယင်းဝေသည် ထိုင်ရာမှ ခုန်၍ ထလိုက် ပြီး ဒေါသသံဖြင့်...

"ဘာ..ဘာလို့ ကျုပ်ကို ချုပ်ထားရမှာလဲ"



ဟု အော်ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူသော ဘုန်းတော်ကြီးက...

"ဒါဟာ လူသတ်သမားအစစ်ကို ဖော်ထုတ်တဲ့အခါမှာ ဒကာလေးက တစ်ခန်းတစ်ကဏ္ဍ အနေနဲ့ ကူညီလိုက်တာပေါ့"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်နှာရှုံ့မဲ့လိုက်ပြီး...

"အချုပ်ခံရတာ ကူညီတာလား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဒါမှလဲ လွတ်နေတဲ့အပြင် လူသတ်သမားကို အလွယ် တကူ ဖမ်းဆီးနိုင်မှာပေါ့"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီး၏ စကားကို နားမလည်နိုင်ဟန်ဖြင့် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး

"တပည့်တော်ကို ချုပ်ထားတာနဲ့ လူသတ်သမားကို အ လွယ်တကူ ဖမ်းနိုင်ရောလား"

ချိုယင်းဝေကို ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"တကယ်လို့သာ ဒကာလေးကို ချုပ်ထားလိုက်ရင် နောက်ထပ် လူသတ်မှု ဖြစ်ပွားလာတဲ့အခါ ဒကာလေး သတ်တာ မဟုတ်ဘူးလို့ ကျုပ်တို့ ယုံကြည်ရပြီ၊ ပြီးတော့ လူသတ်သမားကို ဖော်ထုတ်ရဖို့လဲ ပိုပြီးလွယ်ကူသွားလိမ့်မယ်"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ပြောသည်ကို ချီယင်းဝေ မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်ပြီး...

"နောက်ထပ် လူသတ်မှု မဖြစ်တော့ဘူးဆိုရင် လူသတ်သမားကို ဘယ်လိုမိတော့မှာလဲ"

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးက...

"လူသတ်သမားကို မိထားမှတော့ နောက်ထပ် လူသတ်မှု ဘယ်ပေါ်လာပါတော့မလဲ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီး၏စကားကြောင့် ချီယင်းဝေ မျက်လုံးပြူးသွားပြီး...

"နောက်ထပ် လူသတ်မှု မဖြစ်တော့ဘူးဆိုရင် တပည့်တော်က လူသတ်သမားအစစ် ဖြစ်သွားပြီပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။



မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဘာမှ မပြောတော့ချေ။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးကို စူးစိုက်ကြည့်နေ၏။

အတန်ကြာမှ...

"ဘုန်းတော်ကြီး သေသေချာချာကော စဉ်းစားမိရဲ့လား"

ဟု မေးလိုက်၏။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဖြူဖွေးသော မျက်ခုံးမွေးကို ပင့်တင်ရင်း...

"ဘာကိုလဲ"

ဟု မေးသည်။

ချီယင်းဝေက...

"အခုဟာက ထောင်ချောက်တစ်ခု ဖြစ်နေတယ်ဆိုတာကို လေ"

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်သည်။

ပြီးမှ...

"စိတ်မပူပါနဲ့ လူသတ်သမားအစစ် တွေ့တဲ့အခါကျရင် ဒကာလေး အချုပ်ခံထားရာကနေ လွတ်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ထို့နောက်...

သူသည် လက်ခြောက်အရှုံးပေးဟန်ဖြင့် သူ၏လက်နှစ်ဖက်ကို မြှောက်ကာ ဦးခေါင်းကို ခါယမ်းနေလေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒကာလေး စိတ်ချနေပါ၊ လူသတ်သမားကို ဖော်ထုတ်ဖို့အတွက် ကျုပ်မှာ အစီအစဉ်ရှိပါတယ်"

ဟု ပြောလိုက်လေသည်။

ထိုစဉ်...

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေ အနီးသို့ ရောက်ရှိလာပြီး ရုတ်တရက် သူ၏လက်ကို လှုပ်ရှားလိုက်သည်။

စုဟိုက်ဘုန်းတော်ကြီး၏လှုပ်ရှားမှုသည် အလွန်လျင်မြန်လှပေသည်။

သူ၏လှုပ်ရှားမှုသည် အလွန်လျင်မြန်သည့်အပြင် တိတိကျကျလည်း ရှိသည်။

ထို့ကြောင့်...

ချီယင်းဝေသည် မင်တက်နေမိစဉ် အတွင်းမှာပင် စုဟိုက်ဘုန်းတော်ကြီး၏လက်ချောင်းများသည် ချီယင်းဝေ၏မေ့ကြော နေ



ရာသို့ ရောက်ရှိကာ ထောက်ချလိုက်လေသည်။

သို့ဖြစ်၍ ချီယင်းဝေသည် ကြမ်းပြင်ပေါ်သို့ လဲကျမေ့မြော သွားလေတော့သည်။

ထိုစဉ် ဘုန်းတော်ကြီးတုကျိန်သည် အခန်းထဲသို့ ရေးကြီးသုတ်ပျာ ဝင်လာသည်။

သူက မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးအား...

"ဒုက္ခပဲ၊ အပြင်မှာ ပြဿနာ ဖြစ်နေပြီ"

ဟု ပြောလိုက်လေတော့သည်။

တရုတ်ဘုန်းတော်ကြီးတုကျိန်၏စကားသံကြောင့် မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီး အပါအဝင် အခန်းထဲတွင်ရှိသော တရုတ်ဘုန်းတော်ကြီး အားလုံးတို့သည် မျက်လုံးပြူး၍ သွားလေတော့သည်။

◆ ◆ ◆

ချီယင်းဝေ သတိရလာသောအခါ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်နေသည်ကို ပထမဆုံး သတိပြုမိလိုက်လေသည်။

ထို့နောက် စူးဝါးသော အနံ့ကို ခံစားလိုက်ရလေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သောအခါ သူ၏ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေလေသည်။

အတန်ကြာမှ သူသည် မှောင်ထဲတွင် ကျင့်သားရလာပြီး ပတ်ဝန်းကျင်မှ အရာများကို မြင်တွေ့ရလေသည်။

ထိုအချိန်တွင် သူသည် သူနှင့်အတူ လူတစ်ယောက် ရှိနေကြောင်း သတိပြုမိလေတော့သည်။

ထိုလူသည် သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေပြီး ထိုလူ၏ ခန္ဓာကိုယ်မှာ အရိုးပေါ် အရေတင်နေသဖြင့် ကမ္ဘွာန်းရုပ်တစ်ခု အလား ထင်မှတ်ရလေသည်။

ချီယင်းဝေသည် သူ၏ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ယခု သူရောက်နေသော နေရာမှာ မြေအောက်အခန်းတစ်ခု ဖြစ်ပြီး အလွန်ကျဉ်းမြောင်းလှပေလေသည်။

အလျား ၇ ပေခန့်သာ ရှိသော အခန်း ဖြစ်ပါသည်။

ချီယင်းဝေသည် ထထိုင်လိုက်ပြီး...

"ဟေ့ ငါ့ကို လွှတ်ပေး"

ထိုစဉ် ချီယင်းဝေ၏ရှေ့မှ ထိုင်နေသောသူက...

"ရှူး- တိုးတိုး မအော်နဲ့"

ချီယင်းဝေက ထိုလူ၏စကားကို ဂရုမစိုက်ဘဲ ဆက်၍ အော်



မြဲအော်နေလေသည်။

ထိုလူက...

"ဟေ့ မင်းအသံအက်ကွဲပြီး သေတောင် မင်းအသံကို ကြားမယ့်လူ မရှိဘူး"

ချီယင်းဝေက ဒေါပွစွာ ထိုလူအား ပြောလိုက်သည်။

"ကျုပ်ဘာသာ ကျုပ်အော်တာ ဘာဖြစ်လဲ"

ထိုလူက...

"မင်း ဒီလို အော်တော့ ငါနားပင်းလိမ့်မယ်"

ဟု ပြန်ပြောလေသည်။

ချီယင်းဝေက...

"မကျေနပ်ရင် ခင်ဗျားလဲ ကျုပ်လို ပြန်အော်ပေါ့"

ထိုလူက...

"မင်း လူလည် မလုပ်နဲ့၊ ငါအော်ခဲ့တာ ဆယ်နှစ်ရှိပြီ၊ လည်ချောင်းအက်ကွဲပြီး ခေါင်းတောင်မထူနိုင်ခဲ့ဘူး"

ချီယင်းဝေက မျက်နှာရှုံ့မဲ့ကာ...

"ဒါကတော့ ခင်ဗျားအသုံးမကျလို့ နေမှာပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ၏စကားကြောင့် ထိုလူသည် ဒေါပွကာ...

"မင်း ငါ့ကို စော်ကားတာလား"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက…

"မင်းကို စော်ကားတယ်လို့ ထင်လို့လား"

ထိုလူက…

"စော်ကားတာ မဟုတ်ရင် မင်းစကားက ဘာစကားလဲ"

ချိုယင်းဝေက ဒေါသဖြင့်…

"လူစကား"

ဟု အော်ဟစ်လိုက်လေသည်။

ထိုလူက တစ်ချက်ရယ်မောလိုက်ပြီး…

"လူလို နားမလည်တဲ့လူက ပြောတာ လူစကားလား"

ဟု ပြန်၍ ပြောလိုက်လေသည်။

ထိုစကားကြောင့် ချိုယင်းဝေသည် ဒေါသထွက်ကာ…

"မင်းက ဘာစော်ကားရတာလဲ"

ဟု မေးလိုက်လေသည်။

ထိုလူက ရယ်မောရင်း…

"မင်းကို စော်ကားတယ်လို့ မင်းထင်လို့လား"

ချိုယင်းဝေသည် ဘာမှမပြောတော့ဘဲ ရုတ်တရက် ထိုလူ၏မျက်နှာကို လက်သီးဖြင့် ထိုးလိုက်လေသည်။

ချိုယင်းဝေ၏လက်သီးသည် ထိုလူ၏မျက်နှာကို တည့်မတ်စွာ ထိရောက်သွားလေသည်။



ချိုယင်းဝေသည် ဒေါပွနေသဖြင့် ထိုလူအား တစ်ချက်တည်းဖြင့် အလဲထိုးရန် ပြင်းထန်စွာ ထိုးလိုက်ခြင်း ဖြစ်ပါသည်။

သို့သော် ထိုလူ၏မျက်နှာပေါ်မှ အပြုံးရိပ်သည် ပျောက်ကွယ်မသွားဘဲ ချိုယင်းဝေ၏လက်သာလျှင် နာကျင်၍ သွားလေတော့သည်။ ထိုလူသည် ပြုံးကာ…

"မင်းအလှည့် ပြီးပြီလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး…

"မပြီးသေးဘူး"

ဟု ပြောကာ ထိုလူ၏မျက်နှာကို ဆက်၍ ထိုးလိုက်လေသည်။ ချိုယင်းဝေ၏လက်သီးများသည် ထိုလူ၏မျက်နှာပေါ် မိုးသီးမိုးပေါက်ပမာ ကျသွားသည်။

အတန်ကြာသောအခါ ချိုယင်းဝေ၏လက်များ နာကျင်ထုံထိုင်းလာလေသည်။

ထို့ကြောင့် ချိုယင်းဝေသည် ဆက်လက်၍ မထိုးတော့ဘဲ ရပ်တန့်လိုက်လေသည်။ ထို့နောက် ချိုယင်းဝေသည် ထိုလူကို အံ့ဩစွာ ကြည့်လိုက်မိလေသည်။

ထိုလူ၏မျက်နှာပေါ်မှ အပြုံးရိပ်သည် လုံးဝပျောက်ကွယ်သွားခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် တစ်ချက်ရယ်မောကာ...

"ငါ့အလှည့်ပဲ"

ဟု ပြောလေသည်။

ထိုလူ၏စကားသံဆုံးသည်နှင့် ထိုလူ၏လက်သည် လျှပ်စီးပစ်သကဲ့သို့ ချီယင်းဝေ၏မျက်နှာပေါ်သို့ ကျရောက်လာလေသည်။

"ဗုန်း"

ဟူသော အသံနှင့်အတူ ချီယင်းဝေ၏ခန္ဓာကိုယ်သည် နံရံသို့ လွင့်စဉ်သွားလေတော့သည်။

ထို့နောက် သူ၏ခန္ဓာကိုယ်သည် နံရံနှင့် ရိုက်မိကာ ရှေ့သို့ လွင့်စဉ်လာလေသည်။

ချီယင်းဝေသည် မြေပေါ်သို့ မှောက်လျက် လဲကျနေရာမှ ထိုလူကို အံ့ဩစွာ ငေးကြည့်လိုက်သည်။

ထိုလူ၏ဆံပင်သည် ရှည်လျား၍ နေသော်လည်း ကျိုးတိုးကျဲတဲနိုင်လှပေသည်။

ချီယင်းဝေသည် လဲကျနေရာမှ ထလိုက်ပြီး မိမိ၏လက်ကို မြှောက်ကာ ထိုလူ၏ဦးခေါင်းကို ခုတ်ချလိုက်လေသည်။

သို့သော် ချီယင်းဝေ၏လက်များသည် လမ်းတစ်ဝက်၌ပင် ရပ်တန့်သွားလေတော့သည်။

အကြောင်းမှာ ချီယင်းဝေသည် ထိုလူ၏ကျိုးတိုးကျဲတဲ



ဆံပင်များကြားမှ ယယ်ထိပ်ပေါ်တွင် အမွေးတိုင်ဖြင့် ထိုးထားသော အကွက်ခြောက်ကွက်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချီယင်းဝေသည် ထိုလူ၏ဘေး၌ ဝင်ရောက်ထိုင်လိုက်ပြီး...

"ခင်ဗျား တရုတ်ဘုန်းကြီးလား"

ဟု မေးလိုက်လေသည်။

ထိုလူက ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ်"

ချီယင်းဝေသည် စိတ်ပျက်စွာဖြင့် နံရံကို မှီလိုက်ပြီး...

"ခုနက ခင်ဗျားအော်ခဲ့တာ ဆယ်နှစ်ရှိပြီလို့ ပြောတယ်"

ထိုလူက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ဟုတ်တယ်"

ချီယင်းဝေက...

"ဒါဆို ခင်ဗျား ဒီအထဲ ရောက်တာ ဆယ်နှစ် ရှိပြီပေါ့"

ထိုလူက...

"အင်း ဆယ်နှစ်ကျော်ပြီဆိုပါတော့"

ချီယင်းဝေက သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ...

"ခင်ဗျားအော်တော့ ဘာထူးခြားလာသလဲ"

ထိုလူက...

www.burmeseclassic.com

www.burmeseclassic.com



"လည်ချောင်းကွဲပြီး အသံဝင်သွားတာပဲ ထူးခြားတယ်"

ချိုယင်းဝေက...

"အသံ ပြန်ကောင်းလာတော့ရော ထပ်မအော်ဘူးလား"

ထိုလူက...

"ပထမ နေ့ရော၊ ညရော အော်တယ်၊ အသံဝင်သွားပြီး ပြန်ကောင်းလာတော့လဲ နေ့ရော၊ ညရော ထပ်အော်တယ်၊ ဒါပေမယ့် အခု မင်းနဲ့တွေ့တဲ့အထိ ငါ အထဲမှာ ရှိနေတာပဲ"

ချိုယင်းဝေက တစ်စုံတစ်ခုအား စဉ်းစားမိကာ...

"ဒီက ထွက်ဖို့ကော မကြိုးစားဘူးလား"

ထိုလူက...

"အမျိုးမျိုး ကြိုးစားတယ်၊ အကြောင်း မထူးတော့ဘူး"

ချိုယင်းဝေက...

"ထမင်းလာပို့တဲ့ အချိန်မှာ ဒီထဲက ထွက်ဖို့ မကြိုးစားဘူးလား"

ထိုလူက...

"သူတို့က လူ မလာဘူး၊ စားစရာကို ပစ်ချပေးတယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် စိတ်ပျက်စွာ လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။



ပြီးမှ...

"ဒါနဲ့ ဘုန်းတော်ကြီးရဲ့ဘွဲ့က.."

ထိုလူသည် ချိုယင်းဝေ၏စကား မဆုံးမီ လက်ကာပြလိုက်ရင်း...

"စုစွမ်းပါ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် အံ့သြဟန်ဖြင့်...

"စုစွမ်း ဟုတ်လား"

စုစွမ်းက မျက်မှောင်မသိမသာကြုတ်ကာ...

"ကျုပ်လိမ်ပြောနေတယ်လို့ ထင်လို့လား"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး...

"မဟုတ်ပါဘူး၊ အံ့သြနေလို့ပါ"

စုစွမ်းက...

"ကျုပ်စကားထဲမှာ အံ့သြစရာပါလား"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းကာ...

"မပါပါဘူး၊ ကျုပ်အံ့သြတာ ခင်ဗျားဟာ ဆရာတော်စုဟိုက်နဲ့ တစ်တန်းတည်း ဖြစ်နေလို့ပါ"

စုစွမ်းက ဦးခေါင်းကို ညိတ်ကာ..

"ဟုတ်တယ်၊ စုဟိုက်က ပထမ၊ ကျုပ်က ဒုတိယ၊ စုအင်း

www.burmeseclassic.com

www.burmeseclassic.com



က စတုတ္ထ”

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

“ဟုတ်လား။ ကျုပ် စုအင်းနဲ့ စုကူးကို မတွေ့မိပါလား။ သူတို့ ပုံလွန်တော်မူသွားပြီ ထင်တယ်”

စုစွမ်းက တစ်ချက်ရယ်မောလိုက်ပြီး...

“ကျုပ် ဒီမှာ နှစ်ပေါင်း ၂၀ တိတိ ဒုက္ခခံပြီး မသေသေးတာ၊ သူတို့က ဘာဖြစ်လို့ သေရမှာလဲ”

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက အနည်းငယ် စဉ်းစားဟန်ဖြင့်...

“ကျုပ်တစ်ခု မေးပါရစေ”

စုစွမ်းက...

“မေးပါ”

ချိုယင်းဝေက...

“ခင်ဗျားတို့ အချင်းချင်း ညီညွတ်မှု ရှိကြရဲ့လား”

စုစွမ်းက...

“ညီညွတ်ပါတယ်”

ချိုယင်းဝေက စကားမပြောဘဲ အတန်ကြာအောင် ငြိမ်သက်၍ နေပြီးမှ စုစွမ်းကို လှမ်း၍...



“ဒါနဲ့ ခင်ဗျားတို့ ကျောင်းမှာ ရှောင်လင်ရဲ့ ရိကျင့်ကျင်လက်ရေးစာမူတစ်ခု ရှိတယ်လို့ ကြားတယ်၊ အဲဒီ ပညာကို ခင်ဗျားတတ်သလား”

ယင်းစကားကြောင့် စုစွမ်းသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး...

“မင်းက ဘာကြောင့် သိရတာလဲ”

ချိုယင်းဝေက...

“ကျုပ် အခုလို အချုပ်ခံရတာဟာ အဲဒီကိစ္စကြောင့်ပဲ”

ချိုယင်းဝေ၏စကားဆုံးသည်နှင့် စုစွမ်းသည် ရုတ်တရက် လှုပ်ရှားလိုက်ပြီး ချိုယင်းဝေကို ဖမ်းချုပ်လိုက်လေသည်။

ချိုယင်းဝေက ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း စုစွမ်း၏လက်မှ ပြေးမလွတ်ဘဲ ဖမ်းချုပ်ခြင်း ခံလိုက်ရလေသည်။

ချိုယင်းဝေသည် စုစွမ်း၏လက်ထဲမှ ရုန်းကန်ရင်း...

“ခင်ဗျား ဘာလုပ်တာလဲ”

ဟု မေးလိုက်လေသည်။

စုစွမ်းက ချိုယင်းဝေ၏စကားကို ပြန်လည်ဖြေကြားခြင်း မပြုဘဲ...

“မင်းကို ဘယ်သူ လွှတ်လိုက်တာလဲ”

ချိုယင်းဝေက ရုန်းကန်နေရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ဘယ်သူက လွှတ်ရမှာလဲ၊ ကျုပ်ကို ဖမ်းချုပ်ထားတာ"

စုစွမ်းက ချိုယင်းဝေ၏စကားကို ဂရုမစိုက်ဘဲ...

"မင်းမှန်မှန် ပြောစမ်း၊ မင်းကို ဘယ်သူက လွှတ်လိုက်တာလဲ၊ စုဟိုက်လား၊ စုတိတ်လား၊ စုတပ်လား"

ချိုယင်းဝေက ရုန်းကန်နေသော်လည်း စုစွမ်း၏လက်မှ ရုန်းထွက်၍မရသဖြင့် ဒေါပွကာ...

"ကျုပ် အချုပ်ခံနေရတာ"

ဟု အော်ဟစ်လိုက်လေသည်။

စုစွမ်းက...

"မင်း မလိမ်နဲ့ မင်းကို ဘယ်သူလွှတ်တာလဲ"

ချိုယင်းဝေက ဒေါပွပွဖြင့်...

"နေပါဦး၊ ခင်ဗျားက ဘာလို့ အတင်းမေးနေရတာလဲ၊ ခင်ဗျားကော ဘာကြောင့် အချုပ်ခံနေရတာလဲ"

စုစွမ်းက ချိုယင်းဝေ၏ပါးကို တစ်ချက်ရိုက်လိုက်ပြီး...

"ငါမေးတာကို ဘာလို့ မဖြေတာလဲ"

ဟု အော်ငေါက်လိုက်လေသည်။ ချိုယင်းဝေက...

"ကျုပ် အချုပ်ခံနေရတာ ဘယ်သူမှ လွှတ်တာမှ မဟုတ်ဘူးလို့ ခင်ဗျားကို ပြောသားပဲ၊ ခင်ဗျားက လက်မှမခံဘဲ"



ဟု ပြန်၍ အော်လိုက်လေသည်။

စုစွမ်းက ချိုယင်းဝေကို ချုပ်ထားရာမှ ဆောင့်တွန်း၍ လွှတ်ပေးလိုက်ပြီး...

"ကောင်းပြီ၊ မင်း ဘာကြောင့် အချုပ်ခံထားရတာဆိုတာ ငါ့ကို ပြောပြစမ်းပါ"

ချိုယင်းဝေက ချောင်းတစ်ချက် ဟန့်လိုက်ပြီး မိမိ ဤကျောင်းသို့ ရောက်ရှိလာပုံမှအစ နောက်ဆုံး ဤအချုပ်ခန်းထဲသို့ ရောက်လာသည်အထိ တစ်လုံးမကျန် ပြောပြလိုက်လေသည်။

◆ ◆ ◆

စုစွမ်းက ချိုယင်းဝေ ပြောပြသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း ဝင်ရောက်စွက်ဖက်ခြင်း မရှိပါ။

ချိုယင်းဝေက သူ့ပခုံးနှစ်ဘက်ကို တွန့်ကာ...

"ကျုပ်အဖြစ်ကတော့ ဒါပဲ"

ဟု သူ၏စကားကို အဆုံးသတ်လိုက်သည်။

စုစွမ်းက...

"မင်းပြောတာ အမှန်တွေပဲလား"

ဟု ထပ်၍ မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက…

"ကျုပ်က ခင်ဗျားကို လိမ်လို့ ဘာအကျိုးထူးမှာလဲ"

စုစွမ်းသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ…

"အင်း စုတာပ်..စုတာပ် ဘယ်ဆိုးလို့တုံး"

ဟု တကိုယ်တည်း ပြောသကဲ့သို့ ရေရွတ်လိုက်သည်။

ပြီးမှ သူသည် ချီယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး…

"ဒါနဲ့ စုတာပ်က ရိကျင်ကျင်ကျမ်းစာကို တွေ့သွားပြီလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက သူ၏ပခုံးနှစ်ဘက်ကို တွန့်ပြကာ…

"ဒါတော့ ကျုပ် မသိဘူး"

ဟု ပြန်ဖြေလိုက်လေသည်။

စုစွမ်းက…

"စုတာပ်ရဲ့ သိုင်းပညာဟာ ကျုပ်ထက် အဆင့်မြင့်သလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး…

"စုတာပ်ရဲ့ သိုင်းပညာ ဘယ်လောက် အဆင့်မြင့်တယ်ဆိုတာ ကျုပ် မသိဘူး၊ သူ့ရဲ့သိုင်းပညာကို တစ်ခါမှလဲ မမြင်ဖူးဘူး၊ ဒါပေမယ့်.."

ချီယင်းဝေသည် သူ၏စကားကို ဆုံးအောင် မပြောဘဲ ရပ်တန့်လိုက်လေသည်။



စုစွမ်းက ချီယင်းဝေကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ကာ

"ဒါပေမယ့် ဘာဖြစ်လဲ"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး…

"အဝါရောင်တရုတ်ဘုန်းတော်ကြီးနဲ့ အဆင့်တူတယ်လို့ ပြောဖူးတယ်"

ချီယင်းဝေ၏စကားကြောင့် စုစွမ်းသည် မျက်မှောင်ကြုတ်လိုက်ပြီး…

"အဝါရောင်တရုတ်ဘုန်းကြီး ဟုတ်လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ…

"ဟုတ်တယ်"

စုစွမ်းက စဉ်းစားမရသဖြင့်…

"အဝါရောင်ဘုန်းကြီး ဘယ်က ဘုန်းကြီးလဲ"

ဟု ထပ်၍ မေးလိုက်လေသည်။

ချီယင်းဝေက…

"ခင်ဗျားတို့ ဦးလေးဘုန်းကြီးလို့ ခေါ်တဲ့ အ,နေနဲ့ တရုတ်ဘုန်းကြီးလေဗျာ"

စုစွမ်းက ဦးခေါင်းကို ညိတ်လိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ကျိန်ဆင်းဘုန်းတော်ကြီးကို ပြောတာလား"

ချိုယင်းဝေက နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး...

"ကျိန်ဆင်းလား၊ ကျိန့်မဆင်းလား ကျုပ် မသိဘူး၊ ကျုပ်သိတာ အနေတဲ့ ဘုန်းကြီးပဲ"

စုစွမ်းက...

"ထားပါတော့၊ ဒါနဲ့ သူ့ရဲ့ သိုင်းပညာဟာ မင်းနဲ့ယှဉ်တာ ဘယ်လိုလဲ"

ချိုယင်းဝေက...

"သူ့အတွင်းအားက ကျုပ်ထက် သာတယ်၊ ကိုယ်ဖော့ပညာကျတော့"

စုစွမ်းသည် ချိုယင်းဝေ၏စကားကို ဖြတ်၍...

"ကိုယ်ဖော့ပညာကျတော့ မင်းလောက် မကောင်းဘူးလား"

ချိုယင်းဝေ ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"မဟုတ်ဘူး၊ ကိုယ်ဖော့ပညာလဲ ကျုပ်ထက် သာတယ်"

ဟု ပြောလိုက်လေသည်။

စုစွမ်းက ဦးခေါင်းကို မော့၍ စဉ်းစားလိုက်ပြီး...

"ဒါဖြင့် အခု သူက ကျုပ်ထက် သိုင်းပညာ အဆင့်မြင့်တာပေါ့"



ချိုယင်းဝေက...

"ဒါတော့ ကျုပ်လဲ မသိဘူး၊ အဲ ခင်ဗျားသိချင်တယ်ဆိုရင်တော့ အဲဒီ တရုတ်ဘုန်းကြီးနဲ့ သွားယှဉ်ပြိုင်ကြည့်ပေါ့"

ဟု ငေါ့တော့တော့ ပြောလိုက်လေသည်။

ပြီးမှ သူသည် စုစွမ်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ကာ...

"နေပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ အချုပ်ခံရတာလဲ၊ စည်းကမ်းဖောက်လို့လား"

စုစွမ်းက ဦးခေါင်းကို ခါယမ်းကာ...

"မဟုတ်ဘူး"

ချိုယင်းဝေက...

"စည်းကမ်းဖောက်တာ မဟုတ်ရင် ဘာဖြစ်လို့ အချုပ်ခံရတာလဲ"

စုစွမ်းက တစ်ချက်ပြုံးလိုက်သည်။

"ငါလဲ မင်းလိုပဲ ရိုကျင်ကျင်ကျမ်းစာနဲ့ ပတ်သက်ပြီး အချုပ်ခံရတာ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် အားရပါးရ ငိုကြွေးလိုက်လေသည်။

ချိုယင်းဝေက ရုတ်တရက် စုစွမ်း ငိုကြွေးလိုက်သဖြင့် အံ့သြ

www.burmeseclassic.com

www.burmeseclassic.com



ကာ စုစွမ်းကို နားမလည်နိုင်ဟန်ဖြင့် ကြည့်နေလေသည်။

ထိုစဉ် စုစွမ်းသည် အားရပါးရ ငိုနေရာမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်လေသည်။

ချိုယင်းဝေက စုစွမ်းကို မည်သို့မျှ နားမလည်နိုင်တော့ပါချေ။

"ဟော့..ဟော့၊ မင်း ဘာဖြစ်လို့ ငိုလိုက်ရယ်လိုက် ဖြစ်နေတာလဲ"

စုစွမ်းက...

"ကျုပ် ဒီနေ့ ဝမ်းသာလွန်းလို့ ငိုလိုက်ရယ်လိုက် ဖြစ်နေတာပါ"

ဟု ပြောလိုက်သည်။

ချိုယင်းဝေသည် စုစွမ်း၏စကားကို နားမလည်နိုင်ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ...

"ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီ"

စုစွမ်းက...

"နားမလည်ရင်လဲ နားလည်အောင် မကြိုးစားနဲ့တော့ ခင်ဗျားကြိုးစားရမှာက ဒီအချုပ်ခန်းထဲက ထွက်နိုင်ဖို့ပဲ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ကာ နှုတ်ခမ်းကို



တစ်ချက်မဲ့လိုက်ပြီး...

"လွယ်မယ် မထင်ဘူး"

စုစွမ်းက...

"ကြိုးစားမကြည့်တော့ဘူးလား"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး...

"ခင်ဗျားလို လူမျိုးတောင်မှ အနှစ် နှစ်ဆယ်လုံးလုံး ဒီအထဲမှာ နေရတာ၊ ကျုပ်လို လူမျိုးဆိုရင် ဝေလာဝေးပဲ"

ထိုစဉ် ရုတ်တရက် လှေကားပေါ်မှ ဆင်းသက်လာသော ခြေသံကို ချိုယင်းဝေတို့ ကြားလိုက်ရလေသည်။

ခြေသံကြားလိုက်ရသည်နှင့် ချိုယင်းဝေ၏မျက်လုံးများသည် ဝင်းလက်သွားပြီး...

"ဟား..ဟား၊ ကျုပ်အကြံရပြီ"

ဟု ပြောလိုက်လေသည်။

စုစွမ်းက မျက်မှောင်ကြုတ်လိုက်ပြီး...

"ဘာအကြံလဲ"

ချိုယင်းဝေက...

"ခင်ဗျားနဲ့ ကျုပ်နဲ့ ရန်ဖြစ်ချင် ဟန်ဆောင်ရအောင်"

စုစွမ်းက...

"အဲလို ရန်ဖြစ်တော့ ကျုပ်တို့ လွတ်ရောလား"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ကာ…

“ဒီလိုလေ၊ ကျုပ်တို့နှစ်ယောက် ရန်ဖြစ်တော့ သူတို့က ကျုပ်တို့ကို ဝင်ပြီး ဖျန်ဖြေလိမ့်မယ်၊ ဒါမှမဟုတ် ကျုပ်တို့ ရန်မဖြစ်အောင် တစ်ခုခုတော့ လုပ်မှာပဲ၊ အဲဒီအချိန်မှာ ကျုပ်တို့က လွတ်လမ်းရှာမယ်”

စုစွမ်းက သဘောတူစွာဖြင့် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး…

“ကောင်းသားပဲ”

ဟု ပြောလိုက်လေသည်။

ထိုစဉ် ခြေသံများသည် တဖြည်းဖြည်း နီးကပ်လာလေတော့သည်။ ချီယင်းဝေက ရုတ်တရက်…

“ဟေ့ မင်းက လူဟောင်းဆိုပြီး ငါ့ကို ဗိုလ်မကျနဲ့ကွ”

ဟု အော်ဟစ်ကာ မြေကြီးကို လက်ဝါးဖြင့် လေးငါးချက် ပုတ်လိုက်လေသည်။

စုစွမ်းက နံရံကို လက်ဝါးနှင့် သုံးလေးချက် ပုတ်လိုက်ပြီး ပြောလိုက်သည်။

“မင်းက မကျေနပ်လို့လား”

ဟု ပြန်လည်အော်ဟစ်လိုက်လေသည်။

ချီယင်းဝေက…



“အင်း မကျေနပ်ဘူး၊ မင်းဇက်ကို လိမ်ချိုးရမှ ကျေနပ်မယ်”

ဟု အော်လိုက်ပြန်လေသည်။

စုစွမ်းက…

“လာခဲ့၊ မင်း မကျေနပ်ရင် မင်းကျေနပ်တဲ့အထိ မင်းခေါင်းကို တစ်စစီ ခွဲပစ်မယ်”

ဟု အော်ဟစ်လိုက်လေသည်။

ယင်းအသံများကြောင့် အချုပ်ခန်းသို့ လာနေသော ခြေသံများသည် ပြေး၍ လာသော ခြေသံများအဖြစ် ပြောင်းလဲကာ လျင်မြန်စွာ အချုပ်ခန်းအနီးသို့ နီးကပ်လာလေတော့သည်။

ချီယင်းဝေက အချုပ်ခန်းသို့ ပြေး၍ လာနေသော ခြေသံများကို ကြားလိုက်ရသည်နှင့် စုစွမ်းကို မျက်စိတစ်ဘက်မှိတ်ပြကာ ခုန်အုပ်လိုက်လေတော့သည်။

ချီယင်းဝေက ထိုသို့ ခုန်အုပ်လိုက်ပြီး စုစွမ်း၏အနားသို့ ကပ်ကာ လေသံတိုးတိုးဖြင့်…

“ဟေ့ ငါ့ကို နှုတ်ခမ်းနည်းနည်းကွဲအောင်ထိုး၊ ဒါမှ ယုံကြည်ကြမှာ”

ဟု ပြောလိုက်လေသည်။

စုစွမ်းက နားလည်ကြောင်း မသိမသာ ဦးခေါင်းညိတ်ပြလိုက်ပြီး ချီယင်းဝေကို ဖက်၍ နပန်းလုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် ချိုယင်းဝေ၏အပေါ်သို့ ခွ၍ ထိုင်လိုက်ပြီး ချိုယင်းဝေအား လက်သီးဖြင့် ထိုးလိုက်သည်။

ထိုစဉ် အချုပ်ခန်းတံခါး ပွင့်သွားပြီး တရုတ်ဘုန်းတော်ကြီးနှစ်ပါး ဝင်ရောက်လာလေသည်။

တရုတ်ဘုန်းတော်ကြီးနှစ်ပါးမှာ တုကွမ်းနှင့် တုလိမ်တို့ ဖြစ်ပါသည်။ တုလိမ်က...

"ဟေ့ ရန်မဖြစ်ရဘူး"

ဟု အော်ဟစ်လိုက်ပြီး ချိုယင်းဝေ၏ကိုယ်ပေါ်၌ ခွ၍ ထိုင်ထားသော စုစွမ်းကို တစ်ချက်ကန်ကျောက်လိုက်လေသည်။

စုစွမ်းက စိတ်ထဲမှ ပြန်လည်တိုက်ခိုက်ရန် ကြံရွယ်လိုက်သော်လည်း မတိုက်ခိုက်ဖြစ်ပါ။

အကြောင်းမှာ တုလိမ်က ရန်ဖြစ်နေသူနှစ်ဦးကို ဖျန်ဖြေရန် ဝင်ရောက်လိုက်သောအခါ တုကွမ်းက အချုပ်ခန်း အပြင်သို့ ပြန်လည်ထွက်လိုက်ပြီး အချုပ်ခန်းတံခါးကို သော့ပြန်ခတ်လိုက်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် စုစွမ်းသည် တုလိမ်အား ပြန်လည်တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ တုလိမ်၏ခြေဖြင့် ကန်ကျောက်ခြင်းကို ငြိမ်သက်စွာ ခံယူလိုက်လေသည်။

ထို့ကြောင့် စုစွမ်းသည် ချိုယင်းဝေ၏ခန္ဓာကိုယ်ပေါ်မှ



အောက်သို့ ကျသွားလေသည်။

တုလိမ်က ချိုယင်းဝေကို ငုံ့ကြည့်လိုက်ပြီး...

"လာ ထွက်ခဲ့"

ဟု ပြောကာ အချုပ်ခန်းမှ ဦးဆောင်၍ ထွက်သွားလေသည်။ တုကွမ်းက အချုပ်ခန်းတံခါးကို ပြန်လည်ဖွင့်လိုက်ပြီး တုလိမ်နှင့် ချိုယင်းဝေတို့ကို ထွက်လာစေသည်။

"ဟေ့ ကျုပ်ကိုကော မလွှတ်သေးဘူးလား"

ဟု အော်ဟစ်လိုက်ပြီး ချိုယင်းဝေတို့နောက်သို့ လိုက်လာလေသည်။ သို့သော် တုကွမ်းက တံခါးကို လျင်မြန်စွာပိတ်၍ သော့ခတ်လိုက်သဖြင့် စုစွမ်းသည် သံတံခါးသံတိုင်ကိုကိုင်ကာ...

"ကျုပ်ကို ဒီအတိုင်းပဲ ထားမှာလား၊ မလွှတ်တော့ဘူးလား"

ဟု အော်ဟစ်လိုက်လေသည်။

ချိုယင်းဝေသည် စုစွမ်းကို တစ်ချက်လှည့်ကြည့်လိုက်ပြီး သူ၏ရင်ထဲ၌ စုစွမ်းအတွက် စိတ်မကောင်း ဖြစ်လာလေသည်။

မြေတိုက်ခန်း၏အပြင်သို့ ရောက်သောအခါ စုစွမ်း၏ တဟားဟား ရယ်မောလိုက်သော အသံကို ကြားလိုက်ရသည်။

ထို့နောက် စုစွမ်း၏ရယ်မောသံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် တုကွမ်းနှင့် တုလိမ်တို့ကို အံ့သြစွာ တစ်ချက်ကြည့်လိုက်လေသည်။

အကြောင်းမှာ သူတို့သည် ချီယင်းဝေကို မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးထံ ခေါ်မသွားဘဲ ချီယင်းဝေ၏ အခန်းသို့ ခေါ်ဆောင်လာသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချီယင်းဝေသည် တုကွမ်းနှင့် တုလိမ်တို့ကို ကြည့်ကာ...

"ဘာဖြစ်လို့ ကျုပ်ကို ဒီမှာ ပို့ထားတာလဲ"

တုကွမ်းက...

"ကျုပ်တာဝန်က ခင်ဗျားကို ဒီအထဲပို့ဖို့ပဲ"

ဟု ပြောလိုက်သည်။

"ကျုပ်တာဝန်က ခင်ဗျားကိုပို့ပြီး ဆရာတော်ကို နောက်ထပ် လုပ်ရမယ့်အကြောင်း မေးရပါ့မယ်"

ဟု ပြောကာ ချီယင်းဝေကို အခန်းထဲတွင် ထားခဲ့၍ ထွက်သွားလေသည်။

ချီယင်းဝေက တံခါးကို ဆောင့်ပိတ်လိုက်လေသည်။

"ဘာတွေ ဖြစ်နေတာလဲ"

ဟု တကိုယ်တည်း ရေရွတ်လိုက်လေသည်။

ထို့နောက် သူသည် မိမိ၏အခန်းကို လှည့်ပတ်ကြည့်ရှုလိုက်လေသည်။



အခန်းထဲရှိ ခုတင်ပေါ်တွင် မိမိ၏ဓားကို ချီယင်းဝေ တွေ့မြင်ရလေသည်။

ထို့ကြောင့် သူသည် ဓားရှိရာသို့ လျှောက်သွားပြီး ဓားကို ကောက်ယူလိုက်လေသည်။

ထို့နောက် သူသည် ဓားအိမ်မှဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်လေသည်။

ထို့နောက် သူသည် မိမိ ဓားဖျား၌ သွေးများ စွန်းထင်းနေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

◆ ◆ ◆

ချီယင်းဝေသည် သွေးစွန်းနေသော မိမိ၏ဓားကို ငေးမောကြည့်ရှုနေလေသည်။

သူသည် မည်မျှကြာအောင် ငေးမောကြည့်ရှုနေမိသည် မသိပါ။

တံခါးဖွင့်သံကြားမှ သတိပြန်လည် ဝင်ရောက်လာပြီး ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်၍ သိမ်းဆည်းလိုက်လေသည်။

ထိုစဉ် အခန်းတံခါးပွင့်လာပြီး တရုတ်ကိုရင်တစ်ပါးသည်

www.burmeseclassic.com

www.burmeseclassic.com



သစ်သားစည်တစ်လုံးကို မ၍ ဝင်လာသည်။

ချီယင်းဝေက အံ့ဩသော လေသံဖြင့် သစ်သားစည်ကို လက်ညှိုးထိုးပြကာ...

"ဒါ ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်လေသည်။

ကိုရင်က...

"ဒကာလေး ရေချိုးဖို့"

ဟု ပြန်လည်ဖြေလိုက်လေသည်။

ချီယင်းဝေက မိမိ၏ဦးခေါင်းကို တစ်ချက်ကုတ်ကာ...

"အင်း ဘုန်းတော်ကြီးစုဟိုက်တော့ ဘာတွေ ကြံနေပြန်ပြီလဲ မသိဘူး"

သစ်သားစည် မ,လာသော တရုတ်ကိုရင်သည် အခန်းထဲ၌ သစ်သားစည်ကို ချထားလိုက်လေသည်။

ထိုအချိန်တွင် တရုတ်ကိုရင်လေးတစ်ပါးသည် ရေပုံးနှစ်ပုံးကိုဆွဲ၍ ဝင်ရောက်လာပြီး သစ်သားစည်ထဲ ရေဖြည့်လိုက်လေသည်။

ထိုတရုတ်ကိုရင်နှစ်ပါး ပြန်လည်ထွက်ခွာသွားသောအခါ အခြားကိုရင်တစ်ပါး ထပ်မံဝင်ရောက်လာပြီး အဖြူရောင်အင်္ကျီဝတ်စုံကို သယ်ဆောင်လာသည်။

ချီယင်းဝေက အဝတ်အစားများကို ညွှန်ပြရင်း...



"ဒါ ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်လေသည်။

ထိုတရုတ်ကိုရင်က...

"ဆရာတော် ပို့ခိုင်းလိုက်တာပါ။ ဒကာလေး ဝတ်ကြည့်ပါအုံး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက အဝတ်အစားများကို ယူကာ မိမိ ခန္ဓာကိုယ်နှင့် တိုင်းကြည့်လိုက်လေသည်။

ထိုအဝတ်အစားများမှာ မိမိနှင့် အံကိုက် ဖြစ်နေကြောင်း တွေ့ရှိရလေသည်။

ချီယင်းဝေက အဝတ်အစားများကို ခုတင်ပေါ် တင်ထားလိုက်ပြီး ကိုရင်ကို လှမ်းကြည့်ကာ...

"ကျေးဇူးတင်တယ်လို့ ဆရာတော်ကို ပြောပါ"

ဟု ပြောလိုက်သည်။

ထိုကိုရင် ထွက်သွားသောအခါ ချီယင်းဝေသည် တံခါးကို ပိတ်လိုက်လေသည်။

ထို့နောက် မိမိ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားကို ချွတ်၍ ရေစည်ထဲ ဝင်ရောက်ကာ ရေချိုးလိုက်လေသည်။

ထိုစဉ် အခန်းတံခါး ခေါက်သံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချိုယင်းဝေက လှမ်း၍...

"ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

တံခါးအပြင်ဘက်မှ...

"ထမင်းအားလုံး ပြင်ပြီးပါပြီ၊ ဘယ်တော့သုံးဆောင်မလဲ"

ဟုမေးသံ ထွက်ပေါ်လာသည်။

ချိုယင်းဝေက...

"အပြင်မှာပဲ ထားလိုက်ပါ၊ ကျုပ်စားချင်ရင် ကိုယ့်ဘာသာကိုယ် ယူစားမယ်"

ဟု ပြန်လည်ပြောလိုက်လေသည်။

တံခါးအပြင်ဘက်မှ...

"ကောင်းပါပြီ"

ဟူသော အသံ ထွက်ပေါ်လာပြီးနောက် တိတ်ဆိတ်သွားလေတော့သည်။

ချိုယင်းဝေသည် ရေမိုးချိုးပြီးနောက် ဆရာတော် ပေးပို့လိုက်သော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကာ စဉ်းစားလိုက်သည်။

"ငါ့ကို ဘာဖြစ်လို့ ဒီလို ကောင်းကောင်းမွန်မွန်ထားရတာလဲ"



ဟု စဉ်းစားပြီး ထမင်းစားရန် အပြင်ရှိ ဗန်းအားယူလိုက်လေသည်။ အချိန်ကြာသော် သူသည် စားပြီးသွားပြီ ဖြစ်သည်။

ထိုအချိန်တွင် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို မြင်လိုက်လျှင်...

"အခုဟာက ဘာသဘောလဲ"

မျက်ခုံးမွေးဖြူသော ဘုန်းတော်ကြီးက ဘာမှမပြောချေ။

ချိုယင်းဝေက စိတ်တိုသော အသံဖြင့်...

"ဘုန်းကြီး အခုလို လုပ်တာ ဘာသဘောလဲ၊ အခုလို လုပ်နေတာက တပည့်တော်ကို ဝဝကျွေးပြီးမှ သတ်မယ့်ပုံစံမျိုး ဖြစ်နေတယ်"

"ကျုပ်ရှင်းပြတာကို နားထောင်ပါဦး"

ချိုယင်းဝေက...

"ဒါဖြင့် မြန်မြန်ပြော"

"အင်း ဒကာလေး စိတ်တိုနေမယ်ဆိုတာ ကျုပ်သိပါတယ်"

"သိရင် ဘာလို့ မလွှတ်ပေးလဲ"

"ဒကာလေး အခုလို နေရတာ ကျုပ်စိတ်မကောင်းပါဘူး"

ချိုယင်းဝေက...

"အင်း ဘုန်းတော်ကြီးရဲ့ စကားက တယ်ချိုတာပဲ"

"ကျုပ်အမှန်အတိုင်း ပြောနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက နှုတ်ခမ်းမဲ့ကာ...

"ထားပါတော့၊ အခု ဘာကို ပြောချင်လို့ ဒီကို လာရတာလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ကျုပ်အစည်းအဝေးလုပ်တာ ဒကာလေး သိတယ်နော်"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်သည်။

"အဲဒီ အစည်းအဝေးထဲမှာ ကျုပ်မှ မပါဘဲ၊ ဘယ်လိုလုပ် သိရမှာလဲ"

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးက...

"ကျုပ်တို့ ဘာကြောင့် အစည်းအဝေး လုပ်တာကို ပြောတာ မဟုတ်ဘူး၊ ကျုပ်တို့ အစည်းအဝေး လုပ်တာကို သိတယ် မဟုတ်လားလို့ မေးတာပါ"

ချီယင်းဝေက အမြင်ကပ်ကပ်ဖြင့်...

"ဘယ်တုန်းကလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက နှစ်လိုဖွယ် ပြုံးလိုက်ပြီး...

"ဒကာလေး နည်းနည်းတော့ စိတ်ရှည်ရှည်ထားပါ"

ဟု ပြောလိုက်လေသည်။



ချီယင်းဝေက...

"ကျုပ်စိတ်တိုအောင် ဘယ်သူတွေက လုပ်တာလဲ"

ဟု ပြန်၍ နှုတ်လှန်ထိုးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒကာလေးကို ဘုန်းတော်ကြီး တောင်းပန်ပါတယ်၊ ဘုန်းတော်ကြီးတို့ လုပ်တဲ့ အစည်းအဝေးက ဒကာလေးအတွက်ပါ"

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် ချီယင်းဝေသည် အနည်းငယ် အံ့သြသွားပြီး သူ၏မျက်ခုံးကိုပင့်ကာ...

"ဘာ တပည့်တော်အတွက် ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်၊ ဒကာလေးအတွက် ကျုပ်တို့ အစည်းအဝေး လုပ်တာပါ"

ချီယင်းဝေက ပခုံးတစ်ဘက်ကို တွန့်လိုက်ပြီး...

"ဆိုစမ်းပါဦး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူသော တရုတ်ဘုန်းတော်ကြီးက...

"ရိုကျောင်ကျောင်ကျမ်းစာ ပျောက်ဆုံးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီအစည်းအဝေး ခေါ်ခဲ့တယ်၊ အဲဒီ အစည်းအဝေးမှာ ကျုပ်က ဒကာလေးဟာ ဒီအမှုနဲ့ပတ်သက်ပြီး လူသတ်သမား မဟုတ်ကြောင်း၊ နိုင်လုံတဲ့ အထောက်အထား မရှိကြောင်း ပြောပြီး ဒကာလေးကို လွှတ်ဖို့ ဆွေးနွေးခဲ့တယ်”

ချိုယင်းဝေက...

“အဲဒီတော့..”

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

“စုဟိုက်တို့အုပ်စုက ဒကာလေးကို လွှတ်မပေးဘူးလို့ ကန့်ကွက်ပြောဆိုလာကြတယ်”

ချိုယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး...

“သူတို့က ဘာဖြစ်လို့ ကန့်ကွက်ရတာလဲ”

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

“သူတို့က ဒကာလေးကို သံသယ ရှိနေကြတယ်”

ချိုယင်းဝေက မဲ့ပြုံးပြုံးလိုက်ပြီး...

“အဲဒီတော့ ဘုန်းတော်ကြီးက သူတို့ကို ဘယ်လို အထောက်အထားနဲ့ သံသယ ဖြစ်နေတယ်ဆိုတဲ့ အကြောင်း မမေးဘူးလား”

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

“မေးပါတယ်”



ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

“အဲဒီတော့ သူတို့က ဘာပြန်ပြောသလဲ”

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

“ဒကာလေးရဲ့ သိုင်းပညာဟာ အတော်မြင့်တယ်၊ ပြီးတော့ ရိကျောင်ကျောင်ကျမ်းစာထားတဲ့ အဆောင်အနားမှာ ဒကာလေးကို ဦးလေးဘုန်းကြီး တွေ့ခဲ့တာရယ်၊ အဲဒါတွေကြောင့် ဒကာလေးဟာ ကျမ်းစာခိုးတဲ့ လူသတ်သမားပဲ ဖြစ်ရမယ်လို့ သူတို့က ထောက်ပြကြတယ်”

ချိုယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး...

“တပည့်တော်ကို သိုင်းပညာ အဆင့်မြင့်တာရယ်၊ ရိကျောင်ကျောင်ကျမ်းစာ ရှိတဲ့ အဆောင်အောက်မှာ တွေ့တာရယ်၊ အဲဒါကြောင့် သူတို့က သံသယ ရှိနေတာလား”

မျက်ခုံးမွေးဖြူဖွေးနေသော တရုတ်ဘုန်းတော်ကြီးက ဦးခေါင်းညိတ်ပြကာ...

“ဟုတ်ပါတယ်၊ ကျုပ်လဲ အတန်တန်ငြင်းပြီး ကန့်ကွက်ခဲ့ပါတယ်”

ဟု ပြောလေသည်။

ချိုယင်းဝေက...

“ဒီလို အချက်အလက်နဲ့ ထောက်ပြပြီး သံသယ ရှိမယ်ဆို

www.burmeseclassic.com



ယင်တော့ ဦးလေးဘုန်းတော်ကြီးကို ဘာဖြစ်လို့ သံသယ မရှိကြတာလဲ"

ဟု မေးလိုက်သည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက ချိုယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး...

"ဒကာလေးက ဦးလေးဘုန်းကြီးအပေါ် သံသယ ရှိလို့လား"

ဟု မေးလိုက်သည်။ ချိုယင်းဝေက...

"တပည့်တော် ဥပမာ ပြောတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဦးလေးဘုန်းကြီးရဲ့ သိုင်းပညာ အဆင့်မြင့်တယ်၊ ပြီးတော့ တပည့်တော်က ရိုကျင်ကျင်ကျမ်းစာထားတဲ့ အဆောင်နားမှာလဲ တွေ့ခဲ့ရတယ်၊ ဒီတော့ ကျမ်းစာခိုးတဲ့ လူသတ်သမားဟာ ဦးလေးဘုန်းကြီး မဖြစ်နိုင်ဘူးလို့ ဘယ်သူ အာမခံမလဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော တရုတ်ဘုန်းတော်ကြီးက...

"ဒကာလေး ပြောတာ မှန်ပါတယ်၊ ဒီလို ပြောကြစတမ်းသာဆိုရင် ကျောင်းဝန်းတစ်ခုလုံးမှာရှိတဲ့ ဘုန်းကြီးအားလုံးကို သံသယ ဖြစ်နိုင်တယ်"

ချိုယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်၍ လက်နှစ်ဘက်



ကို ခါယမ်းပြလိုက်ရင်း...

"ဒါဖြင့် အဲဒီလို ဘာဖြစ်လို့ မတွေးဘဲ အပြစ်တွေကို တပည့်တော်ခေါင်းပေါ် ပုံချချင်ရတာလဲ"

ဟု ပြောလိုက်သည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"အများနဲ့ တစ်ယောက်ဆိုတော့လဲ ကျုပ်မှာ အခက်အခဲတွေ့လာရတာတယ်၊ ဒါကြောင့် နောက်ဆုံးအနေနဲ့ ဒကာလေးကို နေ့ရော ညရော အစောင့်နဲ့ထားဖို့ ဆုံးဖြတ်လိုက်ကြတယ်"

ချိုယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး...

"တော်တော်ရယ်စရာကောင်းတာပဲ၊ လူသတ်သမားတော့ မဖော်ထုတ်ဘဲ တပည့်တော်အပေါ် အပြစ်ပုံချပြီး ချုပ်ချယ်ဖို့ပဲ တတ်ပါလား"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ဒါနဲ့ ကျုပ်လဲ အစည်းအဝေးမှ ဘုန်းတော်ကြီးငါးပါးကို ရွေးချယ်လိုက်တယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက...

"ဘာလုပ်ဖို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဒီအမှုကိစ္စကို စုံစမ်းဖို့ ရွေးချယ်လိုက်တာပဲ"

ချီယင်းဝေက…

"အဲဒီတော့ စုဟိုက်တို့အုပ်စုက ဘာပြောလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး…

"သူတို့က သုံးလ အချိန်ပေးတယ်၊ သုံးလပြည့်လို့မှ တရားခံမပေါ်ရင် ဒကာလေးကို သတ်မယ်လို့ ဆုံးဖြတ်ကြတယ်"

ချီယင်းဝေက တဟားဟား ရယ်မောကာ…

"ဟား..ဟား..ဟား၊ တကယ် ရယ်စရာကောင်းတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ် တုံ့ဆိုင်း၍ နေပေသည်။

ပြီးမှ…

"ခက်တာက ဒကာလေးပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက အံ့သြဟန်ဖြင့် မျက်လုံးပြူးကာ…

"ဘာဖြစ်လို့လဲ၊ တပည့်တော်က ဘာတွေ ခက်နေလို့လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"တကယ်လို့ အစည်းအဝေးပြီးတဲ့ အချိန်မှာ တုချမ်း



အသတ်ခံရတဲ့ သတင်းကို ဒကာလေး သယ်ဆောင်မလာရင် အခြေအနေဟာ တစ်မျိုး ဖြစ်လိမ့်မယ်၊ ခုတော့ အစည်းအဝေးပြီးတဲ့ အချိန်မှာပဲ အသတ်ခံရတဲ့ သတင်းကြားလာရတယ်"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား အတန်ကြာအောင် စူးစိုက်ကြည့်ပြီး…

"တကယ်လို့ တပည့်တော်ကသာ တုချမ်းကို သတ်ရင် ဘုန်းတော်ကြီးတို့ကို လာပြီး ပြောပါ့မလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဒီလို အတပ်ပြောလို့တော့ မရဘူး၊ လူသတ်သမားဟာ မိမိကိုယ်မိမိ လူသတ်သမား မဟုတ်ကြောင်း သက်သေထူချင်လို့ အခုလို သတင်းပို့တာမျိုးကော မဖြစ်နိုင်ဘူးလားကွယ်"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး…

"ဒီလိုသာဆိုရင်တော့ အဲဒီ လူသတ်သမားဟာ အင်မတန်မှ ဝါရင့်နေတဲ့ လူသတ်သမားပဲ ဖြစ်ရမယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဒကာလေးကို ကျုပ်တို့က အခုမှမြင်တွေ့ဖူးတာ၊ ဒကာလေးဟာ အဲဒီလိုလူစား မဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ၊ ပြီးတော့ ဒကာလေးရဲ့ဓားမှာ သွေးစွန်းနေတဲ့ကိစ္စကို ဘယ်လို ဖြေရှင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက လက်ကာပြလိုက်ပြီး…

"ထားပါတော့ ဒီအကြောင်းတွေပြောရင် ဆုံးမှာမဟုတ်ဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"အဲဒီတော့ အချုပ်နဲ့ တစ်ယောက် အနေအထားမှာ ကျုပ် ဘယ်လို အခက်အခဲ တွေ့နေမယ်ဆိုတာ ဒကာလေး စဉ်းစားသာ ကြည့်တော့"

ဟု ပြောလိုက်လေသည်။

"ဒါနဲ့ပဲ ဘုန်းတော်ကြီး လက်ရှိနေရာက မကျရအောင် တပည့်တော်ကို ဇရပ်ပြည်ထက် ဆိုးတဲ့ မြေအောက်ခန်းထဲ ပို့လိုက်တာ ပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူနေသော ဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းပြလိုက်ရင်း…

"မြေအောက်ခန်းထဲမှာ ဒကာလေးကို အမြဲတမ်း ချုပ်ထားဖို့ မရည်ရွယ်ပါဘူး၊ သူတို့ စိတ်ကျေနပ်အောင် ခေတ္တချုပ်ထားတဲ့ သဘောပါ၊ သူတို့ စိတ်ကျေနပ်တာနဲ့ ချက်ချင်း ဒကာလေးကို လွှတ်ပေးမှာပါ"

ချိုယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး…

"တကယ်လို့မှား နောက်ထပ် အနှစ် နှစ်ဆယ်ကြာတဲ့တိုင် အောင် သူတို့ စိတ်မကျေနပ်ဘူးဆိုရင် တပည့်တော်လဲ မြေတိုက်ခန်းထဲမှာ အရိုးထုတ်ပြီး ကိုယ့်ကိုယ်ကို သတ်သေမိမလား မသိဘူး"



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချိုယင်းဝေကို ပြုံး၍ ပြလိုက်ပြီး…

"ဒကာလေးမှာ အသက်တိုတဲ့ လက္ခဏာ မတွေ့ရပါဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက အံ့အားသင့်ဟန်ဖြင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ကြည့်လိုက်ပြီး…

"အင်း ဘုန်းတော်ကြီးက အရင်တုန်းက ဗေဒင်ဆရာ လုပ်စားဖူးတယ်နဲ့ တူတယ်"

ဟု ငေါ့တော့တော့ ပြောလိုက်လေသည်။

ချိုယင်းဝေ၏စကားကြောင့် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားပြီး ဘာမှ ပြန်မပြောဘဲ ချိုယင်းဝေကိုသာ စိုက်၍ ကြည့်နေလေသည်။

ချိုယင်းဝေက မထေ့တထေ့ကလေး ပြုံးကာ…

"ဆက်ပြောပါဦး၊ အဲဒီလို ချုပ်ထားလိုက်လို့ အခု သူတို့ စိတ်ကျေနပ်သွားရောလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းခါယမ်း ပြလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မကျေနပ်သေးပါဘူး၊ ဒါပေမယ့် ဒကာလေး ကံကောင်းတယ်လို့ ဆိုရမယ်"

ချီယင်းဝေက အင်မတန်မှ အံ့သြသွားဟန်ပြလိုက်သည်။

"တပည့်တော် ကံကောင်းတယ် ဟုတ်လား၊ မြေတိုက်ခန်းထဲမှာ အချုပ်ခံရတာ ကံကောင်းတယ် ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဟုတ်တယ်"

ချီယင်းဝေက…

"ဘာဖြစ်လို့လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"ဒကာလေးမှာ မိတ်ဆွေ ရှိတယ် မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး…

"လူဆိုတာ ပတ်ဝန်းကျင်နဲ့ ဆက်နွယ်ပြီး နေထိုင်ရတာပဲ၊ မိတ်ဆွေဆိုတာ ရှိတာပေါ့"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"တိမ်ရှိုလေးဆိုတဲ့မိတ်ဆွေ ရှိတယ် မဟုတ်လား"

ချီယင်းဝေသည် တိမ်ရှိုလေး၏အမည်ကို ကြားလိုက်ရသဖြင့် မိမိက တိမ်ရှိုလေးအား ချိန်းထားခဲ့သည်ကို အမှတ်ရလာလေသည်။



ထို့ကြောင့် သူသည် ကိုယ့်ကိုယ်ကို တစ်ချက် ကျိန်ဆဲလိုက်ပြီး…

"အင်း ဆိုစမ်းပါဦး၊ တိမ်ရှိုလေး ဘာဖြစ်လဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"တိမ်ရှိုလေး ရောက်လာတယ်"

ချီယင်းဝေက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး…

"ဆိုစမ်းပါဦး၊ သူက ဘာလာလုပ်တာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"သူက ကျောင်းထဲ ဝင်လာပြီး ဒကာလေး ဒီမှာ ရှိနေတယ်၊ ဒကာလေးကို ထုတ်ပေးပါလို့ တောင်းနေတယ်"

ချီယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး…

"ဒီတော့ ဘုန်းတော်ကြီးက သူ့ကိုကြောက်ပြီး တပည့်တော်ကို လာပြောတာလား၊ ဒါမှမဟုတ် သူ့ကိုပါ ဖမ်းထားလိုက်သလား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"အမှန်ပြောရရင် ပထမတော့ ကျုပ်တို့အများစုက ဒကာလေးကို မလွှတ်ချင်ဘူး"

ချီယင်းဝေက တစ်ချက်ပြုံးကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သူ့ကို ကြောက်လို့ သူတောင်းတဲ့အတိုင်း ကျုပ်ကို လွှတ်ပေးမလို့ပေါ့ ဟုတ်လား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"သူတို့ ကြောက်လို့ မဟုတ်ဘူး၊ ကြောက်စရာလဲ မလိုဘူး၊ ဒါပေမယ့်.."

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက သူ၏စကားကို ဆုံးအောင် မပြောဘဲ ရပ်တန့်ကာ ချီယင်းဝေကို တစ်ချက်ကြည့်လိုက်လေသည်။

ချီယင်းဝေက...

"ဒါပေမယ့် ဘာဖြစ်သလဲ၊ ပြောစမ်းပါဦး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ကျုပ်တို့အများစုက ငြင်းနေတော့ သူက မြို့တော်ဝန်ကို သွားပြောတယ်၊ မြို့တော်ဝန်က ကျုပ်တို့ ကျောင်းကို ရှာဖွေမယ်လို့ ပြောတော့ ကျုပ်က အခြားဘုန်းတော်ကြီးတွေကို ဥပဒေ မဖီဆန်ဖို့ ဒကာလေးကို လွှတ်ပေးဖို့ ပြောရတယ်"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်တော်ကြီးကို အတန်ကြာအောင် စူးစိုက်၍ ကြည့်နေပြီး...

"ဒါဖြင့် အခု ဘုန်းတော်ကြီးလာတာ တပည့်တော်ကို လွှတ်ပေးဖို့ ကိစ္စလား"



မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ခေါင်းကို ညိတ်လိုက်ပြီး...

"အခုကစပြီး ဒကာလေး အချိန်မရွေး ဒီကျောင်းက ထွက်သွားနိုင်ပြီလို့ လာပြောတာပါ"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးအား ပြုံး၍ ကြည့်လိုက်ပြီး...

"တကယ် ပြောတာလား"

ဟု သေချာစေရန် ထပ်၍ မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြကာ...

"ဒကာလေး ကြိုက်တဲ့အချိန် ဒီကျောင်းက ထွက်သွားနိုင်ပါတယ်"

ဟု ထပ်မံ ပြောဆိုလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ကာ...

"ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဘုန်းတော်ကြီးကို တပည့်တော် စကားနှစ်ခွန်းလောက် မေးပါရစေ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"မေးပါ၊ ကျုပ်ဖြေနိုင်တဲ့ မေးခွန်းမျိုးဆိုရင် ဖြေပါ့မယ်"

ချီယင်းဝေက...

www.burmeseclassic.com

www.burmeseclassic.com



"ပထမအချက် ဘုန်းတော်ကြီးတို့ ကျောင်းထဲမှာ တပည့်တော်ကို သံသယ အဖြစ်ဆုံး ဘုန်းတော်ကြီးက ဘယ်ဘုန်းကြီးလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး အနည်းငယ် စဉ်းစားလိုက်ပြီး…

"ဒီမေးခွန်းကို ဖြေဖို့ အတော်ခက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီး အတော်များများက ဒကာလေးကို သံသယ ရှိနေလို့ပဲ"

ချီယင်းဝေက ပြုံးလျက်…

"ကောင်းပြီ၊ ထားလိုက်ပါတော့၊ တပည့်တော်ကို အပြစ်ဒဏ်ခတ်ဖို့ ဘယ်ဘုန်းတော်ကြီးက အကြိုးစားဆုံးလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကို တစ်ချက်မျှ စူးစိုက်ကြည့်ကာ…

"ဒကာလေးက ကလဲ့စားချေချင်လို့လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက…

"သူက ကျုပ်ကို မသတ်ဖြတ်ဘဲ တပည့်တော်က ဘာလို့ သတ်ရမှာလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ပြုံးရွှင်သော မျက်နှာဖြင့်…



"ဒကာလေးမှာ ဒီလို စိတ်ထားမျိုးရှိတာ ဘုန်းတော်ကြီး ချီးကျူးပါတယ်"

ဟု ပြောလိုက်လေသည်။

ပြီးမှ လေသံကို နှိမ့်ကာ…

"ဒီကိစ္စမှာ စုတိတ်က အပြင်းထန်ဆုံးပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက…

"ကျောင်းထိုင်စုဟိုက်ဘုန်းတော်ကြီးကော"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"သူက ဒကာလေးအပေါ် သံသယတော့ ဖြစ်တယ်၊ ဒါပေမယ့် အပြစ်ဒဏ်ပေးဖို့ ကိစ္စကျတော့ သူ ဘာမှဝင်မပြောဘူး"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ဦးခေါင်းညိတ်ပြလိုက်ပြီး…

"ကောင်းပြီ၊ ဒုတိယ မေးခွန်းကို တပည့်တော် မေးမယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက…

"မေးပါ"

ချီယင်းဝေက ဦးခေါင်းကို အနည်းငယ် မော့လိုက်ပြီး…

"အစည်းအဝေးကို ဘုန်းတော်ကြီးအားလုံး တက်ရသလား၊

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေး မတက်တဲ့ဘုန်းကြီး ရှိသလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက သူ၏လက်ကို နောက်သို့ ပစ်လိုက်ပြီး...

"ကျမ်းစာထားတဲ့ အဆောင်မှာ တာဝန်ကျတဲ့ ဘုန်းကြီး အစည်းအဝေး တက်စရာ မလိုဘူး"

ချီယင်းဝေက...

"တကယ်လို့ အစည်းအဝေးခန်းထဲမှာ အပေါ့အပါးသွားချင်တယ် ဆိုရင်ကော ထွက်လို့ ရမလား"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ဒါကတော့ မလွန်ဆန်နိုင်တဲ့ ကိစ္စတစ်ရပ်ပဲ၊ အပေါ့အပါး သွားချင်ရင် အစည်းအဝေးက ထွက်ခွင့်ပြုပါတယ်"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို ပြုံး၍ ပြလိုက်ပြီး...

"ကျေးဇူးတင်ပါတယ်၊ တပည့်တော် နောက်ဆုံး မေးခွန်း တစ်ခု မေးပါရစေ၊ ဒါပေမယ့် နောက်ဆုံး မေးခွန်းဟာ မေးခွန်းတော့ မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...



"ဘာပဲဖြစ်ဖြစ် ကျုပ်ဖြေနိုင်တဲ့ ကိစ္စဆိုရင် ဖြေဖို့ အဆင်သင့်ပါပဲ"

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို စူးစိုက်၍ ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီးရဲ့ စိတ်ထဲမှာ ဘယ်သူ့ကို သံသယ အဖြစ်ဆုံးလဲ"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် မျက်လုံးတစ်ချက်လှန်၍ ကြည့်လိုက်ပြီး...

"ကျုပ် ငယ်ငယ်ထဲက ဘုန်းကြီးဝတ်ခဲ့တယ်၊ ပြီးတော့ ကျုပ်ရဲ့ဉာဏ်ကလဲ အတော်ထိုင်းတယ်၊ ဒါကြောင့် ဘယ်သူ့ကိုမှ သံသယ မဖြစ်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တရုတ်ဘုန်းတော်ကြီးကို လက်အုပ်ချီ၍ ဦးညွှတ်လိုက်ပြီး...

"ကျေးဇူးတင်ပါတယ်၊ တပည့်တော်ကို သွားခွင့်ပြုပါ"

ဟု ပြောကာ ခုတင်ပေါ်မှ မိမိ ဓားကို ကောက်ယူလိုက်ပြီး အခန်းတံခါးကို ဖွင့်လိုက်လေသည်။

ထိုစဉ် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ချီယင်းဝေကိုလှမ်း၍...

www.burmeseclassic.com

www.burmeseclassic.com



"သြော် ဒကာလေးကို ကျုပ်တစ်ခု တောင်းပန်ပါရစေ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီး၏ တောင်းပန်စကားကြောင့် သူ၏ခြေလှမ်းများက ရပ်တန့်လိုက်ပြီး ဘုန်းတော်ကြီးကို လှည့်ကြည့်ကာ...

"တောင်းပန်စရာ ကိစ္စများ ရှိလို့လား"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီးမှ...

"တကယ်လို့ ဒကာလေး အခု ထွက်သွားပြီးတဲ့နောက် ဒီကျောင်းကို ဘယ်တော့မှ ပြန်မလာပါနဲ့တော့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးနေသော ဘုန်းတော်ကြီးက...

"ကျုပ် မင်းဘက်က ကာကွယ်ပြောရတဲ့အတွက် ဘုန်းကြီးအများရဲ့ အပြောကိုခံရတယ်"

ချီယင်းဝေက...



"တပည့်တော်နဲ့ မပတ်သက်ရင် ဆရာတော် ခေါ်လဲ မလာပါဘူး"

ဟု ပြောလိုက်လေသည်။ မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကို တစ်ချက်စူးစိုက်၍ ကြည့်လိုက်ပြီး...

"ဘုန်းတော်ကြီးက ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်နေရတာလဲ"

ဟု ပြောလိုက်လေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက...

"ဘာဖြစ်လို့ စိုးရိမ်နေတာလဲဆိုတာ သိချင်ရင် ဒကာလေး ဘုန်းတော်ကြီး နေရာကို လာဝင်ကြည့်ပေါ့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက အတန်ကြာအောင် ဘာမျှ ပြန်မပြောဘဲ မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးကိုသာ ကြည့်နေပေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"တကယ်လို့သာ ဒကာလေး ထပ်လာရင် သူတို့က ဒကာလေးကို ဖမ်းဖို့ ကျုပ်ဆီ ခွင့်တောင်းလိမ့်မယ်၊ ဒီတော့ ကျုပ် ဘယ်လိုလုပ်ရမလဲ"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ တပည့်တော် ကတိပေးပါတယ်"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက ဦးခေါင်းညိတ်လိုက်ပြီး...

"ကောင်းပါတယ်၊ မင်းကတိကို ဘယ်တော့မှ မဖျက်ပါနဲ့၊ ယောကျ်ားတစ်ယောက်ရဲ့ ကတိဆိုတာ တည်ရမယ်"

ဟု ပြောလိုက်လေသည်။ ချီယင်းဝေက...

"တပည့်တော် ကတိကို တပည့်တော် ဘယ်တော့မှ မဖျက်ပါဘူး"

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် စိတ်ကျဉ်းကျပ်နေရာမှ လွတ်မြောက်သွားသည့်အလား လေမှုတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး...

"ကဲ ဒကာလေး သွားပေတော့၊ ကျမ်းစာပျောက်တဲ့ အကြောင်းကိုလဲ ဘယ်သူ့ကိုမှ မပြောပါနဲ့"

ဟု မှာကြားလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းညိတ်ကာ...

"စိတ်ချပါ၊ တပည့်တော် ဘယ်သူ့ကိုမှ မပြောပါဘူး"

ဟု ပြောလိုက်လေသည်။ ထို့နောက် မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးသည် ချီယင်းဝေကို ရင်ပြင်မုခ်ဦးအထိ လိုက်ပါပို့ဆောင်ပေးလေတော့သည်။



ကျောင်းဝင်းအပြင်၌ တိမ်ရှိုလေးနှင့် လူတစ်စု ရပ်၍နေလေသည်။

တိမ်ရှိုလေးသည် ချီယင်းဝေ ဘုန်းတော်ကြီး ကျောင်းဝင်းထဲမှ ထွက်လာသည်ကို မြင်တွေ့လိုက်သည်နှင့် ဝမ်းသာအားရ ဖြစ်ကာ ချီယင်းဝေထံသို့ ပြေးသွားလိုက်လေသည်။

ထို့နောက် သူသည် ချီယင်းဝေ၏ပခုံးကို ဖက်လိုက်ပြီး...

"ဟေ့ မင်းကို သူတို့က ဘာလုပ်လိုက်သေးလဲ၊ ဟင်း တစ်ခုခု လုပ်ရင်တော့ အဲဒီ ဘုန်းကြီးတွေ ကျုပ်နဲ့ တွေ့သွားမယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တိမ်ရှိုလေး၏ပခုံးကို ပြန်လည်ဖက်ရင်း...

"မင်းကို ကျေးဇူးတင်ပါတယ်၊ အခုလို ကျောင်းထဲက ထွက်လာရတာပဲ တော်ပါပြီ"

ဟု ပြောလိုက်လေသည်။

တိမ်ရှိုလေးက...

"ကဲ သူငယ်ချင်း တို့ အိမ်ပြန်ကြရအောင်"

ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် တိမ်ရှိုလေး အိမ်ဂေဟာမှ ချိုယင်းဝေနှင့် တိမ်ရှိုလေးတို့ ကျားကစားကြသော အခန်း ဖြစ်ပါသည်။

ယခု တိမ်ရှိုလေးနှင့် ချိုယင်းဝေတို့သည် စားပွဲခုံတစ်ယောက်တစ်ဘက်စီ ထိုင်နေကြသည်။

သူတို့၏အလယ်၌ ကျားကွက်နှင့် ဖယားများ ရှိနေလေသည်။ သို့သော် သူတို့သည် ကျားကစားနေကြခြင်း မဟုတ်ပါ။

တိမ်ရှိုလေးသည် ချိုယင်းဝေ၏အဖြစ်သနစ်ကို မေးမြန်းနေခြင်း ဖြစ်သည်။

တိမ်ရှိုလေးက ချိုယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး

"မင်း ငါ့ညီမနဲ့ တွေ့တာ သိပ်ကံကောင်းတယ်၊ နို့မို့ရင် မင်းအဖမ်းခံနေရမှန်း ငါတို့သိမှာ မဟုတ်ဘူး"

ချိုယင်းဝေက...

"ဟုတ်တယ်၊ ငါလဲ ဈေးတန်းထဲမှာ မင်းညီမကို မတွေ့လိုက်ရင် ငါ့အခြေအနေ ဘယ်လို ဖြစ်မယ်ဆိုတာ မပြောတတ်အောင်ဘဲ"

တိမ်ရှိုလေးက ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ညီမ ဈေးက ပြန်လာတော့ ငါဥယျာဉ်ထဲမှာ ပန်းပင်စိုက်နေတယ်၊ ငါ့ညီမက အိမ်ထဲတောင် မဝင်နိုင်ဘဲ ငါ့ဆီကို ရေးကြီးသုတ်ပျာနဲ့ ရောက်လာပြီး မင်းနဲ့ တွေ့တယ်ဆိုတဲ့အကြောင်း ပြောပြတယ်၊



ပြီးတော့ မင်းက ငါ့ကို ချိန်းတယ်ဆိုတာလဲ ပြောပြတယ်၊ နောက်ပြီး မင်းဟာ အခက်အခဲတစ်ခုခုနဲ့ ကြုံတွေ့ရတယ်လို့ သူထင်တယ်ဆိုတဲ့အကြောင်း ငါ့ကို ပြောပြတယ်၊ ဒါနဲ့ ငါလဲ ဘုန်းကြီးကျောင်းကို သွားတော့တာပဲ"

ဟု ပြောလိုက်လေသည်။ ချိုယင်းဝေက...

"ဘုန်းတော်ကြီးတွေက မင်းကို လက်မခံတော့ မင်း မြို့တော်ဝန်ဆီ သွားတယ်ဆို"

တိမ်ရှိုလေးက...

"ဟုတ်တယ်၊ ဘုန်းတော်ကြီးတွေက ငါ့တောင်းဆိုချက်ကို လက်မခံတော့ ငါလဲ မြို့တော်ဝန်ဆီသွားပြီး အကူအညီတောင်းရတာပေါ့ကွာ၊ ဒီတော့မှ ဘုန်းတော်ကြီးတွေက ငါ့တောင်းဆိုချက်ကို လက်ခံပြီး မင်းကို လွှတ်ပေးလိုက်တာပေါ့"

ထိုစဉ် သူတို့ စကားပြောနေသော အခန်းထဲသို့ လူတစ်ဦး ဝင်ရောက်လာလေသည်။

ထိုလူမှာ တိမ်ရှိုလေး၏ဦးလေး တိမ်အင်း ဖြစ်ပါသည်။

တိမ်အင်း ဝင်လာသည်ကို မြင်သည်နှင့် တိမ်ရှိုလေးနှင့် ချိုယင်းဝေတို့သည် ထိုင်ရာမှထကာ နှုတ်ဆက်လိုက်ပြီး တိမ်အင်းကို မိမိတို့ ထိုင်နေသောစားပွဲ၌ နေရာထိုင်ခင်းပေးလိုက်လေသည်။

တိမ်အင်းက စားပွဲတွင် ဝင်ရောက်ထိုင်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အင်း မင်းတို့ သိုင်းလောကသားတွေဟာ အလကား ဆန်ကုန်မြေလေးတွေပဲ"

ဟု ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းသကဲ့သို့ ပြောလိုက်လေသည်။ တိမ်ရှိုလေးက ချိုယင်းဝေကို အားနာသွားဟန်ဖြင့် သူ့ဦးလေးအား လှမ်း၍...

"ဦးလေး..ဦးလေး ဘာတွေ လျှောက်ပြောနေတာလဲ"

ဟု ဟန့်တားလိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေကို အားတုံ့အားနာဟန်ဖြင့် လှမ်း၍ ကြည့်လိုက်လေသည်။

တိမ်အင်းက သူ့တူ တိမ်ရှိုလေးကို လှည့်၍ ကြည့်လိုက်ပြီး...

"ဟ ငါပြောတာ အမှန်တွေကွ၊ သိုင်းလောကသားတွေဟာ သိုင်းပညာ မာနတက်ပြီး အလကားနေရင်း ရန်ထောင် ကလဲ့စားချေနဲ့ အချိန်ကုန်နေတာပဲ"

ချိုယင်းဝေက တစ်ချက်ပြုံးကာ...

"တကယ်တော့ ဦးလေး ပြောတာတွေ မမှားပါဘူး၊ သိုင်းပညာရဲ့ အနှစ်အရသာကို ထုတ်ယူအသုံးမပြုကြဘဲ အပေါ်ယံကိုသာ အသုံးပြုတဲ့ သိုင်းလောကသားတွေကြောင့် ဦးလေး ပြောသလို ဖြစ်နေကြတာပါ၊ တကယ်တော့ ဓားက လူကို သတ်တာ မဟုတ်ပါဘူး၊ လူကသာ လူကို သတ်တာပါ"



တိမ်အင်းက ခေါင်းညိတ်လိုက်ပြီး...

"မင်းပြောတာ မှန်တယ်"

ချိုယင်းဝေက...

"သိုင်းလောသားတွေ ဆန်ကုန်မြေလေး ဖြစ်နေရတာ၊ အဲဒီလူက သိုင်းပညာကို မှန်ကန်တဲ့ဘက်မှာ အသုံးမချလို့ဘဲဖြစ်ပါတယ်"

တိမ်အင်းက...

"ဒါနဲ့ မင်း အလုပ်ဌာနတစ်ခုခုမှာ ဝင်ပြီး အလုပ်လုပ်မလား"

ဟု ဝင်ပြီး မေးလိုက်လေသည်။ ချိုယင်းဝေက...

"ကောင်းပါတယ်"

တိမ်အင်းက...

"အဲဒီလိုဆိုရင် မင်း ဒီမှာနေ၊ ငါ့တူ တိမ်ရှိုလေးနဲ့အတူ စာကျက်ပေါ့၊ ငါ့တူလဲ အဖော်ရတာပေါ့ကွာ"

ချိုယင်းဝေက ရယ်မောပြီး...

"ကျွန်တော်က လုပ်လို့ ဖြစ်ပါ့မလား"

တိမ်အင်းက လက်ကာပြပြီး...

"ဘာလို့ အားငယ်နေရတာလဲ၊ မင်းလဲ တစ်နေ့ မဖြစ်ဘူးလို့ ဘယ်ပြောနိုင်မလဲ"

ချိုယင်းဝေက...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်တော် အသက်ရှစ်ဆယ်ထိ နေရမယ်လို့လဲ ဘယ်သူ ပြောနိုင်မလဲ"

တိမ်အင်းက ချီယင်းဝေကို မျက်လုံးပြူး၍ တစ်ချက်ကြည့်လိုက်ပြီး...

"အင်း မင်းကတော့ ကပ်သီးကပ်သပ်ပြောတဲ့ နေရာမှာနှစ်ယောက် မရှိဘူး"

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် အခန်းထဲမှ ထွက်သွားလေတော့သည်။

ချီယင်းဝေနှင့် တိမ်ရှုလေးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး တိုးတိုးတိတ်တိတ်နှင့် ပြုံး၍ ရယ်မောလိုက်လေတော့သည်။ ထို့နောက်...

သူတို့သည် ဧည့်ခန်းထဲသို့ ထွက်လာခဲ့လေတော့သည်။

◆ ◆ ◆

တိမ်ရှုလေးနှင့် ချီယင်းဝေတို့သည် ဧည့်ခန်းထဲသို့ ရောက်ရှိလာပြီးနောက် တိမ်ရှုလေးက ချီယင်းဝေကို ပြုံးစိစိနှင့် ကြည့်ကာ

"မင်းကို ငါတစ်ခု ပြောရဦးမယ်"

ဟု စကားစလိုက်လေသည်။



ချီယင်းဝေက အကြမ်းအိုးထဲမှ ရေနွေးကြမ်းကို တစ်ခွက်ငှဲ့ထည့်လိုက်ပြီး တစ်ကျိုက်မော့လိုက်လေသည်။

ထို့နောက် အနီးရှိ ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး...

"မင်း ဘာပြောမလို့လဲ"

ဟု မေးလိုက်လေသည်။ တိမ်ရှုလေးက ချီယင်းဝေနှင့် မျက်နှာချင်းဆိုင်တွင်ဝင်၍ ထိုင်လိုက်ပြီး...

"အခု ငါ မင်းကို လာခေါ်တာ ဘယ်သူ့သဘောလဲ သိလား"

ချီယင်းဝေက တိမ်ရှုလေးကို မျက်ခုံးပင့်၍ ကြည့်လိုက်ရင်း

"မင်းသဘောနဲ့မင်း ကယ်တာ မဟုတ်ဘူးလား"

ဟု မေးလိုက်လေသည်။

တိမ်ရှုလေးက ပြုံးရင်း...

"မဟုတ်ဘူး"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တိမ်ရှုလေးကို နားမလည်ဟန်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး...

"ဘာလဲ တစ်ယောက်ယောက်က ငါ့ကို ကယ်ဖို့ မင်းကို လွှတ်လိုက်တာလား"

တိမ်ရှုလေးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ချီယင်းဝေက အနည်းငယ် မျက်မှောင်ကြုတ်သွားပြီး...

"ငါ့ကို ကယ်ဖို့ မင်းကို ခိုင်းတဲ့လူ ရှိသေးလား"

တိမ်ရှို့လေးက...

"ရှိလို့ မင်းကို ကယ်ခဲ့တာပါ"

ချီယင်းဝေက...

"ဒါဖြင့် ဘယ်သူလဲ"

တိမ်းရှို့လေးက ပြုံးစစ မျက်နှာဖြင့်...

"ငါ့ညီမပဲ"

ဟု ပြောလိုက်လေသည်။

ယင်းစကားကြောင့် ချီယင်းဝေသည် အံ့သြကာ မျက်လုံး ပြူးကျယ်သွားပြီး...

"တိမ်ဝေကျူးက ဟုတ်လား"

ဟု သေချာစေရန် ထပ်မံမေးလိုက်လေသည်။

တိမ်ရှို့လေးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"သူက ဘာကြောင့် မင်းကို ကယ်ခိုင်းတာလဲဆိုတာ မင်းသိလား"

ဟု ထပ်၍ မေးလိုက်လေသည်။

ချီယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ပြကာ...



"ငါ ဘယ်လိုလုပ်ပြီး သိရမှာလဲ"

ဟု ပြန်လည်ပြောလိုက်လေသည်။

တိမ်ရှို့လေးက ပြုံးလိုက်ပြီး...

"မင်းညာတာလား၊ လိမ်တာလား"

ဟု မေးလိုက်လေသည်။ ချီယင်းဝေက...

"ငါ..."

ချီယင်းဝေသည် ဆက်၍ မပြောတော့ပါ။

အကြောင်းမှာ တိမ်ရှို့လေး၏အမေးစကားက ချီယင်းဝေ အတွက် အဖြေခက်စေသော အမေးစကား ဖြစ်နေသည် မဟုတ်ပါလော။

တိမ်ရှို့လေးက သဘောကျစွာ ရယ်မောလိုက်ပြီး...

"ငါ့ညီမ အကြောင်းကို မင်းသိပါတယ်ကွာ၊ သူ အခု အသက်နှစ်ဆယ်ရှိပြီ၊ အိမ်ထောင် မကျသေးတာက သူကြိုက်တာ မတွေ့သေးလို့ဘဲ"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"မင်းပြောတာ ဖြစ်နိုင်ပါတယ်"

တိမ်ရှို့လေးက အကြမ်းအိုးထဲမှ ရေနွေးတစ်ခွက်ငှဲ့ရင်း...

"ငါ မင်းကို လာကယ်တာ သူ့အတင်းတိုက်တွန်းလို့ကွ"

ချီယင်းဝေက တိမ်ရှို့လေးကို တစ်ချက်ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုသဘောနဲ့ ငါ့ကို ဒီအကြောင်း ပြောပြရတာလဲ"

တိမ်ရှိုလေးက...

"မဟုတ်ဘူးလေကွာ၊ မင်းကို ငါက လာကယ်တယ် ထင်ပြီး ငါ့ကို ကျေးဇူးတင်နေမှာ စိုးလို့"

ချီယင်းဝေက ပြုံးလိုက်ပြီး...

"ငါ သူ့ကို ကျေးဇူးတင်ပါတယ်ဆိုတဲ့ အကြောင်း မင်းပြောပြလိုက်ပါကွာ"

တိမ်ရှိုးလေးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"သူက ကျေးဇူးတင်ခံချင်လို့ မင်းကို ကယ်ခိုင်းတာ မဟုတ်ဘူး"

ချီယင်းဝေ၏မျက်ခုံး အပေါ်သို့ မြင့်တက်သွား၏။ ပြီးမှ...

"ဒါဖြင့် ဘာဖြစ်လို့တဲ့လဲ"

တိမ်ရှိုလေးက...

"ဒါကတော့ ငါလဲ ဘယ်သိပ့်မလဲ၊ သေချာတာ တစ်ခုတော့ ရှိတယ်"

ချီယင်းဝေက တိမ်ရှိုလေးကို ကြည့်ကာ...

"ဘာသေချာတာလဲ"

ဟု မေးလိုက်လေသည်။



တိမ်ရှိုလေးက...

"ငါ့ညီမက မင်းအပေါ် မေတ္တာရှိနေပြီ ထင်တယ်"

ချီယင်းဝေသည် လုံးဝ မမျှော်လင့်ထားသော စကားကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။

ထို့ပြင် သူ၏ရင်ထဲ၌ မဖော်ပြနိုင်သော ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရပြီး သူ၏ရင်ခုန်သံသည် သာမန်ထက် နှစ်ဆမျှ ပိုလာကြောင်း ထင်မှတ်လိုက်ရလေသည်။

ချီယင်းဝေသည် တိမ်ရှိုလေးအား အားတုံ့အားနာဟန်ဖြင့်

"ဟာကွာ ဒီလို မပြောပါနဲ့"

တိမ်ရှိုလေးက...

"ငါက ဖြစ်နိုင်တာကို ပြောတာပါ"

ချီယင်းဝေက ပြုံးလိုက်ပြီး...

"နေပါဦး၊ မင်းက ဘာလို့ ကိုယ့်ညီမ အကြောင်းကို ငါ့လာပြောရတာလဲ"

တိမ်ရှိုလေးက...

"ငါက အမှန်ကို အမှန်အတိုင်း ပြောတာပဲ"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ဒါပေမယ့် မင်းပြောတဲ့ စကားက မျက်နှာပူစရာကြီးကွာ"

တိမ်ရှိုလေးက ချီယင်းဝေကို မျက်လုံးပြူး၍ ကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မင်းက မျက်နှာပူတယ် ဟုတ်လား၊ ငါမျက်နှာပူဖို့လဲ ထားပါဦးကွာ"

ချီယင်းဝေက...

"မင်းက သွယ်ဝိုက်ပြီးမပြောဘဲ တဲ့တိုးကြီးပြောတော့ ဘယ်ကောင်းလဲကွာ"

တိမ်ရှီလေးက...

"ငါ ဒီလို ပြောတာ သဘောမကျလို့လား"

ချီယင်းဝေက...

"မဟုတ်ပါဘူး၊ ငါ့မှာ ချစ်သူ ရှိတယ်ဆိုတာ မင်းလဲ သိသားပဲ"

တိမ်ရှီလေးက စုတ်တစ်ချက် သတ်လိုက်ပြီး...

"ကျွတ်..ကျွတ်၊ ငါ့ညီမလေးတော့ ကျွန်ရစ်ဖြစ်ပြီ"

ချီယင်းဝေက...

"ကဲပါကွာ၊ တို့တတွေ တခြားအကြောင်းအရာ ပြောကြရအောင်"

ဟု ပြောလိုက်လေသည်။

တိမ်ရှီလေးက ရယ်မောလိုက်ပြီး...

"အစ်ကိုလုပ်တဲ့လူက မျက်နှာမပူရဘဲ မင်းက ဘယ်လို ဖြစ်နေတာလဲ"



ချီယင်းဝေက...

"ကဲပါကွာ၊ တို့ တခြားအကြောင်းပဲ ပြောကြရအောင်"

တိမ်းရှီလေးက ရယ်မောလိုက်ပြီး...

"ကဲ ဒါဖြင့်လဲ တရုတ်ဘုန်းကြီးကျောင်းမှာ ဘာတွေ လုပ်လာတယ်ဆိုတာ ပြောစမ်းကွာ"

ချီယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အစက တရုတ်ဘုန်းတော်ကြီးကျောင်းနဲ့ ငါနဲ့ ဘယ်လိုမှ ပတ်သက်စရာအကြောင်း မရှိဘူး၊ စူးခုံးယက်ရဲ့စာကို သွားပေးရင်းနဲ့ ပြဿနာ ဖြစ်လာတာပဲ"

တိမ်ရှီလေးက မျက်ခုံးကို ပင့်တင်လိုက်ပြီး အံ့ဩဟန်ဖြင့်...

"ဘာပြောတယ်၊ စူးခုံးယက် စာကို သွားပေးလို့ ပြဿနာ တက်တယ် ဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"စူးခုံးယက်က သူ့ရဲ့စာကို စုဟိုက်ဘုန်းတော်ကြီးဆီ ပေးပေးပါဆိုတာနဲ့ ငါသွားပေးလိုက်တာပဲ"

တိမ်းရှီလေးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"နေပါဦးကွ၊ စူးခုံးယက်ရဲ့စာကို မင်းက သွားပေးရအောင် စူးခုံးယက်နဲ့ မင်းနဲ့ မိတ်ဆွေ ဖြစ်သွားကြပြီလား"

ချီယင်းဝေက စိတ်ပျက်သော လေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေလား၊ ရန်သူလားဆိုတာကို ငါလဲ ခွဲခြားလို့ မရဘူး ဖြစ်နေတယ်"

တိမ်ရှိလေးက...

"မင်းစာသွားပို့တော့ ဘယ်လို ပြဿနာ ဖြစ်တယ်ဆိုတာကို ငါ့ကို အသေးစိတ် ပြောပြစမ်းကွာ"

ချိုယင်းဝေက သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး...

"ကဲ ပြဿနာကတော့"

ဟု စကားကို အစချီကာ တရုတ်ဘုန်းတော်ကြီးကျောင်း၌ ဖြစ်ပျက်ခဲ့သည့် ကိစ္စအားလုံးကို အသေးစိတ် တစ်ခုမကျန် ရှင်းပြလိုက်လေတော့သည်။

◆ ◆ ◆

တိမ်ရှိလေးသည် ချိုယင်းဝေ၏ပြောစကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။

ချိုယင်းဝေ၏စကားထဲမှ မရှင်းသည့် စကားများကို တစ်လုံးစ နှစ်လုံးစ ထောက်၍ မေးသည်သည်မှအပ ဝင်ရောက်ပြောဆိုခြင်း မပြုဘဲ ငြိမ်သက်စွာ နားထောင်နေလေသည်။

ချိုယင်းဝေက...



"နောက်ဆုံးတော့ မင်းလာကယ်တာနဲ့ ငါလိုက်လာတာပဲ ပေါ့ကွာ"

ဟု သူ၏စကားကို အဆုံးသတ်လိုက်လေတော့သည်။

တိမ်ရှိလေးသည် အတန်ကြာအောင် မျက်မှောင်ကြုတ်၍ စဉ်းစားပြီးမှ ချိုယင်းဝေကို လှမ်းကြည့်ကာ...

"ကဲ အခုလိုဖြစ်တဲ့ ကိစ္စမှာ မင်း ဘယ်သူ့ကို သံသယ အရှိဆုံးလဲ"

ချိုယင်းဝေက...

"ငါလဲ ဦးနှောက်တစ်ခုလုံး ထူပူနေပြီး ဘယ်လိုမှ သဲလွန်စကို စဉ်းစားလို့လဲ မရခဲ့ဘူး၊ ပြီးတော့ သံသယ ဖြစ်စရာ ကောင်းတဲ့ လူတွေကလဲ အများကြီးပဲ"

တိမ်ရှိလေးက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး...

"ကျုပ်ကတော့ စူးခုံးယက်ကို သံသယ အဖြစ်ဆုံးပဲ"

ဟု ပြောလိုက်လေသည်။ ချိုယင်းဝေက...

"မင်းက စူးခုံးယက်ကို ဘာလို့ သံသယ ဖြစ်ရတာလဲ"

တိမ်ရှိလေးက...

"မင်းစဉ်းစားကြည့်လေ၊ တကယ်လို့သာ စူးခုံးယက်က မင်းကို စာမပို့ခိုင်းခဲ့ရင် ဒီပြဿနာ ဖြစ်လာစရာအကြောင်း မရှိဘူး"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီ တရုတ်ဘုန်းတော်ကြီးကျောင်းနဲ့ ငါနဲ့ ပတ်သက်စရာ မရှိဘူး"

တိမ်ရှိုလေးက…

"ကောင်းပြီ၊ စူးခုံးယက်ကို မင်းက စိန်ခေါ်ခဲ့တယ်၊ ပြီးတော့ စူးခုံးယက်ဟာ သဘောထားပြည့်ဝတဲ့လူလို့ ဘယ်သူ အာမခံနိုင်မှာလဲ"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"မင်းပြောတာ စဉ်းစားစရာကြီးတွေပဲ"

တိမ်ရှိုလေးက…

"ငါပြောတာတွေဟာ ထည့်ပြီး စဉ်းစားရမယ့် အချက်တွေပေါ့၊ မင်းက သူ့ကို အရှက်ခွဲထားလို့ သူက မျက်နှာချိုသွေးပြီး အကောက်ကြံတာ မဟုတ်ဘူးလို့ ဘယ်သူက အာမခံမလဲ"

ချီယင်းဝေက ဘာမှပြန်မပြောတော့ပါ။

တိမ်ရှိုလေး ပြောပြသော စကားများမှာ စဉ်းစားစရာ အချက်အလက်များ ဖြစ်နေသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် တရုတ်ဘုန်းတော်ကြီးတုဟျူးနှင့် တုချမ်းတို့ကို သတ်သူမှာ စူးခုံးယက် မဖြစ်နိုင်ဟု မည်သူမျှ မပြောနိုင်ပါ။

စုဟိုက်ဘုန်းတော်ကြီးကျောင်းမှ ရိကျုင်ကျင်ကျမ်းစာကို ခိုးသူမှာ စူးခုံးယက် မဖြစ်နိုင်ဟု မည်သူမျှ အာမမခံရဲပါ။



မိမိနှင့် ရင်ဆိုင်ခဲ့သော အဖြူရောင်ဝတ်စုံနှင့်လူသည် စူးခုံးယက် ဖြစ်နေမည်လော။

ထို့အပြင် စူးခုံးယက်သည် မိမိအား စုဟိုက်ဘုန်းတော်ကြီး ထံ စာပို့နိုင်းသည်မှာ ကြိုတင်၍ ပြင်ဆင်ထားသော ထောင်ချောက် ပေလော စသည်ဖြင့် ချီယင်းဝေ၏ဦးနှောက်ထဲ၌ တွေးနေမိလေသည်။

ထို့အပြင် စူးခုံးယက်မှာ ကြေးစားလူသတ်သမား ဖြစ်သည်။

သို့သော် သိုင်းလောကသားတို့သည် သူ့အား ကြေးစားလူသတ်သမားဟု မည်သူကမျှ မသိကြချေ။ စူးခုံးယက် လူသတ်သမား ဖြစ်သည်ကို မိမိတစ်ဦးတည်းသာ သိထားသည် မဟုတ်ပါလော။

ထို့ကြောင့် စူးခုံးယက်သည် မိမိကို နှုတ်ပိတ်ရန် ဤသို့ ထောင်ချောက်ဆင်ခြင်း ဖြစ်နိုင်သည်။

ဟု ချီယင်းဝေ တွေးလိုက်လေသည်။

ယင်းသို့ တွေးလိုက်မိသည်နှင့် ချီယင်းဝေသည် ဒေါသထွက်လာပြီး တောက်တစ်ချက်ခေါက်ကာ တိမ်ရှိုလေးအား လှမ်း၍ ကြည့်ကာ…

"ဒါကို အစက ငါ ဘာလို့ မစဉ်းစားမိတာလဲ"

ဟု ကိုယ့်ကိုကိုယ် အပြစ်တင်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်ရှိုလေးက...

"ဒီကိစ္စနဲ့ ပတ်သက်လို့ မင်းကိုယ်မင်း အပြစ်တင်စရာ မလိုပါဘူးကွာ"

ဟု နှစ်သိမ့်လိုက်လေသည်။

ချိုယင်းဝေက...

"ငါ့ကိုယ်က ညံ့လွန်းပါတယ်ကွာ"

ဟု ပြောလိုက်လေသည်။

ပြီးမှ စားပွဲကို တစ်ချက်ပုတ်ကာ...

"စူးခုံးယက်၊ မင်းကို ငါ မတွေ့တွေ့အောင် လိုက်ရှာမယ်"

ဟု ကြိမ်းဝါးလိုက်လေသည်။ တိမ်ရှိုလေးက...

"ငါ မင်းကို ဘာကူညီရမလဲ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး...

"ကျေးဇူးတင်ပါတယ်ကွာ၊ ဒီကိစ္စကို ငါတစ်ယောက်တည်း ဖြေရှင်းနိုင်ပါတယ်"

တိမ်ရှိုလေးက...

"ကောင်းပြီလေ၊ လိုအပ်ရင် အကြောင်းကြားလို ်၊ ငါ အချိန်မရွေး ကူညီမယ်"

ချိုယင်းဝေက...

"ကျေးဇူးတင်ပါတယ်၊ ငါလိုအပ်ရင် ပြောပါ့မယ်"



ဟု ပြောလိုက်လေသည်။

ပြီးမှ သူသည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်...

"ဒါနဲ့ မင်းသားလေးဟန်တိအိကော လာသေးလား"

ဟု မေးလိုက်လေသည်။ တိမ်ရှိုလေးက...

"၃ လ၊ ၁၅ ရက်နေ့က ပြန်သွားပြီးကတည်းက နောက်ပိုင်း သူ့ကို မတွေ့တော့ဘူး"

ဟု ပြောလိုက်လေသည်။ ချိုယင်းဝေက...

"မင်း စူးခုံးယက်ကို သိတယ်နော်"

တိမ်ရှိုလေးက...

"သိပါတယ်၊ ငါတို့ တစ်အိမ်သားလုံး သိတယ်"

ချိုယင်းဝေက ခေါင်းကို ညိတ်ကာ...

"တစ်အိမ်သားလုံး သိတော့ ပိုကောင်းတာပေါ့"

တိမ်ရှိုလေးက ချိုယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး...

"ကိစ္စ ရှိလို့လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး...

"ကိစ္စအထူးတော့ မရှိပါဘူး၊ တကယ်လို့ စူးခုံးယက် ဒီဘက်တို လာလို့ ရှိရင် စောင့်ကြည့်ပေးပါ၊ ပြီးတော့ ငါ့ကိုလဲ အကြောင်းကြားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ ထိုစဉ်…

"အစ်ကိုကြီးက ဘယ်သူ့ကို စောင့်ကြည့်ပေးရမှာလဲ"

ဟု မေးလိုက်သော အသံသည် ညှော်ခန်း၏တံခါးဝမှ ပေါ်ထွက်လာတော့သည်။

ထိုအသံသည် တိမ်ဝေကျူး၏အသံ ဖြစ်ပြီး ပိတ်ထားသော ညှော်ခန်းတံခါး၏အပြင်ဘက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

တိမ်ရှိုလေးသည် တိမ်ဝေကျူး၏အသံကို ကြားလိုက်သဖြင့် ချီယင်းဝေကို မျက်ရိပ်ပြလိုက်ပြီး…

"ညီမလား"

ဟု လှမ်းမေးလိုက်လေသည်။

တံခါးအပြင်ဘက်မှ တိမ်ဝေကျူးက…

"မှာတ်ပါတယ်"

တိမ်ရှိုလေးက ချီယင်းဝေကို တစ်ချက်ပြုံးကြည့်လိုက်ပြီး…

"လာလေ၊ ဝင်ခဲ့လေ"

ဟု ခေါ်လိုက်လေသည်။

တံခါးအပြင်ဘက်မှ တိမ်ဝေကျူးက…

"ဟင့်အင်း မဝင်တော့ဘူး၊ ဖေဖေက ထမင်းစားရအောင်တဲ့၊ အစ်ကိုကြီးချီယင်းဝေပါ ခေါ်ခဲ့လို့ မှာလိုက်တယ်"

ဟု ပြောလိုက်လေသည်။



တိမ်ရှိုလေးက တစ်ချက် ပြုံးလိုက်ပြီး…

"မင်း မဝင်လာရင် ငါတို့ကို လာမခေါ်ဘူးလို့ ဦးလေးကို ပြောလိုက်မယ်"

ဟု ပြန်လည်ပြောလိုက်လေသည်။

တိမ်ရှိုလေး၏စကားကြောင့် ချီယင်းဝေ၏မျက်လုံးပြူးကာ တိမ်ရှိုလေးကို လှမ်းကြည့်လိုက်လေသည်။

တံခါးအပြင်ဘက်မှ တိမ်ဝေကျူးကလည်း သူမ၏အစ်ကို စကားကြောင့် စိတ်ညစ်ဟန်ဖြင့် နှုတ်ခမ်းတစ်ချက်စူကာ ဦးခေါင်းကို ကုတ်လိုက်လေသည်။

ပြီးမှ ရှက်ရွံ့ဒေါသဖြင့် ဟန်ရောစွက်နေသော လေသံဖြင့်…

"ကဲ…ကဲ လာခဲ့မယ်"

ဟု ပြန်၍ အော်လိုက်ပြီး ညှော်ခန်းတံခါးကို ဖွင့်၍ ဝင်ရောက်လာလေတော့သည်။

◆ ◆ ◆

သူမသည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်၌ အဝါရောင်ဝတ်စုံနှင့် လိုက်ဖက်ညီသော လှပသည့် သစ်ခွပန်းကို ပန်ဆင်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏နက်မှောင်၍ ဖြောင့်တန်းနေသော ဆံကေသာသည် သူမ၏ခါးလယ်သို့ တိုင်အောင် ဝဲပုံကျနေပေသည်။

သူမ၏လှုပ်ရှားမှုသည် ညင်သာပြီး သူမ၏မျက်နှာပေါ်တွင် ရှက်ရွံ့ဟန်ဖြင့် ပန်းနုရောင်ပြေးနေလေသည်။

ချီယင်းဝေသည် သူမကို ငေးမောကြည့်ရှုရင်း ဈေးထဲ၌ တွေ့ခဲ့ရသည်ထက် ပိုမို၍ လှပနေသည်ဟု စိတ်ထဲ၌ တွေးထင်လိုက်မိလေသည်။

တိမ်ရှိုလေးက ချီယင်းဝေကို ကြည့်၍ မသိမသာ ပြုံးလိုက်ပြီး ချီယင်းဝေ၏ခြေထောက်ကို မိမိ ခြေထောက်ဖြင့် လှမ်း၍တို့ကာ

"ဟေ့ မင်း သူ့ကို ကျေးဇူးတင်စကား ပြောလေကွာ"

ဟု ပြောလိုက်လေသည်။

တိမ်ဝေကျူးကို ငေးကြည့်နေသော ချီယင်းဝေသည် မိမိခြေထောက်သို့ တိမ်ရှိုလေးက လာ၍ တို့လိုက်သဖြင့် သတိပြန်လည်ဝင်ရောက်လာပြီး ရှက်ကိုးရှက်ကန်း အမူအရာဖြင့် တိမ်ဝေကျူးကို ပြုံးပြကာ...

"အတော်ပဲ၊ ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်စကား ပြောရဦးမယ်"

ဟု ပြောလိုက်လေသည်။

တိမ်ဝေကျူးက ခေါင်းကို ငုံ့လိုက်ပြီး...



"ကျေးဇူးတင်ဖို့ မလိုပါဘူးရှင်"

ဟု ပြောလိုက်လေသည်။ ချီယင်းဝေက...

"ဘာပဲဖြစ်ဖြစ် ခင်ဗျားရဲ့ ကြိုးစားမှုကြောင့် ကျွန်တော် အခုလို လွတ်လွတ်လပ်လပ် ထွက်လာနိုင်တာပဲ မဟုတ်လား"

တိမ်ဝေကျူးက...

"ကဲပါရှင် ထမင်းစားဖို့ ကြွကြပါ၊ ကျွန်မကို ခွင့်ပြုပါဦး"

တိမ်ရှိုလေးသည် ချီယင်းဝေကို ငဲ့စောင်း၍ ကြည့်လိုက်လေသည်။ ချီယင်းဝေ၏မျက်လုံးများသည် တိမ်ဝေကျူး နောက်သို့ လိုက်ပါသွားဟန် ငေးမောကြည့်ရှုနေလေသည်။

တိမ်ရှိုလေးက ထိုင်ရာမှ ထလိုက်ပြီး ချီယင်းဝေ၏ပခုံးကို ပုတ်ကာ...

"အင်း ငါ့သူငယ်ချင်းတော့ စိတ်ရှုပ်စရာတွေ ပေါ်လာလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တိမ်ရှိုလေးကို မော့၍ ကြည့်လိုက်ပြီး ဘာမှ မပြောဘဲ ပြုံး၍နေလေသည်။

ထို့နောက် ချီယင်းဝေသည် တိမ်ရှိုလေးနှင့်အတူ ညှော်ခန်းမှ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် အလွန်လှပသော ငွေမီးတိုင်ခွက်တစ်ခု ရှိသည်။

ထိုမီးတိုင်ခွက်ပေါ်၌ အနီရောင်ဖယောင်းတိုင်သုံးတိုင် ထွန်းညှိထားသည်။

ထိုဖယောင်းတိုင်၏အလင်းရောင်သည် စားပွဲတစ်ခုလုံးသာမက အခန်းတစ်ခုလုံးကိုပါ အလင်းရောင်ပေးလေသည်။

စားပွဲပေါ်၌ ဟင်းလျာများ စုံလင်လှပေသည်။

ဟင်းရနံ့များသည် မွှေးကြိုင်ပြီး ရှုရှိုက်မိရုံမျှနှင့် ဆာလောင်မွတ်သိပ်လာစေသည်။

စားပွဲ၌ လူလေးဦး ထိုင်နေသည်။

ထိုလူလေးဦးမှာ တိမ်ရှိုလေး၊ တိမ်အင်းနှင့် မျက်နှာချင်းဆိုင်ထိုင်နေသော ချိုယင်းဝေနှင့် တိမ်ဝေကျူးတို့ပင် ဖြစ်ပါသည်။

တိမ်ရှိုလေးက သူ၏ဦးလေးတိမ်အင်းနှင့် မျက်နှာချင်းဆိုင်ထိုင်နေပြီး ချိုယင်းဝေနှင့် တိမ်ဝေကျူးတို့သည် အလိုအလျောက် မျက်နှာချင်းဆိုင် ဖြစ်နေလေတော့သည်။

တိမ်ရှိုလေးနှင့် တိမ်အင်းတို့သည် ထမင်းဝိုင်းတွင် စကားအများဆုံး ပြောသူများ ဖြစ်ပြီး ချိုယင်းဝေနှင့် တိမ်ဝေကျူးတို့သည် စကားအနည်းဆုံး ပြောသူများ ဖြစ်ပါသည်။

ထမင်းစားသောက်ပြီးသောအခါ ထမင်းဝိုင်းမှ ချိုယင်းဝေ



က ဦးဆုံးထွက်လာခဲ့လေသည်။

ထို့နောက်...

သူသည် သူ့အတွက် စီစဉ်ပေးထားသော အိပ်ခန်းအတွင်းသို့ ဝင်ရောက်ကာ ခုတင်ပေါ်သို့ လဲလျောင်းလိုက်လေတော့သည်။

သူသည် ခုတင်ပေါ်တွင် လဲလျောင်း၍ ခြင်ထောင်အမိုးကို ကြည့်ရင်း တွေးနေမိလေသည်။

တိမ်ဝေကျူးသည် မိမိအပေါ် တိမ်းညွတ်လေဟန်ရှိပြီး သူ၏ဖခင် တိမ်အင်းကလည်း မိမိနှင့် သဘောတူသည့် လက္ခဏာတွေ့ရလေသည်။

သူသည် တိမ်ဝေကျူးကို မချစ်၍ မဟုတ်ပါ။

တိမ်ဝေကျူးက သူ့အပေါ်ထားရှိသော မေတ္တာကို တန်ဖိုးမထား၍လည်း မဟုတ်ပါ။

သူသည် အယူအဆမဲ့သော မိန်းကလေးတစ်ယောက်ကို မေတ္တာ ရှိနေခဲ့သောကြောင့် တိမ်ဝေကျူးအပေါ် မေတ္တာတုံ့ပြန်ရန် ခက်ခဲ၍ နေပေသည်။

သူသည် မည်မျှကြာအောင် တွေးနေမိသည် မသိပါ။

အခန်းတံခါး ဖွင့်သံကြားမှ အတွေးရပ်ကာ အခန်းတံခါးသို့ လှမ်းကြည့်လိုက်လေသည်။

အခန်းတံခါးဝ၌ တိမ်ရှိုလေးသည် တံခါးဘောင်ကို မှီ၍

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ မိမိအား ပြုံးစိစိဖြင့် ကြည့်နေသည်ကို ချိုယင်းဝေ တွေ့လိုက်ရလေသည်။

ချိုယင်းဝေက မိမိ၏အဖြစ်ကို မသိစေလိုသော သဘောဖြင့် တိမ်ရှိုလေးအား ပြုံးပြလိုက်ပြီး...

"လာ သူငယ်ချင်း၊ မင်းရောက်လာတာနဲ့ အတော်ပဲ"

တိမ်ရှိုလေးက အခန်းထဲသို့ ဝင်လိုက်ပြီး အခန်းတံခါးကို နောက်ပြန်ပိတ်ကာ...

"မင်း ဘာတွေ စဉ်းစားနေတာလဲ"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက...

"ငါ မနက်ဖြန် ခရီးဆက်တော့မယ်၊ မင်းတို့ ငါ့ကို ကူညီခဲ့တာကို ငါ အများကြီး ကျေးဇူးတင်ပါတယ်"

တိမ်ရှိုလေးက...

"ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ၊ ဖြည်းဖြည်းဆေးဆေး နေပါဦးလား"

ချိုယင်းဝေက...

"မင်း ငါ့အပေါ် အကူအညီ ပေးခဲ့တာတွေ ကျေးဇူးတွေကို ငါ တစ်သက် မမေ့ပါဘူးကွာ၊ အမြဲသတိရနေမှာပါ"

ဟု ပြောလိုက်လေသည်။



တိမ်ရှိုလေးက...

"မင်း ဘယ်ကို သွားမှာလဲ"

ချိုယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဘယ်ကို သွားရမလဲဆိုတာ ငါ့ကိုယ်ငါလဲ မသိဘူး၊ ဒါပေမယ့် မနက်ဖြန် ငါ ခရီးဆက်မှ ဖြစ်မယ်"

တိမ်ရှိုလေးက...

"ကောင်းပြီလေ၊ မင်းသွားချင်တဲ့ ဆန္ဒကို ငါ မတားပါဘူး။ တကယ်လို့ အချိန်ရမယ်၊ လမ်းလဲ ကြုံတယ်ဆိုရင်တော့ တို့ဆီကို ဝင်ခဲ့ပါဦး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ခေါင်းညိတ်လိုက်ပြီး...

"စိတ်ချပါ၊ လမ်းမကြုံရင်တောင် အချိန်ရရင် ငါ မင်းတို့ဆီ လာခဲ့ပါ့မယ်"

တိမ်ရှိုလေးသည် ချိုယင်းဝေကို အတန်ကြာအောင် ရှုစိုက်ကြည့်နေပြီးမှ...

"ငါသွားတော့မယ်"

ဟု ပြောကာ တိမ်ရှိုလေးသည် ချိုယင်းဝေ အခန်းထဲမှ ထွက်ခွာသွားလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အရုဏ်မတက်မီကပင် ချိုယင်းဝေ အိပ်ရာမှ နိုးနေလေသည်။

အမှန်မှာ ချိုယင်းဝေသည် အိပ်ရာမှ စောစီးစွာ နိုးနေခြင်း မဟုတ်ပါ။

သူသည် ညက တစ်ညလုံး အိပ်ပျော်ခဲ့ခြင်း မရှိသေးပါ။

ထို့ကြောင့်...

သူသည် အာရုံမတက်မီကပင် စောစီးစွာ ထ၍ ခရီးဆက်ရန် ပြင်ဆင်နေလေသည်။

ထိုစဉ်...

ချိုယင်းဝေ အခန်းသို့ တိမ်ရှိုးလေး ရောက်ရှိလာပြီး ချိုယင်းဝေ အိတ်ထဲသို့ ရွှေတုံးတစ်တုံးထည့်ကာ လက်ဆောင်ပေးလိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေကို ခြံဝအထိ လိုက်၍ ပို့လိုက်လေသည်။

ခြံဝသို့ ရောက်သောအခါ ချိုယင်းဝေသည် မြင်းပေါ်သို့ တက်လိုက်ပြီး တိမ်ရှိုလေးကို နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

တိမ်ရှိုလေးသည် တဖြည်းဖြည်း ဝေး၍ သွားသော ချိုယင်းဝေကို ကြည့်နေရာမှ အိမ်ဘက်သို့ ပြန်လှည့်လိုက်လေသည်။



ထိုစဉ်...

တိမ်ရှိုလေးသည် အပေါ်ထပ် အခန်းတစ်ခု၏ ပြတင်းပေါက်၌ လူရိပ်တစ်ခုကို မြင်တွေ့လိုက်ရလေသည်။

ထိုလူရိပ်သည် ပြတင်းပေါက်မှ နေ၍ တဖြည်းဖြည်း ဝေး၍ သွားပြီ ဖြစ်သော ချိုယင်းဝေကို မျှော်ကြည့်နေလေသည်။

တိမ်ရှိုလေးသည် ထိုလူရိပ်ကို ကြည့်ရင်း သူ၏ရင်တွင်း၌ ဖော်မပြနိုင်သော ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရလေတော့သည်။

အကြောင်းမှာ...

ထိုလူရိပ်သည် သူမ၏ညီမ တိမ်ဝေကျူးပင် ဖြစ်သည် မဟုတ်ပါလား။

ချိုယင်းဝေသည် အာရုဏ်ဦး၏ နေရောင်ခြည်နှင့်အတူ ခရီးနှင်နေလေသည်။

သူ၏ခရီးသည် မည်သည့်နေရာတွင် ဆုံးမည်ကို သူ မသိပါ။

သူသည် စူးခုံးယက်အား ရှာဖွေရန် ခရီးထွက်လာခြင်း ဖြစ်ပါသည်။

သို့သော်...

စူးခုံးယက် မည်သည့်နေရာတွင် ရှိမှန်း သူမသိပါ။

မည်သို့ပင် ဖြစ်ပါစေ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် စူးခုံးယက်ကို မတွေ့တွေ့အောင် ရှာဖွေမည် ဖြစ်ပါသည်။

ချိုယင်းဝေသည် စူးခုံးယက်ကို အဘယ်ကြောင့် သဲကြီးမဲကြီး ဖြစ်နေရပါသနည်း။

သူက တောင်ပေါ်ဒေသ၌ ကြီးပြင်းခဲ့သူ ဖြစ်သည်။

ရက်စက်ကြမ်းကြုတ်ပြီး အလွန်ဉာဏ်များသော တောင်ပေါ် ဝံပလွေများနှင့် ရင်ဆိုင်ခဲ့ဖူးသူ ဖြစ်သည်။

သူ၏စိတ်ထဲ၌ စူးခုံးယက်သည် တောင်ပေါ် ဝံပလွေတစ်ကောင်နှင့် တူလှသည်ဟု ခံစားနေ၏။

ထို့ကြောင့်...

စူးခုံးယက်နှင့် ပတ်သက်ပြီး သူ၏သဘောထားမှာ တစ်မျိုးတစ်ဖုံ ဖြစ်နေလေတော့သည်။

◆ ◆ ◆



နောက်ဆုံးအကြံ

ရာသီဥတု ကြည်လင်သာယာနေသည်။

လမ်းများပေါ်၌ လှုပ်ရှားသွားလာနေကြသူများဖြင့် စည်ကားသိုက်မြိုက်နေ၏။

ချိုယင်းဝေသည် လမ်းဘေး သစ်ပင်တစ်ပင်အောက်၌ ရောက်ရှိနေလေသည်။

သူ၏လက်ထဲ၌ ပေါက်စီတစ်လုံး ရှိနေပြီး တစ်ကိုက်ချင်း ကိုက်စားရင်း အေးအေးဆေးဆေး ရှိနေ၏။

သို့သော်...

သူ၏မျက်လုံးများက ဂဏာမငြိမ်ဘဲ မလှမ်းမကမ်းရှိ အဆောက်အဦးကြီးတစ်လုံးဆီသို့ မမှိတ်မသုန် အကဲခတ်ကြည့်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဆောက်အဦးကြီးကား ကျိုကျိုတက် ချမ်းသာကြွယ်ဝသော သူဌေးကြီးဝမ်းယန်၏ အဆောက်အဦးကြီးပင် ဖြစ်လေသည်။

ချိုယင်းဝေ…

ချိုယင်းဝေက သူဌေးကြီးဝမ်းယန်နှင့် တွေ့ဆုံဖို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။

သိုင်းလောကသို့ ဆင်းလာဖြစ်ခဲ့သည့် အကြောင်းရင်းကား သူဌေးဝမ်းယန် လာခေါ်ခြင်းကြောင့် ဖြစ်လေသည်။

သို့သော်…

သူဌေးဝမ်းယန်က သူ့အား အသုံးချလိုခြင်းကြောင့် လှည့်စားခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

သူဌေးဝမ်းယန်သည် သူ၏မကောင်းမှုများကို ဖော်ထုတ်ဖို့ကြိုးစားနေသည့် လူစုဖုံးတို့သားအဖနှစ်ယောက်အား လူဆိုးဓားပြများအဖြစ် စွပ်စွဲကာ ဒုက္ခပေးခိုင်းခဲ့ခြင်း ဖြစ်လေသည်။

လူစုဖုံးတို့သားအဖနှစ်ယောက်နှင့် တွေ့ဆုံခဲ့ရပြီးနောက် သူဌေးဝမ်းယန်၏မကောင်းမှုများကို ချိုယင်းဝေ သိခဲ့ရပြီး အခြေအနေတစ်မျိုး ပြောင်းလဲသွားခဲ့လေသည်။

သူဌေးဝမ်းယန်သည် ချိုယင်းဝေကို အားမကိုးတော့ဘဲ ကြေးစားလူသတ်သမားတစ်ယောက်ကို ငှားရမ်းလိုက်လေသည်။

ထိုကြေးစားက လူစုဖုံးတို့သားအဖအား သတ်ပစ်လိုက်



သည်ကို ဟန့်တားခြင်း မပြုနိုင်သဖြင့် ချိုယင်းဝေ ခံပြင်းဒေါသထွက်ခဲ့ရလေတော့သည်။

သူဌေးဝမ်းယန်၏မကောင်းမှုများကို ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်။

ထို့အပြင်…

သူဌေးဝမ်းယန် ငှားရမ်းခဲ့သော ကြေးစားလူသတ်သမားမှာ နာမည်ကြီးသူရဲကောင်း ဓားပျော့စူးခုံးယက် ဖြစ်သည်ဟု ယုံကြည်ကာ စူးခုံးယက်ကို ရင်ဆိုင်ဖို့ ကြိုးစားခဲ့လေသည်။

သို့သော်…

စူးခုံးယက်က သူ့အား စိတ်မဆိုးဘဲ မိတ်ဆွေတစ်ဦးပမာ ဆက်ဆံခဲ့လေသည်။

မင်းရီယံ၏အိမ်၌ ဒုက္ခရောက်နေသောအခါ လာရောက်ကူညီခဲ့သည်။

စူးခုံးယက်သည် မိတ်ဆွေဖွဲ့ထိုက်သူတစ်ယောက်ဟုပင် ထင်စရာ ရှိလေသည်။

ချိုယင်းဝေကား စူးခုံးယက်ကို မိတ်ဆွေပမာ သဘောထား၍ မရခြင်းကြောင့် ကိုယ့်ကိုကိုယ်ပင် အံ့ဩမိတော့သည်။

"စူးခုံးယက်ဟာ အင်မတန် ဟန်ဆောင်ကောင်းတဲ့ ကြေးစားလူသတ်သမားတစ်ယောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် စူးခုံးယက် အကြောင်း ဖော်ထုတ်ရန် နောက်ဆုံး၌ သူဌေးဝမ်းယန်ထံသို့ တကျော့ပြန် ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

ယခု…

ချိုယင်းဝေက သူဌေးဝမ်းယန်၏အခြေအနေကို စောင့်ကြည့်နေ၏။

သူဌေးဝမ်းယန်နှင့် ပတ်သက်ပြီး ထူးခြားသော သတင်း တစ်ခု ကြားထားသည် မဟုတ်ပါလား။

ချိုယင်းဝေက စိတ်ရှည်လက်ရှည် စောင့်နေလိုက်လေသည်။

သို့ဖြင့်…

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီး နေမွန်းတည့်ချိန်သို့ပင် ရောက်ရှိလာလေသည်။

ချိုယင်းဝေ သိပ်ပြီး စိတ်မရှည်နိုင်အောင် ဖြစ်လာလေတော့သည်။

"ငါကြားခဲ့ရတဲ့ သတင်း မှားနေလို့လား"

သူတွေးတောနေစဉ်မှာပင် သူဌေးဝမ်းယန်၏အိမ်တံခါး ပွင့်သွားပြီး သူဌေးဝမ်းယန် ထွက်လာသည်ကို တွေ့ရ၏။

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"



မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများလည်း ထွက်ပေါ်လာပြီး မြင်းလှည်းတစ်စီးလည်း ရောက်ရှိလာလေသည်။

သူဌေးဝမ်းယန်က မြင်းလှည်းပေါ်သို့ တက်လိုက်၏။

မြင်းစီးသမားလည်း မြင်းဇောက်ကာ မောင်းနှင်သွားလေတော့သည်။

ချိုယင်းဝေ ဝမ်းသာသွားသည်။

သူဌေးဝမ်းယန် စီးနင်းသွားသော မြင်းလှည်းနောက်သို့ တိတ်တဆိတ် နောက်ရှောင်ခံကာ လိုက်ပါသွားလေတော့သည်။

◆ ◆ ◆

မြင်းလှည်းသည် လမ်းကြားများမှ ဖြတ်သန်းမောင်းနှင်သွားပြီး မြို့စွန်ရှိ အိမ်ကလေးတစ်လုံးရှေ့၌ ရပ်တန့်သွားလေသည်။

သူဌေးဝမ်းယန်က မြင်းလှည်းပေါ်မှ ဆင်းကာ အိမ်ထဲ ဝင်သွားလေသည်။

အိမ်ထဲ၌ သူဌေးဝမ်းယန်၏တပည့်နှစ်ယောက် ရှိနေပါသည်။

သူဌေးဝမ်းယန်က…

"ဘယ်လိုလဲဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ခရီးဦးကြို ပြုလာသော တပည့်နှစ်ယောက်ကို မေးလိုက်လေသည်။

တပည့်တစ်ယောက်က…

"မိန်းကလေးက ခေါင်းမာနေလို့ နည်းနည်းတော့ ဆုံးမလိုက်ရပါသေးတယ် သူဌေးမင်း"

"အနုကော"

"သူဌေးမင်းရဲ့ အလိုကို မလိုက်ဘူးဆိုရင် သူ့ရဲ့မိဘတွေကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားလို့ ကြောက်လန့်ပြီး ငြိမ်သွားပါပြီ"

"ဟား…ဟား…ဟား"

သူဌေးဝမ်းယန် တဟားဟား ရယ်မောလိုက်လေသည်။

"ကောင်းတယ်၊ သူ့ကို ငါလိုချင်နေတာ ကြာပြီ ဘယ်လိုမှ စည်းရုံးသိမ်းသွင်းလို့ မရဘူး၊ သူ့မိဘတွေကိုလဲ ငွေအကြွေး မပေးရင် သူ့သမီး အပ်ရမယ်လို့ အကြပ်ကိုင်ခဲ့တာမရဘူး သူတို့က အိမ်ခြံမြေနဲ့ ရှိသမျှပစ္စည်းတွေ ရောင်းချပြီး ငွေအကြွေးဆပ်လိုက်ကြတယ်လေ"

တပည့်တစ်ယောက်က…

"သူ့သမီးကို အဓမ္မ ဖမ်းခေါ်ထားလိုက်တော့ သူတို့ ဘာတတ်နိုင်ဦးမှာလဲ၊ ခုဆိုရင် သူတို့သမီး ပျောက်နေပြီဆိုပြီး ခေါင်းတောက်အောင် ရှာနေကြမှာ သေချာတယ်"



သူဌေးဝမ်းယန်က…

"အေး နောက်တော့ သူ့ကို တခြားမြို့ကို ခေါ်သွားပြီး အပျော်ဂေဟာမှာ ရောင်းစားပစ်လိုက်ပေါ့ ဟား…ဟား…ဟား"

သူ၏တပည့်နှစ်ယောက်ကလည်း ရောရောင်ရယ်မောလိုက်ကြလေသည်။

သူဌေးဝမ်းယန်က…

"ကဲ မင်းတို့နှစ်ယောက် အပြင်ဘက်မှာ စောင့်နေကြ၊ ငါခေါ်မှ ဝင်လာခဲ့"

"ကောင်းပါပြီ သူဌေးမင်း"

တပည့်နှစ်ယောက်လည်း သူဌေးဝမ်းယန်အား ဦးညွတ်ပြီး ထွက်သွားကြလေတော့သည်။

◆ ◆ ◆

တပည့်နှစ်ယောက် ထွက်သွားသည်နှင့် သူဌေးဝမ်းယန်လည်း မိန်းကလေး ရှိနေသည့် အခန်းတွင်းသို့ ဝင်သွားလေသည်။

မိန်းကလေးမှာ ငယ်ရွယ်နုပျိုပြီး ချောမောလှပသူလေး ဖြစ်ပေသည်။

သူဌေးဝမ်းယန်က…

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး၊ မင်း ဘာမှ မပူပါနဲ့၊ ကျုပ်က မင်းကို လိုလေသေးမရှိ စောင့်ရှောက်သွားမှာပါ"

ပြောရင်း မိန်းကလေး အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

မိန်းကလေးမှာ ကြောက်ရွံ့စွာ ငိုကြွေးနေမည်ဟု သူဌေးဝမ်းယန် ထင်မိလေသည်။

သို့သော်...

မိန်းကလေးမှာ ငိုကြွေးခြင်း မပြုသည့်အပြင် သဘောကျစွာ ရယ်မောနေ၏။

သူဌေးဝမ်းယန် ကြောင်အမ်းအမ်း ဖြစ်သွား၏။

"မင်းရယ်နေတယ် ဟုတ်လား"

မိန်းကလေးက...

"ကျွန်မ ဘာကြောင့် ငိုနေရမှာလဲရှင့်"

သူဌေးဝမ်းယန်က...

"မင်း..."

"ကျွန်မ ဘာကြောင့် ရယ်နေရတယ်ဆိုတာကော ရှင်သိသလား"

မိန်းကလေး မေးသောအခါ သူဌေးဝမ်းယန် မဖြေတတ်အောင် ဖြစ်နေပါတော့သည်။



မိန်းကလေးက...

"ရှင့်ကို သနားလို့ ရယ်တာပေါ့"

"ဘာ"

"ရှင့်ကိုယ်ရှင် ဟုတ်တယ် ထင်မနေပါနဲ့၊ ဟိုမှာ ဘယ်သူလဲဆိုတာ ကြည့်လိုက်စမ်းပါဦး"

သူဌေးဝမ်းယန်သည် မိန်းကလေး ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ အခန်းထောင့်တစ်နေရာ၌ မလှုပ်မယှက် ရပ်နေသည့် ချီယင်းဝေကို တွေ့လိုက်ရလေသည်။

သူဌေးဝမ်းယန် မျက်လုံးပြူးသွားလေသည်။

"မင်း...မင်း"

မိန်းကလေးက...

"ရှင့်ကို ဆုံးမမယ့်လူပေါ့ရှင်"

ချီယင်းဝေက...

"သူပြောတဲ့အတိုင်းပဲ"

ဟု ပြောပြီး မိန်းကလေးဘက် လှည့်လိုက်သည်။

"မိန်းကလေးက မိဘတွေဆီကို ပြန်ပြီး အကျိုးအကြောင်း ပြောပြလိုက်ပါ"

မိန်းကလေးက ချီယင်းဝေအား ဦးညွှတ်လိုက်သည်။

"အစ်ကို့ရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူမ ထွက်သွားပြီးတော့မှ နှိုယင်းဝေက သူဌေးဝမ်းယန်ထံသို့ လှမ်းသွားလိုက်လေသည်။

"မင်း...မင်း"

သူဌေးဝမ်းယန် ထိတ်လန့်ကာ နောက်ဆုတ်သွား၏။

နှိုယင်းဝေက...

"ကျုပ်မေးတာကို ကောင်းကောင်းဖြေမယ်ဆိုရင် ခင်ဗျားသက်သာလိမ့်မယ်၊ ဒါမှ မဟုတ်ရင်တော့ ခင်ဗျားသက်သာမှာ မဟုတ်ဘူး"

သူဌေးဝမ်းယန်လည်း အထိတ်တလန့် အော်လိုက်လေသည်။

"ဟေ့ အထဲကို မြန်မြန်ဝင်လာကြစမ်း"

သူ၏တပည့်နှစ်ယောက်ကို အော်ခေါ်လိုက်ခြင်း ဖြစ်သည်။

သို့သော်...

သူ၏အသံသာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်လာခြင်း မပြုချေ။

နှိုယင်းဝေ ရယ်မောလိုက်လေသည်။

"ခင်ဗျားတပည့်တွေကို ကျုပ်က သွေးကြောပိတ်ထားခဲ့တယ်၊ ခင်ဗျားလည်ချောင်းကွဲအောင် အော်လည်း သူတို့ကြားနိုင်မှာ မဟုတ်ဘူးဗျ"



သူဌေးဝမ်းယန် မျက်နှာကြီး ရှုံ့မဲ့သွားတော့သည်။

"မင်း...မင်း ဘာလိုချင်လို့လဲ"

နှိုယင်းဝေက...

"ကျုပ်က စူးခုံးယက်အကြောင်း သိချင်တယ်"

"ဘာ"

"စူးခုံးယက်ကို ခင်ဗျား ဘယ်လိုဆက်သွယ် ငှားရမ်းရသလဲ ဆိုတာ ကျုပ်သိချင်တယ်"

"မင်း...မင်း ဘာလုပ်မလို့လဲ"

"ကျုပ်ကိစ္စကို ခင်ဗျားသိစရာ မလိုဘူး၊ ကဲ ကျုပ်မေးတာ ဖြေပေတော့"

နှိုယင်းဝေက ပြောမပြလျှင် နှိပ်စက်တော့မည့်အသွင် ပြုလုပ်လိုက်လေသည်။

သူဌေးဝမ်းယန်က...

"သူ့ကို..."

ကြေးစားစူးခုံးယက်အား မည်သို့ ဆက်သွယ်ရမည်ကို ပြောပြလိုက်လေသည်။

လူစုဖုံးတို့သားအဖအား လုပ်ကြံဖို့ စူးခုံးယက်ကို ဆက်သွယ်ခဲ့မှုကြောင်းလည်း ဝန်ခံလိုက်လေသည်။

သူဌေးဝမ်းယန်မှာ အသတ်ခံရမည်ကို အကြောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပြီ ဖြစ်လေသည်။

ချိုယင်းဝေက သူဌေးဝမ်းယန်အား သူသိလိုသမျှကို မေးမြန်းလိုက်လေသည်။

ထို့နောက်...

"ကောင်းပြီ၊ ခင်ဗျားကို ချမ်းသာပေးလိုက်မယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို မိန်းကလေးက မြို့တော်ဝန်ဆီမှာသွားပြီး တိုင်တန်းလိမ့်မယ်၊ မြို့တော်ဝန်နဲ့ ဆက်ရှင်းပေတော့"

ဟု ပြောကာ အိမ်ကလေးမှ ထွက်လာခဲ့လေတော့သည်။

◆ ◆ ◆



## နောက်ဆုံးပုစ္ဆာ

တောင်ပိုင်းနတ်ကွန်း...။

တောင်ပိုင်းနတ်ကွန်းသည် ကျိုယန်မြို့ပြင်၌ အခိုင်အခံ့ဆောက်လုပ်ထားသော နတ်ကွန်းတစ်ခု ဖြစ်လေသည်။

တောင်ပေါ်ဒေသသို့ ခရီးသွားမည့်သူများ၊ စီးပွားရေးကိစ္စဆောင်ရွက်ကြမည့်သူများသည် ခရီးမသွားမီ တောင်ပိုင်းနတ်ကွန်း၌ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်းနှင့် အလုပ်အကိုင် အကြံအစည်အောင်မြင်စေကြောင်း ပန်း၊ ဆီမီးများ ဆက်ကပ်ပူဇော်လေ့ ရှိကြသည်။

တောင်ပိုင်းနတ်ကွန်း၌ ပူဇော်ပသခြင်းကြောင့် လိုအင်ဆန္ဒများ ပြည့်ဝရသည်ဟု သတင်းကြီးလေသည်။

ချိုယင်းဝေက တောင်ပိုင်းနတ်ကွန်းသို့ ရောက်ရှိလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက တောင်ပိုင်းသို့ ခရီးထွက်ရန် ရည်ရွယ်ထားခြင်းကြောင့် မဟုတ်ပါ။

တောင်ပိုင်းနတ်ကွန်းသည် ကြေးစားစုးခုံးယက်နှင့် ဆက်သွယ်ရမည့်နေရာ ဖြစ်နေ၍ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ချီယင်းဝေက ငွေလွှဲလက်မှတ်တစ်စောင်နှင့်အတူ စာတစ်စောင်ကို နတ်ကွန်းအရှေ့ဘက်ရှိ ပန်းအိုးထဲသို့ ထည့်လိုက်သည်။

ထို့နောက်...

မြို့ထဲသို့ ပြန်ကာ သူတည်းခိုနေသော တည်းခိုခန်း၌ အေးအေးဆေးဆေး အနားယူနေမိုက်လေတော့သည်။

♦ ♦ ♦

ချီယင်းဝေသည် တောင်ပိုင်းနတ်ကွန်းသို့ သွားကာ ဆက်သွယ်ထားပြီ ဖြစ်၍ ဘာကိုမှ တွေးတောစဉ်းစားမနေတော့ဘဲ အေးအေးဆေးဆေး အနားယူ အိပ်စက်လိုက်လေသည်။

အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွား၏။

ညဉ့်နက်ကာ လူခြေ တိတ်ဆိတ်လာသည်။

ချီယင်းဝေ မှေးခနဲ အိပ်ပျော်သွားချိန်၌...

"ဒေါက်"



ပြတင်းပေါက်တံခါးကို တစ်စုံတစ်ခု လာရောက် ထိမှန်သည့်အသံ ထွက်ပေါ်လာလေသည်။

ချီယင်းဝေ ချက်ချင်း လန့်နိုးလာလေသည်။

ချက်ချင်း ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး တံခါးဖွင့်လိုက်လေသည်။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန် သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေ၏။

အပြင်ဘက်၌ လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အနက်ရောင်ဝတ်ကာ မျက်နှာဖုံးစွပ် ရပ်ဖျက်ထားလေသည်။ ထိုလူက ချီယင်းဝေကို လက်ရပ်ခေါ်ပြီး ပြေးလွှားသွားလေတော့သည်။

ချီယင်းဝေ ပြုံးလိုက်သည်။

"အဆက်အသွယ်တော့ ရပြီ၊ သူ့ငွေးဝမ်းယန်ကိုတောင်ဈေးရှုးတင်ရတော့မှာပဲ"

ပြတင်းပေါက် အပြင်ဘက်သို့ ခုန်ထွက်ကာ ညလူ နောက်သို့ ပြေးလိုက်သွားတော့သည်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ပြီ ဖြစ်သည်။

ညသန်းခေါင် အချိန်သို့ပင် နီးကပ်နေပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး လရောင်နှင့် အအေးဓာတ်က လွှမ်းခြုံထားလေသည်။

ညလူက မြို့ပြင်သို့ ဦးတည်ကာ ပြေးလွှားသွားပြီး တောင်ပိုင်းနတ်ကွန်းရှေ့တွင် ခြေလှမ်းရပ်လိုက်လေသည်။

တောင်ပိုင်းနတ်ကွန်း၌ ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်များ ရှိနေခြင်းကြောင့် မီးရောင်လင်းထိန်နေဆဲ။

ညလူနှင့် မလှမ်းမကမ်း၌ ချီယင်းဝေက ခြေလှမ်းရပ်လိုက်လေသည်။

ညလူက...

"ကျုပ်ကို ငှားရမ်းချင်တာ ခင်ဗျားလား"

ထိုလူ၏စကားသံကို နားထောင်ရင်း မိမိနှင့် အသက်အရွယ်ချင်း မတိမ်းမယိမ်းပင် ရှိလိမ့်မည်ဟု ချီယင်းဝေ ခန့်မှန်းမိလိုက်လေသည်။

ချီယင်းဝေက...

"ကျုပ်က ပန်းအိုးထဲမှာ စရံငွေနဲ့ စာရေးထည့်ခဲ့တာပဲ"

ညလူက...

"ကောင်းပြီ၊ ခင်ဗျားရှင်းပစ်ချင်တာ ဘယ်သူလဲ ပြောပါ"



ချီယင်းဝေက...

"သိုင်းသမားချီယင်းဝေ"

ညလူက...

"သိုင်းသမားချီယင်းဝေ ဟုတ်လား၊ ဒါဆို ငွေပိုပေးမှ ရမယ်"

"ဘာဖြစ်လို့လဲ"

"ချီယင်းဝေဟာ ကျုပ်တို့လို ကြေးစားတွေ ခေါင်းကိုက်ရတဲ့ လူစားမျိုး ဖြစ်လို့ပေါ့"

ချီယင်းဝေ ရယ်မောလိုက်လေသည်။

"ကောင်းပြီ၊ ကျုပ် ဘယ်လောက် ပိုပေးရမလဲဆိုတာ ပြောပါ"

"ငွေတစ်သောင်းပိုပေးရမယ်"

ညလူ တောင်းသည့် ငွေကို ချီယင်းဝေ လက်ခံလိုက်သည်။

တဖန်...

"ခင်ဗျားတောင်းတဲ့ငွေက အရေးမကြီးပါဘူး၊ ဒါပေမယ့် ချီယင်းဝေကို တကယ်ပဲ သုတ်သင်ပေးနိုင်ပါ့မလား"

ဟု မေးလိုက်သည်။

ညလူက...

"ကျုပ် အလုပ်လက်ခံခဲ့တာ များပြီ၊ တစ်ခါမှ နှုတ်မည်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးတာ မရှိသေးဘူးဗျ"

"ကျုပ်သိပါတယ်၊ ခင်ဗျားဟာ စူးခုံးယက်ဆိုရင် ကျုပ်က ပိုပြီး စိတ်ချသွားမှာပေါ့ဗျာ"

"ဟား..ဟား..ဟား"

ညလူက ရယ်မောလိုက်လေသည်။

"သေချာတာပေါ့၊ ကျုပ်ကို လူတွေက သူရဲကောင်းစူးခုံးယက် ဆိုပြီး အထင်ကြီးနေကြပေမယ့် တကယ်တော့ ကျုပ်က ကြေးစားလူသတ်သမားတစ်ယောက်ပါပဲ"

ချိုယင်းဝေက...

"ခင်ဗျားက စူးခုံးယက်ဆိုတာ တကယ် သေချာလို့လားဗျာ"

"ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲ၊ မယုံရင် သည်မှာ ကြည့်ထား"

ညလူက မျက်နှာဖုံးစွပ်ကို ဆွဲဖြုတ်လိုက်၏။

ထိုအခါ စူးခုံးယက်၏ရုပ်သွင် ပေါ်ပေါက်လာလေတော့သည်။

◆ ◆ ◆



စူးခုံးယက်...။

ညလူသည် စူးခုံးယက် ဖြစ်နေသည်။

ကြေးစားလူသတ်သမားသည် စူးခုံးယက် ဖြစ်နေသည်။

ချိုယင်းဝေ ယုံကြည်ထားသည့်အတိုင်း ဖြစ်လာခဲ့ပြီ မဟုတ်ပါလား။

ညလူက...

"ကျုပ်ဟာ စူးခုံးယက်ဆိုတာ သိပြီ မဟုတ်လား"

ချိုယင်းဝေသည် ညလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

ထို့နောက်...

"ဟား..ဟား..ဟား"

ခေါင်းမော့ကာ ဟားတိုက်ရယ်မောလိုက်လေတော့သည်။

သူ၏ရယ်သံက တိတ်ဆိတ်နေသော ညဥ့်ယံတွင် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ညလူပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ချိုယင်းဝေကို နားမလည်နိုင်စွာ ကြည့်ရင်း...

"ခင်ဗျား ဘာရယ်တာလဲ"

ဟု မေးလာလေသည်။

ချိုယင်းဝေက...

www.burmeseclassic.com

www.burmeseclassic.com



"သဘောကျလို့ ရယ်တာပေါ့"

"သဘောကျလို့"

"ဟုတ်တယ်"

"နေပါဦး၊ ဘာကို သဘောကျတာလဲ ပြောပါဦး"

ချိုယင်းဝေက...

"ဘာကို သဘောကျရမလဲ၊ ခင်ဗျားကို သဘောကျတာပေါ့"

"ကျုပ်ကို.."

"ဟုတ်တယ်လေ"

"ကျုပ်က ဘာများ သဘောကျစရာ ဖြစ်နေလို့လဲ"

"စူးခုံးယက် မဟုတ်ဘဲ စူးခုံးယက် ဟန်ဆောင်နေလို့ပေါ့"

"ခင်ဗျားဟာ စူးခုံးယက်မှ မဟုတ်တာ"

ချိုယင်းဝေက စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ညလူကို စိုက်ကြည့်လိုက်သည်။

"ခင်ဗျားရဲ့ ရုပ်သွင်ဟာ စူးခုံးယက်နဲ့ ချွတ်စွပ်တူနေတာအမှန်ပဲ၊ စားပျော့ပါ ကိုင်လိုက်တော့ ရုတ်တရက်ဆို ငြ ခင်ဗျားကို စူးခုံးယက်လို့ ထင်ကြမှာပဲ"

ညလူ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ချိုယင်းဝေက...



"နေပါဦး၊ ခင်ဗျားက ဘာကြောင့် စူးခုံးယက်ကို နာမည်ဖျက်ချင်ရတာလဲ"

"ဟား..ဟား..ဟား"

ညလူ ဟားတိုက်ရယ်မောလိုက်လေသည်။

"လူတွေက စူးခုံးယက်ဟာ ကြေးစားလို့ ထင်ပြီး သူ့နောက်ကို လိုက်နေကြမယ်ဆိုရင် ကျုပ်က ပိုပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်တာပေါ့ဗျာ"

သဘောကျစွာ ပြောရင်း လက်ညှိုးတစ်ချောင်း ထောင်လိုက်သည်။

"နောက်တစ်ခု ရှိသေးတယ်"

"ပြောစမ်းပါဦး"

"ကျုပ်လုပ်ကြံရမယ့်လူက ကျုပ်ကို စူးခုံးယက်လို့ ထင်ပြီး ကြောက်လန့်သွားတဲ့အခါ လုပ်ကြံရတာ ပိုပြီး လွယ်ကူသွားတာပေါ့၊ ဘယ်လိုလဲ၊ ကျုပ်အကြံ မပိုင်ဘူးလား"

ချိုယင်းဝေ ခေါင်းခါယမ်းလိုက်သည်။

"မပိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်က ချိုယင်းဝေ ဖြစ်နေလို့ပေါ့"

"ဘာဗျ"

www.burmeseclassic.com

www.burmeseclassic.com



ညလူ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချီယင်းဝေက...

"ခင်ဗျားရဲ့အကြောင်း ဖော်ထုတ်ချင်လို့ ကျုပ်က ငွေကုန်ကြေးကျခံပြီး ခင်ဗျားကို ဆက်သွယ်လိုက်တယ်ဆိုတာ မှတ်ထားပါ"

"တဝက်"

ညလူ မကျေမနပ် ဖြစ်သွားလေသည်။

ချီယင်းဝေက...

"ကဲ ခင်ဗျား အညှာခံပြီး ကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့မလား၊ ဒါမှမဟုတ်.."

သူစကားဆုံးအောင် မပြောလိုက်ပါ။

"ယား"

ညလူက ခါး၌ ပတ်ထားသော ဓားပျော့ကို ဆွဲဖြုတ်ကာ တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆



ညလူက စတင်တိုက်ခိုက်လိုက်ပြီ ဖြစ်သည်။

ထိုလူသည် ဓားပျော့အသုံးပြုရသည့် ဓားသိုင်းကို ကျွမ်းကျွမ်းကျင်ကျင် ရှိထားကြောင်း ချီယင်းဝေ ချက်ချင်း သိရှိလိုက်လေသည်။

"ဝှစ်...ဝှစ်"

စူးရှသော လေတိုးသံများနှင့်အတူ ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

ပြင်းထန်သော ဓားချက်များက ချီယင်းဝေ၏တစ်ကိုယ်လုံး ဖုံးလွှမ်းထားလိုက်လေသည်။

"မဆိုးဘူး"

ချီယင်းဝေ ချီးကျူးလိုက်လေသည်။

ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်တိမ်းပေးလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏ဓားက အပြားကြီးပြီး လေးလံသော ဓားတစ်လက် ဖြစ်လေသည်။

ထို့ကြောင့် သူတို့နှစ်ယောက်၏လက်နက် အသုံးပြုပုံနှင့် တိုက်ခိုက်ရှောင်တိမ်းပုံတို့မှာ ဆန့်ကျင်ဘက် ဖြစ်နေပါတော့သည်။

တိုက်ပွဲဖြစ်ပြီး မကြာမီ ညလူက အထက်စီး ရသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ချီယင်းဝေ ပြန်လည် တိုက်ခိုက်လိုက်ပြီး သိုင်းကွက်သုံးဆယ်ခန့် ယှဉ်မိလျှင် ချီယင်းဝေ ပြန်လည်အသာစီးရလာလေသည်။

ချီယင်းဝေက ဖိ၍ တိုက်ခိုက်လိုက်ရာ ညလူ နောက်ဆုတ်ပေးလိုက်ရလေသည်။

"ဟား..ဟား..ဟား"

ချီယင်းဝေ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ခင်ဗျား ဘာမှ မတတ်နိုင်တော့ဘူး မဟုတ်လား"

သူ၏လေးလံသော ဓားကြီးကို တဝှီးဝှီးမြည်အောင် ဝှေ့ယမ်းပြီး ဖိ၍တိုက်ခိုက်လိုက်လေသည်။

ညလူလည်း နောက်ဆုတ်ပြီးရင်း ဆုတ်နေရလေတော့သည်။

"လဲကျလိုက်စမ်း"

ချီယင်းဝေက ဓားပြားကြီးဖြင့် စလွယ်သိုင်း ခုတ်ချလိုက်ရာ

"ခွမ်း"

ညလူ၏လက်ထဲမှ ဓားပျော့ လွင့်စင်သွားသကဲ့သို့ ခန္ဓာကိုယ် အရှိန်မထိန်းနိုင်ဘဲ ပက်လက်လန်ကာ...

"ဝုန်း"

မြေပေါ် ခြေကားလျား လက်ကားလျား လဲကျသွားတော့



သည်။ ချီယင်းဝေ အနိုင်ရကာ ညလူ အရှုံးကြီး ရှုံးသွားခဲ့ပြီ ဖြစ်လေသည်။

◆ ◆ ◆

"ဟား..ဟား..ဟား"

တိတ်ဆိတ်သော ညဦးယံတွင် ချီယင်းဝေ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ချီယင်းဝေက အနိုင်ရလိုက်ပြီ ဖြစ်သည်။

ညလူကား အရေးနိမ့်ကာ မြေပေါ်လဲကျနေ၏။

သို့သော်...

ညလူသည် တစ်စက်ကလေးမျှ ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည် မဟုတ်ချေ။

မြေပေါ် ပက်လက်လန်လဲကျကာ စူးရှသော မျက်လုံးများဖြင့် ချီယင်းဝေအား မမှိတ်မသုန် စိုက်ကြည့်နေ၏။

ချီယင်းဝေက ဓားဖြင့် ချိန်ရွယ်ရင်း...

"ကဲ ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ဝင့်ကြွားစွာ ပြောလိုက်လေသည်။

ညလူ အံကြိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို အနိုင်ရပေမယ့် တကယ် စူးခုံးယက်ဆိုရင် မင်း မလွယ်ပါဘူး"

"ဟား..ဟား..ဟား"

ချီယင်းဝေ ရယ်မောလိုက်ပြန်သည်။

"ခင်ဗျားက စူးခုံးယက်မှ မဟုတ်တာ"

"အေးလေ၊ စူးခုံးယက်အစစ်ဆိုရင် မင်း ဘယ်တော့မှ မနိုင်ဘူးဆိုတာ မှတ်ထားပါ"

ညလူက အားကျမခံ ပြန်ပြော၏။

ချီယင်းဝေ ခံပြင်းသွားလေသည်။

"စိတ်ချ၊ တစ်နေ့ကျရင် ကျုပ်က စူးခုံးယက်ကို စိန်ခေါ်ပြီး ယှဉ်ပြိုင်သွားဦးမှာဗျ"

ညလူက...

"သူ့ကို စိန်ခေါ်နေစရာ မလိုပါဘူး၊ ကျုပ်က သူ့ရဲ့ သိုင်းကွက်တွေကိုလဲ အတုခိုးလေ့လာထားတာ၊ ကျုပ်က သူ့ရဲ့ ဓားပျော့သိုင်းကို အသုံးပြုလိုက်ရင် မင်းရှုံးသွားမှာပဲ"

ချီယင်းဝေ မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျားက စူးခုံးယက်ရဲ့ ဓားပျော့သိုင်းကွက်ကိုလဲ တတ်ထားတယ် ဟုတ်လား"

"ဟုတ်တယ်"



"စူးခုံးယက်နဲ့ တသွေမတိမ်းတူအောင် ခင်ဗျားလုပ်နိုင်ပါ့မလား"

"ကျုပ် ဘာကြောင့် မလုပ်နိုင်ရမှာလဲ"

"ကောင်းပြီ"

ချီယင်းဝေက နောက်ဆုတ်လိုက်သည်။

"ခင်ဗျားထပါ၊ ဓားကို ယူပါ၊ ပြီးတော့ စူးခုံးယက်ရဲ့ သိုင်းကွက်ကို အသုံးပြုပြီး ကျုပ်ကို တိုက်ခိုက်ပါ"

ဟုလည်း ပြောလိုက်လေသည်။

ညလူက...

"မင်းသေချာရဲ့လား"

"သေချာပါတယ်"

"ကောင်းပြီ"

ညလူက ဓားပျော့ကို ဆွဲယူကာ မြေပေါ်မှ ခုန်ထလာလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ညလူက မားမားမတ်မတ် ရပ်နေ၏။

သူ၏လက်ထဲ ဓားပျော့ကိုင်ထားပြီး ချီယင်းဝေနှင့် ဒုတိယ အကြိမ် ရင်ဆိုင်တော့မည် ဖြစ်လေသည်။

ညလူကို ကြည့်ရသည်မှာ ယခင်ကနှင့် မတူတော့ဘဲ ပြောင်းလဲနေပြီ ဖြစ်သည်။

ဓားကိုင်ထားပုံမှာ ထိပ်တန်းသိုင်းသမား ဓားပညာရှင်တစ်ယောက်၏ပုံဟန်မျိုး ဖြစ်သည်။

တိုက်ပွဲ ဝင်တော့မည့် စစ်သူကြီးတစ်ဦးနှင့်လည်း တူလှ၏။

စူးရှတောက်ပသော မျက်လုံးအစုံကလည်း ချီယင်းဝေ၏ ဟာကွက်ကို ရှာဖွေနေသည့်အလား မမိတ်မသုန် စိုက်ကြည့်နေ သည်။

ချီယင်းဝေက ညလူ၏ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး ပြုံးလိုက် လေသည်။

"ခင်ဗျားက ကြီးကြီးကျယ်ကျယ် ပြောပြီး စူးခုံးယက်နဲ့ တူ အောင် မလုပ်နိုင်ဘူးလား"

ဟုလည်း ခနဲ့လိုက်လေသည်။

ညလူက...

"မင်းသတိထားပါ"

တစ်လုံးချင်း ပြောရင်း ရှေ့တိုးလာ၏။



သူ၏လေသံ အေးစက်နေကာ ပြတ်ပြတ်သားသား တိုက်ခိုက်တော့မည့် အသွင်မျိုး ဖြစ်လေသည်။

ချီယင်းဝေက...

"ခင်ဗျားကို စူးခုံးယက်လို့ သဘောထားပြီး ကျုပ်အနိုင်ယူပြမယ်"

ပြောပြီး ဓားဝှေ့ယမ်းလိုက်လေသည်။

ညလူက...

"ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် မြေပေါ် ခြေဆောင့်ကာ ရှေ့သို့ ခုန်ထွက်ပြီး ချီယင်းဝေအား တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆

ညလူမှာ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်သည်။

သူ၏ဓားကွက်များက တိကျမြန်ဆန်ပြီး ထိရောက်မှု ရှိလှ ပေသည်။

တစ်ချက်ကလေး မှားလိုက်သည်နှင့် ချီယင်းဝေ ထိခိုက် ဒဏ်ရာရသွားမည်။

သို့မဟုတ် လဲကျသေဆုံးသွားနိုင်လောက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေ ထိတ်လန့်သွားတော့သည်။

ဓားပြားကြီးကို ဝှေ့ယမ်းကာ အကြောက်အကန် ပြန်လည် တိုက်ခိုက်လိုက်ရလေသည်။

တိုက်ပွဲကား ကြောက်စရာကောင်းအောင် ပြင်းထန်နေ၏။

ညလူက စတင်တိုက်ခိုက်လိုက်သည်နှင့် အထက်စီး ရသွားပြီး ဆက်တိုက်ဖိ၍ တိုက်ခိုက်လိုက်ရာ ချီယင်းဝေ နောက်သို့ တဆုတ်ဆုတ်ထဲ ဆုတ်နေရတော့သည်။

ပြန်လည်တိုက်ခိုက်ဖို့ မဆိုထားနှင့် ခုခံရန်ပင် တဖြည်းဖြည်း ခက်ခဲလာလေတော့သည်။

ချီယင်းဝေ အခက်ကြုံကာ ဖရိုဖရဲ ဖြစ်လာသည်ကို မြင်လျှင်…

"ဟား..ဟား..ဟား"

ညလူက လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ချီယင်းဝေ၊ မင်း ဘာတတ်နိုင်သေးသလဲ၊ စူးခုံးယက်ကို ဘယ်တော့မှ မယှဉ်နိုင်ဘူးဆိုတာ မှတ်ထားပါ"

ချီယင်းဝေက…

"မဆိုးဘူး၊ ခုမှ တကယ့် စူးခုံးယက်နဲ့ တူတော့တယ်"

အရေးနိမ့်နေသော်လည်း လုံးဝပူပင်ခြင်း မရှိဘဲ ရယ်ရယ်မောမောဖြင့် ဆက်ပြောလိုက်လေသည်။



"ကျူပ်ကလဲ အင်မတန် ခေါင်းမာတဲ့ ချီယင်းဝေဆိုတာ မှတ်ထားပါ"

ထို့နောက် ဘာကိုမှ အမှုမထားဘဲ ရှေ့တိုးကာ ရင်ဆိုင်လိုက်လေသည်။

ညလူ၏ဓားချက်များကို ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ သူသေကိုယ်သေ၊ သူတပြန် ကိုယ်တပြန် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

အကယ်၍…

ညလူက သူ့အား လဲကျသွားစေမည်ဆိုလျှင် သူကလည်း ညလူ အိပ်ရာထဲ တစ်သက်လုံး လဲနေရလောက်အောင် ပြန်လည်တိုက်ခိုက်သွားလိမ့်မည် ဖြစ်လေသည်။

သို့ဖြင့်…

ညလူနှင့် ချီယင်းဝေတို့၏တိုက်ပွဲမှာ ပို၍ ပြင်းထန်လာလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

"ယား"

ညာသံပေးသံများ ထွက်ပေါ်နေ၏။

"ဝှစ်..ဝှစ်..ဝှစ်"

"ခြွမ်း..ခြွမ်း"

ဓားဝှေ့ယမ်းသံ၊ ဓား၊ ဓားချင်း ပြင်းထန်စွာ ထိတွေ့မိသော အသံများလည်း ထွက်ပေါ်လာ၏။

ရုတ်တရက်...

ညလူ၏ဓားပျော့သည် ကြိုးတစ်ချောင်းပမာ ချီယင်းဝေ၏ ဓားပြားကြီးကို ရစ်ပတ်ထားလိုက်သည်။

ဓားပျော့ထိပ်ဖျားက ချီယင်းဝေ၏ဓားကိုင်ထားသော လက်ကို ဒဏ်ရာရရှိသွားစေခဲ့သည်။

"ခြွမ်း"

ချီယင်းဝေ၏လက်ထဲမှ ဓားလွတ်ကျသွားတော့သည်။

ချီယင်းဝေ အရေးနိမ့်သွားပြီ ဖြစ်သည်။

ချီယင်းဝေ ဒယီးဒယိုင် ဖြစ်သွားချိန်မှာပင် ညလူက...

"မင်းက စူးခုံးယက်ကို ဘယ်တော့မှ မယှဉ်နိုင်ဘူးဆိုတာ မှတ်ထားပါ"

ဟု ကြုံးဝါးကာ ဓားပျော့ဖြင့် ချီယင်းဝေ၏ရင်ဝကို ထိုး



သွင်းလိုက်လေသည်။

ညလူသည် ချီယင်းဝေကို မုန်းတီးနေပြီး အသေသတ်ဖို့ ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

ချီယင်းဝေသည် ညလူ၏ဓားချက်ကို ရှောင်တိမ်းနိုင်စွမ်း မရှိတော့ချေ။

ညလူ၏ဓားချက်ဖြင့် သေဆုံးသွားရတော့မည် ဖြစ်လေသည်။

သို့သော်...

မျက်စိတမှိတ် လျှပ်တပြက် အချိန်လေးမှာပင် မမျှော်လင့်သော ပြောင်းလဲမှု ဖြစ်ပေါ်လာလေသည်။

ချီယင်းဝေက ဝှက်ထားသော ဓားတစ်လက်ကို ထုတ်ယူလိုက်သည်။

ထိုဓားမှာ ချီယင်းဝေကိုယ်တိုင် တစ်ချိန်လုံး ဂရုစိုက်၍ သွေးထားသောဓား ဖြစ်လေသည်။

ချီယင်းဝေက ထိုဓားကို ဝှေ့ယမ်းလိုက်လျှင်...

"ခြွမ်း"

ညလူ၏ဓားကို ထက်ပိုင်းပြတ်အောင် ခုတ်ဖြတ်လိုက်လေတော့သည်။

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ညလူ အထိတ်တလန့် ဖြစ်သွား၏။

"မလှုပ်နဲ့"

ချိုယင်းဝေက ညလူ၏ရင်ဝကို ဓားဖြင့် ချိန်ရွယ်ထားလိုက်လေတော့သည်။

◆ ◆ ◆

ညလူ ထိတ်လန့်နေ၏။

ချိုယင်းဝေ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

"ခင်ဗျားဟာ စူးခုံးယက်အဖြစ် ဟန်ဆောင်ထားတာ မဟုတ်ဘဲ တကယ့် စူးခုံးယက်အစစ်ဆိုတာ ကျုပ်အစောကြီးကတည်းက ရိပ်မိထားပါတယ်ဗျာ"

ညလူ(ဝါ)စူးခုံးယက်က...

"လက်စသပ်တော့ သည်လိုကိုး၊ ကျုပ်က မင်းရိပ်မိနေမယ် မထင်ခဲ့ဘူး"

ကြေးစားလူသတ်သမားမှာ စူးခုံးယက်ကိုယ်တိုင် ဖြစ်နေပါသည်။

စူးခုံးယက်သည် ကြေးစား ဖြစ်သော်လည်း လူဆိုးတစ်ဦးက သူ၏အသွင်ဟန်ဆောင်ကာ သူ့အား နာမည်ဖျက်နေခြင်းဟု ချိုယင်း



ဝေ အပါအဝင် အားလုံးကို ပိပိရိရိ လှည့်စားခဲ့သည်။

အခြားသူများက သူ့အား ယုံကြည်ကြသော်လည်း ချိုယင်းဝေက ကွက်ကျော်မြင်ခဲ့၍ စူးခုံးယက် အရေးနိမ့်သွားခဲ့ရခြင်း ဖြစ်သည်။

ချိုယင်းဝေက...

"ကျုပ်ကို ဘာကြောင့် လိုက်လိုက်လျောလျော ရှိနေရတယ်ဆိုတာ ကျုပ်သံသယ ရှိခဲ့တယ်၊ ခင်ဗျားကို ယုံကြည်လာအောင် ကျုပ်ဒုက္ခအမျိုးမျိုးရောက်အောင် ဖန်တီးပြီး အကူအညီပေးရင်း အယုံသွင်းခဲ့တယ်၊ ခင်ဗျားက ပိရိလွန်းတာကြောင့် စုဟိုက်ဘုန်းကြီးတောင် ခင်ဗျားလှည့်စားတာကို ခံခဲ့ရသေးတယ်၊ ဒါပေမယ့် ကျုပ်က တစ်ခုခု မှားနေပြီဆိုတာ နားလည်ခဲ့တယ်လေ၊ ဒါကြောင့် ခင်ဗျားရဲ့ လှည့်ကွက်ကို တွေးမိပြီး ဖော်ထုတ်နိုင်ခဲ့တာပေါ့"

စူးခုံးယက် ပြုံးလိုက်သည်။

"မင်းက ကျုပ်ထင်တာထက်တောင် ပိုပြီး ပါးနပ်နေသေးတယ်၊ ကျုပ်ကို ဒုက္ခပေးနိုင်တာ မင်းတစ်ယောက်ပဲ ရှိတယ်ဆိုတာ ရိပ်မိလို့ လှည့်ကွက်ဆင်ခဲ့ပေမယ့် မင်းရိပ်မိနေတာကို ကျုပ်သတိမထားမိခဲ့ဘူး"

ချိုယင်းဝေက...

"ခင်ဗျား သည်လို တစ်ချက်ကလေး သတိလက်လွတ် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားလို့ ခုလို ဖြစ်ရတာပေါ့ဗျာ"

စူးခုံးယက်က...

"ဘာပဲဖြစ်ဖြစ် ကျုပ်က မင်းကို ရှုံးနိမ့်လိုက်ရတာ ချနပ်ရမှာပါပဲ"

စကားဆုံးလျှင် ဆတ်ခနဲ ရှေ့တိုးလိုက်လေသည်။

ဤတွင်...

သူ၏ရင်ဝကို ချိန်ရွယ်ထားသော ချိုယင်းဝေ၏ဓားကို ဝင်တိုးလိုက်ပြီးသား ဖြစ်သွား၏။

စူးခုံးယက် ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ခြင်း ဖြစ်သည်။

ချိုယင်းဝေ သက်ပြင်းချရင်း လက်ထဲမှ ဓားကို လက်လွှတ်လိုက်လေသည်။

စူးခုံးယက်သည် ရင်ဝ၌ စိုက်ဝင်နေသော ဓားကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ရင်း မြေပေါ် တအိအိ ပြိုလဲကျသွားလေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com